

သူမ
နောင် ဘယ်တော့မှမမုန်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၄၄၀၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၆၂၆၀၆၁၀
အကြိမ် - ပထမအကြိမ်၊
၂၀၁၀ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀/-
ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း
အတွင်း/ - ဒေါ်ခွဲ့ခွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP

စဉ္စ

သျှင်မ
နောင် ဘယ်တော့မှမမုန်း/ သျှင်မ၊ - ရန်ကုန်၊
ရွှေသမင်စာပေ၊ ၂၀၁၀။
၄၄၄ - စာ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) နောင် ဘယ်တော့မှမမုန်း



## အခန်း (၁)

"အနီ"

"ပြော"

"ငါ့မျက်နှာပေါ်မှာ နင့်လိုပါးလေးတွေရှိရင် ဘာမှမလိုတော့ဘူး သိလား"

မှန်တင်ခုံရှေ့မှာ နာရီဝက်ကျော်ကျော်ထိုင်ပြင်နေတာ ခုထိဖြင့် ထသေးဘဲ လှချင်လွန်းလို့အားမရနိုင်ဖြစ်နေသည့် ညို့ကို ကီးမားစားရင်း မင်လည်ပြန်ကြည့်မိ၏။

ညိုက အနီ လှည့်ကြည့်တာကို မှန်ထဲကနေမြင်သောကြောင့် သူမ၏ ဖပင်တိုတိုကို စက်ဆွဲနေရင်း ခေါင်းညိတ်၍ ကိုယ့်ဘာသာ ထောက်ခံနေ သားသည်။

"တကယ်ပြောနေတာ၊ ငါ့မျက်နှာ ဒီလောက်ပေါင်းတင်နေတာ တင်မှ နင့်လောက်ကိုမနေဘူး၊ နင့်နှုတ်ခမ်းတွေဆို နှုတ်ခမ်းနီ တစ် ကျက်တင်လိုက်တာနဲ့ တစ်နေကုန်ရဲနေတာပဲ၊ ငါ နင့်ထက်ကောင်းတဲ့

နှုတ်ခမ်းနီတွေပဲသုံးနေတာပဲ၊ စားသောက်ပြီးတာနဲ့ မရှိတော့ဘူး၊ ကြည့်ပါလား။ နှုတ်ခမ်းနီမရှိတာနဲ့ နှုတ်ခမ်းက တင်းတင်းခြောက်ခြောက်ကြီးဖြစ်လာရော”

“အဲဒါတွေက နင့်ဘာသာသိနေတာတွေပါဟာ၊ လှလို့ပဲ အလှဆုံးဆိုတဲ့ဘွဲ့ကို ပိုင်ပိုင်နိုင်နိုင်ရထားတဲ့ဟာ ..”

“အင်း ...”

ဆိုသည့်အသံကြီးနှင့် မီးပိတ်ပစ်လိုက်ပြီး ကိုင်ထားသည့် ဖြောင့်စက်ကို ချသည်။

“အဲဒါလဲ အံ့သြစရာပဲ၊ ငါက မျက်တောင်ရှည်တယ်၊ ကိုရီယာသုံးလိုက်တော့ ကော့သွားတယ်၊ မျက်ခုံးထူနေတာကို အောက်လေး သပ်ပြီး နည်းနည်းဖြည့်ထားတော့ ပိုလှသွားတယ်၊ ထင်ထင်ရှားရှား သိသာသွားတာ အဲဒါပဲထင်တယ်၊ နှုတ်ခမ်းဆိုရင် ပုံဖော်ပြီးမှ နှုတ်ခမ်းနီဆိုးရသေးတယ်၊ ကြည့်...၊ နင်ပြောသလို ငါ့ဘာသာသိနေတာပေါ့နော်တကယ်ဆို ဘာမှမပြင်မဆင်ရဘဲလှနေတာက နင်ရယ် ...”

“ဟုတ်လောက်တယ်၊ အဲဒါကြောင့် တစ်လတစ်လကို နှုတ်ခမ်းနီရောင်စုံတွေ ဒါဇင်လိုက်ဝယ်ရတာနဲ့ မုန့်ဖိုးမလောက်နိုင်တာ”

“ဟုတ်တယ်လေ၊ နင်က နှုတ်ခမ်းနီဆိုးတာပဲ ဝါသနာပါတာကိုး မျက်နှာမှာ ဖောင်ဒေးရှင်းတစ်ခုခုခံပြီး ပေါင်ဒါလေး နည်းနည်းပါးပါး ဖိလိုက်တာနဲ့ ငါ သေလူမြောပါးပြင်နေရတဲ့မျက်နှာလောက်ဖြစ်သွားတာ”

“ကဲ .. တော်ပါပြီ၊ ရှင့်ကို ဘာမှလဲကျွေးစရာမရှိဘူး၊ ကီးမားတောင် နင် မစားတော့ဘူးဆိုလို့ ငါ စားပစ်လိုက်တာ ကုန်ပြီ”

ပြောနေရင်း အနီက ဖော့ဘူးကို အမှိုက်ပုံးထဲ ပစ်လိုက်၏။ ပြီးတော့ လက်ကို တစ်သျှူးသုံးခုလောက်ကုန်အောင်သုတ်ပစ်သည်။ လက်ကို



နှစ်ဖက်စလုံးဖြန့်ကြည့်ပြီးမှ အသင့်ပြင်ထားပြီးသည့် ကြိုးသိုင်းအိတ်ရှည်လေးကို ကောက်လိုက်သည်။

“ကဲ .. အချိန် မိနစ်နှစ်ဆယ်ပဲရှိတော့တယ်၊ သူ အလှပြင်တာကို ဒီက ပြောမှာစိုးတာနဲ့ လူကို ကီးမားတွေကျွေး၊ လှပါတယ်ပြောလို့ ပြော...”

“ဩော်... တကယ်ပြောနေတာကို စကားကောင်းပြောနေရောက ဖောင်းနေပြန်ပြီ ခုပဲကြည့် .. ကီးမားနှစ်ခုကုန်အောင်စားပစ်လိုက်တဲ့ ပါးစပ်က အဆီပြန်တုန်း၊ ငါဆိုရင် မနက်စာကို ကော်ဖီတစ်ခွက်နဲ့ ပေါင်မုန့်တစ်ခုပဲစားတာ၊ ထပ်စားဖြစ်ရင် အပူအအေး အရည်တစ်ခုခုပဲ နည်းနည်းစားရင် နည်းနည်းဝိတ်တက်လာတာ၊ ပြီးတော့ ငါ့မာမီက ဝဝဖိုင့်ဖိုင့်ကြီးဆိုတော့ ငါ နည်းနည်းလေးပုံပျက်တာနဲ့ သူ့အ[illegible] လာမှာပဲလို့ တန်းပြောကြမှာ၊ တကယ်ပဲနော် .. မိန်းကလေ[illegible] မကောင်းပါဘူး”

“ဘာလဲ .. ယောကျ်ားဖြစ်တာ ကောင်းတ[illegible] ကောင်းတယ်ဆိုပြီး ငါနဲ့ စကားနပန်းပွဲဖြစ်ချင်[illegible]”

“တော်ပါတော့”

နှစ်ယောက်အတူ လွယ်အိတ်ဆွဲ၍ အ[illegible] ဆင်းလာကြတော့ ဒေါ်ကေသွယ်က ကော်ဖီဝိုင်းနှင့်အဆ[illegible]င့်နေ၏။ ထိုအခါ ကိတ်မုန့်နှစ်ချပ်နှင့် ကော်ဖီတစ်ခွက်ကို ရှေ[illegible]၊ မျိုချလိုက်ပြန်သော အနီကိုကြည့်၍ ညိုက ပြုံး၏။

“သမီးလေးက ချစ်စရာကောင်းလိုက်တ[illegible]ချင်စားလိုက်တာပဲ အန်တီ့မှာသာ သားရှိရင် ချွေးမတော်ဖို့ တ[illegible]စားမှာ”

“ဟာ .. အဲဒါတော့ မလုပ်နဲ့ အန်တီ၊ [illegible]ယောကျ်ားမတော် ဖို့ ပြဿနာမရှိပေမယ့် ညိုမကိုတော့ ယောင်[illegible]ချင်ပါဘူး”

ဒေါ်ကေသွယ်က သွားတွေပေါ်အောင်ဖြုံးနေလျက် အနီ့ရှေ့ကို မုန့်ပန်းကန်ထပ်တိုးပေးရင်း ...

"ဘာဖြစ်လို့လဲ သမီးရဲ့"

"မိုးလင်းတာနဲ့ သူ့ ပွစိပွစိညည်းတာကို လုံးဝကို သည်းခံဖို့ မလွယ်တာ"

"အံမာ .. သူ့ကို လှတယ်ပြောတာများ ..."

"မဟုတ်ဘူး၊ နင် ..."

"ကဲ... ကဲ .. သင်တန်းချိန်နောက်ကျတော့မယ်ဆို .. လမ်းကျ ရန်ဖြစ်ကြ၊ စားပြီးရင် သွားကြတော့"

"ခဏ"

အနီ က ထ,ရပ်ပြီးမှ ကွတ်ကီးတစ်ခုလှမ်းယူသည်။ ညို က ဖြုံး ကြည့်ကာ ...

"ဒါကလဲ နင့်လိုအစားပုပ်ကို ယောင်းမ မတော်သေးဘူး .. ဟွန်း..."

အမိကထွက်ပြီး ကားတစ်စီးစီနှင့် လမ်းပေါ်ရောက်လာတာတောင် ဇားရှင်းတာနှင့် နှစ်မီးသေးချင်းကပ်မောင်းပြီး ရန်ဆက်ဖြစ်ကြသေးသည်

"ဟွန်း .. အစားပုပ်"

"ပြောရှာတယ် လှအိုးကွဲရယ်"

"ငါ့ဟာငါ ဘာအိုးကွကွဲ"

အနီ က ရယ်မောလျက် ကားကိုကျော်တက်သွားတော့ ညို့ မျက်နှာ က ဖြုံးနေ၏။ ငယ်သူငယ်ချင်းတွေမဟုတ်ကြပေမယ့် အနီနှင့် ညို ဟာကယ်ခင်နေကြ၏။

ညိုတို့က ငွေကြေးပြည့်ကြွယ်ဝသည့် လူကုံထံအသိုင်းအဝိုင်းတွေ ဖြစ်ကာ အနီတို့က ညို တို့လောက်မထည်ဝါပေမည့် ဆွေစဉ်မျိုးဆက်



ပညာတတ်တွေချည်းပဲဖြစ်သည်။

ထိုကြောင့် အနီတစ်ယောက်ဟာ သူမလက်ထက်ကျမှ ပညာ အသင့် အတင့်နှင့် လူကလှပေမယ့်လည်း ပြင်ဖို့ဆင်ဖို့တွေဘက်ကို သိပ်အား မသန်သည့်အကျင့်ကလေးတစ်ခုပါနေခဲ့ခြင်းဖြစ်သည်။

"လှတော့လှချင်တာပေါ့ဟာ၊ ဒါပေမယ့် စိတ်လဲသိပ်မရှည်ဘူး။ စိတ်ရှည်လက်ရှည်ပြင်ကြည့်တော့လဲ ထင်သလောက်မဟုတ်ပြန်ဘူး။ ငယ်ငယ်ကတည်းက မေမေက ဆံပင်ညှပ်မယ်ဆိုရင် မကြိုက်ဘူး။ ဖေဖေက နှုတ်ခမ်းနီမဆိုးရ အမိန့်ထုတ်တယ်၊ အဲဒီတော့ မေမေ ဂရုစိုက်ပေးခဲ့တဲ့ ဆံပင်ရှည်တွေတရမ်းရမ်းနဲ့ ဒီလိုပဲနေလာခဲ့ရတာ၊ ဂျပန်က အန်တီယာတို့ ငါတို့အိမ်မှာ နှစ်လလောက်လာနေသွားတဲ့ ကျေးဇူးလေးကြောင့် နှုတ်ခမ်းနီမဆိုးရ အမိန့်ကနေ နှုတ်ထွက်ခွင့်ရသွားတာ သိလား။ အဲဒီ နှုတ်ခမ်းနီလေး အဲဒါကြောင့် ဆိုးခွင့်ရသွားတာ"

သူ့နှုတ်ခမ်းလေး သူထောက်ပြပြီးရယ်တော့ ညိုက ဟားတိုက် ရယ်၏။ မပြင်ဆင်တတ်လို့ဘဲ အနီ သူမ အောက်မှာ တစ်ထစ်နိမ့်သွားရဲ့ တာပါလား ဟုတွေးမိရင်း မိဘချင်းနှိုင်းယှဉ်ကြည့်ခဲ့၏။

မာမီနှင့်အန်ကယ်လ်မော်တို့ကတော့ မောင်နှမနှစ်ယောက် လက်တွဲညီကြသည်။ မာမီက လောင်းကစားဝါသနာပါကာ အန်ကယ်လ် မော်က စီးပွားရှာခြင်းမှာပဲ စိတ်ကိုနှစ်သည်။

"သမီးမာမီက ခုချိန်ထိမဆင်ခြင်ဘူး၊ သူ့ကိုယ်သူ ဝါသနာမကြီးဘူး သာပြောတာ ထိုင်မိပြီဆို ရာနဲ့ချီတာချည်းပဲ၊ အဲဒါကြောင့် အိမ်ထောင် ရေးလဲထိခိုက်ခဲ့ပြီ"

ဟု ကွယ်ရာမှာ အန်ကယ်မော်က ညည်းသည်။ 'ကိုကြီး' လို့ မေမေ လက်ဝါးဖြန့်လိုက်တော့ ဘာသံမှမထွက်ဘဲ အထုပ်လိုက် ချပေး၏။ ပြီး

တော့ ဘယ်သူကမှ ဘာမှမပြောဘဲ မလုံမလဲ ဖြေရှင်းတတ်သေးသည်။

"ငါက လူမျိုးကြီးလုပ်နေတော့ သူက စုထိ ငါ့ကို ဆိုးလို့ကောင်းနေတာ၊ မပြောရက်တော့လဲ ပေးနေရတာပေါ့၊ သူ့ဂျာ ယောက်ျားရှိရတာ မဟုတ်တော့ ..."

ဘာညာတွေ တစ်ယောက်တည်းပြော၊ သူပဲ ညည်း ...။

ညိုတို့ကတော့ ဘယ်ဘက်ကိုပဲ လက်ဝါးလှည့်ဖြန့်ဖြန့် လိုသလောက်ရနေတော့ ကမ္ဘာကြီး ပူတာ၊ နွေးတာပို့ နားစွင့် ခေါင်း ထောင်ကြည့်ဖို့ကို စိတ်မဝင်စားပေ။

တစ်နေ့ တစ်နေ့ သူမအတွက် အရေးကြီးတာက အမျိုးမျိုးအရာထူးသော ရောင်စုံလိပ်ပြာတွေကို ညို့ငင်ဆွဲဆောင်နိုင်သော ပန်းဘုရင်ဖြစ်နေဖို့ ... သူမ .....။

❋ ❋ ❋





## အခန်း (၂)

"နင် အဖြေပေးလိုက်သလား အနီ"

"ဘာလို့ပေးရမှာလဲ၊ ငါမှမကြိုက်တာ"

"နင်ကြိုက်တာ တွေ့ဦးမှာလား"

"အဲဒါ နင်က ဘာလို့ပူနေတာလဲ"

နှစ်ယောက်အတူလှမ်းနေသည့်ခြေလှမ်းတွေက အချိုးကျ မှန်ကန်နေလျက် စကားပြောလည်းမပျက်ပေ။ သင်တန်းနဲ့နီးသည့်ကဲန်တင်းမှာပဲထိုင်ကြမှာမို့ ကားတွေထားခဲ့ပြီး စကားတပြောပြောလျှောက်နေရတာကို အရသာတွေ့လျက် လှမ်းနေရင်း တဖြည်းဖြည်းနေးကွေးလာကြရင်းဖြင့်..

"နင် ရည်းစားမရှိ ရှာပါလားလို့ တွေးပူနေတာမဟုတ်ဘူး အနီ၊ ရှပ်လို့..."

"ရှပ်လို့ .. ငါက .. ဟုတ်လား"

"ဟုတ်တယ်"

"အံမာ .. ပြောစမ်းပါ၊ အား .. သေပြီ"

အနီတို့ တစ်ခုခုစိတ်စောပြီဆို ခလုတ်တိုက်ရ၊ ဖိနပ်ပြတ်ရမှ ...၊ ဖြစ်လိုက်တိုင်းလည်း ဘာတစ်ခုမှ မသိမသာတိုးတိုးကြိတ်ကြိတ်နဲ့ ပြီးသွားတာယ်မရှိတတ်ပေ။ အရပ်ကမြင့်မြင့်၊ ဆံပင်ကရှည်ရှည်နှင့် အသံကထွက်လိုက်သေးသည်။

ထိုသို့သောအမှုအခင်းလေးများကြောင့် ထင်သည်၊ အနီက ညို့ဘေးမှာ ဘာမှမဟုတ်သော သူငယ်ချင်းအဖြစ်ထက် မကျော်နိုင်။

အနီကိုယ်တိုင်က ပြိုင်တဲ့ဆိုင်တဲ့စိတ် မမွေးတတ်လို့ အေးချမ်းနေတာလည်းဖြစ်နိုင်၏။ တစ်ခါတလေ အနီ့မျက်နှာလေးကို ညို စိတ်ကူးထဲမှာ ကိုယ်ပြင်ဆင်သလို ကျကျနနခြယ်မှုန်းကြည့်ဖူးသည်။

တကယ့်ကိုမလွယ်သည့်အဖြေပဲထွက်၏။ ဘာပဲဖြစ်ဖြစ် အနီ တစ်ခုခုဖြစ်တိုင်း ညိုက အားရပါးရရယ်ခဲ့သည်သာ။ သူများဒုက္ခ ရောက်သွားတာကို ဝမ်းသာလွန်းလို့မဟုတ်ဘဲ ထိုဒုက္ခက အနီ့ဆီကိုပဲ ရောက်ရောက်လာတာမို့ ...

"ဘာလဲ .. ခြေမကွဲသွားပြီလား"

"နည်းနည်းတော့ထိသွားတာသေချာတယ်၊ နေပါစေ .. ဟို ကောင်တွေ ပြုံးစိစိဖြစ်ကုန်ပြီ၊ ငုံ့မကြည့်နဲ့"

အနီ က ဆံပင်ရှည်တွေကို ဆတ်ခနဲခေါင်းမော့ခါသည်။ ခါးကို မတ်၍ ဂရုမစိုက်ခြင်းကို ကြည့်နေတဲ့သူတွေမြင်အောင် ပြလိုက်သည်။

လမ်းရဲ့တစ်ဖက်ခြမ်းလုံးက စားသောက်ဆိုင်တွေချည်းပဲမို့ လမ်းမဘက် တမင်လှည့်ထိုင်ပြီး မျက်လုံးအစာကျွေးနေသည့် သတ္တဝါတွေ ဘယ်မျက်နှာကြည့်ကြည့် ပြုံးနေကြ၏။

အနီ့အဖြစ်ကလည်း ယက်ပိုင်းကျိုးနေသည့် ကျောက်ချပ်ကြီး၏ တစ်ဖက်စွန်းကို အခြေခက်တိုက်သွားရန်စတာမျိုး ...၊





"နင်က ဘာလို့ သွားကြီးဖြီးနေတာလဲ"

"ရယ်စရာမို့လို့ပေါ့ အနီရယ်၊ လူတိုင်း သွားလာနေကြတာညစ္စာ .. နင့်ကျမှ..."

"အဲဒါ နင့်ကို ဒေါသထွက်လွန်းလို့လေ ..၊ ပြောစမ်းပါဦး .. ငါက နင့်ကို ဘာတွေလုပ်မိလို့လဲ၊ ဟွန်း .. ဟိုဟာသွားယူပေးပါ၊ ဒီနား လာထိုင် ပေးပါနဲ့ သူလိုအပ်တော့ ဒီမျက်နှာမဟုတ်ဘူး"

"အဲဒါက နင် အနားမှာရှိနေလို့လေ၊ ပြောချင်တာကလဲ အနား မှာ မရှိစေချင်တာမျိုးမဟုတ်ပါဘူး၊ ရည်းစားရှိတဲ့လူနဲ့ မရှိတဲ့လူ တွဲရတာ နည်းနည်းအောက်တယ်ဟ၊ ငါတို့က ယောကျ်ားလေးတွေ မဟုတ်တော့ ပိုဆိုးတယ်။ ဥပမာ .. ငါတို့ တစ်နေရာသွားချင်ရင် နင့်မှာ အတွဲမရှိတော့ လူခွဲထွက်လို့မရဘူး၊ ငါ ထားခဲ့ရင် နင်က တစ်ယောက်တည်းကျန်ခဲ့မှာ"

"အမလေး .. ဒီလိုပူတတ်နေတာလား၊ တော်သေးတာပေါ့ .. ငါ့အတွက် ပူပင်ဖော်သာမရရင် ကန်တော်ကြီးမှာ မနက်ကိုးနာရီ ဂါနေ နေ့လယ်ဆယ့်နှစ်နာရီအထိ ထားခဲ့ရာကနေ ညနေစောင်းမှ ပြန်လာခေါ်တဲ့အထိဖြစ်သွားနိုင်တယ်"

"ဒါကတော့ သူက ရုပ်ရှင်ကြည့်ဖို့ အတင်းခေါ်သွားတာကိုးဟ၊ နင်က အဝေးကြီးမှာ ကျန်ခဲ့တော့ ..."

"အေးပါ .. ထားလိုက်ပါ၊ နင် လွတ်လပ်ဖို့အတွက် ငါ ရည်းစား ထားဖို့ ဝီးစားပါ့မယ်၊ ဒါပေမယ့် 'ကျွဲမ'လိုပေါ့ဟာ .. လူက မည်းပေ မယ့် အသားလတ်လတ်လေးတော့ လိုချင်တာပေါ့"

နင် ကျွဲမ့လောက်မဆိုးပါဘူး အနီရယ်လို့ပြောမိရင်း စားသောက် ဆိုင်မှာ သုံးယောက်ထိုင်မိကြတိုင်း သူမစိတ်တွေ အနီ့ကြောင့် တင်း ကျပ်နေရတာကို တွေးမိနေသည်။

ကိုယ့်လိုမပြင်လို့ ကိုယ့်လိုမလှပေမယ့် အနီးကပ်ထိုင်ငေးကြည့်မိလိုက်ရင် အနီပါးလေးတွေ ပန်းရင့်ရောင်သမ်းနေတာ၊ နှုတ်ခမ်းသားလေးတွေ နုထွေးနေတာ၊ ဒါတွေကို သတိထားမိသွားကြမှာပါ။

မိန်းကလေးချင်းမို့ နားလည်သည်။ ယောကျ်ားလေးတွေ၏ မျက်လုံးတွေကို စိုးရိမ်၏။ ရည်းစားဖြစ်ထားပြီဆိုပေမယ့် မှတ်ပုံတင် အပေါင်တင်ခံထားတာမဟုတ်။

လက်ဗွေ၊ ခြေဗွေရာယူပြီး ခုံရုံးတင်ထားကြတာလည်းမပါ။

"ဒီမှာ မင်းနဲ့ငါ ဒီနေ့ကစပြီး ဆက်ရန်မရှိတော့ဘူး" ဆိုပြီး စက္ကန့်ပိုင်းအတွင်းမှာ ကျောခိုင်းသွားကြလို့ရသည်။

ရည်းစားထားခြင်းကို မက်မက်မောမောကြီး ဆုပ်ဖမ်းထားချင်တာမျိုး မဟုတ်ပါ။ ကိုယ့်ကို ကျော်ပြီး တခြားသူကိုငေးမောသွားမှာမျိုးတော့ ဘယ်လိုမှအဖြစ်မခံနိုင်၊

ထို့ပြင် ထိုမိန်းကလေးဟာ ကိုယ့်ရဲ့ဘေးက ဤသူမဖြစ်နေမှာကို လက်မခံနိုင်ခြင်းဖြစ်သည်။ ရည်းစားတွေ ထည့်လဲတွဲဖြစ်အောင်ထားခဲ့တာမရှိခဲ့သည့်တိုင် ထားခဲ့သမျှထဲမှာ ညို ကျန်ရစ်ခဲ့ရတာ မရှိသေးပေ။

ထို့ကြောင့် ...

"နင့်ကို ကာရန်ညီ က ကြိုက်နေတာ သေချာတယ်၊ သူ ပရိုပို့စ်လုပ်လာရင် မငြင်းနဲ့တော့နော်"

"အံမယ် .. အဲဒီတစ်ယောက်နဲ့ပြောချင်လို့ နင်က ဇာတ်ပို့လုပ်နေတာလား"

"အမြန်ဆုံးရည်းစားရရှိရေးအတွက်ပါ"

"အဲဒီလောက် အလောသုံးဆယ်လိုအပ်နေရင် ဒီမှာ ဒီရပ်က ကြိုက်မယ့်သူမရှိလောက်အောင် မဖြစ်သေးဘူး၊ ကြည့်ထား ..."



ပြောနေတုန်း သူ့မျက်နှာကိုမော့ပြထားသဖြင့် ခလုတ်တိုက်ပြန်ခလသည်။

"အဲဒီခြေထောက် ကွဲဖို့ကောင်းနေပြီ"

ညို က မေတ္တာပို့၏။ အနီ က ထဘီစလေးမ၊ ကြည့်ပြီး မျက်နှာ ပြန်မော့တော့ ဆံပင်တွေကို ခါပစ်လိုက်ပြီးမှ ...

"ဒီတစ်ခါ ရုပ်ရှင်ရုံထိ ကြွဖို့ အစီအစဉ်ရှိနေပြီထင်တယ်၊ ငါ့ခြေထောက်ကို မေတ္တာပို့မနေနဲ့၊ ကြွမယ့်လမ်းကို ဖြောင့်ဖြောင့်ကြွ၊ ဖုန်းပိတ်မထားရင် ပြီးပြီ"

"အဲဒါလဲ ကွိုင်ပဲ"

"ဖြစ်ရလေ"

"စည်း က သူ စကားပြောနေတုန်း ဖုန်းသံမြည်လာရင် ရှုံ့မဲ့နေတာပဲ"

"ဒါဆိုလဲ ဖုန်းပါမဆက်တော့ဘူး၊ တော်ရာမှာနေပေးမယ်၊ ရပြီလား"

အနီပုံးလေးကိုဖက်၍ ညို က ရယ်သည်။ နှစ်ယောက်သား သင်တန်းပြန်မတက်တော့ဖို့ဆုံးဖြတ်ချက်တွေနှင့် ညိုက ရည်းစားကို ဖုန်းဆက်ချိန်းထားသည်။

ဦးတည်ချက်မရှိသေးချိန်မှာ အနီ့ကို ခေါ်မထားလို့မဖြစ်။ သူတို့နှစ်ယောက် ရှမ်းခေါက်ဆွဲဆိုင်မှာထိုင်လိုက်ကြပြီး လမ်းမဘက်ကို မျက်နှာမူ၍ ...

"စည်း ဘယ်လောက်ကြာမယ်လို့ နင် ထင်လဲ"

"ဘယ်သိမလဲ၊ နင်က သူချိန်းတော့လဲ သွားချင်မှသွားတာ၊ နင်ကိုယ်တိုင်ချိန်းပြီးတော့ မသွားဘဲနေတာတွေလဲရှိတယ်၊ ငါ မပြောတတ်ဘူး"

"သူက လာချင်မှလာမယ်လို့ နှင်ပြောတာလား"

"စိတ်မဝင်စားပါဘူး၊ နေပါဦး .. အဲဒီ စည်း ဆိုတဲ့တစ်ယောက်ကို

နှင်က ကလဲ့စားချေချင်တာဆို ..."

"ဟုတ်တယ်လေ"

"ခု တကယ်ချစ်နေကြတာလား"

"အဲဒီလို တူနေပြီလား"

"တူတယ်၊ တွေ့ကြပြီဆို ပြုံးနေကြတာပဲ"

ညို က ခေါင်းညိတ်လိုက်ပြီး အအေးနှစ်လုံးမှာသည်။ လူစုံမှ တစ်နေ

တပ်မှာ ဒါမှမဟုတ် တစ်နေရာထပ်သွား၊ ဒါကို သိထားသဖြင့် နေလယ်

ဆာလောင်နေပြီဖြစ်ပေမယ့် အနီ ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"ငါ သူ့ကို မမြင်ဖူးပေမယ့်က ကြည်သာချို့ အဖြစ်ကိုကြည့်ပြီး လူသ

ချင်စိတ်ကိုပေါက်သွားတာ၊ ညီမဝမ်းကွဲဆိုပေမယ့် သူလဲ တစ်ဦးတည်

သောသမီး။ ငါရောပဲ .. ပြောရရင် တစ်ကောင်ကြွက်ချင်း အတူတူ

အသိုင်းအဝိုင်းဆွေမျိုးရှိပေမယ့် မွေးချင်းဖော်မရှိတာကို ပြောတာဟာ..

သူ့စကားကိုလည်း မရှင်းမှာစိုးသေးသည်။ အအေးရောက်လ

တော့ အနီ့ကို ပုလင်းတိုးပေးလိုက်ပြီး ...

"သူလာမှ စားကြမယ်ဟာ၊ ဒါပဲသောက်ထားဦး"

ဟု အနီ့ဗိုက်ထဲကို ကျွမ်းမြင်နေသလိုမျိုးပြောသည်။ ပြီးမှ ဆက်၍

"အစားထစ်ခုဝင်သွားရင် ဗိုက်ပူတော့ အလုပျက်တယ်" ဆို

မျိုး...

"အမှတ်တမဲ့နဲ့ အပြင်သွားကိုင်းစားဖြစ်နေတော့ အိမ်မှာ ဗိ

တာက အလကားဖြစ်သွားတာပေါ့၊ ငါ့ကို လူရှေ့မှာ အလိုက်ကမ်း

မသိ ဗွတ်မကျွေးနဲ့နော်"



လို့ ကြိုတင်ပြောပြထားတာတွေလည်းရှိ၏။ ခုလည်း အအေးကို တစ်ငုံမှမျိုမချသေး။ ဝတ်ထားတာက အနီရောင်ရဲရဲပေါ်မှာ လည်ပင်း၊ ရင်ဘတ်နှင့် လက်စည်းတွေမှာ အဖြူရောထားသည့်ဝတ်စုံဖြစ်သည်။

နားဆွဲဝိုင်းကလည်း အဖြူ၊ အနီ စပ်ကျားဖြစ်ကာ ကျပ်ခွေသဘာသာ ခန့်အဝိုင်းရှိ၏။ ဒေါက်ချွန်ဖိနပ်အနီရဲရဲက ကြိုးသေးသေးလေးတွေနှင့် ဖိတ်ဖိတ်လက်နေသဖြင့် ညို့ကို ဘယ်ကကြည့်ကြည့် ထင်းနေသည်။

ပြီးတော့ နားရွက်ကုပ်ဆံပင်တွေကို ကြေးနီရောင်ရဲရဲဆိုးထားတော့ ဝတ်စုံနှင့် ပိုလိုက်သည်။

"အနီ .."

သူမဘာသာ စဉ်းစားနေပြီးမှ ပြန်စ၍ ...

"နှင် စဉ်းစားကြည့်စမ်း၊ သူ ငါ့ကို အဲဒီလို ဘာမှအဖြစ်မပြောဘဲ တောက်လျှောက်သည်းခံလာခဲ့တာ ရိုးသားမှုဖြစ်နိုင်ပါ့မလား"

"မရိုးသားရင်လဲ ဒါ ဖျတတဲ့ပွဲလို့မှတ်လိုက်ပေါ့ဟာ၊ နှင်ကရော ရိုးသား ခဲ့လို့လား"

"နှင် သူ့ကိုပဲ ဝေဖန်စမ်းပါ"

"ကိုယ့်ဘာသာဝေဖန်ပေါ့၊ ငါမှ စိတ်မဝင်စားတာ၊ အထူးသဖြင့် သူများချစ်နေတဲ့သူကို ဝေဖန်ဖြဖို့ လုံးဝစိတ်မဝင်စားဘူး"

"ငါက သူများလား"

"ဒါပေမယ့် ကြားသုံးကြား ငြိနေလို့ ..."

ညို့မျက်နှာ အောင့်သက်သက်ဖြစ်သွားခြင်းတွေ အရိပ်ထင်၏။

"နှင် ခုနကပြောတော့ ကြည်သာချို့ကိစ္စမှာ စည်း ဘက်က လိုလို.."

"ဒါက ငါပြောသားပဲ၊ နှင့်ညီမလုပ်ပုံမဟုတ်တဲ့အဖြစ်ကို ငါ ထောက် ပြတာ၊ သူများကောင်းတာ၊ မကောင်းတာတော့ ဘယ်လို လုပ်သိမှာလဲ"

"ငါကလဲ အားကိုးလွန်းလို့ မေးနေတာမဟုတ်ပါဘူးနော်၊ တစ်
တစ်ရံမှာ ကာသကံရှင်ထက် ဘေးလူက ပိုပြီးသိနေတတ်လို့ ရပါတယ
သူများအကျိုးဆောင်မှ ကိုယ့်အကျိုးအောင်တာ၊ အထူးသဖြင့် ဒါမျိုးကိ
က ကူညီကောင်းတဲ့အရာ၊ နင့်ကျမှ ကူညီမယ့်သူမရှိတဲ့အပြင် ဝေဖန်မှု
ဆီးရေးသမားနဲ့တွေ့လိမ့်မယ်"

"ဒါ ကျိန်စာလား"

"အဟွန်း"

ဟုတ်သလိုလိုပြုံးပုံက မငြင်းဘဲနေတော့ အနီ က ရယ်လိုက်၏

"အိပ်ဆေးတွေ အလွန်အကျွံခိုးသောက်ပြီး ကံကောင်းလို့မသေ
စာတွေရော ဓာတ်ပုံတွေရော သူ့အိပ်ခန်းထဲမှာ ပြန့်ကျဲနေတာပဲဟာ

"စည်း ရဲ့ပုံတွေလား"

"အေးလေ"

"သူနဲ့ နှစ်ယောက်တွဲလား"

"မဟုတ်ဘူး၊ ဒါပေမယ့် နောက်မှာ အမှတ်တရကဗျာတွေ ရေး
တာ ပုံတိုင်းပါတယ်"

"ဘာဖြစ်ဖြစ် အဲဒီလိုနည်းနဲ့ အိပ်ဆေးသောက်တာတော့ ငါ
မသနားပါဘူး"

"ငါက ညီအစ်မလေ၊ ပြီးတော့ ငါ့ညီမက ချောချောလှလှလေး
သူ ရက်ရက်စက်စက်ခါထုတ်ရလောက်အောင် ..."

"ဒါက သူ့ဘက်က အခွင့်အရေးပဲဟာ၊ ကြည်သာချိုနဲ့ သူ့ကြ
ဒီလိုရက်စက်ရလောက်အောင် ဘယ်လိုအကြောင်းရှိသလဲမှမသိ
ငါ့ကို နင် စိတ်ဆိုးလဲ မတတ်နိုင်ဘူး၊ ငါကတော့ ယောကျာ်းလေ
မချစ်လို့ အိပ်ဆေးသောက်တယ်ဆိုတဲ့အဖြစ်ကို လုံးဝ လက်မခံနိ



အတွက် အဖြစ်တစ်စုံတစ်ရာမှ သူများမှာမရှိဘူး၊ ၁း အသုံးမကျတာလို့ ပြောချင်တယ်"

ညီမကို ဖုံရွဲ့ပြောနေတာပေမယ့် အနီ့ကို ညိုက စိတ်ဆိုးပုံမပြဘဲ စိုက်ကြည့်နေကာ ...

"ခုဆို ရန်ကုန်မှာတောင်မရှိတော့ဘူး"

"ဘာဖြစ်သွားလို့လဲ"

"အမေရိကားမှာ သွားနေဦးမယ်ဆိုပြီး သူ့ဦးလေးဆီထွက်သွားတာ ကာစ်နှစ်ကျော်သွားပြီ ပြန်မလာဘူး"

"ဒါလဲ သူ့အပိုင်းပဲ၊ ငါပြောချင်တာကဟာ အစက ဘယ်လိုစိတ်ကူး တွေပဲရှိရှိ အခု ကလဲ့စားချေဖို့ဆိုတဲ့ မူလရည်ရွယ်ချက်ကြီးကို ဖျောက် လိုက်စမ်းပါ"

"ဘာဖြစ်လို့လဲ"

"နင် တကယ်ချစ်နေပြီမဟုတ်လား၊ အဲဒီတစ်ယောက်ကို အမျိုးမျိုး စမ်းသပ်ရင်းကျေနပ်နေတာ"

"ဟုတ်တယ်၊ ငါ စမ်းသပ်နေတာ၊ တစ်ခါတလေ ငါ သူနဲ့အတူ ထိုင်နေ ရင်းနဲ့ တခြားအသိကောင်လေးတစ်ယောက်နောက်ကို သူ့ရှေ့ကနေပဲ ထလိုက်သွားဖူးတယ်"

"ဟုတ်လား"

"အင်း .. အဲဒါကို သူ တစ်ခွန်းမှမမေးဘူး"

"အံ့ဩစရာပဲ၊ စည်း ကလဲ ခပ်ပွေပွေနော်၊ ရှုပ်သလား မရှုပ်ဘူး လားတော့မသိဘူး၊ သူလဲ သူ့နေရာမှာ ကင်းပဲ"

နှစ်ယောက်စလုံး အအေးပုလင်းတွေကို ကိုင်လိုက်၊ လွှတ်လိုက်နှင့် မသောက်ဖြစ်ကြပါ။ အနီ က အအေးမကြိုက်တဲ့သူ၊ ညိုကတော့ အပြင်

ထွက်လျှင် စားသောက်သည့်အလုပ်ကို တတ်နိုင်သမျှရှောင်၏။

"အကူအညီလိုနေရင်လဲ ပြောပေါ့ ညိုရာ၊ ငါက သူများအတွဲ ကွဲမျ
သွားမယ့်အရေးတွေကို စိတ်မဝင်စားဘူးလို့ပြောတာ၊ အဆင်ပြေချင်တ
ဆိုရင်တော့ အပန်းမကြီးဘူးဆိုရင် ရပါတယ်၊ နင် စည်း ကိုပွင့်လင်းရှုပြ
မဟုတ်လား။ အဲဒါကြောင့် ထောက်ခံမဲရှာနေတာ"

"မလိုပါဘူး မယ်နီရယ်၊ ဘယ်သူထောက်ခံခံမခံခံ ငါကိုယ်တို
လက်မခံဘဲနဲ့ လုံးဝ မီးစိမ်းမပြဘူး၊ သူ့ကို ငါ အကဲခတ်မရလို့ နှင့်
မေးတာ"

သူမတို့ စကားမဆက်ဖြစ်သေးခင် စည်း ရောက်လာခဲ့၏။ တ
ယောက်တည်းတော့မဟုတ်ပါ၊ ဘေးမှာ ညို့လိုပဲ အဖော်ပါလာသေးသည်
သူက ဖိုးကျော် ...၊

စည်း က ညိုတို့လိုမဟုတ်ပေ။ သူ့မှာ သူငယ်ချင်းသုံးယောက် ရှိ
ဖိုးကျော်နဲ့ ကာရန်ညီ။ ဖိုးကျော် က စည်း နဲ့ အရပ်မြင့်တာချင်း အတူတ
ဖြစ်လျက် ကာရန်ညီ က နည်းနည်းလေးကျန်ရစ်၏။

နှစ်ယောက်တွဲမြင်တတ်တိုင်း စည်းရဲ့ဘေးမှာ ကာရန်ညီပဲများ
ဖိုးကျော် ပါလာတာကိုမြင်လိုက်တော့ အံ့သြသလိုဖြစ်သွားပြီးမှ ညို
ပြုံးပြသည်။

"တစ်ယောက်ရော ..."

"သုံးယောက်လုံး လာစေချင်လို့လား"

စည်း က မေးတာကိုမဖြေဘဲ ပြန်မေး၏။ ပြီးတော့ ညို့ ဘေ
ခုံဆွဲထိုင်လိုက်သည်။ ထိုအခါ ဖိုးကျော် က အနီ့ဘေးကို အော်တိုမစ်
ရောက်၏။

"ဘာမှ မမှာကြသေးဘူးလား"



စည်း ကပဲ ထပ်မေးတော့ စောစောကမေးခွန်းက အလိုလို ပျောက်
သွားသည်။

"ကို ဘာမှမစားခဲ့ရသေးရင် မှာလေ၊ အနီလဲ ဆာပြီထင်တယ်"

"အဲဒီလို တစ်ယောက်တည်းစားရမှာလား"

စည်း ထပ်မေးလိုက်ခြင်းကို ညို ဘာဖြေရမှန်းမသိ။ နှစ်ယောက်
အတူ စားချင်တာလား၊ ကိုယ့်ကို ကြင်နာမှုမရှိလိုက်တာလို့ လက်ညှိုးထိုး
တာလား ...၊

ဘာဖြစ်ဖြစ် ညို က တစ်ချက်ပဲတွေသွားခြင်းဖြစ်ကာ ဂရုမစိုက်မိ
သလို ရိုးရှင်းစွာပြုံးပြလိုက်၍ ...

"အနီ စားမှာလေ၊ ကိုဖိုးကျော်လဲစားမှာမဟုတ်လား"

"အိုခေ .. ဒါဆို ဒီဝိုင်းကို ကိုယ်ကျွေးမယ်၊ အနီ မှာလေ"

"ရပါတယ်၊ အနီ့ဘာသာရှင်းမှာ"

"တို့က အစားကြီးတယ်နော်"

ဖိုးကျော် မျက်နှာ ကရင်လို ဖြူစွတ်စွတ်နီစပ်စပ်က စပ်ဖြဲဖြဲ။
အနီ က သူမဘေးမှာမို့ နီးကပ်နေသည့် ထိုမျက်နှာကို စေ့စေ့စပ်စပ်
ငုံကြည့်လိုက်ပြီး ...

"စားပေါ့၊ ကိုယ်စားတာကိုယ်ရှင်း၊ ဘယ်သူက ဒကာခံမယ် ပြောနေ
လို့လဲ"

"ဟာ .. အဲဒီလိုလား ..၊ အချင်းချင်းတွေကို အနီ ကလဲဗျာ ..၊ ညီ
ကျတော့ တရင်းတနှီးနဲ့ ..."

"ကိုယ့်ကို မရင်းနှီးချင်မှန်းသိရင်လဲ ကိုယ့်ဘာသာနေလိုက်တော့..."

ရန်ဖြစ်နေကြတာ စစ်အေးတိုက်နေကြသလိုပင်။ ဖြူဖြူနုနုနှင့်
ရှားရင့်ရောင်ဝတ်စုံလေးဝတ်ထားသည့် အနီ့ ကို စည်း က ကြည့်ပြီး

ရယ်၏။

ဖိုးကျော် မျက်နှာကလည်း ဒီလောက်ပြောခံထိနေတာကို အိုးတို့ အမ်းတမ်းဖြစ်ခြင်း၊ ဒေါသအနည်းငယ်ဖြစ်ခြင်း ဘာမှအလျှင်းမရှိဘဲ ရှုံ့မဲ့နေတာ၊ သဘောကျကျဲ့မဲ့ခြင်းမျိုးနဲ့ဖြစ်၏။

ညို က အားလုံးကို အကဲခတ်၍ အအေးပုလင်းကို အသံမြည်အောင် စားပွဲနှင့် အရှတ်တိုက်ဆွဲယူလိုက်သည်။ ထိုအခါ စည်း တို့နှစ်ယောက်စလုံး သူ့ ဘက်ကို ပြန်လှည့်လာကြပြီး ဖိုးကျော် က ...

"တို့က စည်းနဲ့ ညိုတို့ ထ,ထွက်သွားရင် အနီ တစ်ယောက်တည်း ကျန်ခဲ့မှာစိုးလို့ တမင်လိုက်လာပေးတာ"

"ကို ဘယ်သွားမလဲ .. သွားလေ့၊ အနီကို ဒီမှာစောင့်ဖို့ ပြောပြီးသား"

ဘာမှမပြောရသေးဘဲ ညို က အနီ ကို အသိပေးသလို လှမ်းကြည့်ပြီး ပြော၏။ မိန်းကလေးနှစ်ယောက် မျက်လုံးချင်းဆုံသွားတာကို စည်း က မှတ်ခနဲ့ငေ့ကြည့်သည်။

"အင်း .. ကိုယ်လဲ ရည်ရွယ်ချက်မပါဘူး၊ ညို က ခေါ်လို့ထွက် လာခဲ့တာလေ၊ ရောက်အောင်လာရပေမယ့် ဒီတိုင်းလှည့်ပြန်ရတာ များတော့ တွေ့မှပဲ ညို့သဘောအတိုင်း ဆိုပြီးမတော့ ..."

ချိန်းပြီး တမင်မသွားဘဲနေလိုက်တာတွေအတွက် ကိုယ့်ကိုရွဲ့လိုက် တာမှန်း ညို သိသည်။ ဒါပေမယ့် သူက စကားလှအောင်ပြောသွားတာ ခံရခက်နေ၏။

"ညို ကိုယ့်ကိုချိန်းတာ ဘာအတွက်လဲ"

"ညို လဲ ကိုကိုချိန်းရင် အကြောင်းအရာတစ်ခုခုထည့်ပေးဖို့ နောက် ဆိုရင် စဉ်းစားလာမှဖြစ်တော့မယ်ထင်တယ်"

"ကိုယ် ခုမှမေးတာလေ၊ မင်းပဲချိန်းပြီးတော့ ကိုယ့်ကို ဘယ်သွာ



မလဲမေးလို့ ..."

အဲဒါ ရှင်က ဦးဆောင်ပြီးခေါ်သွားရမှာမဟုတ်ဘူးလား ...။ ညို့ ရင်ထဲမှာ ယားကျိကျိတွေဖြစ်နေသည်။ ဒီလောက် စကားနာထိုးနေတဲ့ပုံ ထောက်လျှင် ညို့ ဘက်က ပျက်ကွက်ခဲ့တာတွေကို သူ ရင်ခံနေတာ သေချာပါပြီ။

သိနေပေမယ့်လည်း ညို့ဘက်က အလျှော့ပေးဖို့ ဘယ်တုန်းကမှ စိတ်ကူးခဲ့တာမဟုတ်သည်မို့ ...

"ဒီနေ့ သင်တန်းတက်ရမှာပျင်းနေတာနဲ့ မုန့်စားထွက်လာတာပါ၊ လမ်းပေါ်ကျမှ စိတ်ကူးဖြစ်လာတာနဲ့ ကိုကိုဖုန်းဆက်လိုက်တာ၊ ဒါဆို ဒီမှာပဲ ထိုင်လိုက်ကြတာပေါ့"

"အဲဒါ ကောင်းတယ်"

ဟု ညို့သဘောကိုနာခံလိုက်သလိုပြောရင်း ...

"ဒါဖြင့် တစ်ခုခုတော့စားပါကွာ၊ အနီ က ညို မစားဘဲနဲ့စားမှာ မဟုတ်ဘူး၊ ဒီတစ်ခါ ကိုယ်ကျွေးပါရစေ"

အနီ အခက်တွေ့နေတာကိုလည်းသိသောကြောင့် ညို ဒါကိုတော့ ခေါင်းညိတ်လိုက်သည်။ သင်တန်းချိန်က ကျော်သွားပြီမို့ အတန်းထဲ ပြန် ဝင်ဖို့က မဖြစ်နိုင်တော့ပေ။

အိမ်ပြန်ချိန်လည်းမဟုတ်သေးတော့ အနီ ပိုက်ဆံနေတာကို ဖြည့်ဆည်းပေးဖို့အတွက် ရှမ်းခေါက်ဆွဲပဲ မှာလိုက်ရ၏။

"အနီ က ညိုနဲ့အတူ အမြဲပါတယ်နော်"

ဖိုးကျော် က မေးပေမယ့် မျက်လုံးကလေးစွေကြည့်ပြီး အနီ က မဖြေ။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာလို ဟိုဘက်ဒီဘက် အတွဲတွေဖြစ် သွားကြမလားလို့ ... မျှော်လင့်ချက်လေးတွေနဲ့ ဖိုးကျော်နဲ့ကာရဂုံညီတို့

တစ်ယောက်တလဲကြိုးစားနေကြခြင်းဖြစ်သည်။

ဒါကိုပဲ ဖွင့်ဟပြောထားပြီးပြီမို့ သူ့ရှေ့မှာပဲ ညီနဲ့ ဖိုးကျော် လက်ခ ရိုက်လာကြတာကို စည်း မတတ်နိုင်ပါ။ မအောင်မြင်ကြတာလည်း ကံတရားပဲဖြစ်၏။

နောက်ထပ် သုံးခေါက်တိတိ ညီ က ချန်နေရစ်ရမှာဖြစ်ပြီး ဖိုးကျေ ာ် က သူ့အလှည့်ဟု သတ်မှတ်ထားသည်။

"ကော်တော်မာနကြီးတဲ့မိန်းမကွာ"

ကွယ်ရာမှာ ယောကျ်ားလေးချင်းဆုံတော့ ရင်နာစွာညည်းသံက လွှတ်လွှတ်လပ်လပ် ဖျစ်ဖျစ်နှစ်နှစ်။

"ယောကျ်ားလေးတွေကို မိန်းကလေးတွေလို့ပဲ မြင်နေသလား မသိဘူး .. နည်းနည်းမှ တုန်လှုပ်တဲ့ပုံ မရှိဘူး၊ ခလုတ်တိုက်နေတာ မလှုပ်ရင် ငါကတော့ ပေါက်ဆိန်နဲ့ပေါက်မှာ"

ဖိုးကျော် က ကာရန်ညီ လို ကဗျာသံ စာသံမထွက်ဘဲ ဓားကြိမ်း ကြိမ်း၏။

"မင်းနော် ရည်ရွယ်ချက်မဲ့လျှောက်လာပြီးမှ ဆုရဲ့တန်ဖိုးမြင့်နေမှန်း သိလာပြီး လောဘမတက်နဲ့၊ မင်းပြောတုန်းက ငါ့ကို စိတ်တိုအောင် အလောင်းအစားဝင်လုပ်တဲ့သဘောလောက်နဲ့ရယ် ...၊ အခု မင်းကို အရှုံးလို့မသတ်မှတ်နိုင်သေးဘူး၊ ငါလဲ မရသေးတော့ သရေပဲ၊ မင်းထွက် တော့"

ညီ က သူကစပြီးရောဂါရင့်ခဲ့သူမို့ နေရာလိုချင်၏။ ဒီနှစ်ယောက် ကြားမှာ တကယ့်ချစ်သူဆီကိုသွားတွေ့နေတဲ့ စည်း က အေးချမ်းစွာ နေလျက်နှင့် သူတို့ချင်းစစ်ခင်းနေကြတာ အပြင်ထွက်ဖို့ဖြစ်လာတိုင်း

"အနီ ..."



ဖိုးကျော် အသံ နောက်ထပ်ပေါ်လာတော့ အနီ့ဘက်က တုံ့ပြန်သော နူးညံ့မှုလေးက သာယာနာပျော်ဖွယ် ...၊

"ဒီမှာ စားစရာရောက်လာပြီ ကျွန်မက အစားစားရင် အနှောင့်အယှက် ပေးတာ လုံးဝမကြိုက်လို့ ကျေးဇူးပြုပြီး ရှင့်ပါးစပ် ခဏပိတ်ထားဖို့ တောင်းပန်တယ်"

"ပိတ်လိုက်ပါပြီ"

ရှိသေရှာသား ...၊ စည်း မျက်နှာ မချိုမချဉ်ဖြစ်သွားတော့ ညီလည်း ရယ်ချင်သွား၏။ ဖိုးကျော် ခမျာ လိမ့်ပိန့်ခံရှာပါ၏။

ဘယ်မျက်နှာကိုမှမကြည့်တော့ဘဲ အနီ စားသောက်နေတာလေးကို မျက်လုံးစွေကြည့်လိုက်၊ တည့်တည့်လှည့်ကြည့်လိုက် ...၊

စည်း ထံကို မလုံမလဲကြည့်သည့်အခါမှာတော့ စည်း က မဲ့ပြုံးနှင့် ...၊

ဖိုးကျော် က မထိုးတတ်ထိုးတတ်မျက်စောင်းနှင့် မျက်နှာလွှဲလိုက်ပြီး ... ဘာဖြစ်လဲ ...၊ ကိုယ့်ရင်ဘတ်နဲ့ကိုယ် ...၊

❋ ❋ ❋

အခန်း (၃)

မပြောစဖူး ဆုံးမစကားတွေနဲ့ အစချီကာ မာမီမျက်နှာမကောင်း
ဖြစ်လာတာကို ညို နည်းနည်းအံ့သြသွား၏။

တစ်ယောက်တည်း မှောက်လိုက်၊ လှန်လိုက် အိပ်ရာထဲမှာ။ ဓာတ်
အယ်လ်ဘမ်တွေလှျောက်ဖွင့်နေတုန်း ခေါင်းမှာလာထိုင်တာ ဒါတွေပြေ
မယ်လို့မထင်ခဲ့ပေ။

"နေပါဦး မာမီရယ် .. မာမို့အလုပ်ကိစ္စတွေ စိတ်ညစ်စရာဖြစ်လာ
တာ နဲ့ ညို့မှာ ရည်းစားဘယ်နှစ်ယောက်ရှိခဲ့တာ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ညိုရယ်၊ မာမီ ထိခိုက်နေတာတွေက ငါ့သမီး တ
ယောက်လုံးရှိသေးတယ်ဆိုပြီး ပြန်ကြည့်လိုက်ရင် အမောမှမပြေတာ"

"ဟင် .. မာမီ ပြောပုံက ညို့ဆီကပဲ ငွေထုပ်ကြီး ဘုတ်ခနဲပြုတ်
လာနိုင်သလိုလို ..."

"ဟုတ်တယ် အဲဒီအတိုင်းပဲ၊ ညည်းသိတတ်ရင် အဲဒီအတိုင်းဖြစ်ရမှာ

"ဟင် ..."

ကိုယ် အစွမ်းကုန်ပြောချလိုက်တာကို မာမ့်ဆီက ဒေါသတစ်



ထွက်လာနိုင်သည်ဟု တွက်မိတာ ..၊ ကြောပြီးမှ မာမ့်မျက်နှာက ပို၍
ညှိုးလျော်သွားလျက် ...

"ညည်းလဲ မြင်နေကြားနေတာပဲ၊ မာမီတို့ သုံးစွဲနေသမျှ ကိုကြီးက
နိုင်ခံ ..."

"အန်ကယ်လ်က ဘာမှမပြောဘူး၊ မာမီ ကစားတတ်တဲ့အကျင့်ကို
ဖျောက်နိုင်ရင် ပြီးပြီ"

"ခုမှ ဒါတွေလာပြောမနေနဲ့လေ၊ မာမီ ပြောခဲ့သားပဲ၊ ညည်းဒက်ဒီ
ကို ရွဲ့ခဲ့မိရင်း ဒါတွေလုပ်ဖြစ်သွားတယ်ဆိုတာ ..."

"စမှားတာ အဲဒီကတည်းကပဲ၊ ဒက်ဒီ ပွေတယ်ရှုပ်တယ်ထင်တာနဲ့ပဲ
မာမီကပြန်ရွဲ့တာ၊ ဒါပေမယ့် ကိုယ့်ကာရိုက်တာ ပျက်သွားခဲ့တာပဲ အဖတ်
တင်တယ်မဟုတ်လား"

"မိဘကို ပြန်သင်မပေးနဲ့ ညို၊ ကာရိုက်တာပျက်တဲ့အထိပြောရ
လောက်အောင် ငါ့ဘဝမှာ ကိုယ်ကျင့်တရားပျက်ခဲ့တာ ဘာမှမရှိဘူး၊
ဒါလေးတစ်ခုပဲ ..."

"ဟား ... မာမီကတော့ ခက်ပြီ"

သားသမီးနဲ့မိဘ ဆိုသည့် စည်းတစ်ချက်ဆွဲချလိုက်တာနှင့် ပြော
ဖို့ရှိနေသေးတာတွေ ညို ပါးစပ်ပြန်ပိတ်လိုက်ရ၏။

"ကိုကြီး လူပျိုကြီးဖြစ်ခဲ့တာ၊ တို့မိသားစုရဲ့ ကံပဲထင်တယ်"

ပြန်၍ဆွေးမြည့်သွားသည့်လေသံက ဝမ်းသာဂုဏ်ယူလို့ပြောမှန်း
မသိ၊ စိတ်မကောင်းဖြစ်သွားတာလားမသိ။

"ခုဆိုရင် ကိုကြီးရဲ့စီးပွားရေးတောင် ထိခိုက်နေပြီ၊ တကယ်လို့
သူ့မှာသာ သူ့စိမ်းဖက်နေရင် ဒီလိုဘယ်ရမလဲ"

"ညိုပြောတာ အဲဒါပဲ မာမီ၊ မာမီနဲ့ညို စီးပွားမတိုးချဲ့နိုင်ဘူးပဲထား၊

နှီးရိုးစားသောက်သုံးစွဲရုံလောက်နဲ့ ဒီလောက်ထိဖြစ်စရာလား"

"ဩော် ..."

ညှိုးငယ်နေသည့် မာမို့မျက်နှာ ဆတ်ခနဲလှည့်လာသည်။

"မာမီက ငါ့သမီးလေး ဘာမှမပြောဆို မဝေဖန်ဘူးလို့ထင်ထားတာ ညည်းက ရင်ထဲမှာ ဒီလိုတွေးပြီး ..."

"တွေးနေတာကြီးမဟုတ်ပါဘူး၊ မာမီပဲ မာမို့ ဖြစ်ပျက်ကိစ္စတွေကို ညို့ရဲ့လွတ်လပ်ပျော်ရွှင်ခြင်းတွေနဲ့ လာငြိပြီးတော့ ..."

စကားကောင်းပြောဖို့ ညို ကြိုးစားပေမယ့် မာမီက ဆတ်ခနဲ ထရပ် လိုက်ကာ ...

"ခုချိန်ထိ လွတ်လပ်ပျော်ရွှင်ဖို့တွေ တွေးနေတုန်းလား သမီး"

"လုပ်ပြီ"

ညို က လှဲနေရာကနေ ဖက်လုံးကိုဖက်လျက်သားနှင့် ငုတ်တုတ် လေးဖြစ်သွားကာ ...

"ဘွဲ့လဲရပြီးနေပြီ၊ သင်တန်းတွေလိုက်တက်နေတာလဲ စုံသလော ဖြစ်နေပြီ၊ ဒီအရွယ် ရည်းစားထားတာ ဘဝပျက်တော့မှာကျနေတာပဲ၊ ညို ကို စုံတွဲတွေ့ခဲ့တယ်လို့ ပြောတဲ့လူကပြောတာကို မာမီ ဒီလောက်တု လှုပ်နေရလား။ ညို့ကိုညို ထိန်းနိုင်ပါတယ်"

"ထိန်းနိုင်တာကတော့ 'ရပ်နိုင်ပေ့'ဆိုတဲ့ ဒီဘက်ကိုရောက်လာ အရွယ်ကစပြီး ကိုယ့်ခြေထောက်လေးနဲ့ကိုယ် ရပ်နိုင်ကြတာပဲလေ ကလေး ဆိုပေမယ့် အဲဒီအရွယ်ကတည်းက ကိုယ့်ခြေထောက်လေ အားကိုးနဲ့ မာန်တက်ရမှန်းသိနေတာ"

"မာမီ ကလဲ ..."

"ဟုတ်တယ်၊ သားသမီးတွေက အဲဒီအချိန်မှာကတည်းက ဆေ



ကနေတဲ့ပေး၊ ထိန်းပေးနေရင် ပုတ်ချရတာနဲ့၊ ခါပစ်ရတာနဲ့၊ ခြေမခိုင် သေးလို့ ဘိုင်းခနဲဖင်ထိုင်လဲတော့ မိဘက 'အမလေး'လို့ အရင်အော်တာ၊ သူတို့ ငိုသံထွက်တာက နောက်မှ ...၊ အဲဒီ မေတ္တာတွေကို ဘဝတစ် လျှောက်လုံး ဂရုမစိုက်လာခဲ့တာ၊ ဆယ်တန်းအောင်ပြီဆို တက္ကသိုလ် ရောက်တာ ရည်းစားတန်းရောက်တာကျနေတာပဲ၊ ရည်းစားမထားပါနဲ့ တားလို့ ခေါင်းငုံ့နာခံကြတာ ဘယ်နှစ်ယောက်ရှိသလဲ၊ ကျောင်းပြီးသွားပြီ ဆို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဆိုတဲ့ပါမစ်နဲ့ မိဘကို အတိုက်အခံတွေလုပ်တာ၊ ရုန်းထွက်သွားကြတာ"

"တော်ပါတော့ မာမီရာ၊ မာမီနဲ့ညိုက အမေတစ်ခု သမီးတစ်ခုပါ၊ မာမီ နေတတ်သလိုနေတာ ညို ဘာပြောခဲ့လို့လဲ၊ ညို ကရော မာမို့ကို အတိုက်အခံအငြင်းပွားခဲ့ဖူးတာရှိလို့လား။ ဒီတိုင်းပဲနေတတ်သလို နေသွား ကြရင် ပြီးရော၊ ဘာလဲ ... ညို့ကို ယောကျ်ားပေးစားမလို့လား"

"ဟုတ်တယ်၊ ဟုတ်ပေမယ့် ..."

ဟုပြောပြီး စကားမဆက်သေးဘဲ စာကြည့်စားပွဲခုံမှာ ထိုင်ဖြန့်သည်။

"အိမ်ထောင်ရေးကို တိုက်ရိုက်ပြောဖို့မဖြစ်သေးတာက ညည်း ရည်း စားထားတာ တစ်ယောက်မကဖြစ်နေတော့ ..."

"သုံးယောက်တည်းပါ"

"သုံးယောက်တောင် ..."

"ဟုတ်"

"အမလေး .. လေး ... 'ဟုတ်'လို့ခေါင်းညိတ်လိုက်တာ ဆတ်ခနဲပဲ ကြည့်စမ်း"

"မာမီကလဲ မညာချင်လို့ဟာကို ..."

"နည်းနည်းပါးပါးတော့ မုသားသုံးလိုက်ပါလား ညိုရယ်၊ ညည်း ..."

"မာမီကလေ ကိုယ့်သမီးလေးတစ်ယောက်ပဲရှိတာကို 'ညည်း'
'ငါ'နဲ့ အရမ်းစိမ်းတာပဲ၊ အန့်မာမီဆို ဒေါသဘယ်လောက်ဖြစ်ဖြစ် ရ
ရိုက်ဖို့ထိ ပွထနေရင်တောင် 'သမီးနော်' 'မေမေ'က ဘာညာနဲ့ ..."

"အန့်မာမီကိုပြောချင်ရင် အနီနဲ့ ငါနဲ့ တူသလားဆိုတာ ဖြ
ကြည့်လေ"

"အတူတူပဲ"

"ဟုတ်တယ်၊ လှကြတာ အတူတူပဲ"

"ညိုက နည်းနည်းပိုတယ်"

"အဆမတန်ပိုပြင်တော့ နည်းနည်းပိုတာပေါ့"

ညို နှုတ်ခမ်းရူသွားသည်။ ဖက်လုံးကို ကန့်လန့်လုပ်ပြီး တံတော
ထောင်းလိုက်၊ ဆွဲထောင်ပြီးမှ အလယ်ကနေ ပြန်ချိုး၍ ရင်ဘတ်နဲ့ ထ
ထားလိုက်၊ အိပ်ရာပေါ် တင်ပျဉ်ခွေထိုင်လျက်နှင့် ရင်ထဲက ရေဆူအမှတ်
ဖြစ်နေသည်။

"မာမီက ကိုယ့်သမီးကို အဲဒီလိုပဲ တောက်လျှောက်မြင်လာတာလ

"လှစေချင်တာပေါ့ သမီးရယ်၊ လှနေရင် အရိပ်တကြည့်ကြည့်
ကျေနပ်နေရတာပေါ့၊ ဒါပေမယ့် အရမ်းဆန်းတာတော့မကြိုက်ဘူး။ အ
အတူရှိနေတော့ ငါ့သမီး ဆန်းပြားနေတာက ပိုပြီးပေါ် လွင်တယ်၊ ဝတ်
သွားတာကအစ နေထိုင်ပုံအဆုံး ..."

"ရည်းစားထားခဲ့တာကိုတော့ ထပ်မပြောနဲ့ မာမီ၊ ညို က သူ့
ပြန်ချစ်လိုက်လို့ ရည်းစားအရာမြောက်သွားတာ၊ အန့်မှာလဲ ရည်းစားထ
တစ်နေ့အစောင်ရှစ်ဆယ်မကဘဲ ..."

"ဒါပေမယ့် သူ ရည်းစားထားလို့လား"

"ဒါကတော့ သူကြိုက်တဲ့လူမှ မတွေ့သေးတာ"



"သမီးကရော ..."

"တူလို့လား မာမီ၊ သူ့ကိုလိုက်ကြတဲ့ယောကျ်ားလေးတွေက ဖြန့်
ကြိုက်ချင်စရာမှမရှိဘဲ၊ ညို့ဘေးမှာရှိနေပြီး ညို့ကောင်လေးတွေကို မြင်နေ
တာနဲ့ သူ့ဘေးရောက်လာတာတွေကို စိတ်တိုင်းမကျတိုင်း ခါချနေတာ၊
ဟွန်း .. မာမီကသာ ဘယ်ဟာ အလှစစ်မှန်းမသိတာ၊ သူ့နေရာနဲ့သူ
အဖြေကထွက်ပြီးသား၊ ဒါတွေပြောလဲ မာမီ သိမှာမဟုတ်ပါဘူး"

"အံမာ ..."

"တကယ်ပြောတာ၊ ရည်းစားမထားတိုင်း ဣန္ဒြေရှိလွန်းလို့ မထင်နဲ့
မထားတာမဟုတ်ဘူး၊ မရှိတာ။ အန့် ကျတော့ လိုတာမရ၊ ရတာမလို၊
ပြီးတော့လဲ သူ့အမေက သူ့သမီးနားမှာ အမြဲတမ်း ပိုချုပ် တွေလုပ်နေတာ၊
အဲဒီဆံပင်အရှည်ကြီး ချွေးတစိုစိုကို သူ့ဘာသာ မညှပ်ပစ်ရဲတာ ကြည့် ..."

"သူ့ဘာသာ မြတ်နိုးနေတာလဲပါမှာပါ ညိုရယ်၊ ဘာဖြစ်ဖြစ် ကျက်
သရေရှိတယ်၊ ခုနေ သူ့မာမီက သူ့သမီးကို အိမ်ထောင်ပေးစားမယ်ဆိုရင်
ချက်ချင်းကောက်စေ့စပ်ရုံပဲ"

"ဟင် .. ဘယ်လို ...၊ ညိုကတော့ ဘာတွေလိုနေလို့လဲ"

"ဆံပင်တိုနေတာ၊ ဟော့ထ်ဖြစ်နေတာတွေပေါ့၊ တက္ကသိုလ်မှာ
ကျောင်းသားချင်း ချစ်ကြ၊ ညားကြတာ မဆန်းပေမယ့် မိဘချင်း ကူတူ
တန်တန်စေ့စပ်ကြတာကျတော့ အဲဒါတွေကို ကလက်တယ်လို့ ထင်တဲ့
သားရှင်တွေရှိတယ်"

'ထင်ရင်မယူနဲ့ပေါ့'ဟု အသံတိတ်ပြော၍ ညို က မျက်လွှာချပစ်၏။

"စကတ်အတို အကွဲတွေဝတ်တာရော၊ ဆံပင်တိုတိုကပ်ကပ်လေး
တွေ၊ နားဆွဲဝိုင်းကြီးတွေ လွှပ်ခါနေတာတွေ ..."

"နေပါဦး .. မာမီက ညို့ကို ဝါတော်ရှစ်ဆယ်ရ ကိုယ်တော်ကြီးလို

အတည်အတံ့လွှန်နေတဲ့ အဘိုးကြီးနဲ့များပေးစားဖို့ စိတ်ကူးနေတာလား
နု တွေ့ထားပြီလား"

"ဝါတော်ရှစ်ဆယ်မရပေမယ့် သိက္ခာရှိတဲ့မိသားစုတွေလေ၊ အဘိုး ကြီးဖြစ်နေရင်တောင်မှ ဟိုက ညည်းထက် ခေတ်မီနေလိမ့်ဦးမယ်၊ ရုပ်ချော၊ ပညာတတ် ကိုယ့်ထက် အများကြီးမြင့်နေတဲ့သူမို့လို့ ဒီလောက် ထိ ရင်တုန်နေတာ နားလည်ရဲ့လား"

"ဘယ်သူလဲ မာမီ"

ညို စိတ်ဝင်စားသွားသည်။ ဒီခေတ်ထဲမှာ အထက်ပါ အောက် အရှည်အချင်းကောင်းများ ပြည့်စုံနေလျက် ကြင်ရာမရှာဘဲနေသေးတဲ့ လူငယ်လူရွယ်ဆိုရင်တောင် တစ်ခုခုတော့ တစ်ခုခုဖြစ်နေနိုင်သည်။ မာ သိလို့လား ...။

ဒေါ်ကေသွယ် ကလည်း သမီးဖြစ်တဲ့သူ ဘယ်လိုအတွေးပေါက်သွား ဖြန့်တာကိုရိပ်မိသည်။ ထို့ကြောင့် ခပ်လွှန့်လွှန့်ပြုံးလျက် ...

"ဘာတွေတွေးနေတာလဲ မယ်ညို၊ ညည်းကို လက်ထပ်ပေးချင်တာ ဘယ်သူထင်လို့လဲ"

"ပြောပါဆိုမှ ..."

"ဦးဆောင်"

"ဟင်.. ကိုကို.. ကိုကိုနဲ့ ဟုတ်လား၊ မဖြစ်နိုင်တာ မာမီကလဲ..၊ ကိုကို ညို ဆွေမျိုးတော်သေးတဲ့ဥစ္စာ ..."

"တော်ပေမယ့် ဆွေမျိုးဝေးပါတယ်၊ ဒါက ပြဿနာမရှိဘူ တကယ့်ပြဿနာက သူ့အမေ ..."

"အန်တီသန့် ..."

သူ့အမေဆိုတော့ ဒေါ်မေသန့်၏ မျက်မှောင်ကြုတ်ကြုတ်နှင့်



ဟကာကို အထင်ကြီးမလွယ်တတ်သော မာတင်းတင်းမျက်နှာ မျက်လုံး ထဲမှာပေါ်လာသည်။ ဆွေမျိုးတော်သည်ဟုသာကြားရသည်၊ ဘယ်တုန်း ကမှ မရင်းနှီးခဲ့တာ အမှန်ပင်။

ဒေါ်မေသန့် ကလည်း ဒေါ်မေသန့် ဆိုသည့်အတိုင်း တစ်မွေးချင်း လုံး နိုင်ငံခြားရောက်ကုန်ကြတာတောင် သူမက မိုးရိပ်ဆင်တို့ ညီအစ်ကို ဘွဲ့ရပြီးတဲ့အထိ မြန်မာနိုင်ငံမှာပဲနေခဲ့တာဖြစ်၏။

"ငယ်ငယ်လေးတည်းက သူများနိုင်ငံက ယဉ်ကျေးမှုတွေကို မျက်စိ ရည်နားရည်ဝနေရင် အရွယ်ရောက်လာတဲ့အခါ ဂေါတမ ဆိုတာ ဘာလဲ လို့ မေးလာနိုင်တယ်"

မာမိနဲ့ စကားပြောနေတုန်း ဒါတွေပြောသွားတာကို ညို ကြား လိုက်သည်။

"ယဉ်ကျေးမှုဆိုတာ အရှက်အကြောက်တရားက စတာ၊ အရှက် အကြောက်ဆိုတာကလဲ ဘာသာရေးစပြီး အမြစ်တွယ်လာတာပဲ သွယ်ရဲ့၊ သားတို့ကို ဘယ်လိုဝတ်၊ ဘယ်လိုနေလို့ နေရာတကာ ကိုယ် မချုပ်ချယ် ဘူး၊ ဒါပေမယ့် အသိရှိဖို့တော့ အမြဲဆုံးမတယ်၊ ဆုံးမတယ်ဆိုတာကလဲ တံငါသည်တွေကြားထဲသွားပြီး သူတစ်ပါးအသက်ကိုမသတ်ဖို့ တရားပြ နေလို့မရဘူးလေ၊ ကိုယ့်သားတွေကို ရွှေပင်နား တော့ရွှေကျေး ဆိုတာမျိုး နားခိုရာမမှားစေချင်ဘူး၊ ဖြတ်သန်းပျံသန်းတယ်ဆိုတာကတော့ ဘယ် တော ဘယ်တောင်ဖြစ်ဖြစ် ဒါက ဖြတ်သန်းတာ ..."

ထိုစကားတွေပြောပြီး ပြန်သွားတော့ မာမီ သက်ပြင်းချရှာ၏။

"မေသန့် ပြောသွားလိုက်တာ ကိုယ့်ကိုယ်ကိုတောင် ဘယ်သွား နေရမှန်းမသိတော့ဘူး"

ဟု ပြောရင်း ရင်တွင်းစကားတွေပေါ်လာသေးသည်။

"ကိုယ့်သားသမီးကို ချစ်လို့ ဒီတိုင်းခေါ် ခိုင်းထားတာတောင် 'မ
ခေါ် တာကို ဝေဖန်သွားသေးတယ်" တဲ့ ...။

သည့်တုန်းက အန်ကယ်လ်က ခေါ် မေသန့်က မှန်သည်။ ဒါမှ
တာ လမ်းကြောင်းမှန်တာ ဘာညာနှင့် ထောက်ခံကာ မာမီက ကိုယ့်
ကို ကာကွယ်ရင်း မောင်နှမ စကားတွေများသေး၏။

"မေမေလို့ခေါ် တာတောင်မှ အမေလို့ခေါ် တာနဲ့မတူဘူး သွ
အဖေ အမေ ဆိုတာ အမိအဖရဲ့ ကိုယ်စားဖြစ်သလို 'အမေ' လို့ခေါ်
ခြင်းရဲ့ နောက်မှာ ရှိသေကိုင်းရှိုင်းမှု၊ နူးညံ့ကြင်နာမှု အများကြီးခံစား
တယ်၊ ဒါပေမယ့် မာမီနဲ့စာရင် မေမေလို့ခေါ် တာလေးကလဲ နားဝင်ချို
ငဲ"

ဟု ပြောသွားတာကို အန်ကယ်လ်က ပြန်၍ရှုတ်ပြနေသေးသ
"မေသန့်လိုအမေမျိုးက တကယ်ရှားတယ်၊ ယောကျ်ားကိုလဲ
သွင်းနိုင်တယ်၊ သားတွေမွေးထားပြီး လူတော်လူကောင်းလေးတွေ
အောင် စည်းရုံးထားလိုက်တာ ဘယ်လောက်လေးစားဖို့ကောင်း
"သူ့ယောကျ်ား နိုင်ငံခြားကနေ ငွေကို လိုမလေသေးမရှိ ပို့နေ
သူတော်လို့ဖြစ်ရောလား ကိုကြီးကလဲ ... မမြင်ကွယ်ရာမှာ ဟိုမှာ
တွေလုပ်နေလဲ ဘယ်သူသိလို့လဲ၊ ဖောက်ပြန်တဲ့ယောကျ်ားတွေ မိန်း
ပလီတာမှ ဘယ်သူမှလိုက်မမီတာ"

"ဒါက သူများအတွင်းရေးတွေပါ ကေသွယ်ရယ်၊ ဘာဖြစ်ဖြစ် မိန်း
လိုက်ပြောင်းဖို့ သူ့ယောကျ်ား ဘယ်လောက်စည်းရုံးခဲ့သလဲ၊ သူ့
နဲ့ မွေးချင်းတွေ အကုန် ဟိုရောက်ကုန်ကြ၊ ကြီးပွားရှာကြနဲ့ သူ့မှာ
ခေါ် မရလို့ မသွားနိုင်ဘူး၊ မေသန့်ကိုယ်တိုင် ခွင့်ပြုလိုက်တဲ့အထိ
ဘာမှမရှိဘဲ ထွက်သွားတာ၊ သူတို့မိသားစု ဘယ်လောက်မွေး



သလဲ၊ သားတွေကို နှစ်တိုင်း မွေးနေ့လက်ဆောင်ပို့၊ လိုအပ်သမျှ ဖြည့်
ဆည်းနဲ့ ကလေးတွေ ဘွဲ့ရလို့ အားလုံးပြောင်းသွားကြတဲ့အထိ သားတွေ
ရောက်လာရင် ဘွဲ့လွန် ထပ်ယူဖို့ အလုပ်လုပ်ဖို့ ပြင်ဆင်ထားလိုက်တာ
ဘာမှလိုလေသေးမရှိဘူး"

လို့ ချီးမွမ်းတော့ မာမီက မကျေနပ်။

"အဲဒါ အိမ်ထောင်ဦးစီးတော်တာတွေပဲ ဖြစ်မှာပါ၊ ညို့ဒက်ဒီက အဲဒီလို
လူလား"

"ညို့မာမီ ကလဲ မာမီပဲလေ၊ ကိုကြီး ပြောချင်တာက လူဆိုတာ ကိုယ့်
ကိုယ်ကို အမြဲတမ်းဆန်းစစ်နေရတယ်၊ ဒါက မှားနေရင် ပြုပြင်နိုင်ဖို့ နှင်က
မကောင်းပါဘူးလို့ တားနေတာတောင် ဂရုမစိုက်ဘဲနေခဲ့ တာ၊ မိဘမကောင်း
သားသမီးခေါင်းဆိုတာလဲရှိတယ်၊ အဲဒါကို မမေ့နဲ့"

ပြောပြတုန်းက ညို အသက်ငယ်ပါသေးသည်။ ဒါပေမယ့် အန်ကယ့်
စကားကြောင့် မာမို့မျက်လုံးတွေ ညို့ဆီဝေ့လာ၏။ ခုချိန်မှာ ကိုကိုနဲ့
လက်ထပ်စေချင်လျက်နှင့် မာမီ ဘာကိုစိုးရိမ်နေတာမှန်း ညို တွေးမိလိုက်
ပေမယ့် မပြောတော့ပါ။

မာမီက သူမ လုပ်နေသည့်အလုပ်ကိုပြောလျှင် မျက်ဝန်းတွေမှာ
အပြစ်အကြောင်းတွေ ထင်လာရင်တောင်မှ ပါးစပ်ကတော့ တစ်ချက်
ကလေးမှ ဝန်မခံပေ။

ဘယ်သူနဲ့ဖြစ်ဖြစ် ဒီကိစ္စနှင့်ပတ်သက်လာရင် အတိုက်အခံ ...၊

ဟိုတုန်းကတော့ မာမီ ဒီလောက်လည်းမဟုတ်ပေ။ ဒက်ဒီ ရှာဖွေ
ထားခဲ့သည့် စည်းစိမ်ဥစ္စာတွေလည်း ပြည့်စုံနေသေးသည်။ ခုကျတော့
ဝေဟာ လိုအပ်ချက်များစွာနှင့် ဖြစ်နေခဲ့ပြီမို့ အစစအရာရာ ပူပန်နေရ
ခဲ့ဘက်မှာ ကိုယ် ...၊

"မေသန့်ရဲ့သဘောသဘာဝနဲ့ မာမီတို့နေထိုင်ပုံဖြစ်ပါ့မလား"

"မေသန့်ရဲ့သဘောသဘာဝနဲ့ မာမီတို့နေထိုင်ပုံဖြစ်ပါ့မလား" သားအမိနှစ်ယောက်စလုံး ကိုယ့်အတွေးနဲ့ကိုယ် တိတ်နေကြပြီး ဒေါ်ကေသွယ့်ထံမှ အင်အားမဲ့ချင်နေသည့်လေသံမျိုး ထွက်ပေါ်လာခဲ့၏

"တကယ်တော့ မာမို့အပြစ်တွေပါပဲ"

ဟု ဝန်ခံလာခဲ့ပြီး ...

"ဦးဆောင် ကို သမီးဘက်ကတော့ လက်ခံနိုင်မှာ၊ ဟုတ်တယ် မို့လား"

"ကိုကို့ကို ညို ရင်းနှီးပြီးသားပဲ၊ ဒါပေမယ့် ကိုယ့်အစ်ကိုဝမ်းကွဲ ရင်းနှီးခဲ့တာ မာမီရဲ့၊ လက်ထပ်ကြမယ်ဆိုရင် ..."

ညို က စကားရပ်သွားပြီးမှ ...

"ကိုကိုကရော အဲဒီလိုပြောင်းလဲနိုင်ပါ့မလား"

"ပြောင်းလဲကြဖို့က ကြိုးစားခွင့်ရှိတယ်၊ အဲဒါကြောင့် လက်ထ အရင်မလိုဘူးလို့ပြောတာ၊ အခု မေသန့်ဆီက ဖုန်းလာတယ်လေ၊ ဦးဆေ ဒီမှာပြန်နေမယ်တဲ့"

"ဟုတ်တယ် ..."

"အင်း"

"ညိုတို့အိမ်မှာလား"

"မဟုတ်ပါဘူး၊ သူတို့တိုက်ကြီးတစ်တိုက်လုံး ဒီတိုင်းထားခဲ့တဲ့ အဲဒီမှာပဲနေမှာပေါ့၊ ဒါပေမယ့် ရန်ကုန်မှာ ဆွေနီးမျိုးစပ်ဆိုလို့ ကြည်သ တို့နဲ့ မာမီတို့ပဲရှိတာ၊ သူတို့ထက် မာမီတို့ကို ပိုရင်းနှီးတော့ မာမီ အပ်တာပေါ့၊ သူကတော့ တစ်ယောက်တည်းပဲနေမယ်လို့ပြောတယ် အဲဒါ လိုအပ်တာလေးတွေ ကြည့်ရှုစောင့်ရှောက်ပေးပါပေါ့ ..."

"ကိုကိုက ဘာလာလုပ်မှာလဲ မာမီ"





"ဘာမှမလုပ်ဘူး၊ ဟိုမှာ အငယ်ကောင် 'လမ်းသစ်ကြယ်'က မိန်းမယူ လိုက်ပြီလေ"

"ဟင် ..."

"နိုင်ငံခြားသူနဲ့တော့မဟုတ်ဘူးတဲ့၊ ဒါပေမယ့် မြန်မာဖြစ်ပြီး ဟိုဘာ သာကိုးကွယ်တဲ့သူဖြစ်နေတော့ မေသန့် အရမ်းစိတ်ဆိုးနေတယ်၊ ဒီကိစ္စနဲ့ သူတို့အိမ်ထောင်ရေးတောင်မှ အဆင်မပြေကြဘူးထင်တယ်၊ အခြေအနေ ကြည့်ပြီး သူလဲပြန်လာဖို့ပဲများတယ်တဲ့၊ သူဖြစ်ချင်တာက သူ့သားကို ဟိုမှာ အိမ်ထောင်ကျသွားမှာစိုးနေပုံပဲ"

"မာမီရယ် .. အဲဒီလိုဖြစ်တာနဲ့များ ညိုနဲ့လက်ထပ်ပေးဖို့ စိတ်ကူးတွေ ဖြစ်နေရတယ်လို့ ...၊ ဟိုက ဆွေမျိုးလို့ပဲမြင်နေရင် ရှက်စရာကြီး၊ ပြီးတော့ သူတို့က တကယ့်ဒိတ်ဒိတ်ကြဲအဆင့်တွေဖြစ်နေကြပြီ"

"အဲဒါကြောင့် ကိုယ့်သမီးနဲ့ဖြစ်စေချင်တာ၊ ဆွေမျိုးလို့မြင်စရာ မရှိပါဘူးအေ၊ ညည်း အရွယ်ရောက်စလေးက ကွဲသွားခဲ့ကြတာ၊ ခု ပြန် တွေ့ကြရင် ကိုယ်က အလှသွေးကြွယ်နေတဲ့အချိန်၊ သူက ကိုယ့်ထက် အသက်ကြီးတယ်၊ ပြီးတော့ အစတည်းက ရင်းနှီးပြီးသား၊ နီးစပ်ဖို့က ညည်းရဲ့ အရည်အချင်းပဲ၊ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ၊ ဦးဆောင် ကို သမီး သဘောကျတယ်မဟုတ်လား"

ကိုကိုက ချောတာပဲဟာ ... သူ့ဘက်က 'အိုခေ'ဆိုရင်တော့ ငြင်း စရာမရှိပါ။ ဒါပေမယ့် ...

"ပွင့်ပွင့်လင်းလင်းပြောနေတာပဲ မာမီ၊ မရိုးမသား တစ်ခါမှမှ တွေး မကြည့်ဘူးတာ ဘယ်လိုပြောရမှာလဲ၊ မာမီ ပြောသလို မရိုးသားဖို့ လွယ် ပေမယ့် သူ့ဘက်ကကြိုးစားလာတာဆိုရင်တော့ ဖြစ်နိုင်တာပေါ့"

"သူ သဘောကျအောင်နေတတ်ဖို့ပဲ ညည်း ကြိုးစားပါ။ နီးစပ်ကြ

ဖို့ကို သူ့ဘက်က စလာခဲ့ပါ။ အဲဒါကြောင့်ပြောတာပေါ့၊ 'ဦးဆောင်' လို့ နာမည်ပေးပြီး မေသန့် ဘယ်လောက်ထိ ကြပ်မတ်ထားသလဲ မသိဘူး။ သူ့အမေရဲ့ ကာရိုက်တာမျိုးနဲ့ ကြီးပြင်းလာတာဆိုရင်တော့ ညည်း ခေါင်းအေးနေထိုင်ပုံနဲ့မလွယ်ဘူး"

'မလွယ်တော့သွားပေါ့, လွမ်းစရာမရှိပါဘူး' လို့ စိတ်ထဲက ပြော ဖြစ်၏။ ထိုအခါ ကိုယ့်ချစ်သူတွေကို တန်းစီပြေးမြင်မိသည်။ ကိုကို့လောက် တော့ချောကြတာတွေချည်းပဲဖြစ်သည်။ 'စည်း' ဆိုရင် သာတာပေါ့ ...။

အနုတ်တာမဲ့တွေးရင်း ပြုံးလိုက်မိတော့ မာမီက မျက်မှောင်ကြုတ် နှင့်ကြည့်၍ ...

"ဘာပြုံးတာလဲ"

"ဘာမှမဟုတ်ပါဘူး။ မထင်တာတွေဖြစ်လာတာကို တွေးမိလို့ ..."

"တွေးမနေနဲ့ ဖြစ်အောင်လုပ်မယ်လို့ဆုံးဖြတ်"

ညို့ နှုတ်ခမ်းလေး မဲ့သွားကာ စိတ်ထဲမှာ ...

အဲဒီလို လွယ်မယ်ထင်ရင် ဦးဖွ မန်းလိုက်ပါလား .....။

❋ ❋ ❋





## အခန်း (၄)

"အဲဒီလောက်မလွယ်လို့ ပြောနေတာ သား၊ ပညာစုံလို့ ကြင်ရာစုံ တာက လွယ်တယ်၊ ကြင်နာနေရုံနဲ့ မပြီးတာတွေကြောင့် စော်ဘွား မင်း ရည်းစားထည်လဲတွဲနေတာတွေ တော်သင့်ပြီ"

အဖေတစ်ခု သားတစ်ခုမို့ လွတ်လပ်ခြင်းတွေကို ပိုင်ဆိုင်ရပြီလို့ မှတ် ခဲ့ပါသည်။ အမြဲတမ်း မထူးခြားစွာနေလာပြီးမှ ဘယ့်နှယ် အိမ်ထောင်ရေး ကျမှ ...

"ဘာတွေစဉ်းစားနေတာလဲ"

ဖေဖေ့စကားကြောင့် စည်း မျက်နှာငမော့ဖြစ်၏။

"ရည်းစားထားခွင့်တွေပေးထားတာ အိမ်ထောင်ဘက်ရွေးချယ်ဖို့ မဟုတ်ဘူးကွ၊ အိမ်ထောင်ပြုဖို့ပြောလိုက်တာနဲ့ ထားခဲ့တဲ့ရည်းစား တွေကို တန်းစီမြင်ပြီး စိတ်ကူးယဉ်မနေနဲ့၊ ရည်းစားကိုထားခဲ့၊ အိမ်ထောင်ပြုဖို့ မိန်းမကို သီးသန့်တွေး ..."

'ဖေဖေ့ကျတော့ ရည်းစားကို မရရအောင်ယူပြီး ကလေး တခ်
ယောက်နဲ့ မုဆိုးဖိုဘဝကို စောစောစီးစီးထားရစ်ဒဏ်ခတ်ခဲ့တာတော်
ခုထိ ချစ်နေတုန်း' လို့ ရင်ထဲမှာ တစ်တန်းကြီးရေရွတ်နေမိသည်။

"ချစ်တာက အပြစ်မရှိဘူး၊ မချစ်ဘဲတွဲတာက အပြစ်"

"ကျွန်တော့်ကို ပြောတာလား"

"ဟုတ်တယ်"

ခြံထဲမှာ ဖန်တီးတည်ဆောက်ထားသည့် ပန်းအလှဥယျာဉ်လေး ထဲ
ဂ အဖြူရောင်ခုံတန်းလှလှလေးတွေမှာ သားအဖထိုင်နေကြပုံက
ဖျက်နှာချင်းဆိုင်ခုံမှာ ဟိုဘက်ထိပ် ဒီဘက်ထိပ် စွေစွေစောင်းစောင်း ...။

"မင်း ဟေးလားဝါးလားလုပ်နေတာတွေ ဖေဖေ သိတယ်၊ အဲ
ကြောင့် အဲဒါတွေကိုထားခဲ့လိုက်ဖို့ပြောတာ၊ မစာမနာပြောတာ မဟုတ်ဘူး"

"ဒါဆိုရင်လဲ မင်း တကယ်ချစ်လားလို့ ထည့်မေးပါလား ဖေဖေ"

"ဘာ ..."

"ကျွန်တော့်မှာ ချစ်သူရှိတယ်"

"သိတယ်လို့ပြောနေမှ ..."

"မဟုတ်ဘူး ဖေဖေ၊ ရည်းစားနဲ့ ချစ်သူမတူဘူးဆိုရင် ဖေဖေ ပြောတဲ့
ရည်းစားတွေထဲက ချစ်သူ၊ သူ့ကို ကျွန်တော် တကယ် ချစ်တာ"

ဦးစစ်နိုင် ခဏတော့ငြိမ်သွား၏။ 'ဒီကောင် လောလောဆယ် မိန်းမ
မယူရရေးအတွက် လျှောက်ပြောနေတာလား' ဟု တွေးနေတာ ဖြစ်သည်။

"အဲဒီ တကယ်ကိုယုံပါ ဖေဖေ၊ ဖေဖေစီစဉ်ချင်တာကို ခဏထားပြီး
သူ့ကိုလက်ထပ်ရဖို့ပဲ ကျွန်တော့်ကို ကြိုးစားခွင့်ပြုပါ"

"နေပါဦး၊ ဖေဖေ နားစွင့်ထားတဲ့ထဲမှာ အဲဒီပြဿနာတွေ မပါပါ လား
မင်း တကယ်ပြောနေတာလား သား"



"ဟုတ်တယ်"

"ဘယ်ကလဲ၊ ဘယ်သူလဲ"

"ကျွန်တော်တို့ လက်ထပ်ဖို့ထိ တိုင်ပင်လို့ရတဲ့အခြေအနေ ရောက်ရင်
ဖေဖေ့ကိုပြောမှာပါ"

"ဟ .. ဖအေ့ကို အသိပေးရုံပဲလုပ်လို့ ရမလားကွ"

"အဲဒီလိုမဟုတ်ပါဘူး၊ ဖေဖေ့သဘောကို အရင်မေးပြီးမှ သေချာမှာပါ"

"မင်းဟာ မဟုတ်သေးပါဘူးကွာ၊ အဲဒါကျတော့ မင်းယူမှာ ...၊ ဖေဖေ
ယူမှာမှမဟုတ်ဘဲ၊ မင်း အာမခံတာ စောသေးတယ်"

"စောတာမဟုတ်ဘူး ဖေဖေ၊ သူနဲ့လက်ထပ်ဖို့ ဘယ်အချိန်ဖြစ်ဖြစ်
ဖေဖေ လက်ခံနိုင်လောက်တယ်ထင်လို့ပါ၊ ကျွန်တော် ဖေဖေ လက်မခံနိုင်
လောက်တဲ့မိန်းကလေးမျိုးကို ခွဲထုတ်မလာဘူးလို့ ကတိပေးပါတယ်"

ဦးစစ်နိုင် လည်နင်သွားသည်။ ဟိုဘက်မှာ ပြောဆိုပြီးဖြစ်နေပြီ ...
ဘယ်လိုလုပ်မလဲ .....။

❋ ❋ ❋

## အခန်း (၅)

"ဒီသင်တန်းပြီးသွားရင် ကို ဘာလုပ်မလဲ"

"အလုပ်က အချိန်မရွေးလုပ်လို့ရပါတယ်၊ ခုလဲ ကိုယ် သင်တန်းတက်နေတာမှမဟုတ်ဘဲ"

"ဟင် .. တကယ်လား"

ဟုတ်တယ်လို့မဖြေဘဲ မချိုမချဉ်အပြုံးနှင့် စည်း က စိုက်ကြည့်နေသည်။

"သင်တန်းတက်နေသလိုလိုနဲ့ မင်းရဲ့ဘေးကို ခေါ်တိုင်းရောက်လာခဲ့တာ ဘာဖြစ်လို့လို့ထင်လဲ"

ဘယ်လိုထင်ဖို့အကြောင်းပဲရှိရှိ ရင်ထဲမှာ နွေးထွေးရှိန်းမြသွား ခြင်းက ညို့ မျက်နှာလေးကို ရှက်ပြုံးလေးနှင့် ဝိုးဝိုးလုပသွားစေ၏။

"ဟိတ် .. မေးနေတာ ဖြေလေ"





"မသိဘူးလေ၊ ဖြေပြီပေါ့"

စည်း က သွားတွေပေါ်အောင် ရယ်လိုက်ပေမယ့် အသံမထွက်။ ပြီးတော့ ဘေးစားပွဲကို မျက်လုံးရောက်သွားသဖြင့် အနီ တစ်ယောက် တည်း ဝိုက်ဆံအိတ်ထဲက တစ်စုံတစ်ခုရှာဖွေနေတာကို လှည့်ကြည့်သလို ဖြစ်သွားသည်။

"ခုတလော အနီ က သပ်သပ်ခွဲနေတယ်နော်၊ ဘာဖြစ်လို့လဲ၊ ကိုယ့်ကောင်တွေ စလို့လား"

မေးတာကိုမဖြေဘဲ စကားလမ်းလွှဲသွားတော့ ညို့ မျက်နှာလေး ပျက်သွားသည်။ ဒါပေမယ့် အနီ့ အကြောင်းကိုလည်း ပြောချင်နေတာမို့..

"ဟုတ်တယ် ကို..၊ ဒါတောင် ဆိုင်ထိုင်တာမို့လို့.. တခြားသွားမယ်ဆို ခေါ်လို့ကိုမရဘူး"

"ကိုယ်ထင်တယ်၊ တော်ပြီ .. နောက်ဆို ဘယ်သူ့မှ ခေါ်မလာတော့ဘူး"

"ကိုညီတို့ကြားသွားရင် ညိုတို့ကို တစ်မျိုးထင်ပါ့မယ်၊ အဲဒီလောက်လဲမဟုတ်ပါဘူး၊ အနီ က သူ မလိုက်ပေမယ့် ညိုနဲ့အတူတူ အထွက်ပြပြီး ပြန်ချိန်တူအောင်စောင့်ပေးတယ်"

"အဲဒီလိုဆိုတော့ ဘယ်မှာကျန်ခဲ့တာလဲ၊ သူ့မှာ ဘွိုင်းဖရင့်ရှိလို့လား"

"ဘယ်ကလာရှိရမှာလဲ၊ အနီ က အရမ်းဆိုးတာ"

"ဘယ်လို ..."

"ဟုတ်တယ်၊ သူက ရိုးတာအေးတာလဲမဟုတ်ဘူး၊ အရမ်းသွက်တာ၊ သွက်ရဲ့သားနဲ့ ပြောဆိုမကောင်းဘူး"

သူမအကြောင်းပြောနေရင်း မျက်လုံးက သူမဆီကိုပဲရောက်နေသဖြင့် ပိုက်ဆံအိတ်ထဲကထွက်လာသည့် သော့ချိတ်လေးကို ဘာလုပ်

နေမှန်းမသိသည့် အနီ က တစ်ဆိုင်လုံးကို မေ့နေသလားမသိ။

လူငါးယောက်ထိုင်သည့်စားပွဲမှာ တစ်ယောက်တည်းထိုင်ကာ သူ့ ရှေ့မှာ အအေးတစ်လုံးက ဖင်ကပ်ပဲကျန်သည်။ ပြီးတော့ နှုတ်ခမ်းနီဘူး ရယ်၊ မှန်ဝိုင်းလေးရယ်၊ ဘီး၊ လက်ကိုင်ပဝါ အတိုအထွာ အားလုံးက ဒီတိုင်းပုံလျက် ...

သော့ချိတ်လေးနှစ်ခုက ဆင်တူဖြစ်ပုံရှိကာ သူမလက်ထဲမှာ တစ်ခု...

"သော့ချိတ်တွေဆို အသေမက်တာ၊ သူမက်သလို သူမျှားမက်တယ် ထင်ပြီး ညို့ မွေးနေ့မှာတောင် သော့ချိတ်လေးတစ်ခုပဲပေးတယ်"

"ဟုတ်လား"

ပြောရတာ အတင်းဖြစ်နေသလားမသိ။ ညို ကတော့ မွေးနေ့မှာ ရင်ခဲ့ရသည့်အဖြစ်ကို မမေ့နိုင်၊ သူ့ကျတော့ နှစ်သောင်းတန်ဘောလ်ပင် တစ်ချောင်းကို ကျကျနနပေးခဲ့ရပြီး ကိုယ့်ကျတော့ သုံးထောင်တန် သော့ချိတ်တစ်ခု တဲ့ ...။

စည်း က ပခုံးတွေလှုပ်အောင်ရယ်တော့ သူမ ကပ်စေးနှဲတာကို ပြောခွင့်ရလိုက်သဖြင့် ညို က လိုက်ရယ်မိလျက် ...

"တကယ်ပြောတာ ..၊ ဆင်းရဲတာလဲမဟုတ်ဘဲနဲ့ ငွေကုန်ကြေးကျ မှာကို တွက်လိုက်တာလဲ မပြောနဲ့တော့ ...၊ ပြီးတော့ စားလိုက်ရင်လဲ သူပဲ တစ်ပန်းကန်နဲ့မဝ၊ နှစ်ပန်းကန်နဲ့မဝ ..."

"ကလေးဆန်တာ ဖြစ်မှာပေါ့"

"ဟုတ်ပါလိမ့်မယ်၊ ကပ်စေးနှဲလိုက်တဲ့နေရာကျတော့ တကယ် မိန်းမကြီးတွေ လိုက်မမီဘူး"

စည်း က ခေါင်းညိတ်ရင်း ရယ်နေ၏။

"သူ့ကို ကိုညီနဲ့ ပြေလည်စေချင်လို့ ပြောဖူးတယ်"





"ဘာပြောလဲ"

"စိတ်ပျက်ဖို့ကောင်းတာ အဲဒါပေါ့၊ သူက ဘယ်ယောက်ျားကိုမှ တူတယ် တန်တယ် ထင်တာမဟုတ်ဘူး"

"ကိုယ့်ကိုယ်ကို မာနထားတာ ကောင်းတော့ကောင်းပါတယ်"

"သူ့မိဘကလဲ အရမ်းကျပ်တာ၊ သူတို့အိမ်လိုက်သွားရင် ဆယ်ရာစု လောက်ကို ပြန်ရောက်သွားသလိုပဲ၊ မိဘတွေက ဝန်ထမ်းတွေပီပီ အရမ်း တိုထွာတာ၊ ဒါပေမယ့် သူတို့ကိုယ်တိုင် သိပ်မြင့်မြင့်မားမား မဟုတ်တော့ အနီ ကိုတော့ အများကြီးမှန်းထားတာဖြစ်မှာပေါ့နော်၊ ဒါကြောင့် အနီ ကလဲ တွက်တာပေါ့၊ သူ့စိတ်ထဲမှာ သဘောကျတာ တွေ့ရင်တောင် သူ့ သချာမှာ အမှတ်မပြည့်ရင် ဆောရီးလုပ်ပစ်တာ"

"ဟုတ်လား၊ ဒါဆို သူ ရည်းစားထားဖူးတာပေါ့"

"မထားဖူးပေမယ့် ထားချင်တဲ့စိတ်တော့ရှိမှာပေါ့၊ သူက ညိုတို့လို မဟုတ်ဘူးလေ၊ သချာတော်တယ်"

ညို က အနီ ကို မြှောက်ပင့်သလိုလိုနှင့် အခြေအနေကို ပိုပိုသာသာ လေးပြောပစ်လိုက်၏။ နှစ်ယောက်တွဲလာဖြစ်ကြတိုင်း အနီ ကို လှည့် လှည့်စကားပြောတာ၊ အနီ့အတွက် ခုံဆွဲပေးတာ၊ မုန့်ပွဲယူပေးတာ အားလုံး ကို မျက်စိနောက်ခဲ့တာရှိသည်။

ထို့ကြောင့် စည်း မျက်လုံးထဲမှာ အနီ လုံးဝမရှိတော့အောင် နောက် တန်းကို တစ်ခါတည်းအရောက်ပို့ထားလိုက်တာဖြစ်သည်၊ မတူတာကို သိစေချင်လို့ ...၊

အနီ ကတော့ သူမပတ်ဝန်းကျင်မှာ ပူဆွေးနေတာကို သတိမထားမိ သည့်မို့ မီးထတောက်လာနိုင်တာကိုလည်းမသိ။ ရှေ့မှာ စုံတွဲတစ်တွဲ ဝင်ထိုင်လိုက်ကြတာကို မျက်လွှာပင့်ကြည့်ကာ အစုလိုက်အပုံလိုက် ဒီ

တိုင်းတင်ထားမိသည့် ကိုယ့်ပစ္စည်းတွေကို ပိုက်ဆံအိတ်ထဲ ပြန်ထ
လိုက်ရသည်။

"ဆိုင်ကလဲ ခုံတွေ အကျဲကြီးဖြန့်ထားပြီး စားပွဲဝိုင်းလေးက နည်းနည်
လေး"

ဘောင်းဘီရှည်ကျပ်ကျပ်၊ စပို့ရှပ်လက်ရှည်ကျပ်ကျပ်နှင့် ညည
လိုက်သော သူ့မျက်လုံးတွေက အနီ့ ဆီမှာဖြစ်နေသည်။ နေရာမရှိ
အနီ ထိုင်နေသည့်စားပွဲမှာ ထိုင်လိုက်ရတာကို သိစေချင်တာလား။ သ
ကိုယ်တိုင်က မထိုင်ချင်ဘဲ ရှုံ့မဲ့နေတာလားမသိပေ။

အနီ ကလည်း ကိုယ့်လွတ်လပ်ခြင်းတွေ ချုပ်ငြိမ်းသွားသလိုဖြစ်က
ညိုတို့ဆီကို လှည့်ကြည့်လိုက်မိသည်။ တစ်နေရာကိုသွားကြ မှာဆို
တော့ ခုထိ မထကြသေးသည့် ညိုတို့ကို စိတ်မရှည်ချင်။ ညိုနဲ့ သ
လိုက်ခဲ့ရတိုင်း စိတ်လက်ပေါ့ပါးစွာ ပြန်ခဲ့ရတယ်ဆိုတာ မရှိခဲ့သေးဘ
ပေသည်။

ကြည့်ပါဦး ...၊ သင်းကတော့ ရည်းစားမျက်နှာကိုငေးပြီး ကြည့်
ပီတိတွေနဲ့ ...၊ အနီ မျက်လုံးရွှေ့လိုက်တော့ စည်း နှင့် မျက်လုံးချင်
ဆုံသွားသည်။ ညို ကို သူမ ဒေါကန်ပြီးကြည့်နေတာကို စည်း က ဘယ
တုန်းကတည်းက မြင်နေသည်မသိ။ အနီ့ကို အစတည်းက ကြည့်နေတ
ဆိုသည့် အပြုံးနှင့် မျက်လုံးချင်းဆုံတော့ ရယ်ပြသည်။

သေလိုက် ...

ဘယ်လိုပဲထင်ထင် အနီ မျက်နှာတည်တည်လေးနှင့် လှည့်ပစ်
လိုက်မိသည်။ အညို ဘယ်လောက်ချစ်ချစ်ပေ၊ သင်းက ခံနိုင်လို့ ညို
ကတော့ အသည်းစွဲနေပြီထင်သည်။

ကြည့်သာချို့ အတွက် ကလေးတွေမျိုးလိုလိုဆိုသည့် ရည်းရွယ်ချက်



တွေကို ရေစုန်မျှောပစ်လိုက်ပြီး ပစ်စလက်ခတ်ကြွေနေပြီဖြစ်၏။

သူတို့ချင်းချိန်းတိုင်း လာခဲ့တဲ့သူကလာ၊ လာတိုင်းတွေ့ဖြစ်ကြရင်း
အဆင်ပြေနေကြသော်လည်း ကိုယ့်မှာ လေတက်တိုက်မိ၊ နားရွက်ကိုဆွဲ။

"နင့်ကိုလဲ ဘယ်မှမလိုက်ခိုင်းပါဘူး အနီရယ်၊ ငါ သူနဲ့တွေ့မှ ဘယ်ကို
သွားမယ်ဆိုတာ သိရမှာလေ၊ ငါသွားမယ့်နေရာ နင်သိမှ ဖြစ်မှာမဟုတ်
လား၊ ကဲ .. ငါတို့ ပြန်ဆုံဖို့လဲ ချိန်းကြရဦးမှာဥစ္စာ ...၊ ခဏတော့စောင့်ပါ"
တဲ့ ...။

ခုကျတော့ ဆိုင်ထိုင်ပြီဆိုကတည်းက ကျောက်ချနေကြတာ မပြီးနိုင်။

"ဟာ .. ဆောရီး"

"အို.. ရှင် ..."

"ဆောရီးပါဗျာ"

"မောင်ကလဲ တကယ် မတော်တဆဖြစ်သွားတဲ့ဥစ္စာ ..."

ရေနွေး ဒီတက်ကိုစီးဆင်းလာတော့ စုံတွဲနဲ့ပုဂ္ဂိုလ်က ရေနွေး စီးကြောင်း
ကို လက်ဝါးနဲ့ ကမန်းကတန်းလိုက်တားရင်း ပျာပျာသလဲ တောင်းပန်သည်။

သူ့အဖော် သူမ က မကြည်လင်။ အနီ ဒေါသဖြစ်သွားပေမယ့်
ကိုယ့်ပေါင်ပေါ်ကိုလည်း အစက်လောက်ပဲကျတာဖြစ်ကာ တောင်းပန်
သည့်လူကို အားနာစိတ်နှင့် သူမကို စူးခနဲ တစ်ချက်တော့ကြည့် ဖြစ်၏။

မိန်းမသားချင်း မျက်လုံးချင်းဆုံသွားသည်။ အနီ နားလည်လိုက်
သည်က စထိုင်ကတည်းက ကိုယ့်ကိုပဲတကြည့်ကြည့်ဖြစ်နေသည့် သူ့လူ
ကို အူတိုနေခြင်း ...၊

ဒီကလည်း ထ,ထွက်သွားချင်နေတာပါ။ မိညိုကြောင့် ...၊

ထိုခဏလေးအတွင်းမှာပဲ ညိုတို့ဘက်က လှုပ်ရှားမှုများကြောင့် လှည့်
ကြည့်လိုက်တော့ နှစ်ယောက်စလုံး ထ,ရပ်လိုက်ကြတာကိုမြင်ရ၏။

ခြောက်... ထဝေတော်မူရှာပြီပဲ၊ အနီ ခုမှထခွင့်ရကာ အအေးဖိုး ဝိုက်ခဲ
ရှင်းလိုက်သည်။ ပြီးတော့ ဒီဘက်လှည့်လိုက်လျှင် ...

"ဟင် ... ဟိုတစ်ယောက်ရော ..."

ညို က မျက်ခုံးလေးတွေကုပ်ထားလျက် အပြင်ကိုလှမ်းကြည့်၏ ပြီးမှ ခေါင်းခါ၍ ...

"သူ့သူငယ်ချင်း ဖုန်းဆက်တယ်လေ၊ သူ့အိမ်မှာ စည်းရဲ့ဒက် ရောက်နေလို့တဲ့ ..."

"ဘာဆိုင်လို့လဲ"

"သူငယ်ချင်းအိမ် ခဏဆိုပြီး သူ ထွက်လာခဲ့လို့တဲ့"

"ချစ်သူနဲ့ချိန်းတွေ့ဖို့ သူ့မှာ အဲဒီလောက် အခက်အခဲတွေဖြစ်နေ လို့လား"

"မသိဘူး"

ညိုကလည်း ဘဝင်မကျဖြစ်နေသဖြင့် နှုတ်ခမ်းလေးစူနေ၏။ နှစ် ယောက် အပြင်ကိုထွက်လာခဲ့ကြရင်း ကိုယ့်ကားကိုယ် သော့ဖွင့်ကြသည် အရမ်းခင်ကြပေမယ့် နှစ်ယောက်အတူ ကားတစ်စီးတည်း မစီးဖြစ် ကြပေ။

အိမ်ချင်းကလည်းမနီးတော့ ကိုယ့်ကားနဲ့ကိုယ် ဆုံဖြစ်ကြရင်း ဘယ် သွားသွား နှစ်ယောက်က ကားနှစ်စီးနှင့် ...

အနီ က တံခါးဖွင့်သွားပြီးမှ အထဲမဝင်သေးဘဲ ညို့ဘေးကို ပြန် လျှောက်လာကာ ...

"မသိပါဘူး၊ ငါကတော့ ငါ့သူငယ်ချင်း ငါ့အတွက် စိတ်ပူဖော်ရသာ ပဲလို့ တွက်နေတာ၊ ဟိုပုဂ္ဂိုလ် မုန့်နှစ်ပွဲ တစ်ခါတည်း အကုန်မျိုချချင်နေတဲ့ လောဘမီးတွေနဲ့ ဟိတက်နေတာမြင်သွားလို့ အနားရောက်လာပေးတယ်





ပေါ့ ..."

အနီက ရယ်စရာလို ထေ့ငေါ့လိုက်တာဖြစ်သည်။ ဒါပေမယ့် ညို့ မျက်နှာလေး ကွက်ခနဲပျက်သွား၏။ အနီ့ဘက်မှာ ဖြစ်ပျက်နေတာတွေ ကို သူမ တို့ ဒီတိုင်းမြင်နေကြရသည်။

ပြောဖြစ်နေကြတာလည်း သူ့အကြောင်းတွေချည်းပဲမို့ စကားဖြတ် ၍ ဤနေရာကို စွန့်ခွာသင့်ပြီဟု သူမ ကတွေးနေတုန်း စည်း လက်ထဲက ဖုန်းက ထမြည်လာတာဖြစ်၏။

စားပွဲမှာထိုင်ပြီးဆိုကတည်းက ဒီဖုန်းကို ဘေးမှာချထားလိုက်၊ ကောက် ကိုင်လိုက်၊ ခုမှ သွားတွေးမိသည်။ တစ်ယောက်ယောက်ဆီကဖုန်းကို သူ မျှော်နေခဲ့သည်လား ...၊

ဒါဟာ သူ တကယ်ပဲ သူ့အဖေမသိအောင် ခက်ခက်ခဲခဲထွက်လာ လို့ သူငယ်ချင်းနဲ့ချိတ်ဆက်မိအောင် ရင်တမမဖြစ်နေတုန်းပဲလား ...၊ ဒါမှမဟုတ် ...

"ဒါနဲ့ပါဆို တစ်နေရာသွားဖို့ဆုံပြီးမှ သူ ပြန်ပြန်သွားတာ နှစ်ခါရှိပြီနော်၊ နင် သတိထားမိရဲ့လား"

ဒါကိုတွေးနေတုန်း အနီ ပြောလိုက်သည့်စကားက အဆင်းမှာ ဘီးတပ်ပေးလိုက်သလိုပင်။

"နင်က ဘယ်လိုထင်လို့လဲ"

"ငါထင်ဖို့မလိုပါဘူး၊ နင် သတိထားမိဖို့ပြောတာ၊ ယောကျ်ားလေးကို ပစ်ခတ်ကြွေကျသွားတာ အန္တရာယ်များတယ်ဟ၊ စည်း လိုကောင်ကို အထူးသဖြင့် လျှော့တွက်မထားနဲ့။ ပြီးတော့ နင်နဲ့သူ ဆုံခဲ့ကြတာကိုက ကိုယ့်ဘက်က ဖန်တီးယူလိုက်တဲ့ တိုက်ဆိုင်မှုတွေ ပါတယ်၊ အဲဒီတုန်းက ကိုယ့်ရင်ထဲမှာ သူ့အတွက် ဘာမှမခံစားခဲ့လို့ ပွင့်လင်းရဲပေမယ့် ခု ကိုယ်

တကယ်ချစ်မိသွားပြီဆိုရင် သူ့ကို ကြိုက် လွန်းလို့ ကိုယ်ကစခဲ့တ
အတည်ဖြစ်သွားမှာ ...”

“အဲဒီတော့ ...”

“ငါက နင့်ကို မခံစားစေချင်လို့ ...”

“သူ့ပုံစံက ငါ့ကို တကယ်မချစ်တဲ့ပုံပေါက်နေလို့လား”

“အဲဒါ နင့်ဘာသာ ခံစားကြည့်လေ၊ ဘယ့်နှယ် ငါ့ကိုချည်းမေး
တာလဲ၊ ငါကတော့ နင် သူ့ကို တကယ်ချစ်သွားပြီလို့ နင်ပြောကတည်း
သဘောမကျတာ”

“ဘာဖြစ်လို့လဲ”

“နင်က အပြတ်မ်း အနိုင်ယူနေတာကိုပဲမြင်ချင်လို့လေ ..၊ နင့်ရဲ့
ရည်ရွယ်ချက်က တောလိုက်မုဆိုးလုပ်ဖို့မဟုတ်ဘူးလား”

“ငါ အခု သားကောင်ဖြစ်နေပြီလို့ နင် မြင်သွားတာလား”

“ဖြစ်သွားမှာစိုးလို့ပေါ့ ..၊ တကယ်ပဲ .. ဘာမှတောင်မပြောရ
ဘူး .. ဖြစ်နေတဲ့မျက်နှာကြီးက ...”

“မဟုတ်ပါဘူး၊ ငါ့စိတ်ထဲမှာလဲ နိုးလိုးခုလုခံစားလာရလို့ပါ၊ တကယ
သူ ငါ့ကို မချစ်တဲ့ပုံပေါက်နေလား အနီ၊ ပြောစမ်းပါ၊ နင်က ရည်းစားမ
ဖူးပေမယ့် အမြင်ရှုးတဲ့သူပဲ၊ ယောကျ်ားလေး တစ်ယောက်က သူ မချ
အဲဒီမိန်းမရဲ့ အနွံအတာကိုခံနေပါ့မလား၊ ငါကတော့ သူ့ကို မချစ်ခင်
က တကယ်နှိပ်စက်ခဲ့တယ်လေ၊ ခုကျတော့ သူ့အသံကြားရင်နေ
မရတော့တာ”

“အဲဒီလောက်ထိလဲ ငါ ဘယ်သိမလဲ ညိုရေ၊ တစ်ခုရှိတာက
ဆိုတဲ့ရာဇဝင်မှာ မိန်းကလေးတစ်ယောက်အပေါ် အောက်ကျို သူ



အနီ က သိတဲ့ကြားတဲ့အတိုင်း ပြောကာဖြစ်မှာပါ။ ကိုယ်က သူ့
အကြောင်းကို မကောင်းတာလေးတွေ သာသာထိုးထိုး ထည့်ထည့်ပြောခဲ့
ဖူးတော့ ကိုယ်ခံရမယ့်အလှည့်ကိုကြောက်သည်။

ဒါပေမယ့် အနီ့မျက်နှာပေါ်မှာ ဘယ်လိုကောက်ကြောင်းတွေကြောင့်
မှ ရှုပ်ထွေးနေတာမရှိပေ။

စည်းကို မကောင်းပြောနေတာတွေပါပေမယ့် စည်း ကိုပဲ သပ်သပ်
စိတ်ဝင်စားပြီး ဝေဖန်နေတာမျိုးလည်းမဟုတ်။

“ကဲ .. ဒါဆိုလဲ ဘယ်မှမသွားဖြစ်တော့ဘူးဆိုပြီး ပြန်နားကြမယ်
ဟာ၊ ညက ငါ ညဥ့်နက်အောင် ဂိမ်းဆော့နေမိလို့ ခု အိပ်ချင်နေတယ်၊
ပြန်ကြရအောင်နော်”

ညို ဘာမှမပြောနိုင်။ ပြန်ဖို့ပဲရှိတော့တာကိုး .....။

❋ ❋ ❋

## အခန်း (၆)

"တစ်ခုပဲရှိတယ် စည်း၊ မင်း ဒီကိစ္စကြီးကို ..."

"အဲဒါ မင်းတို့နဲ့ မဆိုင်ပါဘူး၊ မဆိုင်တာ မပြောကြေး"

"မဆိုင်ဘူးလို့တော့ မပြောနဲ့နော်၊ ငါတို့က ဓာတ်ပို့တွေ ..."

စည်း က ရယ်နေသည်။ ငီ ကရက်မီးညှိနေသည့် ဖိုးကျော်
လျှောက်သွားပြီး စီးကရက်ကို ဆွဲ သူလိုက်၏။

"ဘာလုပ်တာလဲ"

စည်း က မဖြေဘဲ စီးကရက်အရှည်ကြီးကို လက်မနဲ့ လက်ခ
ညှပ်ကိုင်ပြီး လက်ညှိုးနဲ့တောက်ထုတ်ပစ်လိုက်၏။ ပြီးမှ ရယ်နေ
မျက်နှာနှင့် ပြန်လှည့်ကြည့်၍ ...

"ပြာမကြွေလဲ အဲဒီလို လွယ်လွယ်လေးနဲ့တောက်ထုတ်ပ
လို့ရတယ်၊ ပြောချင်တာ အဲဒါ ..."

"မင်းကြီးတော်မှပဲ ...၊ ဥပမာပြတာ စီးကရက်တစ်လိပ်လုံး
လိုက်ရတယ်"





ပြော၍ နောက်တစ်လိပ်ထုတ်ရင်း မျက်လွှာပင့်ကြည့်ကာ ...

"ကူညီတာက ကူညီတာပဲနော် စည်း၊ ငါကတော့ အနိုကို တကယ်
ခိုက်တာ"

"ငါလဲ ဒီတိုင်းပဲ"

ကာရန်ညီနဲ့ ဖိုးကျော် တစ်လှည့်စီကြွေးကြော်နေကြသည်။ စည်း
က အပြုံးမပျက်။

"ငါ့ဘက်မှာ ရှောခ်ရှိတယ်လို့ပြောပြီးသား၊ ငါနဲ့မငြိရင်ပြီးတာပဲ"

"လာသေးတယ်"

စီးကရက်မီးညှိရင်း ခုတင်အစပ်မှာထိုင်လိုက်ပြီး ဖိုးကျော် က မဲ့သည်။

"အဲဒါနဲ့ မင်းရဲ့မွေးသဖခင်ကြီးက ကျပ်နေတယ်ဆို ..."

"ဖေဖေနဲ့ငါက ပြဿနာမရှိပါဘူး၊ ငါချစ်တဲ့မိန်းမကိုပဲ လိုချင်တယ်လို့
ပြောပြီးသား"

"မင်းကလဲ ဒီတစ်ယောက်ကျမှ ..."

"ဘယ်တစ်ယောက်ကို ငါ ချစ်ခဲ့ဖူးလို့လဲ"

"မချစ်ခဲ့ဖူးလို့ပြောတာကွာ"

ညီ က ဖိုးကျော်အခန်းထဲရောက်ပြီဆို ကွန်ပျူတာရှေ့က မထသဲ
တတ်တာများကာ ဂိမ်းဆော့ရင်ဆော့၊ မဟုတ်လျှင် အင်တာနက်
ဝင်၍ ပွေပွေရှုပ်ရှုပ်တွေ လျှောက်လုပ်နေတတ်သူဖြစ်သည်။
ခုတော့ စည်းနဲ့ ဖိုးကျော်၏စကားဝိုင်းထဲသို့ လုံးလုံးလျားလျား
ဝက်လာကာ ကွန်ပျူတာရှေ့က ထလာပြီး ...

"မင်းနဲ့ သူ ဘယ်လိုတွေဆုံစည်းပြီး မင်းဘက်က ဘာဖြစ်လို့
လာက် ဖိုးသိုးဖတ်သတ်ဖြစ်ကျန်ခဲ့ရတာလဲ၊ တကယ် မထင်ရဘူး"

"အေးလေ .. ငါမြင်တာက ဒီလောက်လဲမဟုတ်ပါဘူး၊ သူ့ထက်

လှတဲ့မိန်းမတွေ အများကြီးပဲ"

"မင်းတို့က ငါ့ကိုဝေဖန်တာသက်သက်လား၊ ဖျက်ဆီးနေတာလား

"မင်းကြည့်ရတာ ပင်ပန်းလွန်းလို့ ..."

"ငါမှ မပင်ပန်းတာ"

"ဒီတိုင်းနေသွားတော့ရော မင်းဘက်က ဘာတွေပိုင်ဆိုင်ရဖို့ ရှိလို့

"ဒါလဲ ငါ့ကိစ္စပဲ၊ မင်းတို့ကိစ္စက ငါလိုသလောက်ပဲပေး။ မလိုတာ ဘာ

မပါနဲ့"

"လွယ်လိုက်တာ"

"အေးလေ .. သူမှပဲ ချစ်တတ်တာကျနေတာပဲ"

စည်း က ရယ်နေရင်း နေရာမှ ထ,ရပ်လိုက်သည်။

"ငါ ဖေဖေ့ကို ကတိပေးပြီးပြီ၊ နောက်ဆိုရင် ဟိုယောင်ယော

ဒီယောင်ယောင်နေလို့မရတော့ဘူး၊ အလုပ်လုပ်တော့မယ်"

"ကောင်းတယ်၊ ဟိုကိစ္စကို မြန်မြန်ဖော်လိုက်တော့"

"ဒါက မဖြစ်သေးဘူး၊ ဒီတိုင်းနေရင်းရနေတဲ့ အခွင့်အရေးပေ

ပျောက်သွားရင် ငါ့ဘက်မှာ ကွဲပြီ"

"အဲဒါပြောတာပေါ့၊ မင်းမို့ မျိုသိပ်နိုင်လွန်းတယ်၊ လိုချင်ရင် လို

တယ်ပေါ့၊ လွယ်လွယ်လေးဟာကို ..."

ပြောနေတုန်း ညီ က တစ်ခုခုကို သတိရသွားသလို မျက်မှေ

ကြုတ်လျက် ...

"ကြည်သာချို က အခု ဘယ်ရောက်သွားလို့လဲ၊ တကယ်ဆို

ကောင်မလေးနဲ့ မင်း ဘာမှမငြိခဲ့တာကို ရှင်းပြလိုက်ရင် ပြီးပြီ"

"နေပါစေ၊ သူ့ဘက်က ကလဲ့စားချေတယ်ဆိုတော့လဲ ငါ့ဘက်

ကြာကြာချစ်ခွင့်ရသွားတာပေါ့၊ ဒီကိစ္စကို ငါက မင်းတို့ပြောတဲ့နည်





ရှင်းပြဖို့ မကြိုးစားဘူး၊ အစီအစဉ်က ရှိပြီးသား"

"မင်းက သူ့အတိုင်းပြန်ပေးမလို့လား"

"အဲဒါလဲ စီစဉ်ထားပြီးသားပဲ"

ဖိုးကျော် တို့ နှုတ်ခမ်းမဲ့သွားကြသည်။

"ကြားထဲမှာ မင်းအဖေက သူသဘောတူတာနဲ့ ပေးစားမယ် ဖွင့်

လုပ်ရင်ကော ..."

ညီ က အထွန့်တက်မေး၏။

"ဖေဖေ ငါ့ကို အဲသလိုမလုပ်ပါဘူး၊ ဒါပေမယ့် တစ်လောကလုံး ဘာ

ဖြစ်ဖြစ် သူနဲ့ငါ့ကြားမှာ ထုံးဖွဲ့နေတာကို ဖြေချပြီးပြီဆိုတာနဲ့ ပေါင်းကြလ

သတည်းပဲ"

"အဲဒီလောက်လွယ်မလား စည်း၊ သူ မသိစေချင်တာကို မင်း သိနေ

မှန်းသိသွားတာနဲ့ပဲ ညို က ဒီတိုင်းငြိမ်းချမ်းပစ်လိုက်မှာမဟုတ်ဘူးနော်"

"ဒါက သူ့အပိုင်းပါ၊ ငါ့အပိုင်းက ငါလိုချင်တာကို ရဖို့ပဲ"

ညီတို့က ပခုံးတွေတွန့်၍ မဲ့ကြ၏။ ပွဲကတော့ ကြည့်ကောင်း ဦးမည်။

❋ ❋ ❋

## အခန်း (၇)

"သမီး ဘာဖြစ်လို့ ပျာနေတာလဲ၊ မိန်းကလေးက အဲဒီလောက် လှုပ်လှုပ်ရှားရှားလုပ်ကိုင်တတ်တာ မကောင်းဘူး"

"မေမေ"

အခန်းဝမှာ မေမေ့ကိုမြင်လိုက်မှ စာအုပ်တွေထပ်လိုက်၊ လွယ်အိတ်မြင်လိုက်နဲ့ ကိစ္စက တုံ့ခနဲရပ်သည်။

"ဘာပျောက်နေလို့လဲ"

"မပျောက်ဘူး မေမေ၊ ဒီစာအုပ်တွေ ပြန်လဲရမှာမို့လို့ပါ၊ စာအုပ်ဆိုင်က မနက်ဖြန်ပိတ်မှာဆိုတော့ နောက်နေ့ကျမှဆိုရင် စကားပြောနေရမှာ"

"ဘယ်ကဝယ်လာတာလဲ"

"ပန်းဆိုးတန်းစာအုပ်ဆိုင်ပါ၊ ဒါပေမယ့် ဝယ်လာကတည်းက သမီးရှာတာ မတွေ့ရင် စာအုပ်ကို ပြန်လဲမှာလို့ပြောခဲ့ပြီးသား"

ပြောနေရင်း အိတ်ထဲမှာ တစ်သျှူးထုပ်မပါတာကို သတိရကာ





မှန်တင်ခုံအံဆွဲတွေကို ပလျှာက်ဖွင့်ရပြန်သည်။ ပြီးတော့မှ ခုတင်ခြေရင်း စားပွဲပုလေးကိုသတိရကာ ချာခနဲပြန်လှည့်၏။

သူများ ပျာယာခတ်တာထက် အနီ က ပို၍အကြည့်ရဆိုးမှာပါ။ ဒါကို ကိုယ့်ကိုယ်ကိုလည်းသိသည်။

လှုပ်ရှားလိုက်တိုင်း ဗင်ပါးလောက်ရှိသည့်ဆံပင်တွေက ငြိမ်ငြိမ်မနေ။ ဖြည်းဖြည်းဆိုရင် ဖြည်းဖြည်းပဲလှုပ်သည်၊ မြန်မြန်လှုပ်ရှားပြီဆို တန့်နှဲ့ တဝဲဝဲ ...။

ဒါကိုပဲ မေမေကလည်း မျက်စိစပါးမွေးစူးခဲ့၏။

"မိန်းမတစ်ယောက်မှာ တည်ငြိမ်မှု၊ ယဉ်ကျေးမှုတွေရှိနေရတယ် သမီး၊ အဲဒါ သိက္ခာတရားပဲ၊ ဆံပင်အရှည်ကြီးထားခိုင်းလို့ ရိုးမှရိုး၊ အေးမှအေးဆိုတဲ့ ခေတ်နောက်ပြန်ပုံကြီး နေခိုင်းနေတာမဟုတ်ဘူး၊ ဒါပေမယ့် ခေါင်းပေါ်မှာ ဆံထုံးတင်ထားမှတော့ ဘောင်းဘီရှည်ကြီးနဲ့ ဘယ်လှမလဲ၊ မဟုတ်ဘူးလား၊ လိုက်လျောညီထွေဆိုတာ နေထိုင်တတ်ရမှာပေါ့၊ သမီးကို မေမေက ဆံပင်ရှည်ထားခိုင်းတာ ခေတ်မီလွန်နေတဲ့ခေတ်ထဲမှာ ထူးခြားပေါ်လွင်စေချင်လို့မဟုတ်ဘူး၊ ခေတ် ဆိုတာ လူတွေကြောင့်ပြောင်းလဲနေတာဆိုတော့ အဲဒီပြောင်းလဲမှုက ကိုယ်က စ,တာဆိုရင်တောင် မကောင်းတဲ့ပြောင်းလဲမှုမဖြစ်စေချင်တာ၊ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်နိုင်ပေမယ့် အရေအတွက်တိုင်းမှာ တစ်ရှိတယ်"

မေမေက ဆုံးမစကားပြောပြီဆို ပြောလောက်စရာအကြောင်း တွေ့ပြီဆိုကာမှ ပြောတာဖြစ်သည်။ ထိုအကြောင်းတွေ့ခြင်းဟာ သူငယ်ချင်းတွေ စုံနေတုန်းဖြစ်ဖြစ်၊ သွားလာနေတုန်း လူတွေကြားထဲမှာဖြစ်ဖြစ် မပြောဖြစ်လိုက်တာပဲရှိချင်ရှိသည်၊ အမူအရာ မျက်ဝန်း စသည်တို့နှင့် မေမေက သိအောင်ပြောသည်။

ထိုအခါ သူငယ်ချင်းတချို့ ပါးစပ်ထဲမှာ မေမေက စည်းကမ်းကြီးလွန်းသည်၊ တင်းကျပ်တာ ကြောက်စရာကောင်းသည် စသော သတင်းစကားတွေ ဖြစ်သွားခဲ့ကြ၏။ အနီ ကတော့ စိတ်ရှည်လက်ရှည် နားထောင်ပေးနေကျ။

ထို့ကြောင့် စိတ်ပါစွာနားထောင်ခဲ့သည်ဖြစ်ဖြစ်၊ မပါဘဲထောင်လိုက်ရတာဖြစ်ဖြစ် ကြားရဖန်များတော့လည်း မေမေ့ဆုံးမစကားတွေကို အလွတ်ကျက်လာခဲ့သလိုပင်။

စိတ်ထဲမှာကိုက မေမေ့စိတ်၊ မေမေလိုချင်သည့်ကာရိုက်တာတွေ သူ့အလိုလို သန္ဓေတည်လာခဲ့ခြင်းဖြစ်သည်။

အပြင်ကိုရောက်လာတဲ့အထိ ဒီတိုင်းရပ်ကြည့်ကျန်ရစ်သည့် မေမေ့မျက်နှာကို ပြန်မြင်နေမိသည်။ ထို့ပြင် မကြာသေးခင်ကမှ ပြောထားတာတွေကို သတိရ၏။

"ကျောင်းသူတွေတုန်းကလဲ ယေသူစိတ်နဲ့ဆိုတော့ မိဘက တားဆီးတိုက်ရင် နားဝင်မလွယ်နိုင်တာကိုသိလို့ မေမေ မတားခဲ့ဘူး၊ ကျောင်းပြီးတော့လဲ သမီးဘေးမှာ သူပဲကျန်ရစ်တော့ အဖော်မဲ့သွားမှာစိုးလို့ မျိုသိပ်ခဲ့တာ၊ ခု မပြောလို့မရတော့ဘူး၊ ညိုနဲ့ သမီး သွားလာ စားသောက်နေတာတွေကိုဆင်ခြင်ပါ၊ ဖြတ်တောက်သင့်ပြီဆိုတာကို ခေါင်းထဲထည့်၊ မေမေနားလည်ပေးခဲ့တဲ့အချိန်တွေအတွက် သမီး ပြန်ပြီးနားလည်တယ်ဆိုရင်တွေဝေခွင့်မပေးနိုင်ဘူး၊ မေမေ ပြောတာကို ချက်ချင်းသဘောပေါက်တယ်ဆိုတာ လက်တွေ့ပြ ..." တဲ့။

ခု အပြင်ထွက်မယ်ဆိုတော့ ညိုနဲ့တွေ့ကြမှာကို မေမေ သိနေလိမ့်မည်။ ကားမောင်းရင်း အနီ သက်ပြင်းချမိသည်။ ညို ကိုယ့် အပေါ်မှာ ဘယ်လိုပေါင်းသင်းနေတယ်ဆိုတာ မသိလို့မဟုတ်ပါ။





တစ်ခါတလေ သူမစကားထဲမှာ တစ်ကိုယ်ကောင်းဆန်ဆန် ဖွဲ့ယှက်သွားတတ်တာတွေဟာ မသိမသာလေးမဟုတ်။ ထို့ပြင် ညို့မာမီ တစ်ခါတလေ အိမ်ထဲမှာ အပေါင်းအသင်းတွေစုံလျက် ဘာတွေ တံခါးပိတ်ကျင်းကြနေသည်ကိုလည်း မသိချင်ယောင်ဆောင်နေလိုက်တာပဲရှိသည်။

အနီ အားလုံးကိုသိနေခဲ့၏၊ ဤသို့သောအကြောင်းများကြောင့် မဖြစ်မနေတွဲကြသွားကြဖို့လည်း မရှိတော့ဘူးဖြစ်ရာ ...

"ငါတို့ဆို ပညာစုံပြီလို့ ပြောလို့ရနေပြီ ညို၊ မိဘတွေကို တစ်လှည့်ကူကြရတော့မှာ သွားလာပျော်ပါးကြတာတွေ လျှော့မှ ..." ဆိုတဲ့စကားကို ခင်းထားခဲ့ပြီးပြီ။

ဒီနေ့လည်း ညိုနဲ့ချိန်းမထားခဲ့ပေ။ ညက ဖုန်းဆက်တာတောင် မနက်ဖြန် မအားဘူးလို့ ပြောထားခဲ့၏။ ဒါတွေ ညကျမှပဲ မေမေ့ကို ပြောပြတော့မည်။

"အား ..."

သတိလေးတစ်ချက်လွတ်သွားတာနှင့် ကားက ချိုင့်ခွက်ကာ ဂရုမှာ ဘွားခနဲဝင်လာသည့်ကားကို ရှောင်ချိန်မရလိုက်။

"ဒုန်း ..."

နောက်ထပ် ဂိန်းခနဲအသံကြီး ဘယ်ကပေါ် လာမှန်းမသိ။

မျက်လုံးတွေ လန့်ဖျပ်မှိတ်လိုက်မိပြီးမှ ပြန်ဖွင့်တော့ ရှေ့ကားပေါ်က ဆင်းလာတာ စည်း ဖြစ်နေ၏။ ပုံစံကတော့ မြင်နေကျပုံစံအတိုင်း မင်းသားရုပ်လောက်ပါ၏။

ခဲပုပ်ရောင်ဘောင်းဘီရှည်၊ ဆွယ်တာလက်စကအဖြူနှင့် မီးခိုးရောင်ချိုင်းပြတ်ခါးတိုအပေါ် ထပ်အင်္ကျီကို ဝတ်ထားသေးသည်။

သူ့ကို ဘယ်အချိန်ကြည့်ကြည့် ဆွယ်တာဖြစ်ဖြစ်၊ စွပ်ကျယ်ဖြစ်ဖြစ်

လက်တို့မဟုတ်၊ အရှည်မဟုတ်သော စကတွေပဲ အဝတ်များကာ လှုပ့်ကြီးက ကျားကျားလျားလျားပေမယ့် ကြည့်လို့တော့ကောင်းပါသည်။

'ယောကျ်ားဖြစ်ပြီး ဒီလောက်ပြင်လို့ကိုကြည့်မရတာ' ဟု ပြောခဲ့တာက ညို ဖြစ်၏။ စည်း က အနီ့ ကားဘေးကိုရောက်လာကာ ...

"ထင်သားပဲ၊ ကား ဘာဖြစ်သွားသေးလဲ .. ဆင်းကြည့်ဦးလေ"

"ရှင် ရွံ့ မေးတာတော့မဟုတ်ပါဘူးနော်"

သူ ကားကိုလှမ်းကြည့်ပြီးမေးတော့ သူ့က ခပ်တည်တည် ခေါင်းခါ၍..

"မရွံ့ပါဘူး။ အနီ့ကားပဲ ကျောက်တုံးနဲ့ဝင်ဆောင့်မိတာ၊ ကိုယ့်ကားနဲ့ တိုက်တယ်မှတ်လို့လား"

"ဟင် ..."

အနီ မျက်လုံးပြူးသွား၏။ ပြီးတော့ မယုံနိုင်သလိုဖြစ်ကာ ကားပေါ် ကဆင်း၍ သေချာအောင်ကြည့်လိုက်သေးသည်။

တကယ်ပဲဖြစ်နေ၏။ ကားက ချိုင့်ဆောင့်ပြီး လမ်းအစပ်ကို ဦးလည်သွားသည်။ ထို့ကြောင့် လမ်းဘေးမှာရှိနေသည့် ရေအိုးလောက်ရှိသည့် ကျောက်တုံးကို တိုက်မိတာဖြစ်သည်။

အနီ ငုံ့ကြည့်လိုက်တော့ ကျောက်တုံးက ကျောက်စအနည်းငယ် လောက်ပဲ့နေလျက် သူမ ကားမှာတော့ ...

"သွားပါပြီ"

နှမြောတသစွာ ရေရွတ်မိသည်။ မီးလုံးမကွဲသော်လည်း ညာဘက် တစ်ထောင့်လုံး ပိန်ရှုံ့လျက် ပွန်းရာကြီးက မြင်မကောင်းပေ။

"မီးလုံးကြီးကွဲတာမှမဟုတ်တာ၊ ဒါလေးက တော်ပါသေးတယ်"

"ရှင် မသိပါဘူး"

ဒါပဲပြောမိပြီး အနီ့ မျက်နှာလေး ရှုံ့မဲ့နေ၏။ ကားပျက်စီးတာထက်





ဒီလောက်ထိ နှမော်နှမဲ့နိုင်ခဲ့သည့်လူကို မေမေ ဘယ်လိုမှ ခွင့်လွှတ်မှာမဟုတ်တာကို သိနေသောကြောင့် ရှုံ့မဲ့စုတ်သပ်လို့ မပြီးနိုင်။

"အနီ့အိမ်က ဆူမှာစိုးလို့လားဟင်၊ အရေးတကြီးပြန်ဖို့မလိုဘူးဆိုရင် ဒီနားမှာ ကိုယ့်အသိဝပ်ရှော့ရှိတယ်၊ ဘော်ဒီရုံလဲနီးနီးလေးပဲ၊ ဝင်လုပ်လိုက်လို့ရတယ်"

အနီ စိတ်ဝင်စားသွားသည်။ တစ်ခါမှ စကားကြာရှည်မပြောခဲ့ဖူးပေမယ့် စည်း ကပဲ ပြုံးပြ၊ နှုတ်ဆက်တာတွေ ခဏခဏမို့ အနည်းငယ်သောရင်းနှီးမှုနှင့် ...

"ဘယ်လောက်လောက်ကြာမှာလဲဟင် ..."

"အမြန်ဆုံးဖြစ်အောင်ပြောပေးပါ့မယ်၊ ပြီးတော့ ဒဏ်ရာမပေါ်အောင် ဖုံးဖိဖို့က ဒါကို ပူတင်းပြန်လုပ်ရမှာဆိုတော့ ဒီနေ့အနေနဲ့ ကားထိလာတာကို အနီ ဖုံးထားလို့ရမှာမဟုတ်ဘူး။ လောလောဆယ် နည်းနည်းပါးပါး ထုဆစ်ပြီးပြန်ပေ့ါ"

ဟုတ်သည်၊ အိမ်ရောက်မှ မေမေ့ကို အကျိုးအကြောင်း ညင်ညင်သာသာလေးပြောပြသွားလို့ရနိုင်၏။ အရေးကြီးတာက ဒီလောက်ဆိုးရွားနေတာကြီးကို ဒီတိုင်းမမြင်ဖို့သာ။

"သွားမယ်လေ၊ ဒါပေမယ့် မေမေ့ကိုတော့ မပြောလို့မဖြစ်ဘူး"

ဟုဆိုကာ ဟိုဒီ လှမ်းကြည့်သဖြင့် ...

"ဖုန်းဆက်မလို့လား၊ ဒီနားမှာ ဖုန်းဆိုင် ဘယ်ရှိမလဲ အနီရဲ့၊ လူသွားလူလာသိပ်မရှိလို့လဲ ခုလို အေးဆေးပြောလို့ရတာပေ့ါ၊ မဟုတ်ရင် ယာဉ်ထိန်းရဲတွေရောက်လာကြပြီ"

ပြောနေရင်း စည်း က သူ့အိတ်ထဲက ဖုန်းထုတ်လိုက်၏။

"ရော့ ... လွတ်လွတ်လပ်လပ်ပြောပါ"

အနီ လက်မခံသေးဘဲ ဖုန်းကို ဘွန်းနစ်ပေါ်တင်ခဲ့ပြီး စည်း ... သူ့ကားဆီ ပြန်လျှောက်သွား၏။ ကား က လင်ခရီစာအနက်ရော... လက်လက်ထနေသည်။

သူမ ထင်သလို ဒီကားကိုသာ သူမ ကားနဲ့ဝင်ကျူးလိုက်မိတာ မှ... လျှင် ကျောက်တုံးကြီးလို ငါ့ကိုထားခဲ့ပြီးသွားပါတော့လို့ လက်ပြ ကျန်ရ... မှာမဟုတ်ပေ။

အပြင်မှာ ဓာတ်ကြာမည့်အကြောင်း အဆင်ပြေသလိုပြောနေရ... သူ့ကားကိုကြည့်၍ အနီ ကြက်သီးများပင်ထမိသည်။

ကိုယ့်ကားကိုပြင်ရမှာထက် သူ့ကားကိုပြင်ပေးရမည်ဆိုလျှင် ...

"ရော့ ..."

ဖုန်းပြောပြီး အနီ ...လျှောက်လာတာမြင်တော့ စည်း ကလည်း ပြ... လှည့်လာ၏။

"ရှင် တစ်နေရာရာသွားဖို့ရှိရင် အနီ့ကို နေရာပဲပြလိုက်ပါ"

"ရပါတယ်၊ ကိုယ် လိုက်ပို့ပါ့မယ်"

သူက သူ့ကားပေါ်ပြန်လှည့်တက်သွားသဖြင့် အနီလည်း သူ့နောက်... ကနေ မောင်းလိုက်ခဲ့ရသည်။

ကားပေါ်မှာ ဖုန်းပြောပြီး သူ ဘာတွေသဘောကျနေသည်မသိ... နောက်ကြည့်မှန်ထဲမှာရယ်နေသည့် သူ့မျက်နှာကြီးကိုမြင်နေရ၏။

ဘော်ဒီရုံကိုရောက်တော့ ထိုသူတွေက ရင်းနှီးကြပုံရှိကာ အနီ က... ကို လာကြည့်ပြီး အထဲဝင်သွားတော့ စားပွဲရှေ့ကနေ စကားပြောရင်... အနီ ကိုပဲ လှမ်းကြည့်နေကြ၏။

တစ်အောင့်ကြာမှ သူ ထွက်လာကာ ...

"သိပ်မကြာဘူးတဲ့ အနီ၊ ဒါပေမယ့် ကြည့်ကောင်းရုံလောက်ပဲရမှာ...





စနစ်တကျ ပြန်ဖြစ်မှာမဟုတ်ဘူး"

"အနီ သိပါတယ်၊ ရသလောက်ပဲ မြန်မြန်လေးလုပ်ပေးဖို့ပြောခဲ... မေမေ့ကို မုန့်ဝင်စားမယ်လို့ပဲပြောထားတာ"

"ပြောပြီးပါပြီ၊ လာလေ .. အနီ ဟိုမှာသွားထိုင်နေ၊ ဒီမှာဆို နားအူ... လိမ့်မယ်"

ဘယ်လိုမှမရည်ရွယ်ဘဲ မထင်မှတ်သည့်နေရာမှာ နှစ်ယော... တည်း ရှိနေခဲ့ရသည်။

ညို့မျက်လုံးတွေထဲမှာ တစ်ခါတစ်ခါ စူးရဲသွားတတ်တာကို သ... ထားမိခဲ့တာတွေရှိတော့ ဒီနေ့အဖြစ်ကိုသိလျှင် ညို တစ်မျိုးထင်မလ... ဟု တွေးမိလိုက်သေးသည်။

ဒါပေမယ့် ကိုယ့်ဘက်က ဘယ်တုန်းကမှ မရိုးသားခဲ့တာမရှိ။

"မပြီးသေးဘူးလား .. ကြာလိုက်တာ"

ထိုင်နေရာကို စည်း လျှောက်လာတာမြင်တော့ မငံ့နိုင်ဘဲ မေး... လိုက်မိသည်။ သူ့ကိုလည်း အားနာမိလို့ဖြစ်သည်။ ကိုယ့်အတွက် သက်... သက်ကြီးနေပေးတာမို့ ...

"ရှင် သွားစရာရှိတာ သွားလေ၊ ဒီမှာနေပေးဖို့မှမလိုတာ"

ပြောတာ ရိုင်းသွားသလိုဖြစ်ပေမယ့် အနီ က ခပ်တည်တည်လေးပဲ နေသည်။ စည်း က ပြုံး၍ ...

"မလိုပေမယ့် ကိုယ်ပဲ ဦးဆောင်လာခဲ့တဲ့နေရာမို့ ပြီးတဲ့အထိ စောင့်ပေးတာပါ၊ ဒီမှာလဲ ယောကျ်ားတွေချည်းပဲဆိုတော့ မင်း အနေ ရခက်မှာ"

ဒါကာ မှန်နေသဖြင့် ကျေးဇူးတင်လိုက်သေးသည်။ အနီ ကတော့ မသိသလိုပဲနေလိုက်၏။

အနီ ရပ်တာက စေတနာ့ဝန်ထမ်းလုပ်ပေးတာပေမယ့် ကူညီတဲ့
သူ့ဖုန်းပေးတယ်ဆိုရင် အအေးလေးဘာလေးမတိုက်ချင်ဘူးလားဟင်

အနီ ခေါင်းကြီးသွား၏။ ကုက္ကိုပင်ကြီးအောက်မှာလည်း အ
ဆိုင်က နီးနီးလေး။ ဒီမှာကလည်းမပြီးသေးတော့ မတိုက်နိုင်ပဲ
ပြောလို့ကမကောင်း ...၊ သူ့ကို မတိုက်ချင်လို့မဟုတ်ပါ၊ လမ်းဘေး
ဖြစ်နေတာကြီးက ကြီးမားတဲ့ပြဿနာဖြစ်၏။

သမီးဖြစ်တဲ့သူ ယောကျ်ားလေးတစ်ယောက်နဲ့ နှစ်ယောက်တ
အအေးဆိုင်မှာလို့များ တစ်ယောက်ယောက် ပြန်ပြောလို့ မေမေ
သွားလျှင် ...

"တို့က ဆိုင်မှာသွားထိုင်ဖို့ပြောတာမဟုတ်ဘူးနော်၊ ဒီကနေ လှ
လို့ရတယ်"

သူ သိရပြန်ပြီ။

အနီ မျက်မှောင်လေးကြုတ်၍ကြည့်သည်။ စိတ်ထဲမှာ စနိုး
ဖြစ်နေတဲ့အထဲ ဘာသောက်မှာလဲ၊ ဘာညာမမေးဘဲ လှမ်းမှာလိုက်
အနီ သောက်နေကျ 'ကိုလာ'...

"ရှင်က ပက်ပ်စီသောက်တာမဟုတ်လား. ကိုလာက ဆေး
တယ်ဆို ..."

"ဒါပေမယ့် အခု သောက်ဖို့ဆုံးဖြတ်လိုက်တာ၊ အဟွန်း ..."

စကားတွေ လှအောင်ပြောနေပေမယ့် ရယ်လိုက်တိုင်း ရှိ
တတ်သည့်မျက်လုံးတွေကို မသင်္ကာချင်။ တွေးကြည့်တော့လည်း
ဆိုင်တာမဟုတ်ပေ။

ဒီနေရာမှာ ခဏခဏ လာစကားပြောပြီး အနီ က ထိုင်ပါ ဘ
စကားလက်ခံမပြောလို့ သူ အနေရခက်ပြီး ပြန်ပြန်ထွက်သွားရသ



ကားပြင်နေတဲ့နားကနေ စကားပြောရင်း လှမ်းကြည့်နေတတ်တာ
ကိုလည်း သတိထားမိ၏။ ဘာမှမဟုတ်တဲ့အဖြေကို ဆုပ်ကိုင်ထားရင်း
ကနေ အနီ စိတ်ထဲမှာ တစ်မျိုးတစ်မည်ကြီးဖြစ်လာခဲ့၏။

ထိုစဉ် အဖြူရောင် ရူပါရှပ်လေးတစ်စီး ဝင်လာပြီး ကားထဲက ထွက်
လာသူတွေကိုမြင်လိုက်တော့ အနီ မျက်နှာလေးတင်းပြီးသား ဖြစ်သွား
သည်။

ဖိုးကျော်နဲ့ ညီ တို့က ကားပေါ်ကဆင်းတာနှင့် နှစ်ယောက်၏ မျက်လုံး
တွေက ဒီကိုပဲ တန်းခနဲရောက်၏။ ဒါပေမယ့် အလွန့်အလွန် တည်တဲ့ဘား
ရသည့်ရုပ်တည်ကြီးတွေနှင့် ...၊

"စည်း ..."

"လာပြီ"

ညီ က လျှောက်လာပြီး ခပ်လှမ်းလှမ်းကနေခေါ်သည်။ စည်း က
ထိုင်မလို့ ခုံဆွဲလာပြီးမှ သူတို့ဆီ ထွက်သွား၏။

"တကယ်ပဲ လုံးဝကိုမထင်တာ"

"ကမ္ဘာကြီးနဲ့တကွ အားလုံးငြိမ်းချမ်းနေပါလား"

စကားသံတွေ အနီ့ဆီ ပျံ့လွင့်လာ၏။ သူတို့က ဒီကိုမကြည့်ဘဲ
ပြောနေကြတာမို့ စကားတွေက ကိုယ်နဲ့ငြိနေသည်လား၊ မငြိဘူးလား
ဝေခွဲလို့မရ။

ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုချစ်ပါသည်၊ ကြိုက်ပါသည် ပြောခဲ့ဖူးသော
မျက်နှာတွေကို ကြည့်မရသည်မို့ အနီ့ မျက်နှာလေးက သိသာစွာ တင်း
နေ၏။

ပြီးတော့ စည်း ကို လက်တစ်ဖက်စီကိုင်ပြီး ကွန်ဂရက်ကျူလေးရှင်း
လုပ်နေကြသည်။

ဘာလဲ ... ဘာအတွက်လဲ၊ အနီ မျက်နှာပူသလိုကြီးခံစားလာရက

မမြင်ချင်ပေမယ့် လှမ်းကြည့်လိုက်မိသည်။

ဆံပင်သပ်ရင်း ရယ်နေသည့် စည်း မျက်နှာကို ခပ်စောင်းစော

အနေအထားနှင့်မြင်ရ၏။ လှိုင်းတွန့်တွေ သိသာစွာဖြစ်နေသည့် ဆံပင်

က မလှမပါးနှင့် ကုပ်ပေါ်မှာ ခွေဝိုက်ဖေးတင်နေအောင်ရှည်သည်

သို့သော် သိမ်းလှန်ဖြီးထားသည့် စည်း မျက်နှာမှာ ရှင်းနေ၏။ ထိုမျက်န

မှာ ပညာတွေသုံးထားတာလား၊ သဘာဝအတိုင်းလားတော့မ

မိန်းကလေးတစ်ယောက်၏မျက်နှာကဲ့သို့နူးညံ့နေသည်။

မျက်ခုံးနဲ့နှုတ်ခမ်းတွေမှာ အရောင်ရင့်နေ၏။ ဘေးတစောင်းက

ထင်ရှားနေအောင်မြင်ရသော နှာတံချွန်ချွန်ဟာ ကြည့်လို့ အကောင်းဆုံး

ကိုန်းရောနကောင်းအောင်ရယ်နေတာကို ငေးနေမိသည်။ ကိုယ့်ကို

ကိုသတိထားမိတော့ သူက ဖျတ်ခနဲငဲ့ကြည့်လိုက်တာနှင့် ပက်ပင်း

လာသည်။

လိပ်ခနဲဖြစ်သွားသည့်စိတ်ကြောင့် တစ်ကိုယ်လုံး ရေပူကြောင်

တိုးဝင်စီးမျောသွားသလို ခံစားလိုက်ရ၏။ ထိုအခါ ရင်ဘတ်တစ်ခြမ်း

တာဝန်ကျစွာဖြိုးဆင်းတင်နေသည့်ဆံပင်တွေကို ခပ်ကြမ်းကြမ်းလှ

နောက်ပို့ပစ်မိသည်။

ကိုယ့်ကိုယ်ကို ဘာလုပ်မိမှန်းမသိလိုက်ဘဲ ဆံပင်ရှည်တွေနှင့် လ

တစ်ဖက် အလုပ်ရှုပ်ကာ အအေးပုလင်းက ဒုန်းခနဲလဲ၏။ ရှက်လိုက်သ

ဖြစ်ခြင်း ...၊

ဒီသတ္တဝါကိုမှ ထိုင်ကြည့်နေရသလား ...၊ ဘာကောင်မို့လို့လဲ၊ ကို

မျက်လုံးကိုပဲ ထိုးဖောက်ပစ်လိုက်ချင်သည်။ တစ်ခါမှမမြင်ဖူးခဲ့တာလ

မဟုတ်။





တစ်ခါမှလည်း ဒီလိုမျက်နှာချင်းမဆိုင်ဖြစ်ခဲ့ကြတာကို သတိရမိကာ အဲဒီအတိုင်း မနေတတ်ခဲ့တာကိုပဲ မကျေနပ်ချင်၊ ဒီကောင်တွေ ခေါင်းချင်းဆိုင်ပြီး ဘာအကြောင်းတွေပြောလို့ ဘာကြောင့်ပြုံးစိစိ ခပ်ကြိတ်ကြိတ်တွေဖြစ်နေကြတာလဲ ...၊

ယောက်ယက်ခတ်လာသည့်စိတ်က ဒီကိစ္စ ကိုယ်နဲ့သာပတ်သက်သည်ဟု တွေးမိလာလိုက်၊ ဘာဆိုင်လို့လဲဆိုသော စိတ်ကူးက ဖျက်လိုက်၊

"ပြီးသွားပြီတဲ့ အနီ၊ လာကြည့်လိုက်ပါဦး"

"ဟင် .. အင်း"

အနီ ရှေ့မှာ အအေးပုလင်းမှောက်ကျထားတာတွေ၊ ပေကျံတာတွေ အစအနအားလုံးကို သုတ်သင်ဖျောက်ဖျက်ပစ်လိုက်နိုင်ပြီးမှ စည်း ရောက်လာသည်။

တမင်လုပ်ပြီးအောင်စောင့်နေသည်လား၊ အနီ ကံကောင်းသွားတာလား၊ ကြည့်လိုက်တော့ ညီတို့နှစ်ယောက် မရှိတော့ပေ။ ကားကတော့ရှိသေးသည်ဆိုတော့ ရုံထဲဝင်နေကြသည်ထင်သည်။ ဒါဆို ဒီရုံက အားလုံးရှင်းနေတာပေါ့။

"ဘယ်လောက်ပေးရမလဲဟင်"

"ခြောက်ထောင်ပဲပေးပါ"

တစ်ကိုယ်လုံး သံမှုန့်၊ ဆေးမှုန့်တွေနှင့်ပေကျံနေသူက ပြောင်စင်မှာဟုတ်သည့် သူ့လက်ကို အဝဝင်စုတ်မည်းမည်းကြီးနဲ့ လှမ်းပွတ်သုတ်ရင်းစပ်က အနီမေးတာကိုဖြေ၍ မျက်လုံးက စည်း ကိုဝေ့၏။

သူတို့ပတ်သက်နေတာတွေကို စိတ်ဝင်စားပေမယ့် အနီ ချက်နှာတင်း၍ ကားပေါ်တက်သည်။ စည်း က ဘေးမှာ လက်နှစ်ဖက်တက်၍ လာငုံ့ကာ ...

“ကိုယ် အအေးမသောက်ရသေးဘူးလေ၊ အအေးဖိုး မရှင်းေ
ဘူးလား”

“ဩော် ... အဲဒါ မေ့သွားတာ”

စက်နှိုးဖို့ပြင်ပြီးမှ အနီ ပိုက်ဆံထုတ်သည်။ တစ်ထောင်တန်တစ်
ထုတ်လိုက်ပြီး ...

“ရော့ ...”

“ပြန်အမ်းတာ စောင့်ဦးမလား”

“နေပါစေတော့၊ အနီ နောက်ကျနေပြီ”

ဟု ပြောလိုက်လျှင် စည်း ရယ်လိုက်ပုံက ‘စောင့်များယူချင်
လား ဒါလေးကို’လို့ လှောင်ရယ်နေတဲ့အတိုင်း ...၊

ကိုယ့်ဘာသာတွေးလိုက်မိပြီး အားနာဖို့မေ့လျော့ကာ မျက်
တစ်စင်းပစ်ဝင်သွား၏။ စည်းက ခေါင်းငုံ့ပြီး လက်နှစ်ဖက်လှ
မြှောက်ပြသည်။

‘သွားတော့’လို့ပြောပြီး လက်ပြတာမျိုး ...၊

ဒါပေမယ့် သွားအဖွေးသားနှင့် ရယ်နေတာကြီးက ပါးချွဲ
ဖို့ကောင်း၏။

ဟွန်း ... ယောက်ျားတွေများ .....။

❋ ❋ ❋



## အခန်း (၈)

သွားပြီ ...၊

ကားက အကောင်းကနေထိုးရပ်သွားပြီး ဘယ်လိုပြန်နှိုးလို့မှမရ
တော့ပေ။ အိမ်မှာ ပြင်ဆင်ရင်း၊ ဖေဖေပြောတာနားထောင်ရင်းနှင့်
လေဆိပ်ကို ထွက်လာတာကိုက နောက်ကျတာဖြစ်၏။

ကားပေါ်ကဆင်းပြီး အင်ဂျင်ကို ဖြူးဖြဲ့ကြည့်နေမိပေမယ့် ဘာဖြစ်
သွားမှန်းလဲမသိ။

“တောက် ..”

အရေးထဲမှာ ဟန်းဖုန်းက ပါမလာ။ ထို့ပြင် ကိုယ်က နောက်ကျ
နေလို့ မြန်မြန်ရောက်အောင် မီးပွိုင့်တွေကိုရှောင်တိမ်းမောင်းခဲ့တာမို့
ကားပျက်တော့ လမ်းက လူရှင်း၊ ကားရှင်းနှင့် ...။

ကားပေါ်ပြန်ထိုင်ပြီး နှိုးကြည့်လိုက်၊ ဆင်းပြီး ကားမြှော်လိုက်နှင့်..
လာသမျှကားတွေက လိုင်းကားကြီးတွေပဲဖြစ်နေသည်။

ထိုစဉ် တက္ကဆီတစ်စီးလာရပ်တာမြင်၍ တားလိုက်တော့ လူမပါဘဲနဲ့

မအားဘူးဟု လက်ခါပြသွား၏။ နောက်တစ်စီးကျတော့ လူတွေ ပါ
သဖြင့် ဘာမှမတတ်နိုင်သော်ငြား ဒီလမ်းကွေ့ဟိုဘက်ထိပ်မှာ
ဆက်လို့ရကြောင်းတော့ သတင်းပေးသွားဖော်ရ၏။

ဒီလမ်းကွေ့ဆိုတာကြီးက တစ်မျှော်တစ်ခေါ်ကြီး ...၊

အနီ တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဖြစ်ကာ ကိုယ့်အား
စီရင်ချက်ချလိုက်သော ထိုနည်းအတိုင်းပဲလုပ်ဖို့ အတည် ဖြစ်ခဲ့၏။

ကားထဲက စလင်းဘက်ခ်ကိုပြန်ယူကာ ကားကို သေချာသေ
ချလိုက်သည်။ ဒါပေမယ့် အနီ ကားနဲ့ ဝေးဝေးကိုမသွားဖြစ်ခဲ့ပါ။

မညီမညာလမ်းပေါ်မှာ မသပ်ရပ်စွာမောင်းလာသည့် ကားတစ်
... သူမဘေးမှ ခုန်ပေါက်ဖြတ်သွားစဉ် လက်နက်ပုန်းနှင့် ပစ်လွှတ်လို
သလို ဖောက်ခနဲ ဖြည်သံတစ်ချက်နှင့် ....

"အား ..."

ဘီးအောက်မှ ကွဲစင်ထွက်လာသည့် ကျောက်စရစ်ခဲသေးသေး
လေးတစ်ခုက အနီမေးဖျားကို ရိုင်းပျစွာ နှုတ်ဆက်သွား၏။

ကိုယ့်ကိုယ်ကို ဘာဖြစ်သွားမှန်းမသိလိုက်ဘဲ အဆမတန်နာက
မှုကြောင့် ရှူးရှူးဝါးဝါးအော်ကာ မေးဖျားကို လက်ဖဝါးနှစ်ဖက်နှင့် ထပ်
လိုက်မိသည်။

ပြီးတော့ နောက်သို့ ခြေနှစ်လှမ်းခန့် ယိုင်ထွက်သွား၏။ ကား
ရှေ့အလွန်လေးမှာ တုံ့ခနဲရပ်သွားကာ တံခါးပိတ်လိုက်သံတစ်ချက်
နောက် ...

"ရာတိတ် ... ဘာဖြစ်သွားတာလဲ၊ ဆောရီးကွာ ..."

ကိုယ့်ဝေဒနာနှင့်ကိုယ် သူများကို ဒေါသဖြစ်ဖို့တောင်သတိမရ
သေးဘဲ ထူးခြားသည့်ရေမွှေးနံ့တစ်ချက် ဝေ့သွားသဖြင့် မော့ကြည့်လို





မိသည်။ ထောင်ထောင်မောင်းမောင်း ကြံ့ခိုင်ကျစ်လျစ်သည့်ကိုယ်ဟန်နှင့်
ယောကျ်ားတစ်ယောက် သူမဘေးမှာလာရပ်တာ စိုးရိမ်ခြင်း၊ တောင်းပန်
ခြင်းတွေနှင့် ...

"မင်းကို ကျောက်ခဲစဉ်သွားတာမို့လား၊ ဘယ်ကိုထိသွားတာလဲ၊
မေးကိုလား၊ လက် ခဏဖယ်လိုက်ပါဦး"

တစ်ကိုယ်လုံး နက်မှောင်သောအနောက်တိုင်းဝတ်စုံနှင့်ဖြစ်ကာ မေးရိုး
တွေအောက်မှာ ရှပ်အင်္ကျီအဖြူ၏ကော်လံအစွန်းလေးကိုပဲ မြင်ရသည်။
စုမှ ကိုယ့်အသားနာတာ သင်းကြောင့်ဆိုတာ ပုဒ်မတပ်ဖို့ သတိရသွား၏။

"ရှင် .. ကားကောင်းကောင်းမမောင်းတတ်ဘူးလား"

"ဟင် ..."

"ဒီလောက်ချိုင့်ခွက်တွေပေါတဲ့လမ်းကို ဒလကြမ်းမောင်းလာပြီး
တော့ ..."

"ဟုတ်တယ်.. ဟုတ်တယ်၊ အဲဒါ ကိုယ်မှားသွားတာ၊ ကိုယ်ကလဲ.."

"ဘာလဲ၊ ဆောရီးလို့ပြောဦးမလို့လား၊ အဲဒီကျောက်စ မေးကိုမမှန်ဘဲ
မျက်လုံးကိုမှန်သွားရင် ဒီမှာ ကန်းပြီ"

ထိုသူက သူ့လက်ပြင်တိုင်း မျက်နှာလေးမော့ပစ်လိုက်၊ လက်နဲ့
ခါပစ်လိုက်နှင့် ပါးစပ်ကနေ မနားတမ်းရန်တွေ့နေသည့် အနီကို အံ့ဩ
သည့်အကြည့်နှင့်ငေး၏။

သူလည်း မကိုင်ဖြစ်ပါ။ ဒါပေမယ့် ဒဏ်ရာဖြစ်သွားတာကိုကြည့်
ချင်သည့်စိတ်နှင့် လက်နဲ့အုပ်ထားတာလေးကို ဖယ်ပေးချင်တာ ..။ သူမ
ကလည်း သူ့လက်ကို ပုတ်ချပစ်တာမဟုတ်ဘဲ မကိုင်နဲ့ ဆိုသော သဘော
မျိုးနှင့် ခါပစ်နေခြင်းဖြစ်သည်။

နှစ်ယောက်သား လက်ချင်းမထိဘဲ ကိုးရိုးကားရားတွေ ဖြစ်နေခဲ့ကြ၏။

"ကိုယ် အဲဒါကိုပြောချင်တာပါ၊ ကားမမောင်းဖြစ် .. အဲ .. ရန်ကုန်
ကားမမောင်းဖြစ်တာကြာတော့ ပတ်ဝန်းကျင်ကိုလိုက်ငေးရင်း သ
တစ်ချက်လစ်သွားတာ ကားကိုထိန်းဖို့မေ့သွားပြီး ..."

"အား ... စပ်လိုက်တာ ..."

သူ့စကားကိုစိတ်မဝင်စားတော့ဘဲ အနီ ကားဆီပြန်လှည့်သည်
ကားထဲပြန်ဝင်ပြီး မေးဖျားမှာ အသားကွဲသွားပြီလား၊ ဘယ်လိုဒဏ်
တွေဖြစ်သွားပြီလဲသိရအောင် မှန်နဲ့ သေချာကြည့်မလို့ ..။

"ချာတိတ် .."

"ဘာလဲ၊ ရှင့်ကိုမပြောချင်တော့ဘူး၊ ကိုယ့်လမ်းကိုယ်သွား .."

"မဟုတ်သေးပါဘူး၊ ဒီလိုလေ .."

"ရှင်နော် ..."

စကားနားရောက်လာတော့ သူ အနီ့ရှေ့ကပိတ်ရပ်လိုက်တော့မ
ကာဆီးလာပြီး ...

"မင်းလက်လေး ခဏဖယ်လိုက်ပါ၊ ဒါ ကိုယ့်မှာတာဝန်ရှိတာမို့
ကြည့်ပါရစေ"

"မလိုဘူးလို့ ပြောနေတယ်မို့လား"

အနီ ပြန်အော်လိုက်သော်လည်း မျက်နှာမှာ မျက်ရည်တွေဝေ
ပြီဖြစ်၏။ ပြီးတော့ ကားထဲမဝင်တော့ဘဲ အိတ်ထဲကမှန်ဝိုင်းလေး ထု
ယူကာ ဒီတိုင်းပဲ မေးဖျားလေးကိုမော့ကြည့်သည်။ ထိုအခါ သူက သူ့အ
ကြီးနှင့် ကုန်းကုန်းကွကွဖြစ်တာလောက်အောင် ငုံ့တစ်လိုက်ကြည့်ကာ

"တော်သေးတာပေါ့၊ အသားကွဲမသွားလို့နော်၊ သွေးခြည်ပဲဥသွ
တာ ..."

"ဒီလောက်လေးဖြစ်တာကို သည်းလိုက်တာလို့ လူကိုပြောတာလ



"ဟာ .. နီး .. နီး .. မဟုတ်ဘူး၊ အသားကွဲသွားမှာ ကိုယ် တကယ်
စိုးရိမ်တာပါ၊ မင်းလို သိပ်လှတဲ့မျက်နှာလေးမှာ အမာရွတ်ထင်သွားရင်
ကိုယ် ဘယ်လိုစကားနဲ့မှ မတောင်းပန်ရဲတော့ဘူး"

"ခုလဲ ရှင်ကြီးကို လုံးဝမကျေနပ်ဘူး သိလား၊ သွေးခြည်ဥနေတာ
ဘယ်လောက်ကြာမှပျောက်မလဲ သိနိုင်မလား၊ လေဆိပ်ကိုမမီတော့လို့
ဒေါသဖြစ်နေရတဲ့ကြားထဲ ဒီနေ့ကျမှ ကိုယ်ခံရဖို့ချည်းပဲ .. ဟွန်း .."

"မင်း လေဆိပ်ကိုသွားမလို့ ဟုတ်လား၊ ညှို့သည်ကြိုမှာလား"

"ဟုတ်တော့ ဘာလုပ်မလို့လဲ"

"ပြည်တွင်းပြည်ပ နှစ်လိုင်းလုံး ခုနကပဲ ရှေ့ဆင့်နောက်ဆင့် ဆိုက်
သွားတာ၊ ဒီနေ့ လေယာဉ်ဆိုက်ချိန် နည်းနည်းစောတယ်"

သူပြောတော့မှ လေဆိပ်ကထွက်လာတဲ့ပုံပေါက်နေတာကို သတိ
ထားလိုက်မိ၏။ ညှို့သည်က ဖေဖေ့ညှို့သည်ပါ။ ဖေဖေ ကျန်းမာရေး
မကောင်းသည်မို့ သူမ လာခဲ့ရခြင်းဖြစ်သည်။

"သူ့ကို ဆေးဝါးကုမ္ပဏီတွေကလဲ ကြိုကြမှာပဲ သမီး၊ ခေါ်လာရမှာ
မဟုတ်ပါဘူး၊ ဖေဖေလဲ လာကြိုတယ်ဆိုတာ သိစေချင်တာ၊ သွားကြို
ပေးပါ သမီးရယ်"

ပရော်ဖက်ဆာ ဒေါက်တာဦးသိန်းဖံကို ဖေဖေနဲ့အတူ တစ်ခါမြင်ဖူး
ကာကြောင့် အနီ ကခေါင်းညိတ်ကာ 'ဖေဖေ အေးဆေး စိတ်ချနေပါ'
လို့တောင် ကတိပေးခဲ့သေးသည်။ ခုတော့ .. ပြီးပြီပေါ့။

"ရှင် .. လေဆိပ်ကနေလာတာပေါ့ .. ဟုတ်လား"

"ဟုတ်တယ် .."

မေးဖျားလေးကို အုပ်မထားတော့ဘဲ အနာရှိန်နည်းနည်းလျော့
သွားလို့လား၊ ဒီ့ထက်အရေးကြီးသည့်ကိစ္စကြောင့်လား မသိပါ။ အနီ

မျက်နှာလေးကဒေါသတွေလည်း အတော်အတန်လျော့ကျသွားတာကို သတိထားမိကာ သူက အားရဝမ်းသာဖြစ်သွားလျက် ...

"အခု ဒီမှာကြာသွားတာနဲ့ဆို ချာတိတ် ဘယ်လိုမှမမီတော့ဘူး"

"မီလောက်တယ်ဆိုလဲ လိုက်လို့မရဘူး၊ ကားကပျက်နေတယ်"

"ဟင် ..."

သူ့မျက်လုံးတွေက ကားဆီရောက်သွားသည်။ အနီ ကတော့ လေယာဉ်ဆိုက်တာကို မမီလိုက်လို့ စိတ်ပျက်တာရော၊ အနာက မီး လောင်နာတစ်ခုလို ပူပြင်းနာကျင်နေဆဲရှိနေတာရော စုပြုံခံစားနေရရင်း ငိုမဲ့နေခဲ့၏။

"ပြောရောပေါ့ ချာတိတ်ရာ၊ တို့က ကူညီချင်လွန်းလို့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေတာပါ"

သူက ကုတ်အင်္ကျီလက်စနှစ်ဖက်ကို အသာလေးခေါက်တင်ထား ရင်း စက်ဖုံးကိုသွားဖွင့်၏။ ဒီတော့မှ အနီ ဝမ်းသာရမှန်းသိကာ ...

"ရှင် ကားပြင်တတ်တယ်"

"နည်းနည်းပါးပါးပါ"

အနီ သူ့ဘေးကိုရောက်သွား၏။ ထိုသူ့ကိုယ်မှ ရေမွှေးနံ့ကို မြ သတိထားမိလာကာ ထိုအနံ့ကို အနီ နှစ်သက်ခဲ့မိ၏။ ပြီးတော့ ရှင်းသ နေသော မျက်နှာဖြူဖြူနှင့် ဆံပင်ပုံစံက ဤသူ၏အဆင့်အတန်းကို ဖော်ပြနေသလိုပင်။

ဒီလူ ဘယ်နိုင်ငံကပြန်လာတာလဲ၊ ခုနက ရန်ကုန်မှာ ကားမမော တာကြာပြီဟု ပြောခဲ့သည်ကိုထောက်ကြည့်လျှင် ပြည်တွင်းတစ်နေရာ ကလည်းဖြစ်နိုင်ကာ နိုင်ငံခြားရောက်နေတဲ့သူလည်း ဖြစ်ဖို့ရှိ၏။

သူမောင်းလာသည့် ဆပ်ပ်ကားအနက်ရောင်လေးကို လှမ်းကြည့်





ရင်း အထဲမှာ နောက်ထပ်လူပိုမပါနိုင်တာကလည်း သေချာ၏။ နိုင်ငံခြား ပြန်က လေယာဉ်ပေါ်ကနေ ကားမောင်းပြီးဆင်းလာတာတော့ မဖြစ်နိုင်ရေ။

"ကားက ဘာမှမဖြစ်ပါဘူး၊ ကာပရိုက်တာမှာ ကြေးပိတ်နေတာ၊ ဆီကုန်အောင်မောင်းရင် ဒီလိုဖြစ်တတ်တယ်၊ ခုရော ဆီရှိရဲ့လား"

"ခုတော့ ရှိတယ်"

အနီ က ကိုယ့်အပြစ်ကိုဝန်ခံလိုက်သလိုဖြေသည်။ သူက သေချာ နှိုက်ချွတ်ပေးပြီးမှ ...

"စက်ပြန်နှိုးကြည့် .."

ကားက ဝူးခနဲ ပွင့်လင်းသွားသည်။ အနီ သူ့ လက်သုတ်ပို့ အဝတ် စုတ်သွားပေးရင်း ပြုံးပြလိုက်မိသည်။

"ကျေးဇူးပဲ"

"စောစောကကိစ္စအတွက် ကျေအေးပေးမယ်ဆိုရင် ပိုကောင်းမှာ"

ပြောလိုက်မှ အနီ က မေးဖျားလေးကို ပြန်စမ်းကြည့်၏။ အဝတ် စုတ်မှာ လက်တွေပွတ်သုတ်ရင်း သူ့မျက်နှာမှာ စိတ်မကောင်းဟန်တွေ တွေ့ရကာ ...

"ဟုတ်တယ်၊ ဒီဒဏ်ရာလဲ တော်တော်နဲ့ပျောက်မှာမဟုတ်ဘူး၊ တို့ တကယ်စိတ်မကောင်းပါဘူး ချာတိတ်ရာ၊ မင်းမျက်နှာလေးက ဖြူနေပြီး အရမ်းလှတော့ ဒဏ်ရာက သိသာတယ်"

ဒီလောက်တောင်းပန်နေတော့လည်း အနီ က ဘာမှမဖြစ်တော့ သလိုပြုံး၍ ခေါင်းခါပြလိုက်၏။

"စောစောက အရမ်းနာသွားလို့ပါ၊ တကယ်က ရှင် တမင်လုပ်တာမှ မဟုတ်တာ ..."

"အရမ်းကျေးဇူးတင်တယ်၊ တို့ မြန်မာပြည်ပြန်ရောက်ရောက်ချင်း

ဒီလိုစိတ်ဝင်စားဖို့ကောင်းတဲ့ အဖြစ်လေးတစ်ခုနဲ့ ကြုံလိုက်ရတာ ဘာ့
မလဲနိုင်တဲ့ အမှတ်တရပဲ၊ တို့နာမည်က 'ဦးဆောင်'၊ ချာတိတ်ရော .
နာမည်လေးပြောပြပါလား"

"အနီရောင်နှင်း .."

"ဘယ် .. လို ... အနီရောင်နှင်း .. ဟုတ်လား"

"အင်း ..."

"ထူးခြားတဲ့နာမည်လေးပဲ၊ မင်းနဲ့လိုက်တယ်၊ နောက်တစ်ခါတွေ
ရင် မိတ်ဆွေအဖြစ်နဲ့ နှုတ်ဆက်မယ်နော်"

"တွေ့ဖို့မရှိပါဘူး၊ အနီ သွားတော့မယ်"

သူ့ကို ခဏလေးအတွင်းမှာ ရင်းနှီးမိသွားတဲ့စိတ်ကို အချိန်မီ ပြ
ထိန်းလိုက်ပြီး ကားထဲဝင်လိုက်မိသည်။ လမ်းပေါ်မှာပဲသိကြတ
ဒီလောက်ပဲကောင်းပါတယ်။

"ချာတိတ် .."

စက်နှိုးလိုက်ကာမှ သူက ဘေးမှာလာငုံ၍ ...

"နိုင်ငံခြားဆက်သွယ်ရေးရုံးချုပ်မှာ တို့ရှိတယ်၊ အကူအညီလို
အချိန်မရွေးနော်"

အနီ ခေါင်းမညိတ်ပါ။ မျက်နှာလွှဲပြီး မောင်းထွက်လာခဲ့၏။ ဒါ
မယ့် ဘယ်မှာကပ်ငြိပါလာမှန်းမသိသော သူ့အပြုံးတွေကို ဖျောက်
ဒါ ဘာရောဂါလဲ ...။

❋ ❋ ❋



## အခန်း (၉)

"အရမ်းအားနာဖို့ကောင်းတာပဲ သားရယ်၊ မနက်ကမှကောင်းတဲ့
ကားကို အန်တီကယူပြီး ရုံးကိစ္စတစ်ခုနဲ့ အရေးတကြီးသွားရတယ်၊
ကျန်တဲ့ပါဘလစ်ကာက အင်ဂျင်ကျချင်နေတာ၊ သမီးကလဲ ကားပဲမောင်း
တတ်တာကိုး"

"ရပါတယ် အန်တီ၊ လေယာဉ်ကလဲ ဆယ်မိနစ်နီးပါးလောက်
စောပြီးဆိုက်တာ၊ ဒီမှာ သွားလာဖို့အတွက်လဲ အမေက ဟိုကနေ အားလုံး
လှမ်းချိတ်ထားတာဆိုတော့ ကားလာကြိုတယ်လေ၊ အဲဒါ ဒရိုင်ဘာကို
ဖယ်နိုင်းပြီး ကိုယ့်ဘာသာဝင်မောင်းလာတာ"

"သြော် .. တော်ပါသေးရဲ့ကွယ်"

"ကျွန်တော် ကိုယ့်ဘာသာမောင်းချင်စိတ်ဖြစ်တာနဲ့ တန်းထွက်
လာတော့ ညီ့ ရောက်လာလဲ ဆုံမှာမဟုတ်ဘူး"

"တွေ့လား .. အဲဒါ ကိုကို့အပြစ်"

ညို က နှုတ်ခမ်းလေးရှုံ့ပြီးဝင်ပြောတော့ ဒေါ်ကေသွယ်နဲ့ ဦးဆော
က လှည့်ကြည့်ပြီးရယ်သည်။

"ညို အရမ်းထွားလာတယ်နော်၊ ဟိုတုန်းကဆို အရပ် ဒီလောက်မြ
လာမယ်မထင်ရဘူး"

"ထွားမှာပေါ့၊ သားညီမက ကိုယ်ကာယသင်တန်းတွေချည်းလိုက်
တက်နေတာ"

"ဟာ .. မာမီနော် ..."

"အစားလျှော့လိုက်ရတာလဲ ဘာမှမစားလွန်းလို့ ကျန်းမာရေ
ထိခိုက်မှာတောင်စိုးမိတယ်"

"မာမီ .. ဒါတော့လွန်ပြီနော်၊ ဒီလောက်လဲမဟုတ်ဘဲနဲ့ ..."

"ဟုတ်တော့လဲ ဘာဖြစ်လဲ ညို့ရဲ့၊ ညည်း လှလဲလှတာပဲဟာ
သူများတွေဆို လှအောင်ကြိုးစားတိုင်း လှကြတာမဟုတ်ဘူး"

မာမီပြောလွန်းလို့ ရှက်သည့်စိတ်က ဦးဆောင် စကားကြား
နေသာထိုင်သာဖြစ်ခဲ့၏။

"မာမီ ... ကိုကိုလဲ ချောလာတယ်နော်၊ အရပ်ကြီးမြင့်နေတာ
ဒီလိုဝတ်ထားတာ အရမ်းကြည့်ကောင်းတာပဲ"

"ကဲဟေ့ .. ညည်းသည်ကို ဘာမှမကျွေးဘဲ ဒီတိုင်းကြီး ထိုင်ခိုင်
ထားတာလား"

စကားပြောနေကြတုန်း ဦးကျော်မော် ဝင်လာသည်။ ဒီနေ့ ဦးဆော
ရောက်မယ်မှန်းသိသောကြောင့် အလုပ်ထဲကို ခဏပဲသွားပြီး ပြန်လာ
တာဖြစ်၏။

သူပြန်လာတဲ့အထိ သွားကြိုတဲ့သူရော၊ ဦးဆောင်ပါ မရောက်
သေးသဖြင့် ရေချိုးရင်းစောင့်နေခဲ့သည်။ သူ ဆင်းလာတော့ နေ



မှထရပ်လိုက်ကာ ...

"အန်ကယ် နေကောင်းတယ်နော်"

"ကောင်းပါ့ဗျာ၊ ဘယ့်နှယ် .. အန်ကယ် လှမ်းမြင်လိုက်တာ မှတ်
တောင်မမှတ်မိဘူး၊ မင်း ဖြူဖြူထွားထွားကြီးဖြစ်လာတာ မြန်မာနဲ့တော
မတူတော့ဘူး"

"ဟုတ်လား .."

"ထိုင် .. လူလေး .. ထိုင် ..."

ဆွေမျိုးတော်ကြသေးသည်မို့ ဘယ်လောက်ကြာကြာ[illegible]
မယ့်လည်း ပြန်တွေ့တော့ ရင်းနှီးနေကြသည်။

"ဟုတ်သားပဲ၊ သမီးကိုကိုအတွက် နောက်မှာ သွာ[illegible]
မြန်မြန်ပြီးအောင် ..."

ဒေါ်ကေသွယ် ပြောပေမယ့် ညို က ထိုင်ရာမထဘဲ [illegible]
သည်။ ညို့ပုံစံကိုကြည့်ပြီး ဦးဆောင် က ရယ်၏။

"ဘာမှမစားတော့ဘူး အန်တီ၊ သူငယ်ချင်းတွေက [illegible]နေကြ
တာ၊ ပြီးတော့ ဆရာတွေနဲ့လဲ သွားတွေ့ဦးမှာ၊ လက်ဆော[illegible]
နဲ့လေ၊ ဟိုမှာလဲ စားသောက်ဖြစ်ကြမှာဆိုတော့ ..."

"လူလေးရယ် .. ဒီမှာ ကိုယ့်ဆွေမျိုးအရင်းကြီး[illegible]"

ကိုယ့်ဘာသာ စကားမပြီးမှ ပြောလို့မဆုံးဘဲ [illegible]
သွား၏။ ညို က မာမီ ဘာဖြစ်သွားတာလဲဆိုသည့်[illegible]နှင့် လှမ်း
ကြည့်၏။ ဒေါ်ကေသွယ် ကတော့ ကိုယ့်အခ်ပွ[illegible]

ကိုယ်က ဤနည်းဤပုံနှင့် ဆွေမျိုးတော်ချင်[illegible]၊ ဒါကြောင့်
ခုချိန်မှာ ဘာမှမတော်တာပဲဖြစ်ချင်၏။ ဦးကျေ[illegible]လည်း ညီမ
ဖြစ်သူ စကားပြတ်သွားတာကို ရိပ်မိသည်။ ဒါပေ[illegible]လိုနေလျှက်..

"ဟိုမှာလဲ မဖြစ်မနေ စားရမှာကိုးကွ၊ ဒီမှာက ကိုယ့်အချင်းချင်း
နားလည်ပေးလို့ရတယ်၊ မောင်ဦး သူ့ဘာသာ လွတ်လွတ်လပ်လပ်နေပါ
"ကိုကိုက အလည်သက်သက်လားဟင် .."
"အမေကတော့ အပန်းဖြေသဘောနဲ့ လွှတ်တာပါ၊ ဒါပေမ
ခဏတစ်ဖြုတ်လဲ မဟုတ်ဘူးဆိုတော့ အလုပ်လုပ်မယ်လေ"
"လူလေးက ဟိုမှာပဲပျော်တာလား"
ဒေါ်ကေသွယ်က စကားအစ်ကြည့်သည်။ ဦးဆောင် မျက်နှာ
ပကတိကြည်လင်လျက် ...
"ဟိုမှာနေတော့ တိုးတက်ချင်တဲ့လောဘတွေတက်ပြီး ကြိုး
ဖို့ပဲသိတာလေ၊ ပျော်တာ၊ ပျင်းတာကို တွေးချိန်တောင်မရပါဘူး"
"ဪ ..."
"ဒီမြို့ရောက်တော့ စိတ်ထဲမှာ လွတ်လပ်သွားသလိုပဲ၊ ပျော်
ထင်တယ်"
"ကိုကိုကလဲ .. ပျော်ရင်ပျော်တယ်ပေါ့"
"အဲဒီလိုလဲ မဖြစ်သေးဘူး၊ ဒါပေမယ့် ဟိုမှာထက်တော့သာ
အမေက အမြဲတမ်း ဒီမှာပဲနေဆိုရင်တောင် ..."
"ဟင် .. ကိုကိုက ဒီအရွယ်ကြီးထိ အမေ့သဘောလား ..."
ညို ပြောလိုက်တာကို ရယ်စရာမပါဘဲ ဦးဆောင် ကရယ်ရင်
ကြည့်၏။
"ဘယ်အရွယ်ပဲဖြစ်ဖြစ် မိဘသက်ရှိထင်ရှားရှိနေသရွေ့ မိဘ
ဆုံးမမှုကို သားသမီးက နာခံရမှာပဲ ညို့ရဲ့၊ ဒီနေ့ထိ အမေ မသိ
ကိုယ်ဘာမှမလုပ်ခဲ့ဘူး"
ညို က ကိုယ်မေးလိုက်တာပဲ အပြစ်ဖြစ်သွားသလို ခံစား



ပခုံးလေးတွန့်ပစ်သည်။ ရင်ထဲမှာ နောက်ထပ်မေးခွန်းတွေထပ်ရှိ သေး
ပေမယ့် လောလောဆယ် မျိုသိပ်ထားလိုက်ကာ ...
"ပြီးတော့ အမေ လို့ခေါ်တာကလဲ ခုထိမပျောက်ဘူးနော်၊ မာမီ
ဒက်ဒီမခေါ်ရင်တောင်မှ မေမေ ဆိုရင်တော်သေးတယ်၊ ကိုကိုတို့ မိသားစု
ကတော့ နိုင်ငံခြားမှာ စံပြပဲထင်တယ်"
"ကဲ .. ညို ... ညည်းစကားများနေတာနဲ့ မောင်ဦး သွားလာဖို့
နောက်ကျနေပါ့မယ်"
မေးလိုက်သမျှမေးခွန်းတွေက ခံ့ခံ့ညားညားဘာမှမရှိတော့ ဦးကျော်
မော်က ပေါ်တင်ပဲဟန့်တားပစ်လိုက်၏။ ညို နှုတ်ခမ်းစူသွားပေမယ့်
မတတ်နိုင်။
အမေဖြစ်တဲ့သူက မှန်းထားလိုက်တာ ဒီလူငယ်ကို သမက်ဖြစ်ဖို့၊
သမီးကတော့ အသွင်မတူနိုင်တဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းစရိုက်
လက္ခဏာတွေကိုပဲ မကုန်နိုင်မခန်းနိုင် ရှာတ်ပြနေသည်။
ဦးဆောင် လိုလူတစ်ယောက်က အထင်တကြီး ဖြစ်သွားမှာ
တဲ့လား ..။
"နေဦး ကိုကို၊ ညို လိုက်ပို့မယ်"
သူတို့ကိုနှုတ်ဆက်ပြီး ဦးဆောင် ထွက်သွားတော့ ညို ပြေးလိုက်
၏။ ဦးဆောင် တို့ကွယ်သွားသည်နှင့် ဒေါ်ကေသွယ် က ...
"ကိုကြီးကလဲလေ ..၊ ဟိုမှာရောက်တာ ဖင်မပူသေးဘူး၊ နှင်လွှတ်
နေသလိုပဲ၊ ကိုယ်က စေတနာပေမယ့် တလွဲထင်သွားရင် ဘယ်လိုလုပ်မလဲ"
"မတတ်နိုင်ဘူး၊ နင့်သမီး ပြောဆိုပုံတွေ မသိတတ်လွန်းလို့ အချိန်မီ
တားဆီးလိုက်ရတာ၊ အလကား ဘာတွေသွားမေးနေမှန်းမသိဘူး"
"ဘာတွေပဲမေးမေး .. ခုမှပြန်ဆုံကြတာ၊ ပြောစရာ ဒါတွေပဲရှိတယ်၊

သမီး ဒီလိုတရင်းတနှီးမပြောဆိုရဲမှာစိုးလို့တောင် သွယ် ဘယ်လေ
သင်ထားရလဲ သိလား ..”

“ဩော် .. ဒီလိုတွေပြောဖို့ နင်သင်ထားတာပေါ့”

“မဟုတ်ဘူးလေ၊ ခပ်စိမ်းစိမ်းမနေဖို့ပါ၊ ဒီက အခု စိမ်းလို
ယောကျ်ားလေးဖြစ်တဲ့သူက ဘယ်လိုလုပ်ရင်းနှီးတော့မှာလဲ”

“ဆွေမျိုးတွေပဲ၊ သူစိမ်းတွေမှမဟုတ်တာ ...”

“မတွေ့ကြတာကြာပြီ ကိုကြီးရဲ့၊ ကိုကြီးကတော့ ခက်ပါ
သမီးပြောသမျှ ဟိုက သဘောတွေကျနေတာ တဟဲဟဲနဲ့ ကိုကြီးပဲ
လွန်နေတာ ...”

“ဟုတ်တယ်၊ နင့်သမီးကို နေထိုင်တတ်အောင် သင်ဖို့တွေ
ထားဦး၊ အလုပ်တစ်ခုကို လုပ်တော့မယ်လို့ဆုံးဖြတ်ရင် ဖြစ်အော
‘ရှိပါစေတော့’ ဆိုတဲ့ မဝံ့မရဲမျှော်လင့်ချက်နဲ့ဆိုရင် လုံးဝမလုပ်နဲ့

ပြောပြီးထထွက်သွားတာကို ဒေါ်ကေသွယ် တစ်စတစ်ဆုံး
ကြည့်နေမိသည်။

ဦးဆောင် နဲ့ မဖြစ်မနေလက်ထပ်ဖြစ်ဖို့ ကြိုးစားလို့ ပြေ
တာလား ...။

❊ ❊ ❊





## အခန်း (၁၀)

“သူနဲ့ငါ မဆုံဖြစ်တာကြာပြီ”

ဟု ပြောသည့်အသံက ပြတ်ကျတော့မတတ် ဆွေးနေ၏။ အ
ရောင်နားကပ်အပွင့်ကြီးနှင့် မျက်ရစ်လေးတွေမှာ အပြာရောင်တင
သည့် ညို့မျက်နှာလေးက ညနေခင်းမှာလှနေသည်။ ဒါပေမယ့် မ
ချမ်းဘဲရှိလေသည်။

“နင်ကလဲ ... ငါ လေဆိပ်ကိုဆင်းတဲ့နေ့က ဖုန်းဆက်လို့ကိုမရ
ခုတစ်လော ဆက်ဆံရေးကျဲနေတာ သိသာတယ်”

“မဟုတ်ပါဘူး ညိုရယ်၊ နင့်ရဲ့မက်ဆေ့ချ်ကိုတွေ့တော့ ငါလဲ အဲဒီ
မနက်ဘဲ လေဆိပ်မှာ ဧည့်သည်သွားကြိုရမှာနဲ့တိုက်ဆိုင်နေလို့ ဘာမှ
အကြောင်းမပြန်ဘဲနေလိုက်တာ၊ နင်စိတ်ဆိုးနေလဲ ဟိုမှာ ဆုံလိုက်ရင်
အုံ့သြပြီး ကျေနပ်သွားမှာပဲပေါ့၊ အဲဒါ လမ်းမှာကားပျက်ပြီး ဧည့်သည်ကိုလဲ
မကြိုလိုက်ရဘူး”

“ဟင် .. တကယ်လား”

“တကယ်ပါ၊ ဖေဖေ့မိတ်ဆွေကို သွားကြိုတာ၊ ငါ့မှာ အဲဒီနေ့က
ခုက္ခများလိုက်တာမှ သေချင်စော်ကိုနံသွားတာပဲ”

"နှင့်မေးဖျားက ဘာဖြစ်ထားတာလဲ"

ညို့ ကမေးမှ အနီ ကိုယ့်မေးဖျားကို ပြန်စမ်းကြည့်ပြီး မှဲ့သွား

"သူများကားဘီးအောက်က ကျောက် စဉ်တာလေ၊ ပြောရ မဟုတ်ဘူး၊ နာလိုက်တာ သတိတောင်လစ်ချင်တယ်"

"ယုံတယ်၊ ငါ တစ်ခါ လက်မောင်းမှာမှန်တာ၊ နှင့်လို မျက် မဟုတ်ဘဲနဲ့တောင် မျက်ရည်ပေါက်ပေါက်ကျအောင်နာတာ..."

နှစ်ယောက်သား အပြန်အလှန်စာနာနေကြပြီး ဒဏ်ရာ နေတဲ့လူကလည်း မပြီးနိုင်၊ ညို့ ကလဲ စိတ်မကောင်းစွာ ပြောလက်စ စကားကိုမေ့သွား၏။

ညို့ က မာမီ့အမိန့်နှင့် ဦးဆောင် နေတဲ့ခြံကြီးထဲကိုသွားဖို့ တာဖြစ်သည်။ အနီ နဲ့ လမ်းမှာဆုံကာ အနီးဆုံးမှာရှိသည့် ကျိုးနှ ဝင်ခဲ့ကြတာဖြစ်သည်။

"ငါလဲ စိတ်ညစ်ပါတယ်ဟာ၊ မာမီက ငါ့ကို အိမ်ထော ပြောနေတာ၊ စီစဉ်မယ်ဆိုတာချည်းပဲ"

"တွေ့ထားလို့လား"

"အင်း ..."

"နှင်မြင်ဖူးလား"

"ငါနဲ့ အရမ်းရင်းနှီးတယ်၊ နှင့်ကိုငါပြောဖူးတဲ့ နိုင်ငံခြားရေ တဲ့ ကိုကို ဆိုတာ ..."

"ဪ ..."

"ရင်းနှီးတိုင်း လက်ထပ်ဖို့လွယ်မလားဟာ၊ နောက်ပြီးတော စည်း နဲ့ ..."

လို့ပြောပြီး ရှေ့မဆက်တော့ အနီ က မမေးဘဲတော်





ျက်နှာက အစကအတိုင်း ပြန်၍ဆွေးရိပ်သမ်းလာကာ ...

"ငါ့ရင်ဘတ် အပူလောင်နေတဲ့အချိန်မှာ သူ ရောက်မလေးဘာ ခရမ်းခံစားရတယ်ဟာ .."

"နှင်ခေါ်တာကို မလာတာလား"

"မခေါ်ပါဘူး၊ ခုတစ်လော သူသူငယ်ချင်းတွေ ငါ့ရှေ့ရောက်လာ ကိုက်လုံးတွေက ဘယ်လိုပုံစံတွေမှန်းမသိဘူး၊ ငါ့စိတ်ကပဲ မလုံလို့လာ သိဘူးဟာ၊ အဲဒါကို ငါပြောလိုက်တော့ သူက မီးပွားစဉ်သွားတဲ့မျက်နှာ နဲ့..."

"နှင်က ဘာတွေမလုံနေတာလဲ၊ ဘာသွားပြောလိုက်လို့လဲ"

အနီ မေးတော့ တင်းနေသည့် ညို့ မျက်နှာလေး ငယ်ကျသွား ပ်ကို စိတ်မပါစွာ လှီးဖြတ်နေရင်း စားတာလည်းမဟုတ်ဘဲ စိတ် ဉ်တရက်ပြန်မပြောပေ။

"နှင့်ပုံစံက အရမ်းသိသာတယ် ညို့ .."

မျက်လွှာချနေရာမှ ညို့ ဖျတ်ခနဲ ပင့်ကြည့်၏။

"ဘာကိုလဲ ..."

"သူကိုချစ်မိသွားပြီး အရမ်းပြောင်းလဲသွားတာလေ၊ တကယ်မှ ါမိရင်တောင် အရင်လို ပေါ့ပေါ့ပါးပါးနေဖို့ ကြိုးစားပါလား၊ နှင် အခု လာတော့ သူကို မရိုးသားစွာ ချဉ်းကပ်ခဲ့တာတွေအတွက် ကျောမလုံ နေပြီမို့လား .."

ဖြေမယ့်သူကမဖြေတော့ အနီ က မြင်တဲ့အတိုင်းဝေဖန်သည်။

"ကိုယ့်စိတ်က ကိုယ့်ကိုခြောက်လှန့်သလိုကြီးဖြစ်နေရင်လဲ ကိုယ့် သာအစဖော်ပြီး ဝန်ခံလိုက်ပေါ့ဟာ၊ သူများပြောမှသိတာထက် နှင်က တာဆိုရင် ပြဿနာကြီးကြီးဖြစ်မလာနိုင်ပါဘူး"

အချစ်အတွက် အဲဒီလောက်ကြီး ကာကွယ် ပိတ်

"ငါ့နှလုံးကြားမှာ အချစ်အတွက် အဲဒီလောက်ကြီး ကာကွယ် ပိတ်
ဆို့မှုတွေ လုပ်နေဖို့မလိုဘူး။ ငါ အခု ရင်ခံနေတာ အဲဒီစိတ်တွေကြောင့်ပဲ

"ဘယ်လို ..."

"ဟုတ်တယ် အနီ၊ နင်ပြောတဲ့စကားတွေကို နားမထောင်ခဲ့မိတာ
ငါမှားမိတင်တယ်"

"ဘာဖြစ်လို့လဲ"

"သူ ငါ့ကို အရမ်းသည်းခံတယ်၊ ငါလိုမိန်းမကျမှ အောက်ကျ
ခံ
ားလည်ပေးတယ်၊ အဲဒီလိုတွေခံစားပြီး ငါ သူ့အပေါ် ကို တိမ်းညွှတ်
သူ့ရဲ့ဟယာတွေအောက်မှာ ငါ လုံးလုံးလျားလျားကျခဲ့ပြီဆိုမှ ..."

တနင့် နေ့မှ ဒါတွေတွေးနေရလား ညို၊ ကိုယ်လဲ ချစ်မိနေပြီမို့လား
ဝင်ခဲ့ကြပ်လို့သာ သဘောထားလိုက်တော့"

"သားနိုင်တယ်ပဲထားဦး၊ သူ့ဘက်က အဲဒီလောက် မရိုးသား
ပြောရေ စိတ်ထဲမှာ သူလဲ ငါ့အပေါ် မှာ လုံးဝမရိုးသားဘူးလို့ ခံစား
"

ဘာမှမပြောတတ်တော့ဘဲ ဒီတိုင်းကြည့်နေခဲ့မိသည်။
ဒါ ကိုယ့်ကားပြင်ဖို့ ဘော်ဒီရုံကို အတူသွားဖြစ်ခဲ့ကြတဲ့အကြောင်း
လည်း ညို့ကို ပြောမပြမိခဲ့ပေ။

ဒီနောက်ပိုင်းမှာ ခဏခဏမဆုံဖြစ်ကြသည့်အပြင် ကိုယ်ကိုယ်တိုင်
သူမ နဲ့ ခပ်ဝေးဝေးပဲနေတော့ဖို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်မို့ ခဏတစ်ဖြုတ်
ဆုံဖြစ်ကြစဉ်မှာ ဒါကို အရေးတယူထည့်မပြောဖြစ်ခဲ့ခြင်းပင်။

ညို ကတော့ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့မိလေခြင်း ဆိုသ
နောင်တတွေ ရင်မှာပိုက်၍ စားရမှာလည်း သဲနဲ့ရှပ်ရှပ်၊ မျိုချလိုက်
လည်း ဆီနဲ့ဝင်းဝင်း ...။



"ဒါပေမယ့် ငါ သူ့ကိုမေ့လိုက်ဖို့ ဘယ်လိုမှ ကြိုးစားမရဘူး၊ အဲဒါ
ရှုံးနေတာပေါ့နော်"

မေးတော့ အနီ ကပြုံးလိုက်ပြီး ခေါင်းခါသည်။

"အချစ်မှာ အရှုံးအနိုင်၊ အနိမ့်အမြင့်တွေ မရှိဘူးတဲ့၊ ဖြေပေါ့ဟာ"

"နင်ရော ..."

"ဘာလဲ .."

"နင့်ကိုကြိုးစားတဲ့ကောင်တွေထဲမှာ သဘောကျလောက်စရာကွေ
တာပဲ၊ သူတို့ကိုပြန်မချစ်ခဲ့တာ မျိုသိပ်နိုင်ခဲ့တာလား၊ ချစ်တဲ့စိတ်ကိုပဲ
ရင်ထဲမှာမရှိတာလား"

အနီ က ဖြေမလို့ ပါးစပ်ပြင်ပေမယ့် ...

"မျိုသိပ်နိုင်ခဲ့တာဆိုရင် နင်က ငါ့ထက်တော်တယ် အနီ၊ ချစ်တဲ့စိတ်
ပဲ မရှိခဲ့တာဆိုရင်တော့ နင့်နှလုံးသားမျိုး ငါ့မှာမရှိခဲ့တာ ငါကံဆိုး
တာပေါ့"

"မဟုတ်သေးဘူး ညို၊ ချစ်တဲ့စိတ်ဆိုတာ လူတိုင်းမှာရှိတာပေါ့
ကြောင့်လဲ ငါ့မိဘ၊ ငါ့ဆွေမျိုး ဆိုတာတွေ ခင်တွယ်စရာတွေ ရှိလာ
တာ၊ နင်ပြောသလို မျိုသိပ်ဖို့လဲမလိုဘူး၊ ချစ်တတ်ပေမယ့် ချစ်တဲ့သူ
တွေဘဲ ချစ်လို့မရဘူး၊ အဖြေက နင်ပြောတဲ့နှစ်ခုကြားမှာ ..."

"ဘာပဲဖြစ်ဖြစ် နင်က ငါ့ထက်တော်ပါတယ်၊ စည်း ကိုမဖြင့်ဖူးခင်
ကြည်သာချို့အတွက် ခံပြင်းစိတ်တွေနဲ့ ငါ တက်တခေါက်ခေါက်
ခဲ့ပေမယ့် မြင်လိုက်တာနဲ့ ငါ သူ့ကို ညွှတ်ကျသွားခဲ့တာ၊ သူနဲ့တွဲနေရ
တာ သူ့ဘက်က အလိုလိုက်သည်းခံမှုတွေမှာသာယာခဲ့တယ်၊ တကယ်
တော့ ငါက ဘာမှမဟုတ်ခဲ့တဲ့မိန်းမပဲ၊ သူ့အပေါ် မှာ အနိုင်ရနေတယ်လို့
ပြီး ရှုံးနေခဲ့တာ၊ သူ့ကိုသနားပြီး ငါချစ်တာမမှားပါဘူးလို့ သတ်မှတ်

လိုက်တဲ့အချိန်မှာ သူက ငါ့ကို သနားလို့ ကွယ်ရာမှာစုတ်သပ်နေမှာ

"နေပါဦး ညိုရယ်၊ အဲဒီလောက်ထိ နင်ထင်နေတာက သေ
မှန်နေလို့လား"

"သူ အစု နိုင်တယ်လေ၊ ငါခေါ် လိုက်တိုင်း ရောက်အောင်လာ
မယ့် မခေါ်ရင်မလာဘူး၊ အဲဒီလိုခေါ်မှလာတဲ့အဖြစ်ကိုလဲ အစက
သတိမှမထားမိခဲ့တာ၊ ခေါ် လိုက်ရင် မလာဘဲမနေရဲဘူးဆိုတဲ့အဖြစ်
ကျေနပ်နေခဲ့တာ၊ ခုကျတော့ သူ့အပေါင်းအသင်းကို ပြောဆိုမိတာ
နဲ့တင် သူ စိတ်ဆိုးသွားတယ်"

"အဲဒါ နင်ထင်နေတာလား"

"ငါ တစ်ခါဖုန်းဆက်တယ်"

ပြောရမှာလဲ ရှက်ပါတယ် ဆိုသည့်မျက်နှာလေးနှင့် ညို
တစ်ဖက်လှည့်သွား၏။ အစိတ်စိတ်ဖြစ်အောင်လှီးချထားသည့် မုန့်တွေ
ဒီတိုင်းရှိနေကာ ကိုင်ထားသည့် ဓားနှင့်ခက်ရင်းတို့ကိုလည်း မချသေး

အနီ က ညို့အဖြစ်ကိုကြည့်၍ ပြောဖို့စကားလုံး ရွေးနေမိသည်
သူမ မှာ အချိန်သိပ်မရပါ။ အထူးသဖြင့် ညိုနဲ့အတူ ဒီလောက်ထိ
သည့်အဖြစ်ကို မေမေ သိသွားလျှင် ...။

"ငါ ဘယ်လိုလုပ်သင့်လဲ အနီ၊ သူ့ကို မေ့ပစ်လိုက်ရမလား
ပြောသလို ဒီကိစ္စ သူများကမပြောလိုက်ခင် ..."

"နင်ကတော့ ဝန်မခံနိုင်ဘူးပေါ့"

ညို က ခေါင်းခါသည်။

"မလိုဘူးလို့ ငါထင်တယ်၊ စိတ်ထဲမှာ ဒါကို သူသိနေနိုင်တယ်လို့
ခံစားမိနေတော့ ..."

"ကြည်သာချို့အကြောင်း သူ့စကားထဲမှာ ပါလာဖူးလို့လား"





"ငါကပြောတာ၊ ဟိုအကြောင်းဒီအကြောင်းပြောသလိုမျိုးနဲ့ ထည့်
ပြောလိုက်တာလေ ..."

"သူ မှုပျက်သွားတယ်ပေါ့"

"မပျက်ပါဘူး၊ ငါ့ကိုစိုက်ကြည့်ပြီး ထရယ်တယ်၊ ဟက်ဟက်ပက်
ကျယ်ကြီးကိုရယ်တာ ..."

"အဲဒါ နင်က မသိသလိုနေလိုက်တယ်"

"မနေပါဘူး၊ ဘာရယ်တာလဲလို့ မေးတာပေါ့၊ သူက ကြည်သာ
ကြိုက်ခင်) နဲ့ နာမည်တူနေလို့ ရယ်တာတဲ့၊ မိန်းကလေးနာမည်လဲ
ဟုတ်ဘူးတဲ့"

"ဒါလဲ ဖြစ်နိုင်တာပဲ"

ညို က မျက်မှောင်လေးကုပ်သွားကာ ကိုင်ထားသမျှကို ပန်းက
ပြန်ချထားလိုက်၏။

"မဖြစ်နိုင်လို့ပေါ့ အနီ၊ နင်က သူ့မျက်လုံးတွေကိုမှ မမြင်ရ
လဲ ငါ့ကို စိတ်မဝင်စားတော့တာ အရမ်းသိသာနေတာပဲနော်"

"ဟော .. မဆိုင်တာတွေ လှည့်ရမ်းပြန်ပြီ"

အနီ က ပခုံးလေးတွန့်၍ရယ်သည်။ ပြီးတော့ နောက်ဆုံးလ
မုန့်တုံးလေးကို ပါးစပ်ထဲသွင်းလိုက်ပြီး ရေခဲမုန့်ပွဲကိုကိုင်၏။

ညို က ဒါကိုစိုက်ကြည့်ပြီး ဘာတွေအမိပ္ပာယ်ကောက်လွဲသွား
ည်မသိ။ မစားမသောက်နိုင်အောင် အပူလောင်ထိနေသည့် သူမ
ဖြစ်နှင့် လက်ရာမပျက်ရှိနေသော မုန့်ပွဲတွေကို ပြန်ငုံ့ကြည့်ကာ ...

"ငါ နင့်ကို တစ်ကြိမ်တစ်ခါလောက်ပဲ ဖွင့်ပြောခဲ့ပေမယ့် နင့်လို
ချင်တဲ့စိတ်တွေ အခါတစ်ရာမကဖြစ်ခဲ့ဖူးတယ်၊ ငါက ကြွေးကြော်
နောက်ဆုတ်နေတဲ့ ဘုတ်လိုပဲ နင်က မကြွေးကြော်ဘဲနဲ့ ပြောသလို

လုပ်တာ …"

"ဘာတွေလာဖြစ်နေတာလဲ ညို၊ နင်ပြောတော့ ငါ့လိုသာ စည်
ကမ်းကြီးကြီးမိဘတွေနဲ့ အချုပ်အချယ်ခံပြီးနေရရင် သေမှာပဲဆို .."

"ငါပြောတာ အဲဒါတွေမပါဘူး"

ညို က အပြင်မှာစားဖို့မှာတိုင်း ဒီတိုင်းထားပစ်ခဲ့ရသည်သာဖြ
တတ်သော ရှေ့ကမုန့်ပွဲကို တစ်ဖက်တိုးပစ်လိုက်၏။ အရည်ပျော်
သည့်ရေခဲမုန့်ကိုတော့ တစ်ချက်ပဲငေ့ကြည့်ပြီး မကိုင်ဖြစ်။

"ငါ အချိန်သိပ်မရတော့ဘူး ညို၊ နင်ဘာပြောစရာရှိသေးလဲ"

"ဘာလုပ်စရာရှိလို့လဲ အနီရာ၊ ငါက နင့်ကို ကိုကို့ဆီခေါ်သွား
က်ပေးမလို့ .."

ဩော် .. နောက်လဲတွေ့ရဦးမှာပဲ၊ ငါ မေမေခိုင်းတဲ့နေရာလဲ သွာ
တစ်ဖက် .."

ဒီတိုင်းရှိနေလို့လဲ သွားလေ .."

အ မျက်နှာလေးတင်းသွားတာကို အနီ သိသည်။ ဒါပေမယ့်
သူမ မှာင်။

သည့်အ တွေ ငါရှင်းမယ်"

"ငါ ်ငးပါနဲ့၊ ငါ မပြန်သေးဘူး"

ပြောသ င် .. နင့်ကိုကိုဆီသွားမှာဆို …"

"နင့်ဘာသာပြန်ပါ၊ ငါသွားမယ့်အချိန် ငါသိတယ်"

"စိတ်မဆိုးပါနဲ့ဟာ၊ ညနေလဲ စောင်းနေပြီမို့လို့ပါ၊ ငါလေ ..
နာအလုပ်တစ်ခု ဝင်လုပ်ချင်လို့ မေမေ့ကိုချော့နေရတာဟ၊ အဲဒါကြော
ဒီရက်ပိုင်းမှာ ပြောစရာဖြစ်အောင်နေလို့မရဘူး"

"ဘယ်ရက်ပိုင်းဖြစ်ဖြစ် နင့်ဒက်ဒီက ပထမ၊ နင့်မာမီက ဒုတိယ



ဖိုတွေရှင်းမနေနဲ့၊ သွားမှာဆိုသွားတော့ .."

ညို က သူမ လွယ်အိတ်ပေါ်မှာတင်ထားသည့် အနီ့ဖုန်းကို တွန်းချ
းလိုက်ပြီး ကိုယ့်ဖုန်းကိုယူကာ အိတ်ထဲပြန်ထည့်သည်။ ပြီးတော့
ခင်ပေါ်မှာတင်ထားလိုက်ပြီး ရေခဲမုန့်ကို ဆွဲယူသည်။ ဒါတွေက အနီ
ဖောင်းပွသွားတာတွေ သိသာအောင်ပြတာဖြစ်၏။

"အဟွန်း .. ဒွန်းနဲ့ခပ်စားမနေနဲ့၊ ရေခဲမုန့်က ပျော်နေပြီ၊ မော့
တက်လိုက်တော့ .."

ဟုပြော၍ ညို့နာခေါင်းလေးကို ဆွဲညစ်ပစ်လိုက်သည်။ ညို က
က်ကိုပုတ်ချပြီး မျက်စောင်းထိုး၍ ..

"နင်က တစ်ပွဲနဲ့မဝတာ၊ လာမော့ .. ငါလောင်းထည့်ပေးမယ်"

"နောက်မှပဲ .."

လက်လေးပြပြီး အနီ က ထွက်သွား၏။ ညို နာရီလေးကို ငုံ့ကြည့်၍
ဝိတာကောင်လေးကို လှမ်းခေါ်လိုက်သည်။ ဦးဆောင် ဆီကိုသွားဖို့
ထွက် ဝန်လေးနေတာမို့ ဟိုဝင်ဒီထွက်လုပ်နေမိခြင်းဖြစ်သည်။

ကိုကို့ကို ညို ရင်းနှီးပါသည်။ ခင်လည်းခင်သည်။ ဒါပေမယ့် ကိုယ့်
က်က မရိုးသားစွာ ဆက်ဆံရမှာတွေကိုသိနေတော့ ရှက်မိသလိုပင်။
အင်းခေါင်းခါဖို့က မာမို့ကို ချက်ချင်းကြီး အတိုက်အခံလုပ်လို့မဖြစ်။

တစ်ခါတလေ သူငယ်ချင်းလိုပဲ မာမို့ကို ပြောဆိုတိုင်ပင်ရဲပေမယ့်
သဖြစ်ပြီဆို မာမီဆူတာကို နားမခံနိုင်။ နားညည်းတာက ရိုက်တာ
က်ဆိုးသည်။

အသံကျယ်ကျယ်ဆူတတ်တာကို ကြောက်၏။ ထို့ကြောင့်
တာတူသည်ဖြစ်စေ၊ မတူဘူးဖြစ်စေ လောလောဆယ် ညို လွှန်ဆန်လို့
မိပါ။

"ဟား ..."

ခြံဝကို ကားရပ်လိုက်သည်နှင့် ညို စိတ်ပျက်စွာ ညည်းလိုက် သည်။ ခြံဝကနေ လှမ်းမြင်နေရသည့်တိုက်ကြီး၏အဝင်တံခါးတွေ ပိ ထား၏။ အထဲမှာ ဦးဆောင် ရှိမနေတာကိုသိလိုက်သဖြင့် ကားကို ဘက် ဆုတ်ဖို့ပြင်လိုက်လျှင် ...

"မိန်းကလေး .. ဘယ်သူနဲ့တွေ့ချင်လို့လဲ"

ခြံစောင့်နှင့်တူသည့်လူကြီးက တံခါးနားကို ကပျာကယာ ကပ် ၏။ ဒီခြံစောင့်ကို ညို မသိပေ။ အန်တီသန့်တို့ပြောင်းခါနီးမှ အသစ် ထ ရစ်ခဲ့သည့်လူဖြစ်လိမ့်မည်။ ထို့ကြောင့် ညို့ကိုလည်း ထိုလူကြီး လုံးဝမ

"ကိုကိုရှိလားလို့ လာကြည့်တာ၊ ကိုကိုလေ .. ဦးဆောင် .."

"သြော် .. လူလေး ခုနကပဲ ထွက်သွားတာ၊ သိပ်တော့မကြာ ထင်တယ်၊ ဘယ်သူလာတယ်လို့ ပြောလိုက်ရမလဲ"

"ညို လို့ပြောလိုက်ပါ၊ သူ့အပ်ထားတဲ့ ခန်းဆီးလိုက်ကာတွေ နေပြီတဲ့၊ အဲဒါလာပြောတာ ..."

စိတ်ကလည်းမကြည်တော့ ဒါပဲပြောပြီး မောင်းထွက်လာခဲ့သည် တစ်လမ်းလုံးမှာ မာမီ့စကား၊ မာမီ ပျာယာခတ်နေတဲ့ပုံတွေပဲ ကြ ယောင် မြင်ယောင်နေမိသည်။ ဒီလမ်းကိုလာရတဲ့အကြောင်းကလည် ဘာမှဟုတ်တာမဟုတ်ဘဲနဲ့ ...။

"ခန်းဆီးတွေပြီးနေတာ .. သူတို့ဘာသာ ဖုန်းဆက်ပြောမှာ မာမီရာ၊ မာမီက ဘာဖြစ်လို့တစ်ဆင့်တာဝန်ယူလာရတာလဲ၊ ပြော မယ်ဆိုလဲ မာမီပဲ ဖုန်းဆက်ပြောလိုက် ..."

"ဟဲ့ .. တမင်တကာ ဒီလိုဖြစ်ဖို့လုပ်လာတဲ့ဟာ၊ ဖုန်းဆက် လား။ ညည်းကိုလဲ အကြောင်းမရှိအကြောင်းရှာပြီးလာတယ်လို့ ဘယ်



မှမထင်ဘူး၊ ရန်ကုန်မှာ ဆွေမျိုးဆိုလို့ တို့တွေပဲရှိတာ၊ နွတ်၏ စောင်မ ခြင်း၊ လက်၏စောင်မခြင်း ဆိုတာမျိုးလေ၊ အဲဒါပြောရင်းနဲ့ တခြား ဘာလိုသေးလဲ လာကြည့်တာ၊ မာမီမှာတာ ဘာညာပေါ့ ..၊ ဒီမှာ ...

မာမီ့ကို ညည်းက ဦးဆောင် နဲ့နီးစပ်စေချင်လိုက်တာ ပျာနေတာ ပဲဆိုတဲ့မျက်လုံးနဲ့ မကြည့်နဲ့ သူတို့ချမ်းသာတာကို မက်တာကမက်တာပဲ၊ ဒါပေမယ့် အဲဒါ ညည်းကောင်းစားဖို့၊ မာမီတို့ စီးပွားရေးမကောင်းတော့ ပေမယ့် ညည်း သူဌေးနဲ့ညားမှ အသက်ရှူချောင်ရမှာမျိုးထိတော့ မဖြစ် သေးဘူး၊ ပြီးတော့ ဦးဆောင် က နိုင်ငံခြားဘွဲ့တွေထပ်ရထားတဲ့ ပည တတ်၊ ဘယ်နိုင်ငံ၊ ဘယ်အရပ်မှာပဲနေနေ၊ အမြဲတမ်း ဦးစီးဦးဆောင်( နိုင်မယ့်သူ၊ အဲဒါတွေကြောင့် ညည်းဘဝအတွက် သူသာ အိမ်ထော ဖက်ကောင်းဆိုတဲ့အသိ မွေးထားရမယ်၊ ပြောတာကို မေ့မပစ်နဲ့နော်၊ သေချာပြောပြထားရက်နဲ့ ဘာသံညာသံ ရှုပ်ရှုပ်ယှက်ယှက်တွေ ကြားလာ ရရင် မာမီ့အဆိုးမဆိုနဲ့" တဲ့။

သူမ အဖြစ်က ကိုယ်ထင်ရာကိုယ်စိုင်းဖို့လည်း မဖြစ်နိုင်။ မာမီ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ပေးဖို့ကလည်း သဘာဝလွန်နေသလို ခံစား နေမိ၏။

ထိုအခါ အားကိုးချင်ပါပြီဆိုမှ အေးစက်စက်ဖြစ်သွားသည့် စည်း မျက်ဝန်းတွေကိုသာ ခဏခဏမြင်ယောင်နေမိသည်။ ဒါကိုသိချင်နေ ပေမယ့် ဖွင့်မေးလို့မဖြစ်၊ အကဲခတ်လို့လည်းမရ။

သူ့ရင်ထဲမှာ ဘာတွေရှိနေပါသနည်း။

❋ ❋ ❋

## အခန်း (၁၁)

"ဟယ် .. ဒုက္ခပါပဲ"

ဈေးထဲမှာ ပျားလိမ္မော် ဘယ်မှရှာမရလို့ မေမေ့ကိုဖုန်း [illegible] ထုတ်ကိုင်လိုက်မိတာ .. ကြည့်လိုက်တော့ ကိုယ့်ဖုန်းမဟုတ် [illegible] ချက်ချင်းသိလိုက်သည်။ ဆိုင်ထိုင်တုန်းက ညို့ တွန်းပို့လိုက် [illegible] မကြည့်ဘဲကောက်ယူလာခဲ့စဉ် ဖုန်းမှားသွားခဲ့တာဖြစ်သည်။ [illegible] မို့ အနီ ဦးနှောက်ခြောက်သွားမိသည်။

အိမ်မှာနေချိန်ဆို အထူးသဖြင့် ညဘက်တိုင်း ဖုန်းကို [illegible] ယူထားတာဖြစ်သည်။ ဒီကနေ့ညတော့ နေပစေဆိုပြီး မေမေ့ကို [illegible] က ညို့ဖုန်းဖြစ်နေသည်။ ဖုန်းမှားသည့်ကိစ္စပြောရန် ညို့ကို ဆ [illegible] ကလည်း ညို့နဲ့ ဒီညနေမှာ စကားပြောထားကြတာကို [illegible] ဆူမှာသေချာသည်။

အဘက်ဘက်မှ အဆင်မပြေဖွယ်များကိုတွေးရင်း အ [illegible]





ပြန်ရောက်လာခဲ့သည်။ ခုလောက်ဆို ကိုကို ဆိုသည့်ပုဂ္ဂိုလ်အိမ် [illegible] ရှိနေနိုင်၏။

ထိုအိမ်ကို လူတွေပြောင်းရွှေ့သွားကြကာမှ ညို့ နဲ့ [illegible] သွားဖူးသည်။ ခြံစောင့်အသစ်ခေါ်ထားသည့်ကိစ္စ၊ အဆင်ပြေ [illegible] သွားကြည့်ပေးရမည်ဟုပြောကာ ဒေါ်ကေသွယ်လည်းပါသ [illegible]

ဟိုရောက်တော့ ဘယ်သူနဲ့မှလည်းမတွေ့ဘဲ အ [illegible] ထားသည့်ခြံတံခါးဝကနေ လှည့်ပြန်ခဲ့ကြရသည်။ [illegible] တွေမို့ စောင့်ရှောက်ပေးရမည်ဟု ဒေါ်ကေသွယ် [illegible] ပြော [illegible] သမျှ ခြံထဲကိုတောင် ဖွင့်မဝင်နိုင်ခဲ့တော့ [illegible] သေးသည်။

ခြံကိုကြည့်ဖို့လာပြီး 'ငါ့မှာလဲ [illegible]' ဟု မျက်နှာပျက် ပျက်နှင့်ပြောနေသည့် ဒေါ်ကေသွယ့်ပုံ [illegible] မြင်ယောင်နေမိသေးသည်။

"ဒီခြံပဲ .."

ဒီဘက်ကိုလာရင်း ဒီခြံနဲ့ဒေါ်ကေ [illegible] အကြောင်းကို တွေးလာခဲ့တာ ခြံရှေ့ကိုလွန်တော့မလိုဖြစ်သွား [illegible] တံခါး၏ဘေးဘုတ်တိုင်မှာ 'ခပယ်ငြိမ်' ဆိုသည့်ဆိုင်းဘုတ်အစိမ်း [illegible] ကိုဖတ်၍ သေချာသွားရင်း အထဲကို လှမ်းကြည့်လိုက်မိသည်။

ညို့ကားလည်း မရှိပါလား ...။

"မိန်းကလေး .. ဘာကိစ္စရှိလို့လဲကွယ်"

ဘေးကနေ ဘွားခနဲ ပေါ်လာသ [illegible] ကြောင့် အနီ တစ်ခုံ တစ်ရာပြောမလိုဖြင်လိုက်လျှင် ...

"တီ ...."

[illegible] သံမကြားလိုက်ရဘဲ ဟွန်းတီးသံ ရုတ်တရက်ပေါ်လာသဖြင့်

ခနဲ နောက်ကို လှည့်ကြည့်လိုက်မိသည်။

“ဟော .. လူလေးပြန်လာပြီ”

ခြံစောင့်ကြီးကလည်း လှမ်းကြည့်ပြောပြီး တံခါးဖွင့်ပို့ ဖွ... သွား၏။ အနက်ရောင်ကားကြီးကို စိတ်ထဲမှာသိနေသ... ...က်မိစဉ် ကားက သူမကား၏နောက်မှာထိုးရပ်သွားကာ ..

“ချာတိတ် .. ဟာ .. ဘယ်သူများလဲလို့ ...”

မျက်မှန်တပ်ထားသဖြင့် ဖြူနုနေသောမျက်နှာက ပို... သွားကာ ပိုကြီးကြည့်ကောင်းသလိုဖြစ်ပေမယ့် ဒီမျက်နှာကို... မိသည်။

ဦးဆောင် ပါဟု သူ့ကိုယ်သူမိတ်ဆက်သွားသော ... နာမည်နှစ်လုံးနှုတ်ထဲရွ ..။

သူ ဆင်းလာပြီး အနီ့ဘေးမှာ ခပ်ငုံ့ငုံ့ကြည့်၍ ...

“တို့ကို မှတ်မိသေးလား ...” 

“မှတ်မိပါတယ်”

သူက အနီ့မေးများက အညိုကွက်လေးကျန်နေ... ကြည့်ကာ ...

“မကျေနပ်လို့ အလျှော်လာတောင်းတာတော့ မဟုတ်...

“အဲဒါပြီးသွားကတည်းက ရှင့်ကို စိတ်ထဲမှာရော ... မရှိဘူး”

“ဒီလိုလား ..”

သူဘာသာပြောပြီး ပြုံးနေ၏။ ပြီးမှ တံခါးတွေဖွင့်... ဘက်ကိုငဲ့ကြည့်ကာ ...

“ချာတိတ်က ဘယ်ကိုလာတာလဲ”





“ဒီခြံကိုပဲ၊ ညီ့ ရှိလားလို့ လာကြည့်တာ ...”

“ညီ့ ...”

“ဟုတ်တယ်၊ ရှင်က ညီ့ရဲ့ကိုကိုလား”

သူက ခေါင်းညိတ်လိုက်ပြီးမှ ဘာကိုတွေးမိသွားသည်မသိဘဲ ...

“ကိုယ်တို့က ဆွေမျိုးတွေလေ၊ မောင်နှမလား၊ တူဝရီးတော် ...ားတော့မသိဘူး၊ အဲ .. ဘယ်နှစ်ဝမ်းကွဲလောက်တော်မလဲ”

ဟု မျက်နှာတစ်ချက်မော့သွားပြီးမှ ခေါင်းခါ၏။

“မသိဘူးကွ၊ ချာတိတ်က ညီ့သူငယ်ချင်းလား”

“အင်း ...”

“ညီ့ က ကျောက်မြောင်းမှာနေတာလေ”

“ဟုတ်ပါတယ်၊ စောစောကပဲ ရှင့်ဆီကိုသွားမယ်လို့ ပြောသွားတာ..”

“ဟုတ်လား .. ဘာကိစ္စပါလိမ့်”

သူတစ်ယောက်တည်းပဲ ခဏခဏစဉ်းစားတော်မူလျက် အဖြေ ...က်တာလည်းမရှိခဲ့ဘဲနှင့် ...

“အန်တီ တစ်ခုခုခိုင်းလိုက်တာထင်တယ်၊ ကိုယ် ဟိုနားခဏ ...းတာနဲ့ လွဲသွားတာ၊ လာလေ ... အထဲကို ခဏဖြစ်ဖြစ် ဝင်ပါဦး”

“မဝင်ချင်ပါဘူး၊ အနီ က ရှင့်ဆီလာတာမှမဟုတ်တာ ...”

အနီ ကပြောရင်း ကားစက်နှိုးလိုက်တော့ သူက မျက်ခုံးတွေ ပင့် ...းကာ ...

“အနီရောင်နှင်း ...”

“.... ... ...”

အနီ ကမထူးဘဲ သူ့ကိုပြန်ငဲ့ကြည့်၏။

“ဟုတ်တယ်နော်၊ နာမည်လေးကလှလို့ ခေါ်ကြည့်တာ၊ မင်း

ဘယ်မှာနေတာလဲ"

"ကိုယ့်အိမ်မှာကိုယ်နေတယ် ..."

"ဪ .. မှတ်ထားသင့်တာပဲ"

သူ ခေါင်းညိတ်လိုက်တော့ အနီ နှုတ်ခမ်းလေး ပြုံးယောင်
သွား၏။ ဘောင်းဘီရှည်အညိုရောင်၊ ကုတ်အကျႌအနက်နှင့် သူ့ပုံ
မှန်ထဲမှာထပ်ကြည့်ဖြစ်ရင်း ထူးဆန်းစွာ တိုက်ဆိုင်နေခြင်းကိုလ
အံ့ဩမိ၏။

ဒီလူနဲ့ ခုလိုမျိုး ရင်းနှီးဖို့သင့်သည့်ရှုထောင့်ကနေ တစ်စုံတ
တိုက်ဆိုင်မှုနှင့် ထပ်ဆုံရလိမ့်မည်ဟု မထင်ခဲ့ပေ။

ထိုနေ့က အနီ ကားပြန်လှည့်လာခဲ့သည်အထိ သူ ကားပေါ် မတ
လက်ပြရပ်နေတုန်း ...။

ခင်လည်းမခင်ဘဲနဲ့ ...။

❋ ❋ ❋



## အခန်း (၁၂)

"သူကတော့ မာနကြီးမယ့်ပုံလေးပဲ၊ တို့ကတော့ ခင်တယ်၊ ညည်း
၁ သူငယ်ချင်း သူတစ်ယောက်ပဲရှိတာလား"

"ဟုတ်တယ်၊ အခင်ဆုံးဆိုတာတစ်ယောက်ပဲရှိကြတာဥစ္စာ၊ ကိုကို
၁ တစ်ခါနှစ်ခါပဲဆုံဖူးတယ်ဆိုပြီးတော့ တော်တော်ရင်းနှီးတဲ့ပုံပဲ"

"တို့က ခင်သွားတာပါ၊ ဆံပင်ရှည်ရှည် အရပ်မြင့်မြင့်လေးနဲ့ လူပုံ
လေးကယဉ်စစနဲ့ မျက်နှာကျတော့ မှုန်ကုပ်ကုပ်ဂျစ်ကန်ကန်ပုံလေး"

ပြောပြီးရယ်လိုက်တာကို ညို က မသိမသာလေး စိုက်ကြည့်သည်။
ကို သဘောတွေကျနေတာ ရိုးမှရိုးရဲ့လား ..။

"ချိုင့်ကြီးကိုင်ပြီး ဘာလုပ်နေတာလဲ ညို၊ ထိုင်လေ ..၊ ဘာလဲ
နီနီ့ခေါက်ဆွဲလာပို့တာဆိုပြီး ပြန်ယူသွားတော့မလို့လား"

"ကိုကိုကလဲ .."

ချိုင့်ကို အရင်ချထားလိုက်သည်
ညို က မျက်နှာလေးမော့ရယ်ပြီး ချိုင့်ကို အရင်ချထားလိုက်သည်
"ခန်းဆီးလိုက်ကာတွေ စုံပြီလား ကိုကို၊ အပေါ် ထပ်မှာရော.."
"စုံပြီလေ၊ သူတို့ပဲ လာတပ်ပေးသွားတာ၊ မနေ့ကတောင် အ
လာကြည့်သေးတယ်၊ အဆင်ပြေပါတယ်တဲ့"
"မာမီအဆင်ပြေဖို့ထက် ကိုကိုသဘောကျဖို့လိုတာ မဟုတ်
လား။ ညို က ကိုကို့ကိုမေးတာ ..."
"ဟုတ်တယ်လေ၊ ဒါပေမယ့် အဲဒီဗာဟိရတွေကို စိတ်ဝင်စား
မရဘူး၊ အိမ်မှာလိုအပ်တာဆို ဝယ်ထည့်မယ်၊ အပြင်မှာ အလုပ်
အတွက် အခြေကျဖို့ ကြိုးစားရတယ်၊ စိတ်က အဲဒီနှစ်ဖက်စွန်းမှာ
နေတာ၊ လှတာမလှတာ၊ ဖြူတာနီတာတွေကိုတော့ မော့ကြည့်
မရဘူး"
ဦးဆောင် က အသစ်စက်စက်ရေခဲသေတ္တာကြီးထဲက အချိုရည်
နှစ်ဘူး ထုတ်ယူလာပြီး ညို့ကို တစ်ဘူးပေးသည်။ ညို က လှမ်းယူ
ထိုင်လိုက်ကာ ...
"ကိုကိုစားသောက်ဖို့ရော .. ဆိုင်မှာပဲလား"
"အဲဒါက မာမီစီစဉ်ပေးထားတယ်၊ ခုတော့ အဆင်မချောသေ
ပေါ့ကွာ၊ စားသောက်တာလဲ တို့ ဒီစာမကြောင်ပါဘူး။ ဖြစ်တယ်"
"ကိုကိုကလဲ .. ဖြစ်တယ်ဆိုတာချည်းပဲ၊ အန့်တီသန့်က တ
ရပ်ခြားကနေ လှမ်းပြီးစီစဉ်ပေးနေရတာ၊ ကိုကို့ဘာသာ ဒီမှာ ချက်
ရှာဖွေပ်ဖို့ လူရှာပါလား"
"ဪ .. အချိန်မရပါဘူးဆို့မှ၊ ပြီးတော့ ဟိုတုန်းကတည်းက
စီစဉ်ပေးခဲ့တဲ့အတိုင်းပဲ ကိုယ်နေခဲ့တာ ပုံစံကျနေပြီ"
ညို က အချိုရည်ဘူးကိုဖောက်လိုက်ပြီး နှုတ်ခမ်းလေး



"ကိုကို မိန်းမရရင်တော့ ခက်ဦးမှာပဲ"

"ဘာဖြစ်လို့လဲ"

ဦးဆောင် က ညို့ရှေ့မှာဝင်ထိုင်ပြီး မေးဆတ်မေးသည်။ အချိုရည်ဘူးကိုဖွင့်ပြီးမှ မသောက်သေးဘဲ ညို ပြောလာမှာကို နားစွင့်နေလျက် ...

"ပြောလေ .."

"ဘာဖြစ်ရမှာလဲ၊ အဲဒီလို မိဘလွှမ်းမိုးမှုအစွန်းရောက်နေတဲ့ ယောကျ်ားမျိုးကို မိန်းကလေးတွေက သဘောမကျဘူး၊ ညားသွားကြရင်လဲ အဆင်ပြေမှာမဟုတ်ဘူး"

"မိန်းကလေးတွေလို့မပြောနဲ့၊ တချို့မိန်းကလေးတွေပါ"

ဦးဆောင် က စကားဖြတ်ပြောပြီး တစ်ကျိုက်မော့သောက်၏။ ထို့နောက် ဘူးကို စားပွဲပေါ်မှာ ချထားလိုက်ကာ ...

"ပဲကြီးထဲမှာ ပဲနောက်ရောလို့မရဘူးလေ၊ အမြဲတမ်း လွတ်လပ်စွာ ကြီးပြင်းလာခဲ့တဲ့ မိန်းကလေးတချို့ .. ဥပမာကွာ ... မိဘက အလိုလိုက်ထားလို့ဖြစ်ဖြစ်၊ အကြောင်းတစ်မျိုးမျိုးနဲ့ဖြစ်စေ ဆုံးမပဲ့ပြင်မှု လျော့နည်းလာခဲ့တော့ လွတ်လွတ်လပ်လပ်နေလာခဲ့တဲ့ အကျင့်တွေဖြစ်လာမယ်၊ မိဘထိန်းချုပ်မှုနဲ့ ကြပ်ကြပ်မတ်မတ်နေလာခဲ့တဲ့ ယောကျ်ားလေးတချို့နဲ့ ပေါင်းဖက်ဖို့ဆိုရင် မဖြစ်နိုင်တာတွေ အများကြီးရှိလာမှာပေါ့၊ အခြေခံစရိုက်သဘာဝကိုက မတူဘူး လေ၊ မတူတာချင်းက တွန်းကန်တာပဲရှိတယ်၊ ပေါင်းစည်းလို့မရဘူးကွ"

"ကိုကို .. ဒီအသက်အရွယ်လဲရှိနေပြီ၊ အဲဒီလိုရွေးချယ်မှုတွေနဲ့ အိမ်ထောင်ဘက်ရှာနေရင်တော့ ကိုကို့အတွက် အရမ်းရှားမှာပဲ"

"ရှားပါးခြင်းကလဲ တန်ဖိုးပဲ၊ အိမ်ထောင်ပြုဖို့ဆိုတာလဲ အသက်


ရွှေသမင်စာပေ

ကယ်ဆေးဆရာလို ဖြူးဖြိုးပြီး အမောဆိုအောင် ရှာဖို့မှမလိုတာ
လောဆယ်တော့ အဲဒီပြဿနာက ခေါင်းထဲမှာ ရှိကိုမရှိတာ ...”

ပြောသမျှစကားတွေကြောင့် ညို့ရင်ထဲမှာ ထိခိုက်ရှနာတ
ကုန်ပါပြီ။ ကိုကိုပြောသွားတဲ့စကားတွေကို အသံဖမ်းပြီး မာမီ့ကို
ထောင်စေချင်သည်။

ဒီသားအမိတွေနဲ့ မာမီ ဘယ်လိုဆွေမျိုးတော်ခဲ့တာလဲ၊ နှော
ဆွေမျိုးတော်ဖို့ ကြိုးစားနေတာရော လွယ်ကူမယ်ထင်လို့လား။

ညို့ ကတော့ ဆောရီးပါ မာမီ၊ ဒီအမေနဲ့ ဒီသားကလွဲပြီး
လောကလုံးမှာ ဆွေမျိုးတော်စရာမရှိတော့ဘူးဆိုရင်တောင် ...

❋ ❋ ❋





## အခန်း (၁၃)

“သူဌေးရုံးခန်းကို သွားလိုက်ပါ”

အင်တာဗျူးအောင်မြင်သွားပေမယ့် မပြီးသေးပါလား ..။ ရှေ့က
သူတွေ မေးသွားကြတာကို ကြားထားသဖြင့် စက်လှေကားအတိုင်း
တက်သွားရင် ညာအစွန်ဘက်က ကော်ရစ်ဒါအဆုံးခန်းဆိုတာကို သိထား
ခဲ့သည်။

ထို့ကြောင့် စာရွက်စာတမ်းတွေ ပလတ်စတစ်အိတ်အထူလေးထဲ
မြန်ထည့်ပြီးထွက်လာခဲ့၏။ နားထဲမှာ မေမေပြောတာတွေကို သတိရ
လိုက်တော့ သက်ပြင်းရှိုက်မိသည်။

“မေမေတို့က အငြိမ်းစားဝန်ထမ်းတွေဆိုပေမယ့် သမီး အလုပ်
ထွက်လုပ်ရလောက်အောင် မဆင်းရဲသေးဘူး၊ ဘယ်ခေတ်ထဲမှာပဲ နေနေ
မိန်းကလေးဆိုတာ အထူးထိန်းသိမ်းဆင်ခြင်ရမယ့်ဘက်မှာပဲ ရှိခဲ့တာ၊
သမီး အလုပ်လုပ်မှာကို မေမေ လုံးဝမကြိုက်ဘူး”

"ကဲ .. ,လုပ်ပါစေကွာ၊ နေ့ရှိသရွေ့ ဒါလုပ်ချင်လို့ နားပူနား
လုပ်နေတဲ့ကိစ္စ၊ သူ ဝါသနာပါတဲ့အလုပ်ကို လုပ်တော့လုပ်ကြည့်ရ
ယျေ့ လူငယ်တွေရဲ့ သိချင် တတ်ချင်တဲ့စိတ်ကို တားဆီးရတာ ပျို့
တွေကို ကိုယ့်အိတ်ထဲ သုံ့ထည့်နေသလိုပဲ၊ အိမ်ဆူတာယ်ကွ"

ဖေဖေ ဝင်ပြောတော့မှ မေမေ ငြိမ်သွားခဲ့၏။ အနီ တို့မှာ မချမ်
ပေမယ့် မိသားစုသုံးယောက် အသုံးအဖြုန်းမများဘဲ ဒီတိုင်းတစ်သ
ထိုင်စားသွားရလောက်အောင်တော့ ပြည့်စုံပါသည်။

ဒါပေမယ့် ကိုယ်က စတီတ်ကျောင်းသူလေးမှမဟုတ်ဘဲ
ကျောင်းပြီးလို့မှ သင်တန်းတွေ လျှောက်တက်နေခဲ့တာ .. လိုရ
ပညာတွေလည်း ပြည့်စုံသလောက်ရှိနေပါပြီ။

ဒါတွေကို အသုံးချချင်သည်။ အိမ်မှာ ဖေဖေတို့ မေမေတို့
အပြင် သူမ ရှာဖွေထားတဲ့ဝင်ငွေလေးလည်း ရှိစေချင်မိ၏။ ထို
အလုပ်နဲ့အိမ်ပဲဖြစ်နေသည့်စိတ်မှာ အရောအားလုံးက သူ့အလိုလို
ချမ်းသွားမှာဖြစ်သည်။

မေမေ မကြည်ဖြူဘဲ အလုပ်လုပ်ရမှာမို့ စိတ်ထဲမှာလေး
မယ့် ဒီလိုတွေးပြီးဖြေသိမ့်ကြည့်လိုက်တော့လည်း မဆိုးပါ။

အနီ လှေကားထိပ်ကနေ ကော်ရစ်ဒါအဆုံးကို ခဏရပ်
လိုက်မိ၏။ ထိုစဉ် ဘေးကတံခါးတစ်ချပ်ပွင့်သွားကာ လူတစ်ယေ
လှည့်ထွက်လာသည်ကို အနီ မြင်လိုက်ပြီး ရှောင်ချိန်မရလိုက်၊

"အမလေး ..."

"ဟာ .. ကျွပြီ"

သူ့ကိုယ်ကြီးနဲ့တိုက်မိကာ အနီ ကိုယ့်ကိုယ်ကို လှေကားထိပ်
ထွမ်းထိုးကျပြီဟု တွက်လိုက်မိသည်။ ရင်ထဲမှာ လှပ်ခနဲ အေးစိမ့်သွ



လှသဘာဝအတိုင်း လက်က ဆွဲမိဆွဲရာကို ဖမ်းဆုပ်ပစ်လိုက်၏။

သူ့ဆွဲကိုယ်ဆွဲနှင့် ဖက်ထားမိကြကာ လှေကားအတိုင်း ဘယ်
နှစ်ထစ်လောက် လိမ့်ဆင်းသွားမှန်းမသိ။

"အား ..."

"အင့် .."

လက်ရမ်းမှာ သူ ဖမ်းဆွဲထားလိုက်သဖြင့် သူ့ခါးကို အတင်းဖက်
ထားသည့်အနေအထားနှင့် အနီ က သူ့အောက်အနိမ့်ဘက်မှာ ...။

"အနီ ..."

"စည်း ..."

နှုတ်ဆက်ကြတာမဟုတ်ဘဲ နှစ်ယောက်စလုံးအံ့သြကာ အပြန်
အလှန်ခေါ် လိုက်မိကြ၏။ လက်တွေလွှတ်ဖို့လည်းမေ့နေကြကာ မျက်လုံး
တွေပြူးနေကြ၏။

"အား .. ခဏ ..."

"ဟင် .. ဆောရီး ..."

စည်း ရှုံ့မဲ့သွားမှ အနီ တအားဖက်ထားမိသည့်လက်တွေကို လွှတ်
၍ လက်ရမ်းကိုကိုင်သည်။ ပြီးတော့မှ မတ်တတ်ရပ်နိုင်၏။

"မင်း ဘယ်ထိသွားသေးလဲ"

"ဟင့်အင်း .. ရှင်ရော ..."

"ရတယ်၊ လက်မောင်းတွေ နည်းနည်းအောင့်သွားတာ ..."

"တော်သေးတာပေါ့၊ လက်ရမ်းကိုဖမ်းဆွဲရင်း မမိတမိနဲ့ကျလို့၊
လက်လွှတ်ခြေလွှတ်ကျရင် ဆေးရုံတောင်ရောက်မှာမဟုတ်ဘူး"

"ဆောရီး ... ကိုယ် အလောတကြီးထွက်လာလိုက်တာပါ၊ ဒါ
လှေကားထိပ်ကအခန်းဆိုတာကို မေ့သွားတယ်"

စည်း မျက်နှာက ခပ်မဲ့မဲ့ရှုံ့တွနေဆဲ ..။ လက်မောင်းလို့ပြောပေ
ရင်ဝကိုထောက်နေတာလည်း မြင်ရ၏။ အနက်စင်းပါသည့် အ
ရှပ်လက်တိုနှင့်၊ ဘောင်းဘီအနက်က ဖြူဝင်းနေသည့်သူ့မျက်နှ
ကာလာရင့်အောင် ဆဲလိုက်ထိုးပေးထားသလိုပင်။

အနီ သူ့ကို တအားဖက်ထားမိသည့်အဖြစ်ကြောင့် ရှက်လည်း
သည်။ ဒီလူနဲ့ နောက်ထပ်ဒီလိုဆုံရပြန်ပြီဟု မကျေမနပ်တွေးမိရ

"ယူက ဒီမှာဘာလာလုပ်တာလဲ"

"ဟင် ..."

သူက အနီ့ကို တွေခနဲပြန်ကြည့်၍ ခဏငြိမ်သွား၏။ ပြီးမှ

"ဒီမှာ MD က ကိုယ့်ဦးလေး .."

"ဦးလေး .."

ဆိုတာကို အသံမထွက်ဘဲလိုက်ရွတ်ရင်း အနီ စိတ်ပျက်သွား

"မင်း အလုပ်လျှောက်ထားတာလား"

"ဟုတ်တယ်၊ ဒီအလုပ်က ရှင်နဲ့ပတ်သက်နေမှန်း ခုမှသိတာ

လှေကားထိပ်ကိုပြန်ရောက်ကြတော့ စည်း က လက်မော
နှိပ်နေဆဲနှင့် လှည့်ကြည့်၏။

"ဘာဖြစ်လို့လဲ၊ ကိုယ်နဲ့ပတ်သက်နေတော့ ..."

ဦးလေးမဟုတ်ဘူး၊ အဲဒါ ကိုယ့်အဖေ လို့အသံတိတ်ပြောရင်း
က အနီ ဖြေမှာကို စောင့်နေ၏။ အနီ က ဘာမှမသိဘဲ မျက်နှာ
ပျက်လျက် ...

"အဲဒါမသိဘူး၊ ရှင်တို့အုပ်စုကို ကြည့်လို့ကိုမရတာ၊ အဲဒါ
မပတ်သက်ချင်ဘူး"

စည်း မျက်နှာထက်မှာ မချိုမချဉ်အပြုံးတွေ ပြန်ပေါ်လာ



"အဲဒါကိုက ထူးဆန်းနေတာ၊ သူများတွေဆိုရင် မိန်းကလေး၊
ယောက်ျားလေးအဖော်တွေ တည့်ကြတာပဲ၊ အနီနဲ့ညီက သိပ်မခင်ကြ
လို့လား"

"အဲဒါ ရှင့်အလုပ်မဟုတ်ပါဘူး"

ပြောပြီး အနီ က ရှေ့ကိုလှမ်းကြည့်လိုက်၏။ ကော်ရစ်ဒါ ထိပ်ဆုံး
အခန်းမှာ ကုလားထိုင်တွေနှင့် မိန်းကလေးသုံးယောက် ထိုင်စောင့်နေ
ကြတာကို မြင်ရကာ နောက်ထပ်နာရီကြည့်တော့ ...

"ဘာလဲ၊ ကိုယ့်ကြောင့် လှည့်ပြန်တော့မလို့လား"

"ဘာလို့ပြန်ရမှာလဲ၊ စိတ်ကိုမဝင်စားဘူး"

အနီ သူ့ကို မျက်စောင်းမထိုးဖြစ်ပေမယ့် မျက်နှာ ဆတ်ခနဲ လွှဲပစ်
လိုက်တော့ တူသွားသည်ထင်၏။ ပြီးတော့ ဖားလျားချထားသည့် ဆံနွယ်
တွေ လွှန့်ခနဲ ဝေ့သွားတာကို စည်း က လိုက်ငေး၏။

လိုက်ဖက်ခြင်းမရှိဘဲ သူငယ်ချင်းတွေဖြစ်နေကြသည့်နှစ်ယောက်
ကိုလည်း စိတ်ကူးထဲမှာ ယှဉ်ကြည့်မိ၏။ လူချင်းမပြောနဲ့၊ နာမည်
ချင်းကိုက သပ်သပ်စီ ..။

အနီရောင်နှင်းနှင့်သစ်ခင်ညို ...။

ဒါပေမယ့် တူတော့တူနေကြသည်။ ဘာမှန်းမသိ ...။

❋ ❋ ❋

## အခန်း (၁၄)

"မရဘူး ကို..၊ ကို ခုလာကွာ..၊ ဒီမှာ ညို တစ်ယောက်တည်း..'

စိတ်တိုသွားသဖြင့် ကိုယ့်အသံတော်တော်ကျယ်သွားမှ

ကိုသတိရသည်။ မတွေ့တာကြာပြီမို့ ပြောချင်တာတွေထဲမှာ

တာတွေရော၊ ကျေနပ်ဖို့ကိစ္စတွေရော အများကြီးရှိသည်။

သူပြန်ဆက်သွယ်တာကိုမစောင့်ဘဲ လှမ်းခေါ်လိုက်ခြင်းဖြစ်၏။

'အိုခေ' ဆိုသည့် ပြောနေကျအသံကိုကြားရပြီး စည်း က

သွား၏။ ဒါဆို ဆိုင်မှာထိုင်ဖို့ အဖော်လိုပြီဖြစ်၏။ စည်း က လာ

ပြောပြီးရင် မကြာတတ်ပေမယ့် ရောက်လာပြီးမှ ထပြန်သွားတတ်

တွေက ခဏခဏ။

ဒါတွေဟာ ဟိုအစကတော့ ညို ပေးခဲ့တဲ့ဒဏ်ရာတွေပါ။

ဘတ်ထဲမှာ ဒီဒဏ်ရာတွေ ရှိနေမနေ မသိနိုင်ပေမယ့် သူ အခု

သမျှကတော့ ညို့ရင်ဘတ်ကြီးနဲ့တစ်လုံးပါပဲ။

"ဟလို ..."





ညို အနီ့ဆီကိုဖုန်းခေါ်လိုက်တာ ဒေါ်တမာခက်အသံဝင်လာတော့ ထိတ်ခနဲ ဖြစ်သွားသည်။ အနီ့ဆီမှာ ဝင်ထွက်ခဲ့ဖူးသော်လည်း အခါတိုင်းမှာ ဒေါ်တမာခက် ကြုံဆိုပုံက လှိုက်လှဲပျူငှာတာ မရှိခဲ့ပေ။

"ထိုင် .. သမီး ..."

"ပြန်တော့မလား ..."

"အေး .. ကောင်းပါပြီ"

အနီ့အိမ်ကိုရောက်သွားတိုင်း ဒေါ်တမာခက်ဆီက ကြားရတတ်တာ ဤစကားမျှလောက်သာ ..။ နှုတ်မှဖွင့်ဟမပြောသည့်တိုင် မလိုလားခြင်းကို ညို့စိတ်ထဲမှာ အလိုလိုခံစားမိခဲ့၏။

ခုနောက်ပိုင်းမှာ အနီ့ပုံစံပြောင်းလဲသွားတာလည်း သူ့အမေဖြစ်သည့် ဒေါ်တမာခက်နှင့် တစ်ခုခုသက်ဆိုင်နေနိုင်မှန်းလည်း တွက်သိထားသောကြောင့် ...

"ဟို .. အန်တီ .. ခဏ .. ညို ပါ"

"အင်း .. သိတယ် သမီး .. ပြော ..."

သူမ ထံမှ သမီး လို့ခေါ်သံဟာ တခြားသောနှုတ်များတို့မှ ခေါ်ကြသော သမီး ဆိုတာနဲ့ မတူတာလည်း ထပ်၍သေချာနေပြန်သည်။ ညို ပင့်သက်ရှိုက်၍ အားယူသည်။ ပြီးမှ ...

"အနီနဲ့ စကားပြောချင်လို့ အန်တီ၊ အနီ ရှိလားဟင် .."

"မရှိဘူးကွယ့်၊ သူ အလုပ်ဆင်းနေပြီ"

"ရှင် ..."

"ဟုတ်တယ်၊ ဖုန်းယူသွားရင် အနှောင့်အယှက်ဖြစ်လို့ဆိုပြီး သူ ကိုယ်တိုင်ထားသွားတာ ..."

"ဖုန်းဆက်မိတာ ငါ့အပြစ်" ဟု ရင်ထဲမှာ အကျယ်ကြီး အော်ပစ်မိ

သည်။ ဟိုဘက်က ချသွားပြီးတဲ့အထိ ဖုန်းကိုင်ထားရင်း ရင်ထဲမှာ တ
ကျပ်နေခဲ့၏။

အနီနဲ့သူမ ကြားမှာ ကွာဟချက်တွေ ရှိနေသည်လား၊ ရှိနေတ
ဆိုလျှင် အဲဒါက ဘာလဲ ..။ အနီ က ရည်းစားမထားဘဲနေပြီး သူမ
ရည်းစားထားတာကို အပြစ်လို့ဆိုလျှင် ...

"ဟိတ် ..."

"ဟင် .. ကို ..."

စည်း က ကျားသစ်ပြောက်ဒီဇိုင်းနှင့် ဆွယ်တာလက်ရှည် နက်
ရင့်ကို ဝတ်ထား၏။ ဘောင်းဘီရှည်နက်ပြာအပြင် ဖြူဖပ်ဖပ် ပြာလဲ့
ဂျင်းလက်ပြတ်ခါးတိုကို ထပ်ဝတ်ထား၏။

သူ့မှာ အပေါ်ထပ်အင်္ကျီတွေ ဘယ်လောက်များနေသည်
မသိ။ ဘာပဲဝတ်ထွက်လာလာ အပေါ်က ထပ်ဝတ်မလာဘူးဆို
မရှိပေ။ ပြီးတော့ အထဲအပြင် အပေါ်အောက်ကာလာတွေက ဒီနိုင်
တစ်ယောက်ယောက်က စီစဉ်ပေးထားသည့်အတိုင်း ..။

"ဘာကြည့်နေတာလဲ၊ ဘာမှလဲမမှာရသေးဘူး .. ကျွတ် .. ကျွ
ညို့ကိုပြော၍ ဗိုက်တာကို လှမ်းခေါ်သည်။ မှာလိုက်တော့ ကို
နှစ်လုံး ..။

"ကိုလာက ဘယ်သူ့သောက်မှာလဲ"

"ညို့နဲ့ကိုယ်လေ .."

"ညိုက ကိုလာမှမကြိုက်တာ၊ ကိုလဲ မကြိုက်ဘဲနဲ့ ..."

"ကိုယ်က အခုကြိုက်သွားပြီ၊ မင်းလဲ ကိုယ့်လိုများ ပြောင်
သွားမလားလို့ .."

ညို စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ စည်း ကို စူးစိုက်ကြ





၏။ စည်း မျက်နှာက ဝိုး၍ ဖြူဝင်းချောမွေ့နေသလို ပြုံးနေပုံကလည်း
ဘယ်လိုအမှောင့်ပယောဂမှထင်မနေ။ ဒီကြားထဲရက်တွေမှာ သူနဲ့
ခေါ်ဖြစ်ကြလို့လား ..၊ ထိုပြင် မခေါ်ဖြစ်နိုင်အောင် ပြဿနာရှာ
တာကရော ဘယ်သူလဲ ..။

ခုတော့ အဆင်မပြေတာ ဘာမှမရှိခဲ့ဖူးသည့်ချစ်သူတွေလို သူ
မျက်နှာက ကြည်မွေ့နေလျက် ..

"မင်းဖုန်းဆက်တော့ ကိုယ် ဒီရှေ့က စီးတီးမတ်ထဲမှာ .."

"ဟင် ..."

မှန်ချပ်ကနေ လှမ်းမြင်နေရသည့် လမ်းတစ်ဖက်က နှစ်ထပ်တ
ကလေးကို ကြည့်လိုက်မိသည်။

"အဲဒါကြောင့် မင်းရှေ့ကို ခဏလေးနဲ့ရောက်လာတာပေါ့"

ခဏလေး ဆိုပေမယ့် ဟိုဘက်ကနေ ဒီဘက်ကိုကူးလာရုံပဲဟာ၊
ဒီလောက်ကြာသင့်လို့လား .. တွေးမိလိုက်ပေမယ့် ညို ဘာမှမပြောဘဲ
နေလိုက်သည်။

"တစ်ခုခုပြောချင်လို့မို့လား၊ ပြောလေ ..."

သူက မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပြီး မျက်ခုံးပင့်၍မေးလည်း
ဆတ်၏။ ညို က သူ့မျက်နှာကိုစိုက်ကြည့်နေဆဲနှင့် ကိုင်ထားသည့်ဖုန်း
ကို စားပွဲပေါ် ချထားလိုက်သည်။

"ကို တစ်နေရာရာကိုများ ခရီးထွက်နေသလားလို့ သိချင်တာနဲ့ပါ"

"ဇင်ရော် ဆိုတဲ့ကောင်မလေးကို တို့အကြောင်းသွားမေးတာ အဲဒီ
မေးခွန်းမပါဘူးထင်တယ်"

"ဟင် ..."

ညို မျက်နှာပျက်သွားသည်။ ဇင်ရော်နဲ့စည်း မသက်ဆိုင်ကြတော့ဘဲ

ဒီသတင်းရောက်သွားတော မြန်လှချည်လား ..။ စည်း က ညို့ မျက်ဝန်း
တွေကိုအကဲခတ်ရင်း အအေးပုလင်းတွေရောက်တာကို လှမ်းယူလိုက်
"ခင်ရော်က ဖေဖေ့မန်နေဂျာရဲ့ သမီး .."
"မဟုတ်တော့တာ ကြာပြီဆို ..."
လှတ်ခနဲ မေးလိုက်ပြီးမှ စည်း ပြုံးလိုက်တော့ မျက်နှာပူသွားမိသည်
"ဟုတ်နေတဲ့ကာလထဲမှာ တို့နဲ့ကြည်သာချို ငြိခဲ့ဖူးတယ်လို့ ကြွ
ပြီး မင်း စုံစမ်းလိုက်တာမဟုတ်ဘူးလား၊ ပြီးတော့ နောက်တစ်နေ
ခင်ရော်က အရမ်းလှတော့ တို့နဲ့ ဘာလိုလိုတွေကြားထားတာရှိပြီး အဲ
ကိုလဲသိချင်တာ ..."
"ဒါကတော့ ကို မှားနေပြီ"
"ဟိုဟာကတော့ မှန်သွားတယ်ပေါ့"
ညို့ ဘာမှမပြောဘဲ ငြိမ်သွားသည်။
"အန်ကယ်ဦးမင်းရောင်က ကျန်းမာရေးကြောင့် တစ်နှစ်နီး
အလုပ်နားလိုက်ရတာ၊ သူနားနေတုန်း ခင်ရော်က ဝင်ကူတာဆို
တို့ကလဲ ဖေဖေ့အလုပ်တွေထဲ ဝင်ဝင်ပါရတော့ ရင်းနှီးနေကြတယ်
အန်ကယ်ဦးမင်းရောင် အလုပ်ပြန်ဆင်းတော့ ခင်ရော် ပြန်ဖယ်သွား
မင်းထင်နေတာလား"
ဟုတ်တယ် လို့ဖြေနေတာမျိုး ညို့ က တိတ်ဆိတ်နေခဲ့၏။
"ကြည်သာချို ကိုယ့်အိမ်အထိပါလာဖူးတော့ ဘယ်အဆင့်
ဆိုတာကို မင်းသိချင်တာ .."
"အဲဒါလဲမဟုတ်ဘူး၊ ခင်ရော်နဲ့ မထင်မှတ်ဘဲ ခင်သွားပေမယ့်
တွေ မေးမြန်းရလောက်တဲ့အထိ မရင်းနှီးကြဘူးကို၊ မေးဖြစ်သွားတာ
လဲ သူက ချို့နဲ့ကို့အကြောင်း စပြောတာ၊ အတင်းပြောတာမဟုတ်





အကြောင်းတစ်ခုပြောရင်းနဲ့ပါလာတာ .."
"ဆက်ပြောပါ ညို့၊ မင်းပြောလို့ပြီးအောင် ကိုယ်စောင့်မယ်"
"ဆက်ပြောပါ ညို့၊ မင်းပြောလို့ပြီးအောင် ကိုယ်စောင့်မယ်"
စည်းရဲ့မျက်ဝန်းတွေထဲမှာ အေးစက်ခြင်းတို့ အပိုဆောင်းလာ၏။
အစကတည်းက အပြစ်ရှိထားခဲ့သည့် ညို့ ရင်ခုန်သံတွေ မြန်လာသည်။
ဒီမေးခွန်းတွေမေးနေပြီဆိုတော့ ချို့အတွက်နဲ့ ညို့ သူ့ဆီကို ရောက်လာ
ခဲ့တဲ့အကြောင်းကို သိသွားပြီလား ..။
စိတ်တွေ ကယောက်ကယက်ဖြစ်လာခဲ့ရင်းနှင့် ...
"ယောကျ်ားလေးတွေစုမိရင် မိန်းကလေးတွေအကြောင်းပါသလို
ညို့တို့မိန်းကလေးတွေလဲ အတူတူပဲလေ၊ အဲဒါ ကို့အကြောင်း မေးလိုက်မိ
တာ ဘာဖြစ်သွားလို့လဲ၊ ကို့ဘက်က ရိုးသားရင် ..."
"ဟား ဟား ...."
ဟားတိုက်ရယ်တာမျိုးမဟုတ်ဘဲ စည်း က မျက်နှာမော့၍ ခပ်
ကျိတ်ကျိတ်ရယ်သည်။
"ညို့ .. မင်းဘက်က ရိုးသားတာ မရိုးသားတာလဲ ကိုယ်တစ်ခွန်း
တစ်ပါဒမှ မမေးမြန်းခဲ့ဖူးဘူး၊ မင်းလဲ ..."
"ဒါကတော့ စိတ်ဝင်စားရင် မေးချင်ကြတာပဲ၊ ကို က စိတ်မဝင်စား
လို့ဖြစ်မှာပေါ့"
"ကိုယ်လား၊ ကိုယ့်ကိုကိုယ်တောင် စိတ်မဝင်စားဘူး"
"ဘာ ..."
"မင်းစိတ်ဝင်စားတတ်ရင် ကိုယ့်ကိုကိုယ်နားလည်အောင်ပဲ ပြန်
ကြည့်ပါ ညို့၊ တစ်ခါတလေ ကိုယ့်ရဲ့စိတ်က ကိုယ့်ကိုပြန်ပြီးလှည့်စားတာ
တွေ ခံရတတ်တယ်၊ 'လွတ်တဲ့ငါး ကြီးတယ်' ဆိုတဲ့ စကားပုံတွေနဲ့
သက်ဆိုင်မယ်ထင်တယ်၊ ကိုယ်မက်မောနေရက်နဲ့ တန်ဖိုးထားရကောင်း

မှန်းမသိတာတွေ၊ မဝါးချင်ဘဲဝါးပြီး ခံတွင်းပျက်တာမှန်းမသိ၊ အရ

တာကို ရှိမှန်းမသိ၊ သူများကောက်ယူသွားမှ ပြန်တောင်းချင်၊ သူမှ

နေတာမြင်မှ သွားရည်ယို ...”

စည်း က အပြုံးအရယ်ကင်းစွာ ပြောနေပြီးမှ မဲ့ပြုံးနှင့်စိုက်ကြ

“မင်းနဲ့ကိုယ် ငြိမ်းချမ်းကြဖို့က မင်းစိတ်မပြောင်းလဲဖို့လိုတ

“ကို ဘာပြောတာလဲ”

“ကိုယ်ကတော့ အရင်အတိုင်းပဲလေ၊ မင်းကိုလဲ တွေ့စကအ

ပဲရှိစေချင်တာ ...”

တွေ့စက ညို သူ့ကိုမှမချစ်ဘဲ။ ဒါဆို အခု သူ့ကို တိမ်းညွတ်

အလျှော့ပေးလိုက်ရတာတွေကို သူသိနေတယ်ပေါ့။

“အခု ပြောစရာရှိလို့ ညို ကချိန်းတာ၊ ပြောတော့ ကို

ပြောသွားသလိုပဲ

“စပ်မိစပ်ရာပါ၊ ညို ဘာပြောစရာရှိသလဲလို့မေးပြီးမှ မင်း

လို့ ကိုယ်ပြောခဲ့တာ ...”

“ကို က ရုပ်ချောသလောက် စကားလဲကြွယ်တယ်၊ တကယ်

ကြရင် ကို့ကို ညို မနိုင်လောက်ဘူးထင်တယ်”

“အဲဒီ တကယ်မပြောဖြစ်အောင် နေကြမယ်လေ”

ဘာကို ‘တကယ်’ လဲ၊ သူပြောတဲ့ တကယ်က ဘာလဲ ...။

တွေးသွားပြန်သည်။

“ဟုတ်တယ် ညို၊ မင်းနဲ့ကိုယ် နောက်ထပ်ရှုပ်ထွေးမှ

အောင် တကယ်တွေကိုရှောင်ပြီး ပြောကြမှဖြစ်မယ်”

“တကယ်တွေက ဘာတွေလဲ”

“မင်းသိချင်နေတာတွေပေါ့၊ ပြီးတော့ ...”



သူက စကားရပ်ပြီး ညို့ကိုကြည့်သည်။

“ခုလိုမျိုး ဖင်ရော့ကိုသွားမေးတဲ့ကိစ္စ ...”

“သွားမေးတာမဟုတ်ပါဘူးလို့ ကို့ကို ညို ပြောနေသားနဲ့ကွာ ..”

“မင်းကိုလဲ မမေးပါနဲ့လို့ ကိုယ်မတားပါဘူး၊ ဒါပေမယ့် ထူးခြား မလာနိုင်ဘူးဆိုတာတော့ ပြောချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူငယ်ချင်းဖြစ်ဖြစ် မိတ်ဆွေဖြစ်ဖြစ် ကိုယ် ဘယ်သူ့ကိုမှ ရင်နဲ့ မပေါင်းဘူး”

“ရည်းစားတွေကိုရော ...”

“မင်းတစ်ယောက်ပဲရှိသေးတယ်”

“ဘယ်လို ...”

သူ မညာဘူးဆိုတာကို အကြွင်းမဲ့ချက်ချင်းယုံကြည်သွားသည့်အခါ ညို အံ့သြသွားတာ မျက်ဝန်းအစုံ ပြူးကျယ်သွားတဲ့အထိ ..။ ဒါဆို ကြည်သာချို့နဲ့ ချစ်ခဲ့တယ်ဆိုတာတွေက ...။

“သူငယ်ချင်းတွေစောင့်နေကြတယ် ညို၊ ကိုယ်တို့ တခြားသွားဖို့ အစီအစဉ်ရှိသေးလား”

ဒီလိုတော့ မေးဖော်ရသေးသည်ပဲ ..။ စိတ်ပျက်ရခြင်းများကြောင့် ညို စကားတောင်မပြောချင်ဘဲဖြစ်နေမိသည်။ စည်း က စီးကရက်ထုတ် သောက်ဖို့ကိုင်ထားပြီးမှ မီးမညှိသေးဘဲ ညို့အဖြေကိုစောင့်၏။ ညို က မျက်ဝန်းကျင်ကိုဝေ့ကြည့်လိုက်ကာ ...

“သူတို့က ဘာဖြစ်လို့ပါမလာကြတာလဲ”

“အားလုံးအဆင်ပြေစေချင်လို့ပါ၊ အထူးသဖြင့် မင်းစိတ်ညစ် ဘယ်ထင်လို့ ...”

“အဲဒါ ကိုက ညို့ကို ရိနေသလိုပဲ”

“မဟုတ်ဘူး၊ ညို့ကို ကိုယ်တည့်တည့်ပြောနေတာ၊ ရည်းစားချိန်း

တွေ့တဲ့ကဗျာမှာ ဘော်ဒါကဗျာက သပ်သပ်လေ၊ ဥပမာ .. မင်းရဲ့
ကိုယ့်ကို တည်တည်တင်းတင်းကြီးနေတဲ့အတွက် ကိုယ့်စိတ်ထဲမှာ
မဖြစ်ခဲ့ဘူး"

"ညီ့ ကတော့ဖြစ်တယ်ပေါ့ ဟိုတစ်ခါ ကိုညီတို့ကို ညီ ပြောတာ

"အဲဒါတွေထားလိုက်ပါ၊ နောက်ထပ် ကိုယ်တို့ အဲဆင်ပြေမှ

ပြီးတာပဲ"

"ကိုက ညီနဲ့ရှေ့ဆက်ဖို့ရော စိတ်ဝင်စားသေးလို့လား"

မေးပြီးမှ စည်း က ဖျတ်ခနဲ မျက်လွှာပင့်ကြည့်တော့ ညီ
ခေါင်းခါလိုက်ကာ ...

"ကို့မှာ ညီ့ထက်အရေးကြီးနေတဲ့အချိန်တွေ သိပ်များနေတ
ခံစားမိလို့ပါ၊ ကိုနဲ့တွေ့ကြတဲ့အချိန်တွေရှိပေမယ့် ညီ စုဆောင်း
တဲ့စကားတွေ ဘာမှမပြောဖြစ်လိုက်ဘဲ ကို ထထပြန်သွားခဲ့တာ
အများကြီးပဲ"

"အဲဒါက မင်းခေါ်တဲ့အချိန်မှာ ကိုယ်ရောက်အောင်လာခဲ့
ဆိုရင် မင်းလဲကျေနပ်သွားမယ်၊ ကိုယ်လဲ အဲလိုပဲ ဖြစ်ပေးချင်ခဲ့တာ
ဒါပေမယ့် ရောက်အောင်လာဖို့အတွက် ကိုယ့်နောက်မှာ ဒီတိုင်း
ရတာတွေရှိတယ်၊ မင်းပြောတာ မှားတော့မမှားပါဘူး၊ မင်းဆီလာ
ပထမဖြစ်ခဲ့ပေမယ့် မင်းဆီကိုရောက်လာပြီးတဲ့အချိန်မှာကျ
တခြားသောတစ်စုံတစ်ရာက ပထမပြန်ဖြစ်သွားတယ်၊ ဘာပဲ
ပထမဆုက တစ်ဆုပဲရှိတာမို့လား၊ လောဘမကြီးနဲ့"

ရယ်ဟဟပြောနေပုံက လူကို လှောင်ပြောင်နေတယ်လို့
၏။ ထို့ကြောင့် သူ ပြုံးနေနိုင်သမျှမှာ ညီ ကတော့ အလဲလဲအ

"ကိုယ့်သူငယ်ချင်းတွေကိုတော့ ပါမလာလို့ မင်းမေးတယ်





အနီရော ..."

ညီ အရှိက်ထိသွားပြန်သည်။ သူ့ကို ကိုယ်က တမင်တကာ ထား
ရစ်ခဲ့တာမဟုတ်။ စည်း က ညီ့မျက်နှာလေးကိုစိုက်ကြည့်ပြီး ပေါ့ပါး
ဟန်နှင့်ရယ်လိုက်၏။

"ဆောရီး ... ကိုယ်က တုံ့ပြန်တာမဟုတ်ဘူး၊ တကယ်သတိရလို့ပါ၊
အဲဆင်ပြေမှင်းရဲ့ဘေးမှာ အနီ့ကိုမတွေ့တာကြာပြီနော်"

"တွဲပါတယ်၊ ကိုကမှ မလာတာ ..."

"ဪ .. ဒါဆို အခု ကိုယ်လာပြီ၊ ညီ ဘာပြောစရာရှိသေးလဲ"

"ကို့သူငယ်ချင်းတွေ စောင့်နေတယ်ဆိုရင်သွားပါ၊ ညီ ရတယ်"

"စိတ်ကောက်တာလား"

ညီ က သူ့ကိုမော့ကြည့်ပြီး မဲ့လိုက်သလိုလေးပြုံးသည်။

"ကိုယ့်ကိုယ်ကို စိတ်ကောက်တတ်ရဲ့လားတောင် မသိတော့ဘူး၊
ကောက်ဘူးလို့ပဲ မှတ်လိုက်ပါ၊ သွားစရာရှိတာကိုသွား .."

"အိုခေ ..."

သူက အအေးမှာပြီး တစ်စက်မှမသောက်ဘဲ ထရပ်လိုက်၏။ ပြီး
တော့ ပြီးတော့ ညီ့ပခုံးလေးကို ဆုပ်ကိုင်ပြီး တင်းခနဲ ဖျစ်ညှစ်လိုက်ကာ...

"လစ်ပြီနော် .."

ညီ ခေါင်းမညိတ်ရသေးခင် သူ လှည့်ထွက်သွားခဲ့၏။

တကယ်လစ်ဟာကျန်ခဲ့တာက ညီ့ရင်ဘတ်ထဲမှာပါ ကို ..။

သူနဲ့ နောက်ထပ်ဆုံတဲ့အခါ 'တကယ်'သောစကားတွေ မဆိုမိ
စေနဲ့ ...။

❋ ❋ ❋

## အခန်း (၁၅)

လာကြို့တာက ဖက်ရှင်ဒီဇိုင်းတွေယူလာမည့် ကိုယ့်ချွေး
ကိုဖြစ်လျက် ချော့သည်ကပါမလာဘဲ ကြည်သာချို့ကိုမြင်လိုက်
အနီ အံ့သြသွား၏။

ချို တို့ နိုင်ငံခြားသွားကြသည်လို့ပဲ ကြားထားသည်။ ထွက်
လိုက်တာကို မသိခဲ့ပေ။ ညို့ လည်းမသိလို့သာ မပြောတာဖြစ်
ခုကျတော့ ချို က ပြန်တောင်လာခဲ့ပြီ။

လှည့်ပြန်မလိုပြင်ပြီးမှ ချို က စကားရပ်ပြောနေသဖြင့်
ပြန်လှည့်ဝင်ခဲ့မိသည်။ ချို တစ်ယောက်တည်းလား၊ မန္တလေး
မှာလား၊ ရန်ကုန်မှာ နေဦးမှာလား ..။

ညို့ကိုမမြင်သည်မို့ အနီ ဒီလောက်တော့ မေးမြန်းနှုတ်
သင့်သည်ဟုတွက်ကာ ချို့ဆီကိုတန်းတန်းမတ်မတ်သွားခဲ့သော်လည်း

"ဟင့်အင်း .. အဲဒါတွေကို ချို မသိပါဘူး"

တစောင်းမြင်နေရသည့် ချို့မျက်နှာလေးက သိသာစွာ မှ





နေကာ ဘောပတ်ဝန်းကျင်ကိုလည်း မေ့နေပုံပေါ်၏။ ချို က အဖြူ
ရောင်ဘောင်းဘီရှည် တီရှပ်ပွပွလေးနှင့် အဖြူရောင်ကြိုးသိုင်းအိတ်
လေးကို စိတ်လှုပ်ရှားသလို ဖိဆုပ်ထားလျက် ...

"ကိုစည်း .. ကိုစည်း .. ခဏ .."

အနီ ကြည့်နေတုန်းမှာပဲ ချို က အဝတ်သေတ္တာကိုတွန်း၍ တစ်စုံ
တစ်ယောက်နောက်ကို ပြန်လှည့်လိုက်၏။ ထိုအခါကျမှ အပေါ်ထပ်ကနေ
ဆင်းလာသည့် လူတစ်ယောက်၏ကျောပြင်ကို အနီ မြင်လိုက်ရသည်။
ထိုသူက စည်း ပဲဖြစ်လေသည်။

ကြည့်စမ်း ... သူတို့နှစ်ယောက် ဒီမှာ လာဆုံနေကြပါလား ..။ ချို
ဒီလောက်ထိ စိတ်မပျက်နိုင်တာကို မျက်မြင်ကိုယ်တွေ့ကြီးဆိုတော့ အနီ
အသည်းတွေယားနေမိ၏။

သူတို့နှစ်ယောက်နှင့် အနီးဆုံးနေရာကိုယူလိုက်ပြီး တိတ်တဆိတ်
ကြည့်နေချင်သည့်စိတ်က လူမှုရေးတွေ၊ စည်းကမ်းတွေကို ခဏမေ့သွား
ခဲ့သည်။

စည်း က ဘောတံခါးတစ်ခုနားကျမှ ရပ်တန့်သွားပြီး ချို့ကို ပြန်ငဲ့
ကြည့်သည်။

"ချို လေ ... ညို့ကို ဘာမှသေချာပြောမပြခဲ့ဘူး၊ အဲဒါ ကိုစည်း
ကို နာမည်ဖျက်ချင်လို့မဟုတ်ပါဘူး၊ ချို့စိတ်ထဲမှာ အားငယ်မိလို့ပါ၊
ဒီအတွက် ကိုစည်းနဲ့ညိုတို့ ပြဿနာဖြစ်နေကြတာလားဟင် .."

"ဘာဖြစ်စရာရှိလို့လဲ၊ သူက မင်း အိပ်ဆေးတွေသောက်တာ
ကိုယ့်ကြောင့်လို့ထင်နေတော့ သူ့ဘက်က မှန်တာပဲ"

"ဒါ .. ဒါပေမယ့် အဲဒါကို ချို က သေချာမပြောခဲ့မိလို့ ကိုစည်း ကို
ထင်လွဲတာလေ၊ ချို အခု .. သူ့ကို ..."

"မရှင်းပါနဲ့၊ သူဟာသူသိသွားတာ ပိုကောင်းတယ်၊ ပြီးတော့
ပြီးသွားရင်တောင် တို့ဘက်က မပြီးသေးတာတွေရှိတယ်"

"ဟင် ..."

"ထားလိုက်တော့၊ မင်းနောက်ထပ် ဝင်မပျါဘူးဆိုရင် ကျေ
သွားမယ် .."

သူ နောက်ထပ်လှည့်ထွက်သွားတော့ ချို ထပ်မလိုက်တော့
သူကျောပြင်ပျောက်ကွယ်သွားတဲ့အထိ အကြာကြီးရပ်နေပြီးမှ ဒီဘ
ပြန်လှည့်လာ၏။

"ဟင် .. အနီ ..."

"ဟုတ်တယ်၊ ချို တစ်ယောက်တည်းလား၊ ဘယ်က ပြန်လာ
လဲ"

"စက်ဘူလိုက်သွားတာပါ၊ လုံးဝမနေချင်တာနဲ့ တစ်လ
မပြည့်သေးဘဲ ပြန်လာတာ၊ အနီရော ..."

"တို့က ညေ့သည်လာကြိုတာ ..၊ ပါမလာဘူးလေ၊ အဲဒီ
တစ်ယောက်တည်းပြန်ရမှာပေါ့"

"ဟာ .. ဒါဆို အတော်ပဲ၊ တို့ပြန်လိုက်ခဲ့မယ်"

"ချို့ကို ဘယ်သူကမှ လာမကြိုဘူးလား၊ စောစောက တို့နှုတ်
မလိုကြည့်လိုက်တော့ စည်း နဲ့ စကားပြောနေတာမြင်လို့ လေ၊ ညီ
ကြိုနိုင်းလိုက်တယ်မှတ်လို့"

"စည်း .. ကိုစည်းကို ..ဟုတ်လား"

အတူထွက်လာခဲ့သည့် ချို့ခြေလှမ်းတွေ တုံ့နေးသွား၏။ ပြီ
တုံ့ခနဲရပ်သွားကာ ...

"ညီနဲ့ကိုစည်းတို့ ချစ်နေကြတယ်ပေါ့နော်"



"ခုနက သူဘာပြောသွားလဲ"

"ချို က စ,နှုတ်ဆက်တာ၊ သူ ချို့ကိုမြင်တော့ အံ့သြသွားပြီး
အိပ်ဆေးတွေသောက်လိုက်တယ်ဆိုတော့ မသေလို့တွေ့ရတာပေါ့ နော်
တဲ့ .."

"ယောကျ်ားဖြစ်ပြီး အဲဒီလိုခနဲ့တာလား"

"ခနဲ့ချင်တာမဟုတ်လောက်ပါဘူး၊ သူက ပြောသေးတယ်၊ တို့ ခြေ
တစ်လှမ်းလောက်နောက်ကျသွားရင် မင်းအစ်မရဲ့ပဥ္စလက်တွေထဲမှာ
ခုလောက်ဆို ပြာဖြစ်နေမလား၊ လမ်းကြိတ်စက်အောက်က ကျောက်တုံး
တွေလိုဖြစ်မလားပဲ တဲ့၊ သူ အဲဒီလိုပြောလာမှ ညီနဲ့ ကိုစည်း ပတ်သက်
နေမှန်း ချို သိတာ၊ ဒါပေမယ့် နောက်ထပ် ဘာမှ ထပ်မေးလို့မရတော့ဘူး၊
ပြောစမ်းပါ၊ ညီနဲ့ကိုစည်း ဘာတွေဖြစ်ခဲ့ကြတာလဲ"

အနီ ဘာပြောရမှန်းမသိပေ။ ညို လုပ်ခဲ့တာ အစက ကလဲ့စား၊
ခုကျတော့ လေပီပြားဖြစ်နေပြီ။ ဒါဟာ ကြိုတင်စီစဉ်ထားခဲ့ခြင်းနှင့်
တက်တက်စင်လွဲခဲ့ရတဲ့ကိစ္စ ..။

ချို ဒါတွေကိုသိသွားရင် ညို့စိတ်ရင်းကို အစကအတိုင်း အမှန်
အတိုင်းမြင်ပါ့မလား ..။ ပြီးတော့ စည်း ဆိုတဲ့သတ္တဝါ ဘာတွေ
သို့ဖုက်ကြံစည်နေမှန်းမသိ။

"ခုတွေ့ကြရမှာပဲ ချိုရယ်၊ တို့လဲ အချိန်မရလို့ပါ၊ ခု တို့အိမ်ကို
ပြန်မှာမဟုတ်ဘူး၊ ကုမ္ပဏီကိုပြန်မှာ ..."

"ဟင် .. အနီ အလုပ်လုပ်နေတယ်"

"အဟွန်း .."

စကားလမ်းကြောင်းလွဲသွားတာကို အနီ ကျေနပ်သွားကာ ...

"ဟုတ်တယ်၊ ဒီဇိုင်နာလုပ်နေတာလေ၊ အဲဒါကို ဝါသနာလဲပါ တယ်၊

လစာလဲကောင်းလို့ .."

"ညို့နဲ့ အတူတူလား"

"ဟင့်အင်း .. ဒီနောက်ပိုင်းမှာ သိပ်မတွေ့ဖြစ်ကြတော့ဘူး"

"ဒါဆို .. ကိုစည်း ..."

"ဟော .. ဖုန်းဝင်လာပြီ၊ ခွင့်ပြုဦးနော်၊ တို့ တကယ်အလုပ်မ

နေလို့ပါ"

ထိုအချိန်မှာ ဖုန်းဝင်လာတာကို ကျေးဇူးအထူးတင်သွားမိသည်

ချို ကတော့ အပြန်တင်မခေါ် ချင်လို့ ရှောင်ထွက်သွားတယ်လို့ ထင်

နိုင်၏။

အလုပ်ချိန်ထဲမှာမို့လို့ တင်ခေါ် မသွားနိုင်တာကလည်း အမှ

ဖြစ်ကာ ကားပေါ် မှာ သူမ မေးမြန်းသမျှကို အဆင်ပြေအောင်ဖြေဖို့

စိတ်ညစ်ဖွယ်ပင်။

ချို ကတော့ လေဆိပ်အဆောက်အအုံထဲမှာ တစ်ယောက်တည

ကျန်ခဲ့ရပေမယ့် စိတ်ထဲမှာ အဓိကဖြစ်နေတာကိုပဲသိချင်နေတာ

အပြင်မထွက်ဘဲ နီးစပ်ရာခုံတစ်လုံးမှာ ဝင်ထိုင်ပစ်လိုက်ရင်း ...

"ညို့လား .. ချို ပါ .."

ဖုန်းထုတ်လိုက်ပြီး ညို့ဆီကို ချက်ချင်းနကာက်ဆက်လိုက်

ညို့ထံမှ 'ချို' လို့ခေါ် လိုက်သည့်အသံလှိုင်းမှာ တုန်ခါမှုအားကော

လျက်ရှိကာ ...။

မနှစ်ကထက် ဒီနှစ် မိုးနှောင်းပိုမိုအားကောင်းဖွယ်ရှိ ...။

❋ ✳ ❋



## အခန်း (၁၆)

"ငါလဲ .. ခုမှ အလုံးစုံသိရတာ အနီရယ် ..၊ ငါအရမ်းမှားသွားပြီ"

"နင်မှားတာမဟုတ်ပါဘူး၊ ချို က ဘာဖြစ်လို့ ခုမှဖွင့်ပြောရတာလဲ၊ ပြီးတော့ ဟိုသတ္တဝါက ဘာဖြစ်လို့ မဟုတ်ဘဲ မှိန်းတုတ်နေတာလဲ၊ ပန်းစားဘီလူးလို့ နာမည်ပျက်တာတောင် ဂရုမစိုက်နိုင်ဘဲ မိန်းကလေး တစ်ယောက်ကို ပွေ့ဖက်နမ်းရှုံ့ရရင် မနည်းဘူးလို့တွေးပြီး ယုတ်မာနေ တာလား"

"မဟုတ်ပါဘူး အနီရယ်၊ နင်ကလဲ မသိဘဲနဲ့ .."

"ဘာမသိတာလဲ"

ဖုန်းထဲမှာပြောရတာ အားရပုံမပေါ် ဘဲ ဟိုဘက်မှာ ညို စုတ်သပ် နေတာ၊ ပြောဖို့ပြင်လိုက် မပြောဘဲနေလိုက်ဖြစ်နေတာ အားလုံးကို ဒီဘက်မှာ အနီ ကြားနေရ၏။ ဒီနောက်အချိန်တွေမှာ ဘယ်မှာဆုံရအောင် ပြောပြော ကိုယ့်ဘက်က မသွားနိုင်တာတွေပဲမို့ ညို့ဘက်ကလည်း ချိန်း ဆိုမှုတွေ သိပ်မရှိတော့ပါ။

"ဒီရက်ပိုင်းမှာ နင့် ငါ့ဆီမလာပေမယ့် ငါ စိတ်တွေလေနေတ
အများကြီးလှုပ်ရှားထားတယ်"

"ဘာတွေလဲ"

"သူ ပုံစံပြောင်းနေတာကို ရင့်ခံနေတော့ ငါ စုံစမ်းတာပေါ့"

"ချို နဲ့ဖြစ်ခဲ့တာတွေလား"

"ဟင့်အင်း၊ ချို့ကို လုံးဝသံသယမရှိခဲ့တော့ အဲဒီပြဿနာ
ခေါင်းထဲမရောက်ဘူးဟ၊ သူ ဘာတွေလုပ်နေသလဲဆိုတာလောက်ပဲ.."

"သိရတာပေါ့"

"ကြားရသမျှတော့ သူက အပေါင်းအသင်းတွေနဲ့ ရှုပ်တတ်တာ
ပွေတာမဟုတ်ဘူး"

"ခွဲခြားမနေနဲ့ ညီ၊ အဲဒါ အတူတူပဲ၊ ဘာလဲ .. ချို က ဖွတ်ချစ်
တောင် သူက ဂရုမစိုက်ခဲ့ဘူးဆိုလို့ အမှတ်တွေတိုးသွားတာလား
က နင့်လောက်မှမလှတာ၊ ချို့ကို ဂရုမစိုက်တာ ဘာဆန်းလို့လဲ"

"ဟုတ်တော့ဟုတ်ပေမယ့် ခုလဲ သူ ငါ့ဆီရောက်မလာပေမ
နောက်တစ်ယောက်တိုးနေတာမဟုတ်ဘူးဟ၊ သူ့အဖေကိုတော့
ချစ်တဲ့မိန်းမကိုပဲယူမယ်လို့ ပြောနေတယ်တဲ့၊ သူ့အဖေကလဲ
ခေါ်လာခဲ့ဆိုပြီး ခွင့်ပြုထားတယ်တဲ့"

"သိမယ့်သိတော့ အတွင်းရေးထိ သိတာနော်"

"အတွင်းလူကို ပေါင်းထားတာကိုး၊ သိရတာပေါ့၊ ငါရင်ခံနေ
အဲဒါပဲ၊ ခု ချို ပြောပြတော့လဲ မရှင်းနိုင်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ချို ကတော့ သူချစ်နေတဲ့မိန်းမဆိုတာ ငါပဲလို့ထင်ပြီး
တာလား၊ ငေါ့တာလား မသိပါဘူးဟာ၊ ငါက ကာယကံရှင်ဆို



ကိုယ့်ကိုယ်ကိုသိပြီး ခံစားနေရတာ .."

"ဘာတွေလဲ ပြောလေ"

"သူ ဖွင့်မပြောပေမယ့် သူချစ်နေတယ်ဆိုတဲ့တစ်ယောက်က ငါ
မဟုတ်သလို ခံစားမိနေတယ်"

အနီ သက်ပြင်းချမိသည်။ ကိုယ် တားဆီးနေတုန်းကတော့ 'ငါ့ကို
ဒီလောက်သည်းခံပြီး အပြစ်မယူနေတာ သူချစ်လို့ပေါ့' တဲ့၊

'ငါ့ဘက်က ဒီလောက်ဆို တော်သင့်ပြီထင်ပါတယ်' တဲ့။

ကိုယ့်ဘက်က မြှားကုန်လို့ လက်နက်ချပါပြီဆိုမှ ဒုံးကျည်နဲ့
ထဆော်လိုက်တာမျိုးဖြစ်မည်။

"နင် သူနဲ့တွေ့ပြီး သေချာရှင်းလိုက်ပါလား ညီ့ရယ်၊ အခု ချို လဲ
ရှိနေပြီဆိုတော့ ဒါတွေသိရက်နဲ့တွဲနေတာ ခွင့်လွှတ်နေတာလား၊ အကြံ
အစည်တွေရှိနေလို့လားလို့ .."

"ခေါ်လိုက်ရင် ရောက်လာတာပဲဟာ၊ ပြီးတော့ ဘာမှလဲမပြော
ဖြစ်ဘူး၊ သူ ငါ့ကို တစ်ခုခုနဲ့ပတ်သက်ပြီး မကျေလည်တာတော့ အမှန်ပဲ
အနီ၊ ပြုံးနေတဲ့နောက်ကွယ်မှာ မှုံ့နေတဲ့ရုပ်ကြီးကို ငါမြင်နေရတယ်"

"မသိတော့ဘူး ညီ့ရာ၊ ညဉ့်နက်ပြီ၊ နင်မအိပ်သေးဘူးလား"

"အိပ်လို့မရတာလဲ ကြာပါပြီဟာ၊ ငါ နင်နဲ့စကားပြောချင်လို့ ဒီညမှပဲ
အဆင်ပြေတော့တယ်"

"ငါ အလုပ်ပိတ်ရက်ကျရင် ဖုန်းဆက်မယ်လေ၊ တွေ့ကြတာပေါ့"

ပြောလို့မှမဆုံးခင် အနီ့ဘေးမှာ မေမေ့အရိပ် ဖျတ်ခနဲထင်လာ
တာ..

"ကတိဆိုတာ ပေးပြီးရင် မဖျက်ရဘူး၊ လွယ်လွယ်ကတိမပေးနဲ့"

"မေမေ ..."

အနီ ဖုန်းပြောခြင်းရပ်တန့်ကာ မေမေ့ကို မော့ကြည့်လိုက်မိ

"အနီ .. အနီ ကြားလား"

ညို ကတော့ ဖုန်းလိုင်းကျသွားတယ်ထင်ပြီး ဟလို အတင်း

နေ၏။

"ညဥ့်နက်နေပြီ သမီး၊ အိပ်တော့ ..."

ဒေါ်တမာခက်၏ မျက်လွှာတစ်ချက် စိုက်အကြည့်မှာ အနီ

ထဲကဖုန်း ပုခက်ပေါ် ပြန်ရောက်သွားခဲ့၏။

ဘယ်တော့မှ တွေ့ခွင့်မရှိတော့ဘူးလား ...။

❋ ❋ ❋





## အခန်း (၁၇)

"အေး ... ဟုတ်ပြီ၊ သမီး ဒါတွေကို စက်ရုံတင်မယ့်ဗိုင်နဲ့တွဲပြီး မန်နေဂျာလက်ထဲအပ်ပေးလိုက် .."

"ဟုတ်ကဲ့ .."

အနီ က ဖွင့်ထားသည့်ဒီဗိုင်းကတ်တလောက်တွေကို သေချာပြန်ထပ်ပြီး ဒီဘက်လှည့်လိုက်လျှင် ...

"အနီ ..."

စည်း နဲ့လူကြီးတစ်ယောက် သူဌေးရုံးခန်းထဲဝင်လာတာနှင့် မျက်နှာချင်းဆိုင်မိသွား၏။

"ဟာ .. ကိုကြီး လာလေ"

သူဌေး၏ဖိတ်ခေါ်သံကိုကြားလိုက်သဖြင့် အနီ မျက်နှာခပ်ငုံငုံနှင့် ရှောင်ထွက်လာခဲ့၏။

စည်း က သမင်လည်ပြန်လိုက်ကြည့်နေရာ ...

"မင်းက ဘာလိုက်ကြည့်တာလဲ"

"ဖေဖေကရော ..."

"အံမာ ..ဒါက ငါ့အသိနဲ့တူလို့"

"ဖေဖေရာ .. ဒီအရွယ်လေးကို ဖေဖေ့အသိနဲ့ မှားရတယ်လို့.."

"ကြည့်စမ်း .. မင်းက ဖအေကို ..."

"မဟုတ်ပါဘူး၊ ကျွန်တော်ပြောချင်တာက ဖေဖေတောင်
လောက်ထိ သတိထားမိသွားတာကိုပါ .. အဟွန်း .."

သားအဖဖြစ်နေတာကို ဦးကျော်ခိုင်က ပြုံးလျက်နှင့် လှမ်းကြည့်

"လာပါ၊ ထိုင်ပြီးမှ ဆက်ဖြစ်ကြပါ"

"အန်ကယ် .. ဘယ်လိုလဲ"

"ဘာလဲကွ"

ဦးလေးဖြစ်သူကိုမေးပေမယ့် ဘေးမှ အတူရှိနေသည့် ဦး
က မမြင်ရတာမဟုတ်ဘဲ မျက်မှန်ကြီးပင့်ကြည့်၏။

"ဘာလဲ၊ ဆက်ပြောလိုက်လေ၊ အရင်းမရှိ အဖျားမရှိ မင်း စကား

"သြော် .. ထွက်သွားတဲ့ကောင်မလေး တော်ရဲ့လားလို့.."

ဦးကျော်ခိုင်က ဦးစစ်နိုင်ကို နေရာဖယ်ပေးရင်း ခေါင်းညိတ်က

"တော်တယ်ကွ၊ အလုပ်ကိုလဲ စိတ်ဝင်စားတယ်၊ ကောင်
က သူ့မိဘသဘောမကျဘဲ ဝင်လုပ်တာလို့ပြောထားတော့ ပြ
သွားမှာတောင် စိုးနေရတယ်"

"မပူနဲ့၊ လုံးဝမထွက်စေရဘူး"

လူကြီးနှစ်ယောက်၏မျက်လုံးတွေက စည်း မျက်နှာပေါ်က
လို ဒီလိုလိုအပြုံးကို ရှုးစိုက်လာခဲ့ကြ၏။

စည်း က မျက်နှာပိုးသတ်လိုက်ပြီး ...

"ပြောကြလေ၊ အန်ကယ်လ်နဲ့ဖေဖေတို့ တိုင်ပင်စရာရှိ
ကျွန်တော် အပြင်က ..."





"မလိုပါဘူး၊ ပြန်ထိုင်နေပါ"

ဦးကျော်ခိုင်က ပါးစပ်ကတားရင်း လက်ကိုပါ ပြန်ဆွဲထားလိုက်၏။
ပြီးတော့ အစ်ကိုဖြစ်သူဘက်ကိုလှည့်၍ ...

"ကိုကြီးကို စည်း မပြောဘူးလား"

"ဘာလဲ .."

"ဒီမှာ အလုပ်လုပ်ချင်လို့တဲ့"

"ကောင်းတာပေါ့ကွ၊ လုပ်ပစေ၊ သူ့အလုပ် သူ့ပစ္စည်းပေ
မကျွမ်းကျင်ဘူးဆိုရင် အမှိုက်ကျုံး၊ ဆေးသုတ်၊ အကုန်သာခိုင်း .."

"သြော်.. အန်ကယ်လ်က ဖေဖေ့ကို ဒါကြောင့်ဖုန်းဆက်ခေါ်တာ

"ဒါကြောင့်တော့မဟုတ်ဘူးဟေ့၊ ကိုကြီး .. ဒီနေ့လာမယ်ပြော
လို့လာမလာမေးတာ၊ မင်းအလုပ်လုပ်မှာကို ပြောချင်နေတာက သပ်သ

စည်း က ဂရုမစိုက်သည့်အပြုံးနှင့် ခေါင်းညိတ်၏။

"လုပ်ပါ၊ ပြဿနာမရှိပါဘူး၊ ဒါပေမယ့် ကျွန်တော် ဒီမှာပဲ
နော်၊ ဖေဖေ့လုပ်ငန်းတွေရှိသမျှ ဟိုသွားကြည့်၊ ဒီသွားနေလို့ အ
ထပ်မချနဲ့၊ ဖေဖေတို့နဲ့ကျွန်တော် ပဋိပက္ခတွေ မဖြစ်ချင်ဘူး"

ဦးစစ်နိုင် မျက်နှာကြီး မဲ့ခနဲ့ တွန့်သွား၏။

"ဖြစ်ရလေ ... မင်းမှာ ဘယ်လောက်တော်နေတတ်နေ
ကြည့်ပါ နိုင်းရမှာလဲ၊ နေပါဦး၊ အခု အလုပ်လုပ်မယ်ဆိုတာကရော
ကို တကယ်စိတ်ဝင်စားတာ ဟုတ်ရဲ့လား"

"တကယ်ဝင်စားတာပါ"

ဟု ဖြေလိုက်ပုံက ရယ်ချင်နေသည့်မျက်နှာကို ဆံပင်သပ်ရင်း
မျက်ခုံးကုတ်ရင်းနှင့် ဟိုလွှဲ ဒီလွှဲ ..။ ဦးစစ်နိုင်က ဦးကျော်ခိုင်ကို လှမ်း
ကြည့်၏။ စည်း က လုပ်ငန်း အားလုံးနှင့် ရင်းနှီးကျွမ်းဝင်ပြီးသားပါ။

သူကိုက အလုပ်လုပ်ဖို့ကို စိတ် မဝင်စားခဲ့တာဖြစ်သည်။ တကယ်
ညီဖြစ်သူ ဦးကျော်ခိုင်နေရာမှာ စည်း ရှိနေရမှာ..။ သူ့အတွက်က
ကိုယ့်သားမို့ နားနေလည်း အချစ်မပျက်သလို အလုပ်လုပ်တော့
ဆိုရင်လည်း ဘယ်နေရာ၊ ဘယ်ကဏ္ဍကပဲပါပါ ကျေနပ်ရမည်သာ

သူ ကြည့်လိုက်တော့ ဦးကျော်ခိုင် က ပြုံးပြကာ ...

"ကိုကြီး ... စည်း ကို အိမ်ထောင်ချပေးမလို့ဆို ..."

"ဟုတ်တယ်၊ ဒီကောင် အရေးဆိုထားလို့ ..."

"အရေးဆိုထားလဲ သိပ်အခွင့်အရေးမပေးနဲ့တော့ ကိုကြီး၊ သင့်
ာတွေ့ရင် ပေးစားလိုက်၊ သူကတော့ သီတင်းတစ်ခါကျွတ်တိုင်း
ုတ်ပါစေ ဆုတောင်းနေမှာပဲ၊ ကိုကြီးက ခြေရှုပ်တာတွေ မကြားဘူး

"အန်ကယ် .. ဒီလို အမြင်တွေကိုးလိုးကန့်လန့်နဲ့ကြည့်
ဂန်တော်က ဘယ်လိုအားကိုးသမှုနဲ့ လက်လွှဲရမှာလဲ"

"အားကိုးသမှုတဲ့၊ ဟွန်း .. လူကဖြင့် ကျားကိုးစီး စားမကျ
ဦးစစ်နိုင် စကားကြောင့် စည်း ကရယ်၏။ ထိုစဉ် ဦးကျော်
စပ်ဘဲ မေးခွန်းတစ်ခုထွက်လာ၏။

ုင်းနဲ့ လက်ထောက်ဒီဖိုင်းနာက သိနေကြတာလား"

က သူ သိတယ်"

သွား "သိရုံ ကရဲ့လား၊ မင်းအလုပ်လုပ်ချင်တာ အဲဒါကြောင့်လို့
သ်နော်"

"လာအစ်မနေနဲ့ အန်ကယ်လ်၊ ရင်ဖွင့်တာ ဝါသနာမပါဘူး

"စည်း ..."

"ဗျာ ..."

"မင်းက လူကြီးကို ..."



ဦးစစ်နိုင် က မျက်မှောင်ကြုတ်ပစ်လိုက်တော့ စည်း မသိမသာ
ပခုံးတွန့်လိုက်ပြီးငြိမ်သွား၏။

ဦးကျော်ခိုင်က အပြုံးမပျက်နှင့် ...

"ပြောပါစေ ကိုကြီး၊ ကိုကြီးသား ကျွန်တော့်ကို ဘယ်တုန်းက
လေးစားဖူးလို့လဲ"

"မရဘူး၊ ငါ သူ့ကိုအခွင့်အရေးပေးထားတာ၊ ငါ့ကို လုံးဝအသိမ
မကြေညာဘဲ ဘာမဟုတ်တဲ့မိန်းကလေးတွေကို ခိုးပြေးလေသ
ဖြစ်သွားမှာစိုးလို့ ..."

"ဖေဖေ .. အဲဒါမျိုးက ဖွင့်မပြောရဘူး၊ သားသမီးက ရှောင့်တ
တာပေါ့"

"မင်းတက်ကြည့်ပါလား၊ ဘယ်နေရာရောက်ရောက် လိုက်ပြီး
ခြေထောက်ကိုရိုက်ချိုးပစ်မယ်"

"လုပ်ပြီ .. ဖေဖေက .."

စည်း က အပိုးမကျိုးသည့်မျက်နှာနှင့် ဟိုဘက်လှည့်ပစ်၏။

"ကိုကြီးက တွေ့ပြီးပြီလား"

"တွေ့တယ်ကွ၊ ငါ စကားမလွှန်သေးပါဘူး၊ ဒီမယ် စည်း .. ငါ
ပြောမယ်"

ဦးစစ်နိုင်က ညီကိုပြောနေရာမှ စည်း ဘက်ကိုလှည့်သွားပြီး ...

"မင်း ခြေလှမ်းတွေရပ်တော့လို့ပြောတဲ့အချိန်မှာ မင်းရပ်မှဖြစ်
ယ်နော်၊ ဘာဖြစ်လို့လဲဆိုတော့ ပြောဆိုကြောင်းလမ်းရမှာပေမယ့်
ဘချင်းက သိပ်ရင်းနှီးကြတာမဟုတ်ဘူး၊ ပြီးတော့ မင်းက မအေရှိ
တဲ့ကောင်မဟုတ်တော့ မအေတွေကြိုးပမ်းကြတဲ့ ဒီလိုကိစ္စမျိုးမှာ
ဖအေက နှစ်မျက်နှာစာခံနေရတာ ..."

"ဖေဖေကလဲ .. တစ်လောကလုံးမှာ အမေမရှိတဲ့

အများကြီးပါ"

"များပစေကွာ၊ အခု ငါက မင်းအမေအကြောင်းပြော

အစက်အခဲကိုနားထောင် .."

စည်း က ခပ်တည်တည်မျက်နှာနှင့် လိမ်လိမ်မာမာရပ်လေး

ှုပ်ပစ်၏။

ဘာဖြစ်ဖြစ် ဦးစစ်နိုင်က သူပြောလိုတဲ့အတိုင်းပဲ ခရီးဆက်

"ပထမအချက်က သိပ်ရင်းနှီးတာမဟုတ်လို့ ပြောဆိုပြီ

ျက်လို့မဖြစ်ဘူး၊ ဒုတိယအချက်က 'ငါ့သားလေး အရမ်းမိုက်

ခင်ရယ်၊ ငါ့ကိုခွင့်လွှတ်ပါ၊ သားအစား ငါတောင်းပန်ပါတယ်'

အမေမတွေချင်း ပြောဆိုပြီးစီးနိုင်တဲ့စကားမျိုး ငါမပြောတတ်

တော့ ငါဝီစီမှတ်တာနဲ့ မင်းတာဝန်က လမ်းအတိုင်းတည့်တည့်

ပန်းဒိုင်ကို တစ်ခါတည်းဝင်ဖို့ပဲ"

"ဟုတ်ပြီလေ၊ အဲဒါဆိုရင် ဖေဖေ ဝီစီမှုတ်မယ်ဆို ကျွန်

လက်တို့ကြည့်ဦးပေ့ါ၊ ကျွန်တော် အဆင်သင့်ဖြစ်မှ ..."

"ဟိတ်ကောင် ... သင့်သင့်မသင့်သင့် .. သင့်ကိုသင့်

နားရင်းထတီးလိုက်ရရင် ခုံပေါ်က ကျွမ်းပြန်ကျဦးမယ် ... ဟင်း

စည်း ဒီတစ်ခါ ခေါင်းကုတ်ခြင်းမှာ မချိုမချဉ်မျက်နှာ

ဘဲ စိတ်ပျက်စွာ ...။

တီးပစ်လိုက်စမ်းပါ ဖေဖေ၊ ကျွမ်းပြန်ချင်လွန်းလို့ ...။

❋ ❋ ❋





## အခန်း (၁၈)

ရေခဲသေတ္တာထဲမှာ ညရေးညတာ ဆွဲလွဲစားလို့ရအောင် စားစရာ

ားအနည်းအကျဉ်း ထည့်ထားဖို့သင့်သည်ဟုတွေးမိပြီး **Orange**

ကို ဝင်လာခဲ့တာဖြစ်သည်။

အထဲမှာ ဒေါ်ကေသွယ်တို့သားအမိနှင့်ဆုံမိသွားတော့ ပို၍ စိုပြည်

းခဲ့၏။

"ဆိုင်ထမင်း ဆိုင်ဟင်းလဲမစားနဲ့ ကိုယ့်ဘာသာချက်ဖို့လဲ မလိုဘူး၊

မင်းညီမရှိတာပဲ၊ အိမ်မှာ လာချက်ပေးရမလား၊ ချက်ပြီးသား ပို့ပေး

လား၊ အဆင်ပြေသလိုပြော၊ ဒီငါးသေတ္တာဘူးတွေ၊ ဝက်အူချောင်း

က ဟင်းဖြစ်တာမှမဟုတ်တာ .."

ဦးဆောင် တွန်းလှည်းထဲကို ချထည့်နေသမျှ လိုက်ငုံ့ကြည့်ပြီး

ကေသွယ်က စီစဉ်ပေးချင်တာတွေကို ပြောနေ၏။

"ဒုက္ခမရှာပါနဲ့ အန်တီရာ၊ ဒီမလာခင်ကတည်းက အဖေး
မများတတ်အောင် အမေက လေ့ကျင့်ပေးလိုက်ပါတယ်၊ ရတယ်း
လုပ်မနေနဲ့"

"ဟွန်း .. ကိုကိုကလဲ .. ဘာဖြစ်ဖြစ် အမေ ဆိုတာကပါပြီး
အဲဒီလောက်လိမ္မာတဲ့သားမျိုး မြင်ကိုမမြင်ဖူးဘူး .. တကယ်.."

"လိမ္မာတာ ကောင်းတာပေါ့၊ ညည်း သူများကို မကဲ့ရဲ့ဖို့

ဒေါ်ကေသွယ်က ညို့ကို ဆူလိုက်ပြီးမှ သူ့ဘက်လှည့်က

"ညို့ကိုလဲ မင်းလက်ကိုအပ်ရမှာပဲ လူလေးရယ်၊ ကြည့်
ဝတ်စားထားပုံက အချိုးမပြေရတဲ့အထဲ ပြောလိုက်ရင် နားမချမ်းသ

"မာမီကလဲ .."

"အဟွန်း .. ဒီလောက်လဲမဟုတ်ပါဘူး၊ ညိုက လှလို့ပါ"

"ကိုကိုကမှ မြင်တတ်သေးတယ်နော်"

ညို့ က အသားရောင်စတော်ကင် ကပ်ကပ်ကျပ်ကျပ်
ပေါင်လောက်ထိရှည်သော ဂါဝန်လက်ပြတ်ဝဲဝဲလေးကို ဝတ်
ခပ်လှမ်းလှမ်းကမြင်လျှင် စတော်ကင်ကိုမမြင်ရဘဲ ဂါဝန်ကသာ
နှင့် ဒီတိုင်းလမ်းလျှောက်နေသလိုပဲထင်ရသည်။

ထို့ပြင် လည်ပင်းမှာ ပဝါလိုစည်း၍ အမြိတ်ရှည်ဖြန့်ချထ
ကာကွယ်မှုသာမပါဘူးဆိုလျှင် ဟိုက်ချထားသည့်အင်္ကျီ လည်
နယ်လွန်တော့မယ့်အထိ ..။

ဒေါ်ကေသွယ်က သမီးဖြစ်သူကိုကြည့်လိုက်၊ ဦးဆော
ခတ်လိုက်နှင့် ရင်မောနေ၏။ ဦးဆောင် က မိတ်ကပ်ရောင်
ရုပ်အင်္ကျီလက်ရှည်ကို လည်ပင်းကအစ လက်ဝအထိ ကြယ်သီး
ထားကာ ဘောင်းဘီရှည်အနက်နဲ့ဖြစ်သည်။



တိုတိုရှင်းရှင်းဆံပင်နက်တို့နှင့် အင်္ကျီပုံစံက ရင့်ကျက်သည့်ဘက်
ကိုနွယ်ချင်ပေမယ့် စမတ်ကျကျပုံစံက ထင်းနေ၏။ သူ့ဘေးမှာ ကိုယ့်သမီး
က ကလေးလိုလို ခွေးလိုလို ..။ နားဆွဲဝိုင်းလေးတလှုပ်လှုပ်၊ မျက်တောင်
များဖွေး မျက်ခွံပြေပြေတွေမှာ တလက်လက်နှင့် ..။

ဦးဆောင် ကတော့ လှည်းကိုတစ်ဖက်တွန်းရင်း ညို့ကို မျက်လုံး
ဖေ့ကြည့်သည်။ ပြုံးနေသည့်နှုတ်ခမ်းတို့မှာ အထင်မြင်သေး၊ ကဲ့ရဲ့လို
ခြင်းတော့မပါဘဲ ညီမအရင်းလေးတစ်ယောက်ကို အစ်ကိုတစ်ယောက်က
ချစ်စနိုးကြည့်တာမျိုး ..။

"မင်း အန်တီပြောတဲ့အတိုင်းသာလုပ်ပါ လူလေးရယ်၊ သမီးလဲ
ကျောင်းပြီးလို့ သင်တန်းတွေလဲ စုံအောင်တက်ထားပြီးပြီ၊ ပညာက
ကတ်ထားပြီဆိုရင် လိုတဲ့အချိန်အသုံးချလို့ရတယ်၊ လောလောဆယ်
လူလေးလဲ စားရေးသောက်ရေးအဆင်ပြေမယ်၊ နေ့ထိုင်စားသောက်
တဲ့ယဉ်ကျေးမှုအားလုံး နေ့စဉ်မြင်နေ ကြားနေရတော့ သမီးလဲ အချိုး
ပြောင်းလာမယ်၊ မောင်နှမနှစ်ယောက် ချက်ပြုတ်စားသောက်ရင်း
တိုင်ပင်ဖော်လဲဖြစ်တာ ..။"

ဒေါ်ကေသွယ်က လိုရင်းကိုပဲ တစ်ခါတည်းဆွဲပြောတော့သည်။
ဒီလို တစ်နေ့ရာစီနေခြင်းအားဖြင့် နီးစပ်ဖို့က ဘယ်လိုမှမလွယ်ကူနိုင်။

ဒေါ်မေသန့် ရောက်လာတော့မှာကို ကြားပြီးသားမို့ ဒီဘက်
ကာလမှာ သမီးနဲ့ဦးဆောင်ကို နီးစပ်ထားစေချင်၏။ ပိုစိုးရိမ်တာက ညို့
ကိုယ်တိုင်က ခေါင်းခါနေတာပင်။

"ဆွေမျိုးစပ်လို့ရနေသေးမှန်းသိလျက်နဲ့ မာမီရာ၊ သူ့ဘက်ကလဲ
ရှိုးသားနေတာဥစ္စာ .."

ပြောလိုက်တိုင်း ရှုံ့မဲ့ခေါင်းခါ၏။

"ဟဲ့ .. လူပျိုနဲ့အပျို ယိတွေ့ရင်းနှီးမှုကြာလာရင် သံယော

ဆိုတာ ရှိလာတာပဲ၊ ဟိုက ညည်းလိုတောင် ရည်းစားထားဖူးတ

မဟုတ်ဘူး"

"ဘယ်သူပြောတာလဲ၊ ဒီလောက်အရွယ်ကြီးတွေ သွားပြီကြ

ပါလား၊ အံတိုနေပြီ" တဲ့။

ညို ငြင်းနေတဲ့အဓိကအကြောင်းက ဦးဆောင် ဘက်မှ ရိုးသ

နေခြင်းကြောင့်ဖြစ်သည်။ ယုန်ကပဲတိုးတိုး၊ ပိုက်ကပဲတိုးတိုး ဘာ

ဖြစ် ငြိဖို့က အဓိကမဟုတ်ဘူးလား ..။ ဦးဆောင် လိုလူမျိုးကို လို

လို့ ရအောင်ယူတယ်ဆိုတော့ရော သိက္ခာကျလောက်စရာရှိမလား ..

သို့သော် သူမ ပြောပြီးတာနှင့် ဦးဆောင်နဲ့ညို့ မျက်ဝန်း

သူထံသို့ ပြုံင်တူကျရောက်လာ၏။ ဦးဆောင် က ရယ်လိုက်ပြီး ...

"ညို့ကို ကျွန်တော်နဲ့လွဲမလို့လား အန်တီ၊ မလုပ်နဲ့နော် .."

"မာမီကလဲ၊ ညို့ကို မကောင်းပြောဖို့များ မွေးထားသလား

ဘူး၊ တကယ်လွန်တယ်"

ညို က ဦးဆောင် ကိုင်ထားသည့် ကော်ဖီမှုန့်ထုပ်ကိုဆွဲယူ

လှည်းထဲကိုပစ်ချလိုက်ကာ ...

"ညို တစ်သက်လုံး ဒီလိုပဲနေလာတာကို .."

"တစ်သက်လုံးက အသက်အရွယ်ရှိသေးတယ်လေ၊ အခု ညီ

ကလေးမဟုတ်တော့ဘူး"

"အဲဒါတွေက မိဘကပဲ ပြုပြင်ဆုံးမပေးတာကောင်းတယ် အန်

ဒါမှမဟုတ် သူတို့အထင်တကြီးဖြစ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယော

သူငယ်ချင်းမိတ်ဆွေ အဲဒီလိုမျိုးပေါ့၊ ကိုယ်တိုင်ပြုပြင်ချင်စိတ်ရှိ

ဖြစ်တာကိုး၊ ဒါက ပင်ကို ရှိနေထိုင်တတ်တဲ့စရိုက်လေ .."





သွားပြီ ..။ ညို့မျက်နှာလေး မသိမသာတင်းသွား၏။ အဲဒါ မာမီ

ကြောင့် ..။ ညို က ဒီလိုစရိုက်သဘာဝတွေနဲ့ပဲ ရှိနေတော့မှာမို့ ဆုံးမ

မလွယ်တဲ့မိန်းကလေးလို့ ပြောလိုက်တာ ..။ မခံချင်စိတ်တွေက သည်းခံ

နိုင်စွမ်းတို့ကို ချုပ်ငြိမ်းစေခဲ့ပြီး ...

"ကိုကိုက ညို့ကို အိမ်လာနေမှာစိုးလို့ တစ်ခါတည်း ဖွဲ့ပစ်လိုက်

တာလား"

"မဟုတ်ရပါဘူးဗျာ၊ အိမ်မှာ ကြိုက်သလို ဝင်ထွက်စားသောက်

လို့ရပါတယ်၊ ညည်းလာပြီး ချက်ပြုတ်ပေးဖို့စေတနာရှိရင် သော့ပါ

အပ်ထားဦးမယ်၊ ဘယ်လိုလဲ"

ဒေါ်ကေသွယ့်မျက်နှာကြီး ပြုံးသွား၏။ ညို အနည်းငယ်ကြည်လင်

သွားသည့်မျက်ဝန်းလေးတွေနှင့် မျက်စောင်းရွယ်လျက် ...

"ကြည့်လုပ် .. အလျှောက်မကောင်းရင် အထောင်းခံရမှာ ..

သိလား"

"မှတ်ထားပါ့မယ်"

ဦးဆောင် က ညိုခေါင်းလေးကို လှမ်းပုတ်လိုက်ရင်း ရယ်နေသည်။

ဒေါ်ကေသွယ် အကဲခတ်လို့မပြီးနိုင်။

ဦးဆောင် ရင်ထဲမှာ ကာလာတွေဖြစ်နေပြီလား၊ ဖြစ်လာနိုင်

မလား ..။

အဖြူထည်ကြီးအတိုင်းတော့ မဖြစ်စေချင်ပါ။ ထို့ကြောင့် ...။

❋ ❋ ❋

## အခန်း (၁၉)

"ဟိုဘက်နည်းနည်းတိုး .."

"ဘာလာလုပ်တာလဲ"

အနီ လှည့်ကြည့်လိုက်တော့ စည်း က သူမလိုပဲ ကုမ္ပဏီ
ဖြစ်သည့် လောင်းကုတ်အဖြူနဲ့ ရင်ဘတ်မှာ တံဆိပ်နဲ့ ..။ သူက တ
အနားတစ်ဖက်မှာမထိုင်ဘဲ အနီ့ဘေးမှာပဲ ခုံဆွဲထိုင်လိုက်ကာ ..

"အတူတူအလုပ်လုပ်ဖို့ မန်နေဂျာကြီးက ခွဲတမ်းချလိုက်
အဲဒါကြောင့် ဟိုဘက်တိုး .."

"ဘာဆိုင်လို့လဲ၊ စားပွဲတစ်လုံးလုံး အကျယ်ကြီး၊ ဟိုဘက်မှာ
ထိုင် ..."

"ဂျာကြီးက မှာလိုက်တယ်၊ သူ့ရှေ့ကို အထပ်လိုက်ရော
ပြီဆိုရင် ပြင်ရ ဖျက်ရတာတွေ မလိုချင်ဘူးတဲ့၊ အဲဒီတော့ ပေါ်
ပေါ်မှာ တစ်ခါတည်း ချက်ခ်လုပ်ပြီးသားဖြစ်ပါစေတဲ့"





"အဲဒါက အနီ့ကိစ္စပါ၊ ရှင့်အလုပ်က ..."

"အတူတူလုပ်နိုင်းလိုက်ပါတယ်ဆိုမှ တစ်စားပွဲတည်းမှာ အလုပ်ခွဲနေလို့ရမလား၊ ပြီးတော့ မင်းနဲ့ငါ လုပ်သက်နုသေးတာ အတူတူပဲ ဆိုတော့ သိတာချင်းလဲ သိပ်ကွာမှာမဟုတ်ဘူးလေ၊ မှားနိုင်ခြေရှိတာတွေကို တစ်ယောက်နဲ့တစ်ယောက် အမြဲတမ်း သတိပေးထောက်ပြနေကြမှ ဖြစ်မှာ၊ အဲဒါကြောင့် ခွဲနေလို့မဖြစ်ဘူး"

"ဟွန်း .. အပိုတွေပြောမနေနဲ့၊ ဒီမှာလုပ်လာတာ တစ်လကျော်ပြီ၊ ဘာအမှားမှမဖြစ်ခဲ့သေးဘူး၊ ကာလာချိန်ဂျာကိုတောင် အနီ အကြံပေးလုပ်နိုင်သေးတယ်"

"ဟာ .. တော်လှချည်လား၊ ဒါဆိုလဲ ဆရာတင်ရတာပေါ့၊ မသိရင် လက်တို့မေးလို့ရအောင် ပိုတောင်နီးနီးနေဖို့လိုသေးတယ်"

"အထက်စည်း ..."

"ဟင် .."

အနီ က ကီးဘုတ်မှာတင်ထားသည့်လက်ကိုရုပ်လိုက်ပြီး စည်းဘက်ကို ပခုံးတစ်ခြမ်းလှည့်ရင်ဆိုင်၍ ...

"ရှင် .. ဒီအလုပ်ကိုဝင်တာ ရိုးမှရိုးရဲ့လား"

"ဘာဖြစ်လို့လဲ"

"ဒါက ရှင့်ဦးလေးပိုင်တဲ့နေရာ ..."

"အဲဒါဘာဖြစ်လဲ"

"တစ်သက်လုံးကမလုပ်ခဲ့ဘဲ ခုမှလာလုပ်တာလို့လဲ ပြောသံထွက်နေသေးတယ်"

"တစ်သက်လုံးက မလုပ်ခဲ့ရင် အခု လုပ်ခွင့်မရှိဘူးလား"

"ထူးခြားနေတာတွေကို သူများတွေပြောနေကြတာလေ၊ အဲဒီ

သတင်းစကားတွေနဲ့ပတ်သက်ပြီး ရှင် အခု အနီးဘေးမှာရှိနေတာ
ပြောစရာဖြစ်လာနိုင်တယ်"

"ပြောပစေပေါ့၊ လူတွေ ဒီလိုပဲ မွေးဖွားကြီးပြင်းလာကြတာ၊ အ
ဝမ်းကကျွတ်ကတည်းက လင်မယားညားပြီးသား မွေးလာတာ မရှိ

"ဘာ .. ဘာပြောလိုက်တယ်"

"တစ်သက်လုံးမလုပ်ခဲ့ဘဲ ခုမှလုပ်တာကို ထူးခြားတဲ့သတင်း
ပြောနေကြတာပြောတာ၊ မွေးလာတယ်၊ ကြီးပြင်းတယ်၊ ပြီးတော့ ချစ်
ညားကြတယ်၊ ဒါကဖြစ်ချိန်တန်မှ ဖြစ်ကြတာမဟုတ်ဘူးလား"

စည်း က အနီ့မျက်နှာလေးကို နီးနီးလေးမြင်နေရမှ စူးစိုက်ကြ
ဖြစ်ရင်း စကားပြောလည်းမပျက်။

"အခု တို့ရဲ့ဖြစ်ချိန်တန်တဲ့သဘောတရားထဲမှာ မင်း အလုပ်
နေကာမှ အလုပ်လုပ်ဖြစ်သွားတာ ဘာဆန်းသလဲ၊ ရိုးရိုးပဲတွေး .."

"အံမယ် ..."

"နေရာတကာ ဂရုစိုက်မနေဖို့ပြောချင်တာ ..."

အကောင်းပြောနေရာကနေ စပ်ဖြဲဖြဲ ပြုံးစိစိမျက်နှာက မှန်
ဖွယ် ..။ သူ ကိုယ့်အပေါ်မှာ မရိုးသားပုံတွေပြနေတာကို ခံစားမိနေသ
ဖွင့်မေးလို့လည်းမကောင်း၊ မျိုသိပ်ထားရတာလည်း တော်တော်ရ
နေပြီဖြစ်သည်။ ပြီးတော့ ချိုနဲ့ ဘာမှမဟုတ်သလိုလို၊ ညို့ကို
စိတ်မဝင်စားသလိုလို..။ ဒီယောကျ်ား ဘယ်လိုယောကျ်ားမျိုးလဲ ..။
ထားခဲ့လိုက်တာမျိုး တော်တော်ဝါသနာပါနေသည်လား ..။

အခုလည်း အရင်းနီးဆုံးမိန်းကလေးတွေကြားမှာ ပတ်ရှုပ်
စုနေတာ၊ ဘယ်လိုရည်ရွယ်ချက်တွေရှိနေသည်ဆိုတာ မသိနိုင်၊
သူနဲ့အနီ ခဏခဏဆုံဖြစ်ခဲ့တာတွေကို ညို့ကိုပြောမပြခဲ့ခြင်း



ပြောစရာကိစ္စမျိုးမဟုတ်၍ဖြစ်သည်။ အားလုံးဟာ အမှတ်တမဲ့တွေ
ချည်းသာ ..။

ခုကျတော့ ဒါ အမှတ်တမဲ့တိုက်ဆိုင်တာ ဟုတ်ရဲ့လား၊ ညို့နဲ့
မတွေ့ဖြစ်ပေမယ့် ဒါကိုတော့ ပြောပြမှဖြစ်မည်။ သူ မကြင်နာလို့ တွေဝေ
နေခဲ့သည့် ညို့ရင်ထဲမှာ ဘယ်လိုများတွေးသွားမည်လဲ။

"ဟာ .. အဲဒါမသိမ်းနဲ့လေ၊ ပယ်ရမှာကြီးကို ..၊ Delete လုပ်လိုက်"

"ဟင် .. ဆောရီး .."

အတွေးလွန်သွားသဖြင့် ချက်ချင်းအမှားပေါ်သွား၏။ စည်း က
ဖိုင်ကိုဖွင့်၍ ပြုံးစိစိနှင့် ...

"နည်းနည်းပါးပါး သတိထားလေ၊ ကာလာချိန်ဂျာကို နောက်ထပ်
အကြံမပေးနိုင်ဘဲနေဦးမယ်"

အနီ ပါးပြင်လေးတွေ ရဲခနဲ ဖြစ်သွား၏။ ပြောတဲ့ပါးစပ် ဝဲပေါက်
ပါစေ ..။ သူ့ထံရောက်မလာဘဲ ဖြစ်ပျက်ရှသွားသည့် မျက်စောင်းလေး
တစ်ချက်ကို မြင်လိုက်ကာ စည်း ဟွန့်ခနဲ ရယ်သည်။

မင်းမသိလို့ပါ ကောင်မလေးရယ် ..၊ ငါ့ရင်ထဲမှာ မင်းအတွက်
ဖြစ်တဲ့ကဗျာတွေအကြောင်း သိကောင်းစရာ ...။

❋ ❋ ❋

## အခန်း (၂၀)

"သူပြောတဲ့ အချစ်တွေက ဘယ်သူဆီမှာလဲ၊ အဲဒါ ညို သိလိုး

"... ... ... ..."

"နင်မဖြေနိုင်ပေမယ့် နင်နဲ့ငါ နှစ်ယောက်စလုံးမဟုတ်တာ

သေချာတယ် ညို၊ အဲဒီတော့ ကြင်နာတတ်တဲ့အစဉ်အလာ မရှိခဲ့တဲ့

မေ့ပစ်လိုက်ပါ"

ညို ဘာတစ်ခွန်းမှမပြောနိုင်။ ဖြစ်သလိုထိုးရပ်ထားသည့်က

လမ်းပေါ်မှာ မလွတ်မလပ်မို့ တခြားကားတွေ အော်ဟာစ်မာနီမဲသွ

တွေကို ကြံ့ကြံ့ခံ အံတုနေရ၏။

ချို က ကားတစ်စီးဖြတ်သွားတိုင်း ခေါင်းထောင်ကြည့်က

သလို မကြားသလို ငိုင်နေသော ညို့ကိုလည်း ဘာမှမပြောတော့

"ငါ နင့်ကို တကယ်အထင်လွဲသွားတာ၊ ငါ့ပြဿနာကိုအ

ဖြပြီး နင် သူ့ကို ကြိတ်ကြိုက်နေလို့ ဒီနည်းသုံးလိုက်တာလို့ပဲထ

ဒါပေမယ့် နင် အခုဝန်ခံလိုက်တော့ စာနာသွားတယ်၊ ငါခံစားရတာ

နင်က ပိုမှာပဲလို့ ..."

ညို မျက်လွှာပင့်ကြည့်တော့ ချို က ပင့်သက်လေးရှိုက်ပြီ



"ငါက သူ့ဘက်ကတုံ့ပြန်မှုကို ဘာမှမရခဲ့တာ၊ မြင်တယ်၊ သူချော

လို့ ရောဖို့ကြိုးစားတယ်၊ သူနဲ့ခင်သွားတော့ ငါ့ကိုသဘောကျသွားပြီလို့

အပိုင်တွက်နေတုန်း ဆောရီးလုပ်ခံလိုက်ရတာ၊ အဲဒီမှာ ရှက်တာတွေရော၊

ဆုံးရှုံးလိုက်ရတာကို ခံနိုင်ရည်မရှိတာရော ဘယ်လိုမှ မခံစားနိုင်တာနဲ့

အိပ်ဆေးတွေသောက်ပစ်လိုက်တာ၊ ဒါပေမယ့် မသေခဲ့ဘူးလေ၊ မသေ

ဘူးဆိုတော့လဲ ရှက်တတ်တဲ့မာနကြောင့် အိပ်ဆေးသောက်မိတဲ့

အကြောင်းရင်းကို လူသိမခံချင်ပြန်ဘူး၊ ငါ့ရဲ့ ပြတ်တောက်သွားတဲ့ အချစ်

ဇာတ်လမ်းကို နင်က ဆက်ကလိုက်တာကိုး ..."

"ငါမခံချင်တာက သူ့ကို ငါတိုက်ခိုက်ဖို့ကြိုးစားတာ ရည်ရွယ်ချက်

ကစ်ခုတည်းရယ်၊ သူ့ဘက်က မရိုးသားတာကျတော့ ဘာကြောင့်ဆိုတာ

ဘယ်လိုမှ ဆုပ်ဖမ်းကြည့်လို့မရအောင် ဟန်ဆောင်ကောင်းကောင်းနဲ့

သရုပ်ဆောင်သွားတဲ့အချက် .."

"အဲဒါ မခံချင်ဖြစ်နေတာမဟုတ်ဘူး ညို၊ နင်ခွဲလမ်းကျန်ရစ်ခဲ့တာ၊

နင်က သူ့ရဲ့ချစ်သူအဖြစ်နဲ့ သူ ဂရုစိုက်ယုယတာတွေ ခံစားခဲ့ရတော့

ပိုဆိုးတာပေ့ါ၊ ငါကိုယ်ချင်းစာတယ်၊ ဒါပေမယ့် တော်ပါတော့ဟာ၊ နေ့မြင့်

လေ အရှုံးရင့်လေ ဖြစ်မှာစိုးလို့ ငါတားနေတာ၊ သူ့ကို မရှာပါနဲ့တော့"

"မရှာလို့မရဘူး ချိုရဲ့၊ ငါ နင့်လို ကိုယ့်ကိုကိုယ် အဆုံးစီရင်တဲ့

နည်းနဲ့လဲ ဘယ်တော့မှ မကျန်ခဲ့ရဘူး၊ ချစ်ရဲလို့ ပစ်ရဲတာ သဘာဝကျ

တယ်၊ ဒါပေမယ့် ချစ်ရဲတာလား၊ ပစ်သွားတာလား .. တစ်ခုခုကို ပြော

သွားရမယ်၊ သူ ငါ့ကို ဗွဒ်ဘိုင်လုပ်သွားပြီဆိုရင် ဇာတ်လမ်းက ဒီမှာပြီးပြီ၊

အခု ဘာမှမပြောဘဲ ရှောင်ထွက်သွားတာ .."

"နင့်ကိုမပြောပေမယ့် ငါ့ကိုပြောသွားတယ်လေ"

"သူ့ချစ်သူက ငါလေ၊ နင်မှမဟုတ်တာ .."

ဒီစကားမှာ ချို အရှိက်ထိသွားခဲ့၏။ မျက်နှာတစ်ချက်ပျက်...
ကာ အကြာကြီး တိတ်ကျသွားခဲ့သည်။ ပြောစရာရှိပြီဆို အားနာ...
ခြင်းကို ဘေးဖယ်ပြီးမှပြောတတ်သည့် ညို ကတော့ နှုတ်ခမ်း...
ကိုက်ပစ်လိုက်ပြီး ...

"ငါ ဒီနေ့ သူ့နဲ့တွေ့ရမှဖြစ်မယ်"

"အနီကို ရှာနေတာကရော ..."

"နင် ရောက်မလာခင်က သူ့ကို အဖော်ခေါ်သွားချင်လို့ မရှ...
တော့သိပါတယ်"

"လုံးဝမလွယ်ဘူး ညို၊ အနီ အခု အလုပ်လုပ်တာကိုက သူ့...
နင်နဲ့လမ်းကြောင်းပြတ်သွားအောင် ထားလိုက်တာပဲ၊ သူ့သမီး...
သက်လုံး အိမ်ထဲမှာ ထုပ်ပိုးသိမ်းဆည်းထားချင်လို့ အလုပ်အ...
ဘယ်တော့မှအပြောမခံခဲ့တာ နင်က ငါ့ထက်ပိုသိမှာပါ"

"နင်က ဟိုမှာ နှစ်လလောက်သွားနေပေမယ့် သတင်း...
မျက်ခြည်မပြတ်ပါလား"

"ပြတ်သွားပါတယ်၊ ပြန်ရောက်လာမှ ကြားတာတွေပါ...
ကိုစည်း နောက်ကို တကောက်ကောက်ပြန်လိုက်နေရတော့ အ...
အာရုံမှမရှိတာ၊ ပြီးတော့ဟာ .. အနီ လိမ္မာတာ နင်သိသားနဲ့ သူ...
မကြိုက်တာလဲဖြစ်နိုင်ပေမယ့် သူကိုယ်တိုင်နာခံပြီး နင့်ကို ...
လိုက်တာသိသာတယ်၊ လေဆိပ်မှာ ငါ့ကို တစ်ယောက်တည်း...
တာ နင့်မျက်နှာကို ထောက်ခဲ့လို့လား"

ညို တွေဝေငြိမ်သက်နေခဲ့၏။ ထိုစဉ် ငါးတွေ အပြည့်...
တင်ထားသည့်ကုန်ကားကြီးတစ်စီးက လမ်းတောင်းနေသဖြင့်...
ကားကို လမ်းလွှတ်အောင် ချရပ်ပေးလိုက်၏။ ပြီးမှ ပြန်လည်...



"နင့်ကို ဘာပြောသွားလို့လဲ"

"ကြားကောင်းအောင်ပဲ ပြောသွားတာပေါ့၊ ဒါပေမယ့် မပတ်သက်ချင်တာ အသိသာကြီးရယ်၊ ပြီးတော့ ကုမ္ပဏီတံဆိပ်နဲ့ လောင်းကုတ် အဖြူကြီးဝတ်ထားတာ သူ့နဲ့အရမ်းလိုက်တာပဲ၊ ဆံပင်တွေကို အဖြောင့်ဆွဲထားသေးတယ် သိလား၊ သူ့ဆံပင်က အစက ဘာမှပြုပြင်တာ မဟုတ်ဘူးလေ၊ ခုကျတော့ ဆံမြိတ်တွေ အပြောင်သိမ်းပြီး နောက်မှာ ဖားလျားချထားတာ လှတောင်မှားတယ်၊ တကယ့်ကို အရမ်းလှနေတာ"

အနီ က အစကတည်းက လှတဲ့သူပါ။ ဒီအလှတွေ ရှန်းကြွပေါ်လာအောင် မပြုမပြင်နေတတ်သည့်အကျင့်လေးကိုပဲ ညို က ကျေးဇူးတင်နေရသေးသည်။ ခုကျတော့ အနီ အရမ်းလှနေသည်တဲ့လေ ..။ ထိုစဉ် ဖုန်းခေါ်သံ လေးဝင်လာသဖြင့် ညို က နားထောင်လိုက်၏။

"အနီ .. အင်း .. ပြောလေ .."

သူ့အကြောင်းကိုပြောနေတုန်း ဖုန်းဝင်လာသဖြင့် ညို နဲ့ချို မျက်လုံး ...င်းဆုံသွား၏။

"ဒီညနေ .. ငါ နေ့တစ်ဝက်နားမှာ သိလား၊ နင်အားလား၊ ငါတို့ ...စ်နေရာမှာ အေးဆေးဆုံကြရအောင်"

"အားတယ်၊ ဘယ်မှာဆုံမလဲ"

"နင်ပဲပြော၊ ငါ အလုပ်ပြန်တာနဲ့ တန်းလာခဲ့မှာ .."

ညို က အနီနဲ့သူမ ထိုင်နေကျ ကော်ဖီရှော့ပ်မှာပဲ ချိန်းလိုက်သည်။ ...တော့ ဖုန်းပြန်ပိတ်၍ ...

"စည်းနဲ့ငါ့သက်တမ်းမှာ အပ်ကျတာကအစ အနီ ကသိတာ၊ သူ့နဲ့ ...ချင်တာ အဲဒါတွေ သေချာပြောချင်လို့ပါ"

"ဟုတ်ပါပြီ၊ နင်စိတ်ချမ်းသာရင်ပြီးတာပါပဲ"

စိတ်တော့ချမ်းသာပုံမလား ချိုရယ် ..။ ညို့မျက်နှာ
မပြုံးချင်ပြုံးချင်နှင့် ...

"ဟော ..."

ဖုန်းသံထပ်ကြားတော့ ချို တအံ့တသြ လက်ညှိုးထိုးကာ

"အနီ ဘာထပ်ပြောမလို့လဲမသိဘူး၊ ခုပဲချသွားပြီးတော့

ဖုန်းကိုကြည့်လိုက်တာနှင့် အိမ်ကဖုန်းမှန်း ညို ကတော့

"ဟလို .."

"သမီး .. ညည်း တစ်မနက်လုံး ဘယ်တွေလျှောက်သွ
လဲ၊ ဖုန်းကလဲ မဝင်တာနဲ့၊ မကိုင်တာနဲ့"

"မဝင်လို့ပါ မာမီရာ၊ ညို က ဘာဖြစ်လို့မကိုင်ရမှာလဲ"

"အေး .. အဲဒါထားလိုက်၊ အခု ရောက်တဲ့နေရာကနေ
တော့၊ အရေးကြီးတယ်"

"ဟာ .. ညို လဲ အရေးကြီးနေတာပဲ မာမီရာ၊ နေ့လယ်
ဖြန့်မစားတော့ဘူးလို့နေတာ ..."

"အံမာ .. ညည်းက ဒီလောက်အရေးကြီးနေရအောင်

"မာမီကလဲ .. အရေးကြီးလို့ပါဆို .. အရေးကြီးနေလို့

"ကြီးပါစေ .. ထားခဲ့လိုက်တော့၊ မေသန့် ရောက်နေပြီ
ဆက်တာ၊ အဲဒါ သွားတွေ့ရမယ်"

"ဟင် ..."

ညို လက်မှိုင်ကျသွား၏။ ဒါကို ဘယ်လိုအကြောင်း
ငြင်းမရနိုင်မှန်းသိလိုက်ခြင်းကြောင့် ...။

❋ ❋ ❋





အခန်း (၂၁)

"အမေ ..."

သူခေါ်လိုက်မှ စူးစိုက်ငြိမ်သက်နေခဲ့သည့် ဒေါ်မေသန့် မျက်ဝန်း တွေ သူ့ဘက်ကို လှည့်ရှားလာ၏။

"အမေ .. ဘာဖြစ်လို့လဲဟင်"

ဒေါ်မေသန့်က သူမေးတာကိုမဖြေဘဲ ကားပြေးနေသည့် ရှေ့တည့်တည့်လမ်းကိုပဲပြန်ကြည့်ကာ ...

"သားနဲ့ညို နေ့တိုင်း ဒီလိုပဲနေကြတာလား"

"ဘယ်လို အမေ .. အမေပြောတဲ့ ဒီလိုပဲဆိုတာက .."

"အခု အမေမြင်ခဲ့ရတဲ့အတိုင်းပဲပေါ့၊ နှစ်ယောက်ဆုံလိုက်တာနဲ့ ...းဆိတ်လိုက်၊ လက်မောင်းကိုလှမ်းထုလိုက်၊ ပြီးတော့ ကေသွယ် ပြောတဲ့ ...အထဲမှာ ညို က သားအတွက် ထမင်းဟင်းတွေ အမြဲလာပြီး ချက်ပြုတ် ...ပေးနေတာတဲ့ .. ဟုတ်လား"

ကားမောင်းနေသည့် ဦးဆောင် မျက်လုံးတွေ ဒေါ်မေသန့်ဆီ ပြန်

ရောက်လာ၏။ ခရီးရောက်မဆိုက် အပြင်ကိုပြန်ထွက်လာတာ
ပြောချင်လို့လား ..။

ညို တို့သားအမိလည်း ရောက်လာကြပြီး သိပ်မကြာသေး
သွားခဲ့ကြသည်။ အမေ့မျက်ဝန်းကစာကို သူ အဖတ်နိုင်ဆုံးပါ။ ဒါ
ဒီနေ့ ဘာတွေဖြစ်နေတယ်ဆိုတာကိုတော့ သူ တကယ်မသိခဲ့

"အမေ မေးနေတယ် သား .."

"အမြဲတမ်းမဟုတ်ပါဘူး အမေ၊ သူလာချက်ပေးတာ စနေ
ရှိသေးတယ်"

ဒေါ်မေသန့် ခေါင်းညိတ်ကာ ...

"အမေ့စိတ်ထဲမှာ ထူးဆန်းနေလို့ .."

"ဘာကိုလဲ အမေ .."

"ကေသွယ်တို့နဲ့ အမေတို့ ဟိုတုန်းက ဒီလောက်ဖက်လဲတာ
ဘူးလေ၊ ဟိုတုန်းကတည်းက အမေ့ကို ဘဝင်မြင့်တယ်၊ သွေး
ဆိုပြီး သူတို့ပဲ ခပ်ကင်းကင်းနေခဲ့ကြတာ၊ ဆွေမျိုးတော်တယ်
ဘယ်လိုစပ်ရမှန်းတောင်မသိတော့ မတော်လဲရ၊ တော်လဲရကို"

ဒေါ်မေသန့်က စကားကိုရပ်လိုက်ပြီး မှန်ထဲကမြင်
ဦးဆောင် မျက်နှာကို လှမ်းကြည့်၏။ ပြီးမှဆက်၍ ...

"ဟိုကနေ သားအတွက် လိုအပ်မယ်ထင်တာလေးတွေ
လိုက်ဖို့ အကူအညီတောင်းရတာတောင် အရင်ကစိမ်းခဲ့ကြ
အမေ စိုးရိမ်စိတ်တွေဖြစ်ခဲ့သေးတယ်၊ ခုကျတော့ အရမ်း
နေကြတော့လေ .."

"ဟုတ်တယ်၊ ရောက်ကတည်းက သူတို့ဆီမှာပဲနေ
သေးတယ်"



ဒေါ်မေသန့် နှုတ်ခမ်းတွေ လွန့်ခနဲ ပြုံးသွား၏။ ဦးဆောင် က
မမြင်ပါ။ ရှေ့ကိုပဲကြည့်၍ ကားမောင်းနေရင်း ...

"အန်တီက ခုမှ ညို့အတွက် တအားစိတ်ပူနေတာ .."

"ဟင် .. ဘာဖြစ်လို့လဲ"

"ညို က ဝတ်တာစားတာ အရမ်းခေတ်မီတယ်လေ၊ အခု အမေ
မြင်တဲ့အတိုင်းပဲ"

မြင်တာပေါ့လို့ စိတ်ထဲမှာပြောလိုက်မိရင်း ဒေါ်မေသန့်က သား
ဖြစ်သူပြုံးနေတာကို ဘေးကနေ အကဲခတ်နေခဲ့၏။ ဦးဆောင် ၏စကား
သံတွေနှင့်အပြုံးတွေမှာ ခွင့်လွှတ်နားလည်သော ချစ်စနိုးအမူအရာ
တွေအပြည့် ..။

"ဟိုတုန်းကတည်းက လွတ်လွတ်လပ်လပ် နေခွင့်ပေးထားခဲ့ပြီးမှ
ကျတော့ လူကြီးအမြင်နဲ့ ထော်လော်ကန့်လန့်တွေဖြစ်လာတယ်ထင်
တယ်၊ ကျွန်တော့်ကို ဆုံးမပဲ့ပြင်ပေးပါဦးလို့ ပြောသေးတယ်"

"ဟင် ..."

"ထမင်းလာချက်ပေးဖို့ဖြစ်သွားတာလဲ အဲဒါကြောင့်ပဲ အမေ၊ သူ့မှာ
စ်ကိုတွေ မောင်တွေမရှိတော့ ကျွန်တော်ရောက်လာတာနဲ့ ဆုံးမပါဦး
ပြီး အပ်တော့တာပဲ"

"ဒါဆို သားက သူ့ကို တာဝန်ယူဆုံးမပါ့မယ်ဆိုပြီး အိမ်မှာလာ
ခွင့်ပေးလိုက်တာလား"

"မဟုတ်ပါဘူး အမေ၊ ကျွန်တော်က ဒီလိုနေပါ၊ ဒီလိုထိုင်ပါ ဆုံးမ
အောင် နှမတွေ၊ အစ်မတွေနဲ့တောင် မနေခဲ့ဖူးတဲ့ဟာ၊ ဒါပေမယ့် အန်တီ
အမေ့ကို တော်တော်လေးစားနေတဲ့ပုံပဲ၊ ကျွန်တော့်ကို အမေ ဆုံးမ
ကြားထားသလို ညို့ကိုဖြစ်စေချင်တာမျိုး .."

"အဟွန်း ..."

ဒေါ်မေသန့်က အေးစက်စက်အပြုံးနှင့် ခေါင်းညိတ်သည်၊

"ရောဂါလက္ခဏာကိုမဖတ်တတ်ဘဲ အမြစ်တွယ်အောင် ကြိုး
စေခဲ့ပြီးတော့ သေခါနီးမှ ကယ်ပါ၊ ယူပါ အော်တာမျိုး .."

ဦးဆောင် က နားမလည်လိုက်သည့်အကြည့်နှင့် လှည့်လာ

"ဘယ်ကိုသွားမှာလဲ အမေ"

"ဒီတိုင်းမောင်းနေပါ၊ အမေတို့ ဒီလိုပဲပြောကြတာပေါ့"

ဟု ညွှန်ကြားလိုက်ပြီး ...

"သိချင်တာတွေများနေတာနဲ့ ပြောချင်တာက လိုရင်းမရော
တော့ဘူး"

"ပြောလေ၊ အမေ ဘာပြောချင်လို့လဲ"

"သားရဲ့ဘေးမှာ အဲဒီလိုဆိုးနွဲ့နေမယ့် ညီမလေးလိုမျိုး။ အ
မွေးပေးခဲ့ရင်တောင်မှ သားရဲ့ညီမလေးသာဆို အဲဒီလို သရုပ်ပျက် ဝတ်
ဆင်ယင်ပုံနဲ့ မောင်နှမမှန်းမသိ၊ သမီးရည်းစားမှန်းမသိလောက်အောင်
နေထိုင်ပုံမျိုး အမေ လက်ခံမှာမဟုတ်ဘူး"

ဦးဆောင် မှန်ထဲကနေ အမေ့ကို လှမ်းကြည့်မိ၏။ ညို တို့
လာကြသည်နှင့် အမေ့မျက်နှာကအပြုံးတွေ အရောင်ပြောင်းကျ
သိသည်။ ဒါပေမယ့် ခရီးရောက်မဆိုက်ဆိုတော့ သူ ဂရုတစိုက်
ခဲ့ပေ။ ခု ထွက်လာခဲ့တဲ့အထိ နားမလည်နိုင်ဖြစ်နေတုန်း ...

"သွက်သွက်လက်လက် ဆိုတဲ့အမူအရာက ချစ်စရာကောင်း
သားရဲ့၊ ကလက်တက်တက်နေတာမျိုးက ချစ်စရာမဟုတ်ဘူး၊ ကို
မူပိုင်ဟန်နဲ့မဟုတ်ဘဲ သူများရဲ့ဂရုစိုက်မှုကို ဖြားယောင်းယူတာ၊ အ
တော့ ချစ်စရာကောင်းတဲ့သမီးမျိုး ထုဆစ်မှာပဲ၊ သူများအထင်



းလို့လေ"

ဒေါ်မေသန့်က ငြိမ်သက်နေသည့် ဦးဆောင် ကိုငဲ့ကြည့်လျက် ..

"သူ့အသိုင်းအဝိုင်းမှာ ဘယ်လိုနေနေလဲတော့ အမေ မသိသေး ဘူး၊
ပေမယ့် ဒီလိုကာရိုက်တာမျိုးကို မကြိုက်တာတော့အမှန်ပဲ သား၊
သားရဲ့ဘေးမှာ ညို ခုလိုပုံစံနဲ့ရှိနေမယ့်အချိန်တွေများလာရင် သားမှာ
ဒိုက်လာဖို့တွေအများကြီးရှိတယ်"

"ကျွန်တော်က ကိုယ့်ညီမလေးလို သဘောထားတာပါ အမေ"

"ဘယ်လိုသဘောထားထား ထားခွင့်ရှိလို့ပြောနေတာ၊ ဒီ့ထက်လဲ
ပြောချင်တော့ဘူး၊ သားဘက်ကလိုက်လျောတာတွေကိုဆင်ခြင်မှဖြစ်မယ်"

သားအမိနှစ်ယောက် မျက်လုံးချင်းဆုံသွားသည်။ ဦးဆောင် က
ခေါင်းညိတ်၍ ...

"ဟုတ်ကဲ့ပါ အမေ"

ဒေါ်မေသန့်က ကျေနပ်စွာပြုံး၏။ ထွက်လာကာစလို သုန်မှုန်နေ
သည့်မျက်နှာမျိုးနှင့်မဟုတ်တော့ဘဲ ကြည်ကြည်လင်လင် ပြန်ဖြစ်လျက်..

"အမေ မြန်မာပြည်မှာပဲနေဖြစ်တော့မယ်ထင်တယ်"

"ဟင် .. အမေနဲ့အဖေ ..."

"ဟုတ်တယ်၊ အစကတည်းက ညှိနှိုင်းမရခဲ့ကြတာပါ၊ ဒါပေမယ့်
အမေက ကိုယ့်သားသမီးကို အသိုက်ဖျက်ထဲက ငှက်ငယ်လေးတစ်ကောင်
ဖြစ်စေချင်လို့ သားရဲ့ရှေ့ရေးလဲ ပိုပြီး တင့်တယ်အောင်မြင်အောင် ဟိုထိ
က်နေပြီး အများကြီးရင်းနှီးပေးခဲ့တာ၊ အဲဒါတွေ သားကို ဒီပြန်ပို့လိုက်
နောက်မှာ အားလုံးပြီးသွားပြီ"

"အမေရာ ..၊ အဖေက ဟိုမှာပျော်နေတာတစ်ခုကလွဲရင် အားလုံး
ကောင်းနေတာပဲ၊ စီးပွားရေးမှန်းသိတယ်၊ ပွေတာရှုပ်တာကင်းတယ်၊

အမေ့ ကိုလဲ ...”

“ပါးစပ်က တချစ်ချစ်မြည်နေတာကို အမေ မလိုချင်ဘူး အရွယ်ကွေလဲမဟုတ်ကြတော့ဘူး၊ မိဘဆိုတဲ့ဘဝကိုရောက်လ ကိုယ့်ဘဝဟာ သားသမီးအတွက်ဖြစ်သွားပြီ၊ စုန်ရေဆိုတာ ဒီသ ပဲ သားရဲ့၊ နောင်တစ်ချိန် ငါ့သားသမီးဆီက ဘယ်လိုတုံ့ပြန်မေ လာမလဲဆိုတာ အမေ စိတ်မဝင်စားဘူး၊ ကိုယ်က မိဘဖြစ်လာရင် ဝတ္တရားကျေချင်တယ်၊ ကျေအောင်လဲကြိုးစားတယ်၊ သူ အမေ့သဘေ နားလည်ပါတယ်၊ ဒါပေမယ့် သူက ဟိုမှာပါ လွမ်းမိုးနိုင်သူကြီး တော့ မာန်ကလေးတော့ရှိနေပြီပေါ့”

“ကျွန်တော့်အမြင်မှာတော့ အဖေက အမေ့ကို အလိုလိုက်ပါ

“ထားလိုက်ပါတော့၊ အဲဒါတွေ အမေ မကြားချင်ဘူး၊ အခု အ သား ဈေးလိုက်ပို့ ဒီည အမေတို့သားအမိ ဖွယ်ဖွယ်ရာရာ ချက်ပြု ရင်း စကားတွေတစ်ဝကြီးပြောကြမယ်”

“ဟာ .. ဒီညမလုပ်ပါနဲ့ အမေ ပင်ပန်းလာတဲ့ဟာ ...”

“အပင်ပန်းခံချင်လွန်းလို့ အမေ ပြန်လာတာ၊ ကဲပါ မောင်း

ဦးဆောင် ကခေါင်းညိတ်လိုက်သည်။ သို့သော် ကားကို လျှော့၍ ဖရီးကြောကနေ ကွေ့ချိုးလိုက်စဉ် ပလက်ဖောင်းပေ လမ်းလျှောက်သွားနေသည့် အနီ့ကို လှမ်းမြင်လိုက်သဖြင့် ...

“အမေ .. ခဏနော်၊ ကျွန်တော့်အသိတွေ့လို့ ...”

ဟုပြောပြီး ကားကို ရပ်လို့ရတဲ့နေရာအထိ မောင်းသွားလိုက် သည်။ သားရဲ့အသိဆိုတော့ ပလက်ဖောင်းပေါ်မှာသွားနေသူ မျက်စိရောက်သွားမိ၏။

သို့သော် ဆံပင်တွေဖြန့်ချထားသည့်မိန်းကလေးတစ်ယော





မျက်နှာချင်းဆိုင်နှုတ်ဆက်လိုက်တော့ ဒေါ်မေသန့် အံ့ဩသွား၏။ စကား သံတွေကို ကြားလိုက်ရသဖြင့် နားစွင့်ထားလိုက်သည်။

“အနီရောင်နှင်း .. ကား မပါဘူးလား”

အနီ က သူ့ကို ပျူပျှာစွာနှုတ်ဆက်ရမည့်သူတစ်ယောက်အဖြစ် သဘောထားခဲ့ခြင်းမရှိပေမယ့် သူဆင်းလာသည့်ကားဆီလှမ်းကြည့် လိုက်တော့ အမျိုးသမီးကြီးတစ်ယောက်ကိုမြင်လိုက်သဖြင့် လေးစား သမှုအရ မျက်နှာကို ပြေပြစ်စွာပြုပြင်၍ ....

“ပါတယ်၊ **3K** ဘက်ထရီရှေ့မှာထိုးရပ်သွားတာနဲ့ ဒီတိုင်းထား ခဲ့လိုက်တော့ ...”

“ဟုတ်လား၊ ဒီကနေ နီးလား၊ တို့လိုက်ကြည့်ပေးမယ်လေ”

“ရတယ်၊ ဝပ်ရှော့ကို ဖုန်းဆက်ထားပြီးပြီ၊ ခွင့်ပြုပါဦး”

“အနီ ...”

သူများတွေခေါ်ကြတဲ့နာမည်ကို သိလို့တော့မဟုတ်ပေ။ ကမန်း ကတန်းခေါ်လိုက်ရသဖြင့် နာမည်က ကစ်ပိုင်းတည်းနှင့် ရပ်သွားတာ ဖြစ်သည်။

“ဘယ်သွားမလို့လဲ၊ ဟိုရှေ့ဆိုရင် သွားကြမှာအတူတူပဲထင်တယ်၊ လိုက်ပို့ပေးမယ်လေ”

“ဘာ ...”

ထောင်းခနဲ ဖြစ်သွားသည့်စိတ်ကြောင့် လေသံက ဆောင့်ထွက် သွား၏။ မျက်လုံးထဲမှာ ပြိုးပြက်လက်သွားသလားထင်ရအောင် ရှက် လည်းရှက်သွားမိသည်။ ဦးဆောင် လည်း စကားမှားသွားပြီမှန်း သိကာ ပျာပျာသလဲ လက်ကာ၍ ...

“တို့က စေတနာနဲ့ပါ၊ ကားငှားဖို့လဲမတန်တဲ့အကွာအဝေးဆိုရင်

မင်းလျှောက်နေရမှာ ပင်ပန်းမှာပေါ့၊ ကားပေါ်မှာ ကိုယ့်အမေပါပါတယ် လုံးဝရိုးရိုးသားသားခေါ်တာပါ"

"ရှင့်အမေပဲပါပါ သိကြားမင်းပဲပါပါ ကားကြုံလိုက်စီးဖို့ ထဲ
မပါဘူး၊ ရှင်လဲ နောက်ကိုလူကဲခတ်တတ်အောင်ကြိုးစားဦး ကိုဦးဆေ

အနီ က မျက်နှာကိုတည့်တည့်ကြည့်ပြောပြီး 'အားတော့
တယ်၊ ဆောရီး' ဆိုသည့်အကြည့်တစ်ချက် ကားဆီကို ဝေ့ခနဲ ပြ
သန်း၏။ ပြီးတော့ ဦးဆောင် ကိုရှောင်၍ လမ်းအတိုင်းဆက်ထွက်
လေသည်။ သူ ကားဆီပြန်ရောက်လာတော့ မမြင်ပါစေနဲ့ဆုတောင်းမိက
အမေက အားလုံးကြားပြီးဖြစ်လျက် ...

"သူ့နာမည်က အနီရောင်နှင်း တဲ့လား သား .."

"ဟုတ် .."

ဒေါ်မေသန့်က အနီကျောပြင်လေးကို စူးစိုက်လိုက်ကြည့်၏။ အ
မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်လေးနှင့် ဆံပင်တွေက နွဲ့လိုက်တ
ပြီးပြက်လက်နေ၏။ ထို့ပြင် အနီအနက်ရောမွှေထားသည့်ဝတ်စုံလေ
ဖြူနုသော အသားရောင်လေးက ဝင်းဝင်းစက်စက်ပေါ်သည်။ ခေါင်
ဖိနပ်လေးစီးထားတာကို ဒီမှာကတည်းက မြင်လိုက်ပါသည်။ လ
လျှောက်သွားပုံလေးကလည်း မြန်သလိုရှိပေမယ့် ဆံပင်ရှည်တွေ
အနားသတ်ထိန်းပေးထားသလိုမို့ ယဉ်နေသည့်ပုံလေးက ပျောက်မသွား

"တော်တော်လှတယ်နော်၊ သားနဲ့ ခုမှသိတာထင်တယ်"

"ဟုတ်တယ် အမေ၊ ကျွန်တော့်ကားက ကျောက်ခဲစဉ်ပြီး
မျက်နှာမှာ သွေးခြည်ဥသွားတယ်၊ အဲဒီမှာ ကျွန်တော်က တောင်း
ပေမယ့် သူ သိပ်အစာမကျေဖြစ်ခဲ့တာ .."

"ဖြစ်ရလေကွယ်၊ မိန်းကလေးကိုမှ .. မျက်နှာမှာ သွားဖြစ်ရတ



လို့.."

ဦးဆောင် က ကားဆက်မောင်း၍ပြုံးလိုက်ကာ အနီ့ဘေးက ဖြတ်တော့ မှန်ထဲကနေပဲ စိုက်ကြည့်မိသည်။ အမေကတော့ လည်ပင်းလိမ်အောင် ပြန်ကြည့်သေးသည်။

"သားက အဲဒီလိုဆုံခဲ့တာလေးနဲ့ ကားကြုံလိုက်ဖို့ သွားခေါ်တာလား၊ အမေ့သား လူကဲခတ်တာကယ်ညံ့သေးတယ်၊ မိန်းကလေးပြောသွားတာ နည်းသေးတာပေါ့"

ဦးဆောင် မျက်နှာကြီးက လူကြီးရှက်တော့ရယ် ဆိုတာမျိုး ..။

"မဟုတ်ပါဘူး .. အမေကလဲ၊ သူက ညို့သူငယ်ချင်းပါ၊ နောက်ထပ်တစ်ခါလဲ ဆုံဖြစ်ကြသေးတယ်ဆိုတော့ မရင်းနှီးပေမယ့် သိနေပြီးလားဟာ ..."

"ညို့သူငယ်ချင်း .. ဟုတ်လား"

ဒေါ်မေသန့်မျက်နှာ အလိုမကျသည့်ပုံ ချက်ချင်းပြောင်းသွား၏။ ပြီးတော့ ဘာမှမမေးတော့ဘဲ ငြိမ်သွား၏။ ဦးဆောင် ကလည်း ထပ်မပြောဘဲ တိတ်ဆိတ်စွာ နေပေးလိုက်သည်။

ညို့ကို အမေ ဘယ်လို ဘယ်လောက်အထိ အလိုမကျထားတာတွေရှိနေလဲ ...။

❋ ❋ ❋

## အခန်း (၂၂)

"မိဘက ထိမ်းမြားပေးတာကို မလိုချင်ဘူးဆိုရင် သမီးမှာ ချစ်တဲ့ ရှိလို့လား .."

"မရှိပါဘူး ဖေဖေ"

အနီ ခေါင်းခါလိုက်ရခြင်းကို ဒီတစ်ခါ စိတ်ပျက်သွားမိ၏။ လက်ထ ပေးဖို့ကို မေမေကပြောလိုက်၊ ဖေဖေကပြောလိုက်။ ဖေဖေ့ ရည်ရွယ်ချ က ထိုယောကျ်ားဟာ စည်းစိမ်ဥစ္စာ မျိုးရိုးစဉ်ဆက် အထူးကောင်းမွန် အသက်အရွယ်၊ ရုပ်ရည်၊ ပညာ၊ ကျွာဟချက် သိပ်မရှိသည်မို့ သင့်တင့်

မေမေ့ရည်ရွယ်ချက်ကတော့ အနီ အလုပ်လုပ်တာကို မနှစ်သ ခြင်းက နံပါတ်တစ်အရေးကြီးဖြစ်ကာ ညို နဲ့ လုံးဝပြတ်တောက်သွား ဖို့အတွက် နံပါတ်နှစ်အရေးကြီး ..။ အနီ ကတော့ ခုမှ စိတ်ကျေနပ်မှု ကို ခံစားလို့ကောင်းတုန်းမို့ ...

"အနီ ကိုယ့်အလုပ်လေးနဲ့၊ ကိုယ့်ဝင်ငွေလေးနဲ့ ခုမှ စိတ်ချမ်းသ မလို့ရှိသေးတာ၊ အိမ်ထောင်ပြုဖို့ကြီးက အရေးတကြီးလား ဖေဖေ"





"ဪ .. ကြီးပြီကော သမီးရယ်၊ သမီးမေမေက ငြိမ်ငြိမ်သက်သက်လေးရပ်တည်သွားချင်တဲ့သူ၊ ဖေဖေက ရောဂါသည်၊ မိဘဘိုးဘွားထားခဲ့တဲ့ ပစ္စည်းဥစ္စာအားကိုးပဲ ဖေဖေတို့မှာရှိတာ၊ ဒါကို နောက်ထပ်ကျန်းမာရေးတွေ ဒီ့ထက်ပျက်ပြားလာရင် ဘယ်လိုသုံးပြီး ဘယ်လိုစခန်းသွားကြရမယ်မသိသေးဘူး၊ အဲဒါကြောင့် သမီးဘဝကို တင့်တယ်မြင့်မားစေမယ့် ခင်ပွန်းကောင်းတစ်ယောက်နဲ့ ထိမ်းမြားပေးချင်တာ ဖေဖေတို့အတွက် အရေးကြီးဆုံးပဲ"

"ဖေဖေရယ် ...၊ မိဘချမ်းသာတာနဲ့ သားသမီးမှာ ဒီလိုအရည်အချင်းရှိမယ်လို့ ပြောလို့မရပါဘူး"

"မိဘကို ဝေဖန်ပိုင်းခြားပြမနေနဲ့ သမီး၊ ရေကူးချန်ပီယံ ရေနစ်သေတော့ လူကဲ့ရဲ့ခံရတာမှန်တယ်၊ ဒါပေမယ့် သူ အရည်အချင်းမရှိလို့မဟုတ်ဘူး၊ လူတစ်ယောက်မှာ ရှောင်လို့ရတဲ့အခက်အခဲရှိသလို မရှောင်နိုင်တဲ့ ပြဿနာတွေ၊ မမျှော်လင့်ဘဲပေါ်လာတာ အများကြီးပဲ၊ သမီးသိထားရမှာက မိဘတွေက ကောင်းစေချင်လို့ စီမံပေးပေမယ့် မကောင်းခဲ့တာတွေ ရှိတာမှန်တယ်၊ အဲဒါမျိုးတွေဟာ စေတနာအမှားပဲ၊ မသိလို့၊ မတတ်လို့မဟုတ်ဘူး၊ ကာယကံရှင်ရဲ့နောက်က ကံတရားဆိုတဲ့ မမြင်ရတဲ့လက်နက်ကြောင့် မရှောင်နိုင်တဲ့အလှည့်မှာ မှောက်လျက်လဲကြရတာ .."

ဒေါ်တမာခက်က ဒေါသမကင်းဖြစ်လာသည့် ကိုယ့်စိတ်ကို ဖြေသလို အသက်ဝဝရှူသွင်းလိုက်ပြီးမှ ...

"ကံယုံပြီး ဆူးချုံမနင်းနဲ့ ဆိုပေမယ့် ဗုဒ္ဓဘာသာတရားတော် အရ ကံကံ၏အကျိုးဆိုတာ မယုံကြည်လို့ကိုမရဘူး၊ အဲဒီတော့ တိုးတက်တာ၊ မွင့်လင်းတာတွေ ခေတ်ကြီးဘယ်လိုပဲပြောင်းလဲနေနေ မိဘ စကားကို

သားသမီးက ဝေဖန်ထောက်ပြခွင့် မေမေမပေးနိုင်ဘူး၊ သမီး တစ်ခု

ပြန်လှန်မေးခွန်းလုပ်တာတွေ ဖျောက်ပစ်လိုက်ပါ"

"မဟုတ်ပါဘူး မေမေ၊ အနီက ..."

"သမီးမှာ ချစ်သူရှိသလားလို့ မေမေတို့က မေးပြီးပြီ၊ ကို

ချစ်သူမရှိရင် မိဘက စုံဖက်လက်ဆက်ပေးမယ့်သူကိုပဲ လက်ခံ

နောက်ဆုံးမှာ 'ချက်ချင်းကြီးတော့ မလုပ်လိုက်ပါနဲ့ဦး'လို့

ကိုတောင်းပန်ရင်း အနီ ခေါင်းညိတ်ခဲ့ရသည်။

အခန်းထဲပြန်ရောက်တယ်ဆို ဖက်လုံးကို ရင်ခွင်မှာပိုက်ကာ

ထက်မှာ လှဲချလိုက်သည်နှင့် ဖုန်းသံကြောင့် ထခုန်မိတော့မတတ်၊

"ဒုက္ခပါပဲ"

ဖုန်းကို ခေါင်းအုံးနှင့်ဖိပစ်လိုက်ရင်း ကိုယ်တိုင်လည်း ခေါင်း

ကြီးသွားခဲ့၏။

ကြည့်လိုက်တော့ ကိုယ်မသိသည့် နံပါတ်နှင့် ...

"ဟလို .."

"အနီ .. ကိုယ်ပါ"

"ဘာ ..."

"အထက်စည်း ..."

"ဘာကိစ္စဆက်တာလဲ"

"မနက် ကိုယ် အလုပ်ထဲကို လာနိုင်မှာမဟုတ်ဘူး၊ အဲဒါ

ပေးပါလို့ ပြောမလို့ .."

"ကျွတ် ..."

အလုပ်မဟုတ်တာတွေ လာရှုတ်ပြနေသဖြင့် ဒေါသဖြစ်ချင်

သူကိုဆို သူဌေးရဲ့တူဆိုပြီး အထက်လူ၊ အောက်လူအားလုံး က





ရင်းနှီးကြသည်။ ခွင့်ကိစ္စလောက်က ကိုယ်နဲ့မှမဆိုင်တာ ...။

"အနီ .. ကိုယ်က အကြောင်းရှာတာမဟုတ်ဘူးနော်၊ မင်းနဲ့ ကိုယ်

အတူတူထိုင်လုပ်ကြတဲ့လူ အချင်းချင်းမို့လို့ .."

"ဘာ ..."

"အလုပ်အတူလုပ်ကြတာလေ၊ မဟုတ်ဘူးလား"

"စည်း .. ရှင့်ကို ဘယ်လိုစကားလုံးနဲ့ ပစ်ပေါက်ရမှန်းကိုမသိတော့

ဘူး၊ ဒေါသက ကျောက်ဆောင်ကျောက်ခဲတွေဖြစ်နေပြီ သိလား၊ ရှင့်ကိစ္စ၊

ရှင့်ဘာသာ သက်ဆိုင်တဲ့လူခဲတွေကိုသွားပြော၊ ဖုန်းတစ်လုံးနဲ့ ပတ်ရှုပ်

မနေနဲ့ .. ဟွန်း .."

"ဘယ်ကလာ .. ဖုန်းတွေမှ အများကြီးပဲ၊ တစ်လုံးတည်းနဲ့ ရှုပ်ရ

တာအားမရလို့ အနားမှာ စီချထားတာ ..."

"အားရသွားအောင် ပါးစပ်ထဲပစ်ထည့်ပြီး ဝါးစားပစ်လိုက် .."

"ဟား ဟား ဟား ဟား ..."

ရယ်သံကြီးက နားထဲမှာကျန်ရစ်၏။ ညနေက ဖေဖေ့ကို ဖေဖေ့

မိတ်ဆွေ သမားတော်တွေလာကြည့်ကြသဖြင့် အိမ်မှာ အလုပ်ရှုပ်သွား

ခဲ့ပြီး ဖုန်းယူထားနေကျကို မေမေ မေ့သွားလို့ပါ။ ဒါတောင် မအိပ်သေး

ခင်မှာ သတိရပြီး လာယူချင်ယူနိုင်သေးသည်။

ဒီဖုန်းဝင်လာတာကို မေမေမေးရင် ဘယ်လိုပြောရမလဲ၊ ဖုန်းကို

ချထားလိုက်ပြီးမှ နံပါတ်ကို ဖျက်ပစ်လိုက်ဖို့ စဉ်းစားရင်းပြန်ကိုင်မိလျှင်..

"အယ် ..."

စက်ခရင်မ်မီးလင်းလာသဖြင့် တုန်ခနဲ လန့်သွားကာ အသံမပြည်

အောင်လက်နဲ့အုပ်ကိုင်ပြီး ကမန်းကတန်းကိုင်လိုက်ရ၏။

"အထက်စည်း .. ရှင်ဘယ်လိုဖြစ်နေတာလဲဟင် .."

လုပ်ချင်ပြီဆို ဖွတ်တရွက်ဖြစ်တတ်သဖြင့် သူပြောလို့မပြီးသေး
ဒီဘက်ကချလိုက်တာကို ပြန်ခေါ်တာဖြစ်မည်။

စိတ်ထင်တဲ့အတိုင်းတွက်ကာ တစ်ဖက်က ရုတ်တရက်တိတ်
တာကို သတိမထားမိ။

"နောက်ထပ်မခေါ်နဲ့၊ ဒီမှာ ဘယ်လောက်ဒုက္ခရောက်နေလဲ
သိလား"

"အနီ ..."

"ဟင် ..."

တစ်ဖက်က အသံထွက်လာတော့ ညို ဖြစ်နေ၏။

အနီ မျက်လုံးဝိုင်းသွားကာ ဖုန်းကိုပြန်ကြည့်လိုက်တော့ ညို
နံပါတ်ပါ။

သွားပြီ ..။

ညည်း ဒီလောက်တောင် နမော်နမဲ့နိုင်ရသလား အနီ။

ကိုယ့်ကိုယ်ကို ထုရိုက်ပစ်ချင်စိတ်တွေ ဖြစ်လာ၏။ စည်းနဲ့ ကို
အလုပ်အတူ တစ်ရုံးတည်းလုပ်ခဲ့မိတဲ့အကြောင်းတွေ ဘာမှ ပြော
ဖြစ်ခဲ့ဘဲ ...

"ဆက်တော့ နားထောင်ချင်သေးတာ၊ ဒါပေမယ့် ရင်ထဲကနာ
လို့ တဖျစ်ဖျစ်မြည်လာတော့ မရတော့ဘူး"

"ညို .. ငါ အဲဒါတွေ နင့်ကိုပြောပြမလို့၊ ဟိုတစ်နေ့ကချိန်း
နင်မလာလို့ ငါ ..."

"ငါ မကြားဖြစ်လိုက်ရတာပေါ့၊ ကောင်းပါတယ်၊ တစ်ရက်နေ
ကျမှ ကြားရတော့ စိတ်ဆင်းရဲဖို့ တစ်ရက်လျော့သွားတာပေါ့"

"မဟုတ်ပါဘူး ညိုရာ၊ ငါ အဲလောက်ထိ ..."



"လုပ်မနေစမ်းပါနဲ့၊ ငါကတော့ ကိုယ့်ကို မလိုလားမှန်းသိရက်နဲ့
တောင် ဖုန်းခိုးဆက်ရ၊ ကွယ်ရာမှာတွေ့ဖို့ကြိုးစားရနဲ့ .. စည်းနဲ့ကျတော့
အဆင်ကိုပြေလို့ပါလား၊ နင့်အမေက ဒီညတော့ ဖုန်းပြောခွင့် ပေးထား
သားပဲနော်၊ အံ့သြဖို့ကောင်းတယ်"

"နင်ထင်တာတွေ ပြောမနေနဲ့ ညို"

"ထင်တာတွေမဟုတ်ဘူး၊ ကြားလာခဲ့တာ၊ သိခဲ့ရတာတွေ၊ ငါ အခု
ညဘက်ကြီးဖုန်းဆက်တာ သတိရတမ်းတလွန်းလို့ထင်နေသလား၊ လမ်းခွဲ
တစ်ခုမှာ ခြေစုံရပ်ပြီးမှ ကိုယ့်ဆုံးဖြတ်ချက်ကို ကြေညာ မလို့ခေါ်တာ..."

ညို ဘာတွေပြောနေသလဲ ..။

စည်းနဲ့ကိုယ့်ကို ဘယ်လိုအဆင့်အထိ တွေးနေလို့လဲ ..။ ပြောပြမလို့
ပါးစပ်ပြင်တုန်း ညို ကချည်းပဲ ပြောသွားလိုက်တာ သူဘက်ကအမှန်တွေ
ချည်းပင်။

"ဒီမနက် စည်း ကိုတွေ့မလားလို့ရှာရင်း သူ့ရဲ့သတ္တဝါတွေနဲ့
တွေ့တယ်၊ ဘာတွေပြောကြလဲ .. သိချင်လား"

ညို က ခဏစောင့်ပြီး ဒီဘက်က အသံမကြားတော့မှ ...

"အနီ .. ငါမပြောခင် နင့်ကိုမေးချင်တယ်၊ နင်တို့နှစ်ယောက် ငါ့ကို
အလယ်မှာထားပြီး ဘယ်လောက်ထိ ဖောက်ပြန်ခဲ့စားနေခဲ့ကြလဲဟင်.."

"ဘာ ... ဘယ်လို ..."

"မဟုတ်ဘူးလို့ငြင်းရင် အစကဆို ငါယုံဦးမှာ၊ အခု နင်နဲ့သူ ..."

"မဟုတ်ဘူးလို့ ငါပြောနေတာကို နင်နည်းနည်းပါးပါး နားထောင်
ပါဦးလား ညို၊ နင်နဲ့သူ ချစ်သူတွေမှန်းလဲသိတယ်၊ ဒီကောင်တွေ ဘယ်
လောက်ရှုပ်ကြသလဲဆိုတာလဲ နင့်ထက်ငါပိုသိတဲ့သူပါ၊ ငါက ဘာဖြစ်
လို့ .. ကျွတ် .. ညို နင်ပြောနေတာတွေ ငါ့ကို ရန်စနေသလိုပဲဟာ"

"ရန်စတာထက် ပိုချင်သေးတယ် အနီ၊ ငါပြောချင်တာတွေ
သွားရင် နင်နဲ့ငါ ပြတ်စဲခြင်းခရီး စပြီ"

"ပြတ်စဲကြမယ်ဆိုလဲ ဝမ်းနည်းဖို့တော့မရှိဘူး ညို၊ ငါဖြေရှင်း
တာ နင့်ကို မပြတ်စဲနိုင်လို့မဟုတ်ဘူး၊ စည်းနဲ့ငါ အခုဖုန်းပြောနေ
အလုပ်အကြောင်းပြောကြတာ၊ ငါ သူ့ကို စကားမပြောချင်မှန်း
သူ့ဘာသာမျက်နှာပြောင်နေတာတွေ .."

"အဟွန်း ..."

"မယုံလဲမတတ်နိုင်ဘူး၊ အခု စည်းနဲ့ငါ ကုမ္ပဏီတစ်ခုမှာ အ
လုပ်ဖြစ်ကြတာလဲ တိုက်ဆိုင်မှုပဲ၊ မပြောဖြစ်တာပါလို့ပြောလဲ နင်
မဟုတ်တော့ မပြောတော့ဘူး၊ တစ်ခုပဲ ငါပြောချင်တယ်၊ စည်း
လုံးဝစိတ်မကူးဘူး"

"လုံးဝမယုံဘူး အနီ၊ စည်း လိုလူကို မျက်စိမမြင်တဲ့မိန်းမ
နားကြားနေသေးရင် သူ့အပြောကြောင့် ပစ်ကျသွားမှာပဲ"

"ငါပစ်မကျဘူး ညို၊ မျက်စိရော နားရော အားလုံးကောင်း
တယ်၊ လုံးဝကို ချစ်ကြည့်လို့မရဘူး၊ ဒီမှာ ညို ... ငါတို့ ကိုယ့်ပြဿ
နဲ့ကိုယ် အေးဆေးနေကြမယ်ဟာ၊ ခင်မင်မှုတွေမရှိတော့ရင်နေ ..
ချင်ဘူး၊ စည်း အတွက်နဲ့ ..."

"အဲဒါ ငါကပြောရမှာ၊ စည်း အတွက် ငါ ဘယ်လိုစွန့်လွှတ်
ခဲ့ရပါစေ၊ သူ မကြင်နာဘူးဆိုရင် ထားလိုက်လို့ရတယ်၊ ခုတော့
မကြင်နာနိုင်တာ နင့်ကြောင့်တဲ့"

"ဘာ .."

"သူ့ရဲ့သတ္တဝါတွေ ငါ့ကိုဝိုင်းကိုက်ကြတယ်လေ၊ အစကတည်
သူတို့ အနီ့ကို တကယ့်စိတ်နဲ့ ပရိုပိုစ်လုပ်ကြတာမဟုတ်ဘူးတဲ့





အတွက် ဇာတ်ပို့ ဇာတ်ရံတွေစုံအောင် သရုပ်ဆောင်ပေးကြတာတဲ့"

ညို့အသံလေးက မာနေသလိုထင်ရသော်လည်း တုန်ခါကွဲရှလာ
၏။ နားထောင်နေသည့် အနီ့ဘက်မှာလည်း ဘာတွေဘယ်လို ပြောင်း
ပြန်လန်ကုန်မှန်းမသိဘဲ ဒေါသဖြစ်သွားမိလိုက်၊ အံ့သြတာတွေ၊ နား
မလည်တာတွေ ရောထွေးကုန်လိုက် ဘာမှန်းမသိပေမယ့် မေးဖို့ပါမေ့နေ
ခဲ့၏။

"ငါ့ကိုလဲ ကိုယ့်ကိုယ်ကို မင်းသမီးလို့ထင်နေတာ စိတ်မကောင်း
စရာပဲတဲ့၊ စည်း က အနီ့ကိုကြိုက်ပြီး တကောက်ကောက်လိုက် ကြည့်နေ
တာ ကြာပြီတဲ့ .."

ညို ဘယ်လိုမှဆက်မပြောနိုင်တော့ဘဲ တစ်ချက်တော့ ရှိုက်သံ
ထွက်သွားမိသည်။ စည်း ကိုလည်း မကျေနပ်နိုင်၊ အနီ့ရှေ့မှာ မျက်ရည်
ကျခြင်းဖြင့် အရှုံးမပေးနိုင်သည့်မာနလည်းရှိ၏။

ဒါပေမယ့် ဒဏ်ရာရသွားခဲ့သည့်နှလုံးသားက လူစိတ်ပျောက်သွား
သည့်အရူးတစ်ယောက်လို ရှက်ခြင်း၊ ကြောက်ခြင်းတွေ တဒင်္ဂပျောက်ဆုံး
သွားခဲ့ပြီး ညိုတို့ပြောလိုက်သောစကားများကသာ နားထဲမှာ အထပ်ထပ်
နှိပ်စက်နေ၏။

"မင်းက ကိုယ့်ကိုယ်ကို တော်တော်အထင်ကြီးတာပဲ ညို၊ လှတိုင်း
ချစ်စရာကောင်းတာမဟုတ်ဘူး၊ အနီ့ကို စည်း က မိုးရွာထဲမှာ ထီးချင်း
ဆိုင်မိလို့ စကားများခဲ့တဲ့နေ့ကစပြီး စွဲလမ်းသွားတာ၊ အနီ က မမှတ်မိ
ပေမယ့် သူက တကောက်ကောက်လိုက်နေတာ၊ ငါတို့လဲပါရတာပဲ၊ အဲဒါ
ကြည်သာချို ဝင်ရှုပ်ပြီးတဲ့နောက်ပိုင်း ..."

"အဲဒီကောင်မလေး စည်း ကိုဝင်လုံးတာ တကယ့်ဂေါက်လေးလိုပဲ၊
ငါတို့က စိတ်မကောင်းသေးရဲ့လားလို့တောင်ထင်ကြတာ၊ ဒီကြားထဲ

အိပ်ဆေးတွေဘာတွေသောက်ပြီး တစ်ဖက်သားကို နာမည်ဖျက်
သေးတယ်၊ မင်းက ချို့ဘက်က ကလဲ့စားချေ ဘာတွေနဲ့ရော
တော့ ရယ်စရာကြီး .. အဟွန်း ...”

တစ်ယောက်တစ်ခွန်းပြောနေကြပြီး တအံ့တသြငိုင်ကျသွား
မိန်းကလေးတစ်ယောက်ကို မစာနာစွာ မဲ့ရွဲ့နေသေးသည်။

“စည်း ကို သိပ်အတဲ့ကောင်လို့ မင်းတွက်ထားတာ ငါတို့
ကိုအထင်သေးတာပဲ၊ အစက မင်းကို ပြန်ပြီးပညာပေးမလို့ စည်
သေချာစီစဉ်ထားတာ၊ ဒါပေမယ့် မင်းက အနီရဲ့တစ်ဦးတည်း
သူငယ်ချင်းဖြစ်နေတာရယ်၊ ကြည့်နေရင်း သနားစရာပိုကော
တာရယ်၊ အဲဒါတွေကြောင့် မင်းချမ်းသာခွင့်ရသွားတာ၊ ခုလဲ သူ
မဆက်ဘဲရှောင်ထွက်သွားတာ မင်းဝမ်းသာရမှာနော်၊ ငါတို့ကလဲ
အစက စိတ်ကူးမရှိဘူး မင်းဘက်ကမပြီးနိုင်လို့..” တဲ့၊

‘လူယုတ်မာတွေပဲ’ လို့ သူမ ပြောလိုက်တော့ ‘မင်းကပဲ
သေးတယ်’ ဆိုတဲ့ မဲ့ပြုံးတွေနှင့် ...

“မင်းလဲ ညစ်ပတ်ဖို့ကြိုးစားတာပဲ၊ လူယုတ်မာနဲ့လူညစ်
သွားတာ မမျှတတာ ဘာရှိလို့လဲ၊ တစ်ခုတော့ရှိတာပေါ့၊ မူလအ
အတိုင်းဆိုရင် မင်းပြန်ရမှာတွေက ဒီ့ထက်အဖြစ်ဆိုးမှာ၊ ခုလို ရ
လေး ကျန်ရစ်ခွင့်ရတာ အနီ့ကြောင့် ...”

ရင်ထဲမှာ ဆတ်ဆတ်ခါနာသွားမိသည်။

သည်းမခံတတ်သည့် မာနစိတ်က သည်းခံလိုက်တာမ
ထူးဆန်းစွာ ငုပ်လျှိုးနေခဲ့ ၏။

ထို့ပြင် အနာကျင်ဆုံးစကားတစ်ခွန်းဖြင့် အပြီးသတ်နှုတ်ဆ
သေးသည်။



“ငါတို့တင် ဓာတ်ပို့ ဓာတ်ရုံတွေမဟုတ်ဘူးနော်၊ မင်းလဲ မင်းသမီး
မဟုတ်ဘူး” တဲ့။

ညို့စကားသံတွေက ပြတ်တောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်
တစ်ဖက်မှာနားထောင်နေသည့် အနီ လုံးစေ့ပတ်စေ့နားမလည်ပါ။
ရှိုက်သံတွေဖြင့်ရောထွေးနေသည့် ညို့ စကားတွေမှာ စည်း က ပြော
တာလိုလို၊ ညို တို့က ပြောတာလိုလို ..။

သူမ ဘာသာ ကြိမ်းဝါးပြောနေတာနှင့်လည်းတူ၏။

ဒါပေမယ့် အနီ ဘာတစ်ခွန်းမှဝင်မမေးခဲ့ပါ။ ကိုယ့်ဘက်က ဖြေရှ
ဖို့တွေရှိသည်။ မဟုတ်တာပြော၍ စော်ကားသွားသလိုဖြစ်နေတာကို
လည်း မခံချင်။ သို့သော် ညို့ရှိုက်သံတွေကြောင့် မျိုသိပ်ခြင်းမှာပဲ ပြီးဆုံး
သွား၏။

“အနီရောင်နှင်း ...”

အားလုံးပြီးတော့မှ ညို့အသံပြောင်းသွားပုံက သေအံ့ဆဲဆဲကနေ
လက်နက်ကိုင်ပြီးခုန်ထသူနှင့်တူနေသည်။

“နင်ကလဲ အနီရောင်နှင်း၊ ငါကလဲ သဇင်ညိုပဲ အနီ၊ ငါ့မျက်ရည်
တွေကိုမြင်ပြီး နင်သနားဖို့မလိုဘူး၊ လေးနဲ့သုံးလို ရင်ချင်းကပ်နေခဲ့ပေ
မယ့် သုံးနဲ့လေးလို ကျောခိုင်းကြစို့၊ ငါ ဒီနေ့ စကြေညာတယ်”

အနီ ဘာမှမပြောဘဲနေလိုက်၏။

“ငါဖြစ်ချင်တာက မင်းသမီး၊ ဓာတ်ရုံမဟုတ်ဘူး၊ စည်းနဲ့ ငါ့ရဲ့
လမ်းခွဲခြင်းကို ငါ စိတ်မဝင်စားခဲ့တာအမှန်ပဲ၊ ငါ့ဘက်က မရိုးသားမှုကို
ခဲ့တော့ အဆိုးဆုံးအထိ တွေးထားပြီးသားလေ၊ ဒါပေမယ့် အခု စိတ်
ဝင်စားသွားပြီ၊ စည်း ချစ်တဲ့သူဟာ တစ်လောကလုံးမှာရှိသမျှ ဘယ်မိန်းမ
ဖြစ်နေနေ အဲဒီမိန်းမက နင် မဖြစ်ရဘူး”

"သေလိုက်တော့ ညို၊ အဲဒီအတ္တလောဘတွေ ပွေ့ပိုက်ပြီး ကျေ
ကားမခေါ်နဲ့၊ ကိုယ့်ဘာသာ မီးသင်္ဂြိုဟ်စက်ထဲ ပြေးဝင်လိုက်"

ဖုန်းကို လုံးဝပိတ်ပစ်လိုက်ပြီးမှ အံကြိတ်မိသည်။ တစ်ေ
လုံးခြောင်းဆန်အောင် ပြောင်းလဲနေတော့ရော အဲဒါ ကိုယ်ကျူး
ခဲ့တာမို့လား ..။ စည်း ဆိုတဲ့သတ္တဝါက ဘာလဲ ..။

ဟိုတစ်ယောက်ကလည်း ရည်းစားမဟုတ်၊ ဒီတစ်ယော
လည်းမချစ်နိုင် ..။ ခုတစ်ခါ ကိုယ့်ကိုစွဲလမ်းနေပါသည်ဆိုပြီး
ဖျက်နေပြန်ပြီ။

ညို့ ကိုဂရုမစိုက်ဘူးလို့ ပြောလိုက်မိသော်လည်း ထိုညက
သန်းခေါင်ကျော်မှ အိပ်ပျော်ခဲ့လေသည်။

ပြတ်စဲပြီးဆုံးခြင်းများစွာထဲမှာ သူငယ်ချင်းဘဝ ပြတ်စဲ
ခြင်းနှင့်ပတ်သက်၍ ...။

❋ ❋ ❋



## အခန်း (၂၃)

"ဟိတ် .. တစ်ယောက်တည်း ဘာငိုင်နေတာလဲ"

"ဟင် .. ကိုကို ဘယ်တုန်းကရောက်နေတာလဲ"

ညို က ဒန်းမှာမှီထိုင်နေရင်းကနေ ကိုယ်လေးမတ်မတ်ပြင်ကာ
ဟိုဘက်အစပ်ကို တိုးလိုက်သည်။ ဦးဆောင် က ဒီဘက်အစွန်းမှာ ဝင်
ထိုင်လိုက်ကာ ...

"အန်တီကပြောနေတယ်၊ ခုတစ်လော မင်းညိုမ မျက်နှာမကောင်း
ဘူးတဲ့၊ မေးကြည့်ပါဦးတဲ့၊ ဘာတွေဖြစ်နေတာလဲပြော၊ ရည်းစားနဲ့ စိတ်
ကောက်နေတာလား"

"ကိုကိုကလဲ .."

နားဆွဲရှည်ကြီးက ပခုံးပေါ်ထိထောက်လျက် ဆံပင်ဆံတိုနှင့် ညို့
မျက်နှာလေး နှုတ်ခမ်းစူတတ်လွန်း၍ထင်သည်။ 'ကိုကိုကလဲ'လို့ ဆိုလိုက်
တိုင်း စုထွေးထွေး ထော်လန့်လန့်လေးဖြစ်နေတတ်၏။

"ကိုကိုကရော .. အန်တီသန့်ရောက်လာမှ အိမ်ကိုကပ်တယ် မရှိ

ဘူး၊ သားအမိနှစ်ယောက် ဟိုသွားရ ဒီသွားရနဲ့ ကေနွ အနံ့တ
ကိုကို့ကို မိန်းမပေးစားဖို့ ကြိုးစားနေတာထင်တယ် .. ဟုတ်လား"

ရယ်နေသည့် ဦးဆောင် မျက်နှာကို ညို က အကဲခတ်ရင်း
ကို ဖျတ်ခနဲသတိရလိုက်သည်။ ချောကြတာချင်းတူရင်တောင်
ရဲ့မျက်ဝန်း၊ စည်း ရဲ့အပြုံးတွေက ပိုပြီးဆွဲဆောင်မှုရှိနေသည်ဟု

ပြီးတော့ တည်ကြည်ခံ့ညားခြင်းနှင့် သွက်လက်ပွင့်လင်း
အစ်ကိုကြီးနှင့်ညီလေးတစ်ယောက်၏အနေအထားလောက်
စည်း ကို ဆုံးရှုံးလိုက်ရပြီဆိုမှ စည်း နဲ့အသွင်တူ၍ ဒါမှမဟုတ်
ထက်ပိုသာသော ယောကျ်ားတစ်ယောက်ကို လိုအပ်လာခဲ့သလို ခံစား

ဒါက အချစ်နှင့်မသက်ဆိုင်သော အတ္တတစ်ခုဖြစ်သည်။ သို့
ဦးဆောင် ဆိုသောယောကျ်ားနှင့် သူမ ကလည်း နီးလျက်နှင့်
ပြန်ရော ..။

"ကိုကို ဖြေလေ"

"ဘာလဲ"

"တွေ့လား .. ဘူကျတော့ ..."

ဦးဆောင် က ဒန်း၏နောက်မှီမှာ လက်တစ်ဖက်ဆန့်တင်လိုက်
ပြုံး၍ ...

"မနေ့တစ်နေ့ကမှ မြန်မာပြည်ပြန်ရောက်လာကြတာ မှုး
ရှာဖို့က အဲဒီလောက်လွယ်ပါ့မလားကွ၊ ညည်းမို့ပဲ ဒီလိုထင်တယ်"

"မသိဘူးလေ၊ ကိုကို့အမေက သူ့သားကို ထိန်းချုပ်နိုင်တဲ့
တော့ သားအတွက် အစစအရာရာ စီစဉ်ပေးဖို့များ နောက်ကလိုက်
တာလားလို့ .."

"လိုက်လာတာမဟုတ်ဘူး၊ ဒီမှာပဲနေတော့မှာ .."





"ဟင် .. တကယ်လား"

"ဟုတ်တယ်၊ အစကတည်းက ဟိုမှာနေချင်တာမှမဟုတ်တာ.."

"ဒါဆို ကိုကို ခြေချုပ်မိပြီပေါ့"

"မမိပါဘူး၊ အမေရှိတော့ အားလုံးတောင် အဆင်ပြေသွားသေးတယ်၊ မဟုတ်ရင် ညည်း ထမင်းလာချက်ပါ့မလားလို့ တွေးပူနေရတာ.."

ညို ကရယ်လိုက်ပြီး နှ[illegible]ခေါင်းလေးတွန့်ကြည့်၏။

"အဲဒါများ သူများကို မျှော်မနေရအောင် ကိုကို မိန်းမယူလိုက်ပါလား၊ အိမ်ထမင်း အိမ်ဟင်း အမြဲတမ်းစားရမှာပေါ့၊ မိန်းမက အမေထက်ပိုပြီး ..."

"တော်ပါတော့ မိညိုရာ၊ ညည်းပြောသမျှ မိန်းမယူဖို့ အခါကချည်းပဲ၊ အဲဒါတွေ ကိုကို စိတ်မဝင်စားသေးပါဘူး"

"ဟွန်း .. အသက်ကဖြင့် မငယ်တော့ဘဲနဲ့ .."

"အမေကတော့ ကိုယ့်ကို ကလေးပဲရှိသေးတာဆိုပဲ"

"သွားပါ .."

ညို က လက်မောင်းကိုလှမ်းထုတော့ အမေ့ကို ဖျတ်ခနဲ သတိရ၏။ ညို အိမ်ကိုလာတာမကြိုက်သည်မို့ ညို လာမည်ဆိုတိုင်း ဟိုရှောင်ထွက် ဒီရှောင်ထွက် လမ်းကြောင်းတွေများပေးတတ်ကာ ခုတစ်လော ညို နဲ့ မဆုံဖြစ်တာ ကြာပါပြီ။

သိသာသွားမလားဟု တွေးမိသောကြောင့် ဒီနေ့ တကူးတက လာပြီး ညို နဲ့စကားပြောနေခဲ့ခြင်းဖြစ်သည်။ အမေက စိုးရိမ်ပိုနေပေမယ့် သူ့စိတ်ထဲမှာ ညို့ကို ညီမလေးလို သဘောထားခဲ့တာထက် မပိုသလို ညို ကလည်း ကလေးဆန်ဆန်နေတတ်တာပါ။

"ညို ..."

ရွှေသမင်စာပေ

ညို ကလေးဆန်နေတာကိုတွေးမိလိုက်တာနှင့် ညို နဲ့ သစ္စ
ကွဲနေသော သူငယ်ချင်းဆိုသည့် မိန်းမလှလေးတစ်ယောက်ကို သ
ရလိုက်သဖြင့် ...

"အနီရောင်နှင်း ဆိုတာ ညည်းသူငယ်ချင်းမို ..."

"အနီ ..."

ညို့မျက်နှာ ကွက်ခနဲပျက်၏။ ပွင့်လင်းဖော်ရွေစွာ ရယ်မြူးန
သည့် မျက်ဝန်းလေးတွေက ချက်ချင်းပဲ ရေခဲတုံးလေးတွေလို ဖြစ်သွားက

"ဘာဖြစ်လို့လဲ ကိုကို"

"အဲဒါ မေးမယ် မေးမယ်နဲ့ မေ့နေတာ၊ အနီရောင်နှင်းနဲ့ကိုယ်
စရောက်တဲ့နေ့မှာပဲ ဆုံခဲ့ကြတာ ..."

ညို့ရင်ထဲမှာ တစ်ချက်ငြိမ်သွား၏။

"ကားဘီးကစဉ်ထွက်သွားတဲ့ ကျောက်စမှန်ပြီး သူ့မေးဖျား
သွေးခြည်ဥသွားတယ်"

ဖြစ်ရလေ ..။ ဒါကိုပြောဖြစ်ကြပြီး ထိုပုဂ္ဂိုလ်ဟာ ကိုကိုဖြစ်နေ
မယ်လို့တော့ မထင်ခဲ့မိပါလား။

"ပြီးတော့ ညည်းကိုလာရှာရင်းနဲ့ ကိုယ့်ခြံရှေ့ကို ရောက်လာ
တယ်၊ အဲဒီမှာ ညည်းသူငယ်ချင်းမှန်းသိတာ .."

ကြည့်စမ်း .. ဒီလောက်ထိ ရင်းနှီးခဲ့ကြတာကို ပြောပြဖို့မသင့်
လား ..။ ရင်ထဲမှာ နာတာတွေ စုဝေးလာ၏။ ဒဏ်ရာရှိထားခဲ့သ
ရင်ထဲမှာ လေနဲ့မှုတ်တာလေးလောက်တောင် ခံနိုင်ရည်မရှိတော့
နာကျင်နေခဲ့သည်။ ထို့ကြောင့် ဟန်ဆောင်ဖို့မေ့သွားခဲ့၏။

"ဒီလောက်ထိ ငြိနေတာတောင် တစ်ခွန်းမှမဟဘူး၊ တောက် .."

"ဟာ .. မငြိဘူး၊ ညို ဘာပြောလိုက်တာလဲ၊ ကိုကိုနဲ့ လုံး





မရင်းနှီးဘူးနော်၊ ရင်းနှီးချင်တာတောင် ကြိုးစားလို့မရဘူး"

ညို ဖျတ်ခနဲ လှည့်ကြည့်သည်။ ဦးဆောင် ပုံစံက ညို အထင်လွဲမှာ
စိုးတာနှင့်တူသလိုလိုရှိကာ တကယ်တမ်းကျတော့ အနီကို သိက္ခာမကျ
စေချင်တာမျိုး ..။

"အနီရောင်နှင်း က လှူငယ်ပီသပေမယ့် ပုံစံကျတော့ ညည်းနဲ့
သိပ်မတူဘူး"

"ဘယ်လို ကိုကို ..."

"ဩော် .. ဥပမာကွာ၊ ဆံပင်အရှည်ကြီးရှိနေတာမျိုး။ သူ့ကိုမြင်
လိုက်တိုင်း စကတ်အတို ကျပ်ကျပ်ကပ်ကပ်တွေလဲ ဝတ်တာမတွေ့ဘူး"

"ကိုကိုက ညို့ကိုဖွဲ့နေတာလား"

"မဟုတ်တာကွာ၊ ကိုယ်စိတ်ဝင်စားတဲ့မိန်းကလေးနဲ့ ညီမကို ယှဉ်
ပြောစရာလား၊ ညည်းဘယ်လိုနေနေ ကိုယ့်ညီမလေးလိုပဲကြည့်တော့
ချစ်စရာကောင်းနေတာပဲ၊ သူ့ကျတော့ ..."

"တော်ပါပြီ၊ ဆက်ပြော ..."

ညို့မျက်နှာလေး တင်းနေတာကို ဦးဆောင် က တလွဲတွေးမိကာ
နဖူးပြေပြေလေးကို သူကိုင်ထားသည့်ဖိုင်နှင့် ခပ်ဖွဖွရိုက်လိုက်၏။

"ပြောစရာမရှိတော့ဘူး၊ ဒါပဲ၊ ဆက်ပြောချင်ပေမယ့် ဆက်ရန်မရှိလို့"

"ကိုကိုက ဆက်ချင်တာလား"

"အဟွန်း ..."

ဦးဆောင် က ရှေ့ကိုမျက်နှာပြန်လှည့်သွားပြီး ရယ်သည်။ ညို့
မျက်ဝန်းမှာ မိုးသားတိမ်လိပ်တွေ ရစ်ဆိုင်းလာခဲ့၏။ ဘယ်အရပ်မျက်နှာ
မှာပဲဖြစ်ဖြစ် ကိုယ်က လေညာရဲ့အထက်ကလူလား ..

အမြဲတမ်းတိုက်ခတ်နေမှန်းသိပေမယ့် ဒီလေ အေးသလား နွေး

သလား ခံစားခွင့်မရှိ။ လေထဲမှာ ပန်းရနံ့တွေပါသလား၊ အဆိပ်ငွေ့
လား၊ ဒါလဲ သူမ သိခွင့်မရှိပေ။ ခုကျမှ ရည်းစားထားခြင်း၊ လွတ်လပ်
စသော ပျော်ရွှင်ခြင်းအားလုံးဟာ အချစ်နှင့်မသက်ဆိုင်မှန်း ...။

"သူကပြောလို့ ညည်းသူငယ်ချင်းမှန်းသိခဲ့တာ၊ ညည်းနဲ့ကျ
စကားထဲမှာမပါတာနဲ့ မပြောဖြစ်ဘူး၊ တော်တော်ခင်ကြသလား"

"အောင်သွယ်လုပ်ပေးဆိုလဲ ပွင့်ပွင့်လင်းလင်းပြောပါ ကိုကိုရ"

"ဟာကွာ ... အဲဒီလိုကြီးတော့ မခိုင်းပါဘူး၊ ချာတိတ်မက တ
မလွယ်တဲ့ပုံလေး၊ ကိုယ့်ညီမ မျက်နှာငယ်မှာကို မခိုင်းဘူး"

ညို က မရိုးသားစွာ ပြုံးလိုက်၏။ ဒီတိုင်းကြီး လမ်းဆုံမှာ ရပ်
ခဲ့ရအောင် သူမ က ဂျမ်းပုံမဟုတ်။ စည်း ကိုကျတော့ ကိုယ်ကွယ်ရာ
တွဲပြီး ကျိတ်ပုန်းလုပ်နေခဲ့၏။

ကိုကိုကျတော့ သင်းကိုပဲ အထင်တကြီး အမွှမ်းတွေတင်လို့
ဦးဆောင် ကို ညို တည့်တည့်လှည့်ကြည့်ပြီး ပြုံးမိ၏။ ကိုကို့လိုလူ
သင်းဘက်က ဘာများငြင်းစရာရှိလို့လဲ။

အမှတ်မထင် တွေ့ဆုံတာတွေမှာ ပျော်ဝင်မလွယ်တတ်
လောက်တော့ ဖြစ်မှာပေ့ါ။ တွေ့မယ် အနီ ..။ စည်း ဆိုတဲ့ယောက်
ကိုမှ ကြည့်ဖြူနိုင်တယ်ဆိုရင် ဘယ်တော့မှ ဆုံစည်းခွင့်မရှိရအောင်...။

"ညို နဲ့ သူငယ်ချင်းပဲဟာ၊ မျက်နှာငယ်စရာအကြောင်းမရှိပါ
ညို ကူညီမယ်"

❋ ❋ ❋



## အခန်း (၂၄)

"ဘာ .. ညည်းဘာပြောလိုက်တယ် ညို၊ ဦးဆောင် ကို ညည်း
ကပဲ အောင်သွယ်ပေးဦးမယ် .. ဟုတ်လား"

"ဟုတ်တယ်၊ မာမီ ဇွတ်ကြီးရင်းနှီးခိုင်းနေတာကို စိတ်ပျက်လို့
ပြောပြတာ၊ ကိုကိုက ညို့ကို ညီမလေးတစ်ယောက်လိုပဲ သဘော
ထားတာ၊ အဲဒါ ဘယ်လိုလုပ်မရိုးသားရမလဲ"

"ဘယ်လိုသဘောပဲထားထား ရိုင်းရိုင်းပြောရရင် ကိုယ့်ခြံဝင် ကိုယ့်
နွားပဲ၊ အဓိကက ဦးဆောင် ကိုယ့်ခင်ပွန်းဖြစ်လာဖို့ပဲအေ့၊ မေသန့် တို့
ဘယ်လောက်ချမ်းသာသလဲ .. ညည်းသေချာသိလို့လား၊ သူ့ယောကျ်ား
က နိုင်ငံခြားမှာလဲ ဘုရင်တစ်ဆူပဲ၊ မြန်မာပြည်မှာဆိုလဲ..."

"သူများပစ္စည်းတွေ မာမီရာ .."

"ဟဲ့ .. အဲဒါကြောင့် ကိုယ့်ပစ္စည်းဖြစ်အောင် လုပ်ယူရမှာလေ"

"ညို အဲဒီလိုမလိုချင်ဘူး"

"ညည်းက ကြေညာတာလား ညို"

ဒေါသဖြစ်ပြီဆို ပို၍ကြမ်းတမ်းလာတတ်သည့် ဒေါ်ကေသွ… မျက်နှာမှာ အညိုရောင်သမ်းနေခဲ့သည်။ ဝတ်ထားသည့် စိန်နား… ရောင်ထက် မျက်ဝန်းတွေက ပို၍စူးလက်နေ၏။

"မိဘက ကောင်းအောင်စီစဉ်ပေးတာကို တွင်းတူးမိုက်တဲ့မိန်းမ… တယ် ..."

"ဟိတ် .. သြော် .. လက်ချလိုက်စမ်း၊ နင်တော်တော်ခက်ပါ… ကေသွယ်"

ဦးကျော်မော် တားဆီးခြင်းနှင့်အတူ အိပ်ခန်းတံခါးရှေ့မှာ … လာ၏။

"လူငယ်တွေပြဿနာကို ကိုယ့်သဘောနဲ့ကိုယ် စိတ်လိုက်မာ… လုပ်လို့မရဘူးလေ၊ သူတို့ချင်း ရင်းနှီးနေကြပြီဥစ္စာ၊ ဒီ့ထက်ရင်းနှီး… ကြရင် ..."

"ရင်းနှီးဖို့မရှိတော့ဘူး ကိုကြီးရဲ့၊ သူက အနီနဲ့ အောင်သွယ်… ဖွန်း .. ညည်း ကိုယ့်ကိုယ်ကို သိပ်လှနေပြီထင်သလား ညို၊ အနီ… မကြိုက်လောက်ပါဘူးလို့များ ထင်ထားသလား"

ညို မျက်နှာလေးက မျက်လွှာချထားပေမယ့် တင်းနေ၏။ ရင်… ထဲမှာခွဲနေတာက ဘယ်တန်ဖိုးမှမဟုတ်ပေ။ စည်း ကိုကျိတ်ပုန်းခုတ်… နေသည့်လောဘကိုပဲ သတ်ပစ်ချင်တာ ..။

သင်းလိုချင်တာကို ဘယ်တော့မှမရစေရ။ လိုချင်နေတာ မဟု… ပါဘူးလို့ ငြင်းနေတဲ့အတိုင်းမှန်ရင်တောင် သင်းနဲ့စည်း ဘယ်သောအ… ဆုံစည်းခွင့်မရှိ။

စည်း နဲ့ပတ်သက်ပြီးဖြစ်ခဲ့ရသည့် မခံချင်ဒေါသလောက် …





လောင်မြိုက်တာမရှိတော့ပေ။ ကိုယ်နဲ့တွဲနေသည့်ကာလတစ်လျှောက်လုံး ကိုယ်ကတော့ စည်း ကိုမုန်းခဲ့တာရော ချစ်ခဲ့မိတာရော မခွဲခြားမချန် ရင်ဖွင့်ခဲ့ရ၏။

သူ့ဘက်ကျတော့ မျိုသိပ်နိုင်လိုက်တာ ..။ အလုပ်အတူတူလုပ်နေကြတဲ့အထိတောင်မှ အသိမပေးနိုင်။ စည်း က သူ့ကိုမှချစ်ခဲ့သည်ဆိုတာလည်း သူ့ဘက်ကစ၍ မရိုးသားသော တစ်စုံတစ်ရာကြောင့်သာ ဖြစ်ရမည်။

ရင်ထဲမှာ အထပ်ထပ်အခါခါ နာကြည်းနေခဲ့တာ အနီရောင်နှင်းဆိုသော သူမကိုသာ ..။ ဘာပဲဖြစ်ဖြစ် လူတိုင်းမှာ ကိုယ်လိုချင်တပ်မက်တဲ့အရာလောက် ဘာမှတန်ဖိုးမကြီးပေ။ ထို့ကြောင့် စည်း နဲ့လွဲစေဖို့ ကိုကို့ကိုပေးလိုက်နိုင်တာ ကိုယ့်ကိုယ်ကိုမှန်တယ်ဟု သတ်မှတ်ခဲ့သည်။ မာမီကတော့ ညို့ကို တစ်နေကုန် စကားမပြောခဲ့ပေ။ အန်ကယ်လ်ကတော့ မာမီ့ကွယ်ရာမှာ ပြောခဲ့သေးသည်။

"ကေသွယ်က စိတ်မြန်ကိုယ်မြန်သမားမို့ စကားပြောတာ လောဘကြီးသလိုဖြစ်သွားတာ၊ တကယ်တော့ သူပြောတာကို သမီးခေါင်းထဲထည့်ထားသင့်တယ်၊ ဆွေမျိုးဆိုပေမယ့် ဒီရင်းနှီးမှုက အတွင်းသိ၊ အစင်းသိ၊ ပြောမနာ၊ ဆိုမနာ ဆိုတဲ့အခွင့်အရေးတွေကိုပေးနေတာ၊ တစ်ယောက်နဲ့တစ်ယောက် စရခက်နေတဲ့အဆင့်လေးလွန်လိုက်ရင် အားလုံးအေးချမ်းသွားမှာပဲ"

ဟုပြောတော့ အံ့သြခဲ့မိ၏။ အန်ကယ်လ်ကလည်း ဒီလိုသဘောရှိနေသတဲ့လား ..။ ညို က ခေါင်းမာသည့်အပြုံးနှင့် အားလုံးသောမျက်နှာတွေကို ကျောခိုင်း၏။ ပြီးတော့ လူလစ်တာနှင့် ဖုန်းကိုင်၍ ဝရန်တာဘက်ထွက်လာခဲ့၏။

"ကိုကို ..."

"... ... ..."

"ဟုတ်တယ်၊ ဘယ်လိုလဲ .. အားတယ်မို့လား"

"... ... ... ..."

"သိပါတယ်၊ သိပါတယ်၊ ဟွန်း .. ဒါဆိုထွက်ခဲ့လေ၊ ညို က အ
သင့်ပဲ"

ဖုန်းချလိုက်ပြီး မိနစ်နှစ်ဆယ်တိတိမှာ ဦးဆောင် ရောက်လာ
ညို က ကြော့ကြော့မော့မော့လေး ကားပေါ်တက်လိုက်ပြီး ...

❋ ❋ ❋



## အခန်း (၂၅)

"အနီ .. ဘုရားလာတာလား"

"ဟင် ..."

ကားပါကင်နေရာယူနေတုန်း ဘေးမှာ ဦးဆောင် ရောက်လာတော့ အနီ အံ့ဩသွား၏။ ပါကင်မှာ ကားတွေညပ်နေသဖြင့် နေရာယူပြီးလျှင် တံခါးဖွင့်မရမှာစိုး၍ မေမေက အရင်ဆင်းသွားပြီဖြစ်၏။

ဒါပေမယ့် ခုတ်လှေကားဆီသွားနေသည့်မေမေ့ကို မလုံမလဲ လှမ်းကြည့်မိသေးသည်။

"အနီ တစ်ယောက်တည်းလား"

သူ နောက်ထပ်မေးတော့ အနီ က ကားသော့ဖြုတ်ပြီး ကိုယ်ကို မတ်မတ်ရပ်လိုက်ရင်း ...

"မေမေ ပါတယ်"

ဟု တိုတိုပြတ်ပြတ်ဖြေသည်။ မျက်နှာကိုတင်းပြီး ဆက်လျှောက်လာခဲ့၏။ ထိုစဉ် ကားတစ်စီးက အရှိန်မသတ်ဘဲ ဝင်းထဲကို ကွေ့ချဝင်လာသဖြင့် မျက်စိထဲမှာ ပြာခနဲဖြစ်သွားသည်။

"ဟာ .. အနီ .."

ဦးဆောင် ၏အသံကိုကြားလိုက်ရကာ လက်မောင်းကို...
ပစ်လိုက်တာသိသည်။ ပြီးတော့ ယိမ်းယိုင်ပြိုကျသွားသည့် ...
သည် သူ့ရင်ခွင်ထဲမှာ အဝတ်ထုပ်တစ်ထုပ်ကဲ့သို့ ...

"ဆောရီး .. မင်း ကားနဲ့လွတ်အောင်လို့ပါ"

သူ တအားဆွဲဖက်လိုက်သလိုဖြစ်သွားသဖြင့် ဦးဆော...
တောင်းပန်၏။ ထို့နောက် နေရာမှ ချာခနဲ ပြန်လှည့်သွားကာ ...
ဝင်သွားသည့်ကားဆီသို့ ...

"မင်း ဘယ်လိုမောင်းလာတာလဲ၊ ဟိတ် .. ထွက်ခဲ့စမ်း ...

အနက်ရောင်မာစီဒီးကို အပြင်ကနေ တံခါးကိုပုတ်၍ ...
နေ၏။ ထိုအခါ ဘေးမှန် လျှောခနဲ ကျသွားကာ ...

"ဆောရီးဗျာ၊ ကျွန်တော့်မှာ ရှော့နည်းနည်းရှိလာလို့ပါ"

"ဆောရီးလုပ်လို့မရဘူး၊ ဒါ ပွဲချင်းပြီးသွားနိုင်တဲ့ကိစ္စ၊ မင်း ...
လိုက် .."

"အစ်ကို .. အစ်ကို ခဏလေး၊ ကျွန်တော်တို့ ရှင်းပေးပါ...

လုံခြုံရေးနှင့် ပါကင်နေရာချသည့်လူတွေရောက်လာပြီး ဦး...
ကိုတောင်းပန်ကြ၏။ ပြီးတော့မှ ကားထဲကမဆင်းသည့် လူကို ...
ပြီး ကွိုင်တက်ကုန်ကြသည်။ ကိုယ်နှင့်ပတ်သက်နေသည်မို့ အနီ ...
မသွားနိုင်ဘဲ ဦးဆောင်ဘေးကို ပြန်ရောက်သွားခဲ့ရသည်။

"ဟိုမှာ ရှင်းပေးကြမှာပါရှင်၊ အနီ့ကြောင့်တော့ မဖြစ်ပါနဲ့"

ဒေါသဖြစ်နေသည့်မျက်နှာကို အံ့သြသလိုမော့ကြည့်ရင်း ...
ထားခဲ့လိုက်ဖို့ပြောသည်။ ဝတ်စားထားပုံနှင့် တည်တံ့ရည်မွန်သည့် ...



သွားတာ မယုံနိုင်စရာပင်။ ဖြူလွန်းသည့်မျက်နှာမှာ မျက်ခုံးစပ်တွေပါ နီရဲ...
နေ၏။ ကားမောင်း သူကိုမကျေမနပ်ဖြစ်နေဆဲ မျက်ဝန်းတွေက စူးစူးရဲရဲ..။

"မင်းကို ကိုယ်ဆွဲလိုက်တာ ခြေထောက်တွေဘာတွေများ ခေါက်
သွားသေးလား"

"ဟင့်အင်း .. ရှင့်ကိုကျေးဇူးတင်ပါတယ်၊ ဒီနေရာမှာ အန္တရာယ်
မရှိတတ်တော့ အနီ လုံးဝသတိမထားလိုက်မိဘူး၊ ရှင် မဆွဲလိုက်ရင်
မတွေးရဲပါဘူး"

ထိုစဉ် ဒေါ်တမာခက် ခပ်သုတ်သုတ်ပြန်ရောက်လာကာ ...

"နမော်နမဲ့နဲ့ သမီးရယ်၊ ဒီသူငယ်သာမဆွဲလိုက်ရင် ကိုယ်ကျိုးနည်း
ပြီ၊ တော်တော်ရမ်းကားတဲ့ ကားသမား .. နေဦး .."

"ဟာ .. မသွားပါနဲ့တော့ မေမေရယ်"

ဒေါ်တမာခက် ခြေလှမ်းပြင်လိုက်တာကို အနီ ကမန်းကတန်းဆွဲ
ထားလိုက်ရ၏။

"ဟိုမှာ တာဝန်ရှိတဲ့သူတွေ ဖြစ်သင့်တဲ့အတိုင်း လုပ်သွားကြမှာပါ"

"အဲဒီလိုလူတွေရှိလို့ လူတွေ ခေါင်းပြားကြေမွပြီး သေတဲ့သူကသေ၊
ကျိုးတဲ့လူတွေကျိုး ဖြစ်ကုန်တာ၊ နေရာဒေသ မကြည့်ဘူး၊ လမ်းကြောင်း
မှန်မမှန် ဂရုမစိုက်ဘူး၊ ထင်သလိုမောင်းတာ .."

တည်ငြိမ်အေးဆေးစွာနေတတ်သည့် မေမေ့ဒေါသကိုမြင်ရတာ
လည်း ဒါ ပထမဆုံးဖြစ်၏။ ထိုအခါကျမှ သူမ ဖြစ်ပုံကို ကျောချမ်းမိ
သည်။ ကိုယ့်ကိုယ်ကို ဖြာဝေမှုးမိုက်သွားပြီး ဘာဖြစ်မှန်းမသိလိုက်ပေမယ့်
ဘေးလူတွေအမြင်မှာ ဘယ်လောက်ထိ အသက်ဘေးနီးသွားသည်မသိ။

"လူလေးကို ကျေးဇူးအရမ်းတင်ပါတယ်ကွယ်၊ သမီးရဲ့မိတ်ဆွေ
ထင်တယ်"

"ဗျာ .. ဟို ..."

အခြေအနေပေါ်မှာ သူ အခွင့်အရေးမယူချင်ပါ။ အနီ က သူ့ ဘယ်တုန်းကမှ မျက်နှာသာပေးခဲ့တာမဟုတ်။ အနီ့ကိုငဲ့ကြည့်ပြီး ဘာပြောရမှန်းမသိ ဖြစ်သွားစဉ် ...

"ဟုတ်တယ် မေမေ၊ သိတာ သိပ်တော့မကြာသေးဘူး။ ညို့ အ ဝမ်းကွဲ၊ နာမည်က ဦးဆောင် တဲ့"

"ညို့ အစ်ကို .."

ကျေးဇူးတင်လေးစားသည့်မျက်ဝန်းတွေကနေ မျက်ခုံးနှ ခပ်တွန့်တွန့်ဖြစ်သွားသည့်မေမေ့မျက်နှာကို အနီ ကတော့ သတိ မိသည်။ ဦးဆောင် က ပြုံးချိုလျက် ...

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော့်နာမည် ဦးဆောင် ပါ"

"ညို့ အစ်ကိုဆိုတော့ ဘာဖြစ်လို့ အခုမှသိကြတာလဲ၊ ညို့ က တက္ကသိုလ်မှာကတည်းက သူငယ်ချင်းတွေ .."

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က အမေရိကားကိုရောက်သွ လို့ပါ၊ ဟိုမှာကျောင်းပြီးမှ ဒီကိုပြန်လာတာ"

"ဩော် ..."

ဒီအသက်အရွယ်ကိုကြည့်လိုက်တာနှင့် ကျောင်းပြီးသည်ဆို အတိုင်းအတာမှာ ဘွဲ့တွေဘယ်နှစ်ခုလောက် ယူထားခဲ့ပြီမှန်း လိုက်သည်။

ဒေါ်တမာခက် ခေါင်းညိတ်လိုက်ကာ ...

"အေးပေါ့ကွယ်၊ ညို့ အစ်ကိုဆိုတော့ သမီးကိုလဲ ညီမလေ ယောက်လိုသဘောထားပြီး ခင်ခင်မင်မင်ဆက်ဆံနိုင်ပါတယ်"

"ဟုတ်ကဲ့ .."



ခင်ပါ့ မင်ပါဟု ခွင့်ပြုပေမယ့် ညီမလေးတစ်ယောက်လိုဆိုတော့ ဦးဆောင် မျက်နှာ အီလည်လည်ကြီးဖြစ်သွား၏။ 'မရိုးသားခွင့်ပြုပါ' လို့သာ တစ်ခါတည်းပြောလိုက်ချင်မိသည်။

အဖြူရောင်ချိတ်အဆင်လေးနှင့် ရင်စေ့ လက်စကလေးဝတ်ထားသည့် အနီ့ကိုယ်မှာ ခက်ဖြာနေသည့်ဆံနွယ်တွေက အလှပေါ် အယဉ်ဆင့်လျက်ရှိနေသည်။

မှုန်နုံ့သာခပ်ပါးပါးလေးတင်ထားသည့်မျက်နှာလေးက ဝင်းဖန့်နုမွတ်နေ၏။ ကောင်မလေးက ကြည့်လေ လှလေ ..။ ကိုယ့်ဘာသာ အမှတ်တမဲ့ ပေါ့ပေါ့ပါးပါးလေး သတိရစိတ်ဖြစ်ခဲ့မိတာကို မိညိုက အစ လုပ်ပြီး တွန်းပို့လိုက်သည်။

ရင်ထဲမှာ လေးလေးနက်နက်တွေဖြစ်ကုန်ပြီ။ ဘယ်လိုလုပ်မလဲ။

"ကိုကို့ဘက်ကအရည်အချင်းတွေကို မိန်းကလေးရှင်ဘက်က သဘောမကျစရာမရှိပါဘူး၊ ကိုကို တကယ်အတည်အတံ့သဘောထားတယ်ဆိုရင် ရင်းနှီးဖို့ပဲ ကြိုးစားစမ်းပါ၊ စီးပွားရေးနိမ့်ပေမယ့် ပညာတတ် အသိုင်းအဝိုင်းမျိုးပေါ့၊ ဒါပေမယ့် မိဘဆိုတာ ဘက်စုံ ကောင်းမွန်တာပဲ အလိုရှိတာဆိုတော့ အန်တီသန့်ဘက်က ရှေ့နည်းနည်းရှိနိုင်တယ်"

ညို့ က လူကြီးလေးလုပ်ပြီး အကျိုးအကြောင်းတွေ ချပြနေသေးသည်။ အမေ ဘယ်လိုသဘောထားမလဲဆိုတာ မသေချာပေမယ့် သူ့ဘက်ကတော့ အနီ့ကိုတွေ့ရသည့်အကြိမ်ရေအလိုက် သေချာနှုန်းက ကြာလေမြင့်လေ ..။

ဘယ်လိုရှေ့ဆက်ရင် ကောင်းမလဲ ..။

❋ ❋ ❋

## အခန်း (၂၆)

"ဒါ ဘယ်လိုရှေ့ဆက်ရမလဲ၊ ကြည့်ပါဦး"

"ဘယ်လိုမှမဆက်နဲ့၊ မှားသွားရင်ဖျက်လိုက်၊ လိုချင်တာ ဘယ်ရှာမရရင် အမှိုက်ပုံးထဲဝင်ကြည့် .."

"ဟား .. ဆက်ဆံရေးကလဲ ကျဲလိုက်တာ၊ ဒါနဲ့များ လုပ်ဖော်ကိုင်ဖက်တဲ့ .."

"ဒီမှာ အထက်စည်း .."

မသိသလိုနေခြင်းဖြင့် အကောင်းဆုံးဟုယူဆကာ မျိုသိပ်ထားခြင်းဖြင့် ပါးစပ်ပိတ်နေလိုက်တာ ဒီနေရာမှာ သည်းခံနိုင်စွမ်းကုန်၏။

"ရှင် ဒီအလုပ်ကို လစာမက်လို့လုပ်နေကာဆိုရင် ကိုယ့်ဘာသာသိဖို့တတ်ဖို့ကြိုးစား၊ သိနေ၊ တတ်နေသားနဲ့ ပိုးကြေး ပန်းကြေးလာလုပ်နေရင်တော့ ..."

အနီ စကားရပ်သွားတော့ မျက်လွှာချ၍ ပြုံးစိစိလုပ်နေသည့် မျက်ဝန်းတွေ ဖျတ်ခနဲပင့်တက်လာ၏။

"ဆက်ပြောလေ .."





"တီကောင်မှန်း မြွေမှန်းမသိလောက်အောင်ကန်းနေရင် ကိုင်ကြည့်ပိုက်"

"ဘာလို့ကိုင်ရမှာလဲ၊ တုတ်ရှည်ရှည်နဲ့ တို့ကြည့်ရင်သိတာပဲဟာ၊ အဟွန်း .. ခေါင်းမထောင်တတ်တာ၊ ထောင်တတ်တာပဲကွာတာပါ၊ မြွေမှန်းသိရက်နဲ့ ကိုင်တော့ဘာဖြစ်လဲ၊ မြွေကိုင်တဲ့လူတိုင်း မသေပါဘူး"

စူးရှဲသည့်မျက်ဝန်းတွေ ဆုံစည်းသွားကြ၏။

"ရှင့်စိတ်ကူးထဲမှာ ဘာတွေချန်ထားသေးလဲ စည်း၊ ဘယ်မိန်းမကို လှည့်ပတ်သိက္ခာချဖို့ရှိသေးလဲ၊ အဲဒီမိန်းမက ကျွန်မဆိုရင် ဘာကြောင့်လဲ၊ ဘာရည်ရွယ်ချက်နဲ့လဲ"

"ကျိုင်အကြီးကြီးပဲကွာ၊ မင်းနဲ့ဘာဆိုင်လို့လဲ၊ ဘာလဲ .. မင်းကို တို့ကငြိဖို့ ကြိုးစားနေတယ်ထင်လို့လား .. ဟင် .."

မျက်ခုံးပင့်မေးလိုက်တော့ အနီ အံကြိတ်မိသည်။ စည်း မျက်နှာပေါ်မှာရှိနေသည့် မထိတထိမဲ့ပြုံးက လူကို မီးလောင်တိုက်သွင်းနေတာနှင့်တူလျက် ...။

"အထက်စည်းရဲ့ရာဇဝင်မှာ ခက်ခဲတာ ဘာမှမရှိသေးဘူး၊ ခက်ခဲတဲ့အရာကိုလဲ စိတ်မဝင်စားဘူး၊ နေဦး .. မင်းနဲ့တို့ မတည့်အောင် တစ်ယောက်ယောက်က ချွန်လိုက်တာထင်တယ်"

သူကပဲ ပြန်မေးနေသေးသည်။ ပြီးတော့ ဆက်၍ ...

"လက်စသတ်တော့ မင်းက တစ်ချိန်လုံး ကိုယ့်အပေါ် အမြင်စောင်းနေခဲ့တာကိုး၊ ခုကစပြီး ရှင်းပြီနော်၊ ရိုးရိုးသားသားဆိုရင် ရတယ်မို့လား"

"ဘာ ..."

"တစ်စားပွဲတည်း၊ အလုပ်တစ်လုပ်တည်း လုပ်နေကြတာ၊ ခင်ခင်မင်မင်တော့ ရှိသင့်တာပေါ့၊ မင်းက တစ်ချိန်လုံးစူပုတ်နေတော့ အမြင်ကလူ

## အခန်း (၂၆)

"ဒါ ဘယ်လိုရှေ့ဆက်ရမလဲ၊ ကြည့်ပါဦး"

"ဘယ်လိုမှမဆက်နဲ့ မှားသွားရင်ဖျက်လိုက်၊ လိုချင်တာ ဘယ်မှ ရှာမရရင် အမှိုက်ပုံးထဲဝင်ကြည့် .."

"ဟား .. ဆက်ဆံရေးကလဲ ကျဲလိုက်တာ၊ ဒါနဲ့များ လုပ်ဖော် ကိုင်ဖက်တဲ့ .."

"ဒီမှာ အထက်စည်း .."

မသိသလိုနေခြင်းဖြင့် အကောင်းဆုံးဟုယူဆကာ မျှိသိပ်ထား ခြင်းဖြင့် ပါးစပ်ပိတ်နေလိုက်တာ ဒီနေရာမှာ သည်းခံနိုင်စွမ်းကုန်၏။

"ရှင် ဒီအလုပ်ကို လစာမက်လို့လုပ်နေကာဆိုရင် ကိုယ့်ဘာသာ သိဖို့တတ်ဖို့ကြိုးစား၊ သိနေ၊ တတ်နေသားနဲ့ ပိုးကြေး ပန်းကြေးလာ လုပ်နေရင်တော့ ..."

အနီ စကားရပ်သွားတော့ မျက်လွှာချ၍ ပြုံးစိစိလုပ်နေသည့် မျက်ဝန်း တွေ ဖျတ်ခနဲပင့်တက်လာ၏။

"ဆက်ပြောလေ .."





"တီကောင်မှန်း မြွေမှန်းမသိလောက်အောင်ကန်းနေရင် ကိုင်ကြည့် ပိုက်"

"ဘာလို့ကိုင်ရမှာလဲ၊ တုတ်ရှည်ရှည်နဲ့ တို့ကြည့်ရင်သိတာပဲဟာ၊ အဟွန်း .. ခေါင်းမထောင်တတ်တာ၊ ထောင်တတ်တာပဲကွာတာပါ၊ မြွေမှန်းသိရက်နဲ့ ကိုင်တော့ဘာဖြစ်လဲ၊ မြွေကိုင်တဲ့လူတိုင်း မသေပါဘူး"

စူးရဲသည့်မျက်ဝန်းတွေ ဆုံစည်းသွားကြ၏။

"ရှင့်စိတ်ကူးထဲမှာ ဘာတွေချန်ထားသေးလဲ စည်း၊ ဘယ်မိန်းမကို လှည့်ပတ်သိက္ခာချဖို့ရှိသေးလဲ၊ အဲဒီမိန်းမက ကျွန်မဆိုရင် ဘာကြောင့်လဲ၊ ဘာရည်ရွယ်ချက်နဲ့လဲ"

"ကျိုင်အကြီးကြီးပဲကွာ၊ မင်းနဲ့ဘာဆိုင်လို့လဲ၊ ဘာလဲ .. မင်းကို တို့ကငြိဖို့ ကြိုးစားနေတယ်ထင်လို့လား .. ဟင် .."

မျက်ခုံးပင့်မေးလိုက်တော့ အနီ အံကြိတ်မိသည်။ စည်း မျက်နှာ ပေါ်မှာရှိနေသည့် မထိတထိမဲ့ပြုံးက လူကို မီးလောင်တိုက်သွင်းနေတာ နှင့်တူလျက် ...။

"အထက်စည်းရဲ့ရာဇဝင်မှာ ခက်ခဲတာ ဘာမှမရှိသေးဘူး၊ ခက်ခဲ တဲ့အရာကိုလဲ စိတ်မဝင်စားဘူး၊ နေဦး .. မင်းနဲ့တို့ မတည့်အောင် တစ် ယောက်ယောက်က ချွန်လိုက်တာထင်တယ်"

သူကပဲ ပြန်မေးနေသေးသည်။ ပြီးတော့ ဆက်၍ ...

"လက်စသတ်တော့ မင်းက တစ်ချိန်လုံး ကိုယ့်အပေါ် အမြင်စောင်း နေခဲ့တာကိုး၊ ခုကစပြီး ရှင်းပြီနော်၊ ရိုးရိုးသားသားဆိုရင် ရတယ်မို့လား"

"ဘာ ..."

"တစ်စားပွဲတည်း၊ အလုပ်တစ်လုပ်တည်း လုပ်နေကြတာ၊ ခင်ခင်မင် မင်တော့ ရှိသင့်တာပေါ့၊ မင်းက တစ်ချိန်လုံးစူပုတ်နေတော့ အမြင်ကလူ

"တမင်ရက်အောင် ပြောတာပဲဟာ .."

ယောကျ်ားလေးမျက်စောင်းထိုးတော့ ရယ်စရာဖြစ်နေ၏။ ညီ က မျက်စောင်းမထိုးတတ်ဘဲ မေးဖျားပါ မော့ခနဲပါတော့ ပိုဆိုးသွား၏။

တစ်ချက်မှ အပြုံးမပျက်သည့် စည်း မျက်နှာကို မျက်စောင်းထိုးလိုက်ပြီးမှ...

"မင်းကို ညို့ချစ်သူအဖြစ်နဲ့ပဲ မြင်နေမှာစိုးလို့ ငါတို့က အရှိအတိုင်း ပြောပေးလိုက်တာ၊ လူယုတ်မာတွေလို့ သိမ်းကျုံးပြောသွားတော့ ငါ တို့ပါငြိတယ်"

စည်း က အင်းလျားကန်ဘက်ကို မျက်နှာမူနေရာကနေ ပြန်လှည့်လာကာ ...

"အဲဒါရော ဘယ်သူကဖွင့်ပြောခိုင်းလို့ သွားပြောတာလဲ၊ အလကား အလုပ်ရှုပ်အောင်၊ သူနဲ့အနီ ခွဲထွက်သွားကတည်းက သူ့ဘက်မှာ လင်း တာမှောင်တာ လုံးဝကို စိတ်မဝင်စားဘူး"

"မဝင်စားပေမယ့် အနီ က မင်းကို ဘယ်တော့မှ စိတ်ကူးမှာမဟုတ်ဘူးလေ"

စည်း ငြိမ်ကျသွား၏။ ဖိုးကျော် က စလွယ်သိုင်းချိတ်ထားသည့် အိတ်ကို နောက်ရောက်အောင် ဆွဲရမ်းပစ်လိုက်ပြီး သူ့ရှေ့ရောက်လာကာ ...

"ဟိုတစ်ယောက်နဲ့ရင်ဆိုင်လိုက်ရတာက ငါတို့ရယ်၊ ဒီကိစ္စ အခု ညို့ ကနေတစ်ဆင့် အနီ သိသွားလို့ မင်းကိုမေးလာပြီမို့လား၊ မင်း ကိုယ့် အစွမ်းအစနဲ့ကိုယ် ခရီးဆက်ရုံပဲ"

"အေးလေ .."

"အခု သေချာတယ်၊ ညို့နဲ့အနီ လုံးဝပြတ်တောက်သွားပြီ၊ ပြတ်





တောက်လွင့်စင်လာတဲ့ ကြိုးတစ်စကို မင်း အသာလေးဆွဲယူပြီး ချည် တုပ်ထားလိုက်ရင်ပြီးပြီ"

"အသာလေးမရလို့ ဒီမှာ ဦးနှောက်စားနေတာ .."

စည်း က အားလုံးနားထောင်ပြီးမှ ထပ်ရစ်တော့ ညီ က 'သေလိုက်' ဟု ထောမနာပြုလေသည်။

သေအောင်ကြိုက်နေတာကိုများ .. မကြိုက်ဘူးသွားပြောရ တယ် လို့...။

❋ ❋ ❋

## အခန်း (၂၈)

ညှို့သည်ဆိုလို့ ထွက်ကြည့်လိုက်တော့ ဦးဆောင် ဆိုသည့် လူမှ… ဖြစ်နေသဖြင့် ဒေါ်တမာခက် အံ့သြသွား၏။ ဦးဆောင် က တံခါးဝကေ… ခေါင်းငုံ့ခြင်းဖြင့် ရိုသေစွာ နှုတ်ဆက်ပြုံးပြသည်။ ပြီးတော့ ကိုင်ထားသည့… ဖိတ်စာကတ်လေးကို မြင်အောင်ပြ၍ …

"အန်တီမအားဘူးထင်တယ်၊ အားနာလိုက်တာခင်ဗျာ .. ကျွန်တော… အိမ်တက်တရားနာအလှူ လာဖိတ်တာပါ"

"သြော် .. လာပါကွယ်၊ ထိုင်ပါဦး။ သမီးကတော့ ဒီအချိန်ဆို အလု… သွားတယ်လေ၊ ခင်ပြုံးရေ .. ကော်ဖီနဲ့မုန့် ယူလာခဲ့ပါ"

"ဟာ .. မသောက်တော့ဘူး အန်တီ၊ ကျွန်တော် သွားစရာရှိသေ… လို့ပါ။ အနီးရော .. အန်တီတို့ရော အလှူကိုဘေ့ ကြွပါခင်ဗျာ"

"သြော် .. လာရမှာပေါ့၊ လာမှာပါ၊ သမီးကိုလဲ ပြောလိုက်မယ်နော်…"

"ဟုတ်ကဲ့ .."

ဦးဆောင် ပြန်သွားတော့ ဒေါ်တမာခက် က ဖိတ်စာပေါ် ကလိပ်… ကို သေချာဖတ်နေ၏။





"ဘာလဲ .. မင်းပျူတာပုံက ထူးလှချည်လား"

"ဒေါ်တမာခက်က ဖိတ်စာကို
ခင်မှုန်းဖြစ်သူရောက်လာတော့

လှမ်းပေးကာ …

"ရှင်မြင်လိုက်လား"

"မြင်သားပဲ၊ ကောင်လေးက ပညာတတ်ပုံစံ၊ ရည်ရည်မွန်မွန်လေးပါ"

"ဟုတ်တယ်၊ ပညာတတ်လူရည်မွန်လေးပဲ၊ သမီးကိုလဲ မြတ်နိုးနေ ပုံပဲ၊ ဟိုတစ်ခါ သမီးကားတိုက်ခံရမလိုဖြစ်တုန်း ကယ်လိုက်တာ သူပေါ့"

"ဒါဆို ပိုသေချာပြီ"

"ဘာလဲ .."

"မင်း ဒီကောင်လေးကို အမှတ်ပြည့်ပေးချင်နေပြီ"

ဒေါ်တမာခက် ခေါင်းမညိတ် ခေါင်းမခါနှင့် ငြိမ်သွား၏။ ပြီးမှ …

"သမီးရှင် ဆိုတော့လဲ သမီးအတွက်ကြည့်လိုက်တာနဲ့ အဲဒီမျက်လုံး မျိုးပဲဖြစ်သွားတာပေါ့၊ ဒါပေမယ့် ယောကျ်ားတစ်ယောက်မှာ လူအမြင် တင့်တယ်ခမ်းနားလွန်းတဲ့ ဘွဲ့ထူး ဂုဏ်ထူးတွေ ဘယ်လောက်ရှိနေနေ အိမ်ထောင်ရေးအတွက် ပြည့်စုံတာမဟုတ်ဘူး။ ကျွန်မကတော့ ပညာဖြစ် ဖြစ်၊ အရည်အချင်းဖြစ်ဖြစ် အဲဒါတွေနဲ့သတ်မှတ်ပြီး သမီးအတွက် မရွေး ချယ်ချင်ဘူး"

"မင်းက ကိုယ့်ကိုစောင်းပြောနေသလိုပဲ"

"ရှင်လဲ သမီးရဲ့ဖခင်ပဲ၊ ကျွန်မတို့ စောင်းချိတ်စကားနိုင်လုနေရုံနဲ့ ဘာပိုထူးမှာမို့လို့လဲ၊ ကိုယ့်သားသမီးက မိဘသဘောကျ စီစဉ်ပါလို့ နာခံ ပြီဆိုရင် ကိုယ့်ကြောင့် စေတနာဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဘယ်လိုအမှားမှ မဖြစ် စေချင်လို့ပါ"

"အေးလေ … ကိုယ်ကတော့ ဟိုဘက်က ကမ်းလှမ်းထားတဲ့သူကို

ဘယ်လိုမှငြင်းစရာမရှိတဲ့အရည်အချင်းတွေကြောင့် လက်ခံထား
တယ်လို့ မင်းကိုပြောပြခဲ့တာပဲ"

"အဲဒါကို ကျွန်မခေါင်းထဲ ထည့်ပါတယ်၊ ရှင် စီစဉ်တာပေမယ့်
နာခံဖို့ကို ကျွန်မလဲ ပြောနေတာပါ။ ဒါပေမယ့် အကောင်းဆုံးဆိုတာ
ပိုကောင်းတာတွေရှိသေးတယ်မို့လား။ ဟိုတစ်ယောက်ဆိုတာကို သ
သိတောင်မသိဘူးလေ၊ ဦးဆောင် ဆိုတဲ့ကောင်လေး နဲ့ကျတော့ မ
မင်မင်ဖြစ်နေကြပြီ၊ လူငယ်ချင်း စိတ်ကျေနပ်မှုရှိမယ်၊ မိဘမျိုးရိုး
ပညာတတ်လူရည်မွန်လေးလဲ ဖြစ်မယ်ဆိုရင်တော့ ..."

"သိပြီ .."

သိပြီ ဆိုတာက လက်ခံပေးလိုက်တာမဟုတ်မှန်း ဒေါ်တမာ
ကိုယ့်ခင်ပွန်းမို့ ကိုယ်သိသည်။ ဒါပေမယ့် ...

"အေးလေ ..၊ သမီးကို ကောင်းစားစေချင်တဲ့စေတနာ
လုပ်နေကြတာပဲ၊ ကိုယ်လဲ စကားမကျွံအောင်တော့ ထိန်းထားပါ
ရွေးချယ်မှုမမှားအောင် ကြိုးစားကြတာပေါ့"

သမီးတစ်ကောင် နွားတစ်ထောင် ဆိုတာ ကမှကရဲ့လား ..၊

သမီး လိမ္မာလှပါတယ်ဆိုတာတောင်မှ ဒီလောက်ထိ ပူပန်ရ
နေရသည်။

မဟုတ်များမဟုတ်ရင် ...။

❋ ❋ ❋





## အခန်း (၂၉)

ဆိုင်ကယ်စီးခွင့်မရှိမှန်းသိနေသဖြင့် ဆိုင်ကယ်သံကြားလိုက်တော့ နားထဲမှာ ထူးဆန်းသလိုဖြစ်သွားသည်။ ရှေ့မှာ ကားလာနေသဖြင့် ဆိုင်ကယ်ကျော်တက်သာအောင် လမ်းဘေးကိုထပ်တိုးပြီး ကပ်ပေးလိုက်သော်လည်း ...

"အမလေး ..."

"ဆောရီး ..."

ဆိုင်ကယ်ကလဲ လူကိုပွတ်တိုက်မိပြီး လက်ကိုင်အနည်းငယ်ခါသွားကာ လမ်းဘေးကို ထိုးဆင်းရပ်သွား၏။ အနီ ကတော့ လက်မောင်းမှစ၍ ပခုံးတစ်ခြမ်းလုံးအောင့်သွားကာ မြက်ခြောက်စပ်စပ်ပေါ် ဖင်ထိုင်လဲကျသည့်အရှိန်ကြောင့် ခါးထဲမှာလည်း ဘာဖြစ်သွားပြီမသိ။

"အနီ .. အနီ ... ဆောရီးကွာ၊ တကယ် .. တောင်းပန်ပါတယ်"

"ရှင် ..."

စည်း မျက်နှာကြီးကိုမြင်လိုက်တော့ အနီ ဒေါသပုန်ထသွား၏။ ဒါ မတော်တဆမှ ဟုတ်ရဲ့လား ..။

"နှင် ငါ့ကို တမင်တိုက်ချလိုက်တာမို့လားဟင် .."

ဒေါသဖြစ်ဖြစ်နှင့် နှင်တွေ ငါတွေ ပြောပစ်လိုက်၏။ ဖြတ်ကျော်သွား ကြသည့်ကားတွေကလည်း လှမ်းကြည့်သွားကြပြီး ဘယ်သူ့မှဆင်းမလာ။ ညည်း က အနီ့လက်ထဲက ပြုတ်ကျကုန်သည့် ပလတ်စတစ်အိ အရည်လေးနှင့် အထည်ထုပ်ကိုရော၊ ထွက်ကျကုန်သည့် လိမ္မော်သီးတေ ကိုရော သူ့အိတ်ထဲသို့ပြန်ကောက်ထည့်ပေးရင်း ...

"ကားကိုရှောင်ရင်း ဖြစ်သွားတာပါ။ လူကို တမင်တကာတိုက်ချ လောက်အောင် တို့ မမိုက်ပါဘူး၊ တောင်းပန်ပါတယ်"

"တောင်းပန်တယ်ပဲပြောရုံနဲ့ ငါ ဒီကနေ ကြွလို့ရမှာမဟုတ်ဘူ သွား.. ကားသွားငှားပေး .."

"ကားငှားပေးရမယ်"

"တောက် .. ဒီမှာ မတ်တတ်ရပ်လို့မရတော့ဘူး"

"ဟင် .. ဟုတ်လား၊ ထ .. ထကြည့်ပါဦး"

"မရပါဘူးဆိုမှ .. ဖယ် .. မကိုင်နဲ့"

ညည်း လက်နှစ်ဖက် အနီ့ဘေးမှာ ကိုးရိုးကားရားနှင့် တွဲလည်းမ ရဲ့ နောက်ဆုတ်ရပ်ပြီးလည်း မနေနိုင်။ ထို့ကြောင့် အနီ့ဘေးမှာ မြေ ထောက်ထိုင်လိုက်ရင်း ...

"မတ်တတ်ရပ်ကြည့်လိုက်ရင်တော့ ခြေထောက်ကလား၊ ခါ တာလား ပိုသိသွားမှာပေါ့၊ လာပါ .. ထရပ်ကြည့်ပါ၊ ဒီနားမှာ အငှားက တွေ သိပ်မလာဘူး၊ ကားသွားငှားမယ်ဆိုရင်တောင်မှ မင်း ဒီလို လမ်းဘေးမှာ ကျုံ့ကျုံ့ထိုင်နေပုံနဲ့ .. လူတွေက ..."

"ရှင် တော်တော့နော်"

"တော်ပါပြီ"





ပြောသည့်မျက်နှာက ရယ်ချင်တာကို အတင်းမျိုသိပ် ပါးစပ်ပိတ် ထားရသည့်ပုံနှင့် ...

"ဟွန်း .. သံပုရာသီးအခြမ်းလိုက် မျိုချနေတဲ့ရုပ်နဲ့ .."

အနီ က မျက်စောင်းထိုး၍ ကြားအောင်ပြောသည်။ သူ ရယ်ချ လိုက်ချင်ပေမယ့် မရယ်ရဲ ..။

"လာ .. လက်ကိုနည်းနည်းကိုင်ပြီး ထကြည့်၊ ကိုင်ပါ၊ မွေး ဝဲ ယားနာ လုံးဝမရှိဘူး၊ အမေ မွေးထားတဲ့အတိုင်း အော်စတင် ..."

သူ့လက်တစ်ဖက်ကိုကွေးပြီး အနီ ကိုင်လို့ရအောင် အနားတိုး လာ၏။ မကိုင်လို့လည်းမရတော့သဖြင့် အနီ သူ့လက်ကို ကိုင်လိုက်မိ သည်၊ ဘာကြောင့်မှန်းမသိဘဲ ရင်ထဲမှာ နွေးခနဲ လှိုက်ခါသွား၏။ ထို အနွေးဓာတ်ကြောင့် အနီ့မျက်နှာလေးတစ်ပြင်လုံး ပန်းရင့်ရောင်တက် သွားတာလည်း သိသာနေသည်။

"ထရပ်မယ်နော်၊ ကိုယ့်ကိုအားပြုထား .."

စကားကောင်းပြောနေရပေမယ့် ရှက်ရှက်နှင့် မျက်နှာအတင်း ငုံ့ထားသည့် အနီ့မျက်ခုံးတန်းလေးတွေ၊ နှာတံ၊ နှုတ်ခမ်းအစိတ်အပိုင်း လေးတွေအားလုံးက သူ့မျက်စိအောက်မှာ ..။ ပြီးတော့ လှပပျော့နွဲ့ သော ဆံနွယ်များက နဖူးလေးအပြောင်သိမ်း၍ ဘီးကုပ်လေးနဲ့ဖိထား သည်မို့ နားရွက်ဖျားလေးတွေကိုပါ မြင်ခွင့်ပေးထား၏။

"အား ..."

"ဟင် .. ဘယ်ကလဲ၊ ဘယ်မှာနာသွားတာလဲ"

"ပေါင်ထိပ်က မျက်သွားတာ၊ ခုက္ခပါပဲ"

"ဒါဆို လမ်းလျှောက်လို့ရပါ့မလား"

"မရပါဘူးဆိုမှ၊ အဲဒါကြောင့် ဘယ်လိုလုပ်ရမလဲ၊ ထိုင်နေတုန်းက

အကောင်း။ ထရပ်လိုက်မှ အငို့မရှိရင် မရတော့ဘူး"

"ဩော်.. မရတော့လဲကိုင်ထားပေါ့ကွာ၊ ပိုက်ဆံတစ်ပြားမှမပေး

"စကားပြောတာ လူပါးမဝနဲ့နော်၊ ရှင့်ကြောင့် .. သိလား"

သူ့လက်မောင်းကို လက်နှစ်ဖက်လုံးနှင့် တွဲထားရသည်မို့ ခေါ

ပေမယ့် လွှတ်လို့လည်းမရ၊ ထို့ပြင် ခေါင်းလိမ်းဆီနံ့လား၊ ရေမွှေးနံ့

မသိသော သူ့ကိုယ်က ကြိုင်လှိုင်နေသည့်အမွှေးနံ့တွေကြောင့် နှ

ကပ်ကြီးနေရသည့်အဖြစ်ကို ဘယ်လိုမှ မေ့ဖျောက်ထားလို့မရဘဲပြစ်

"နည်းနည်းလေးမှီလိုက်ပြီး လျှောက်ကြည့်ပါလား၊ ဆိုင်ကယ်

ရောက်အောင် .."

"ဟင် .. ဆိုင်ကယ်နားကို ဘာလုပ်ဖို့လဲ"

"ကားငှားလို့ရတဲ့နေရာအထိ ပို့ပေးမယ်လေ၊ မသွားရင် ဘ

လုပ်မလဲ"

"အို .. မစီးချင်ပါဘူး၊ ကားလာတဲ့အထိပဲစောင့်မယ်၊ ရှင့်ကြေ

ဖြစ်ရတာ ..၊ ရှင် ခဏစောင့်ပေးပေါ့"

"စောင့်ရမှာက ပြဿနာမဟုတ်ဘူး၊ ဘယ်လောက်ထိကြာမှ လ

မသိတာကို စိတ်ပျက်စရာကြီးကွာ၊ ပြီးတော့ မင်းနဲ့ကိုယ် တွေ့ရ

ပြောပြီး အပျင်းဖြေရင်လဲ စကားပြောဖော်မဖြစ်တဲ့အပြင် ခေးမဲ့တာပဲ

ထဖြစ်မှာပဲ၊ ဒီကောင် ဘာပြောပြော မင်းက မတည့်တာပဲ တွေး

"မတည့်အောင်ပဲပြောနေတာရော ကိုယ့်ကိုယ်ကို သိရဲ့လ

"ဟုတ်မှမဟုတ်တာ .. ဘယ်သိမလဲ၊ မင်းက ကိုယ့်ကိုမုန်း

မယ့် ကိုယ်က ခင်ချင်တဲ့သူ .."

"ဟွန်း .."

အနီ က မဲ့သည်။ ပြီးတော့ ဆိုင်ကယ်ကိုကြည့်၍ ...





"ရန်ကုန်မှာ ဆိုင်ကယ်မစီးရဘူး၊ ရှင့်ကျတော့ ဟုတ်လို့ပါလား"

"ဟုတ်တယ်၊ ဒါက ကိုယ့်လမ်းကြောင်းနဲ့ကိုယ်ပေါ့၊ လာပါ၊ ဖြည်း

ဖြည်းလှမ်းကြည့် .. လေးငါးလှမ်းဆိုရောက်ပြီ"

"ရောက်လဲ မစီးချင်ဘူး၊ ဆိုင်ကယ်က အမြင့်ကြီး၊ ရှင့်ခါးကို ကိုင်

ထားရမှာ၊ အခန့်မသင့်ရင် ယာဉ်ထိန်းရဲလက်ထဲ အတွဲလိုက်ကြီး ရောက်

ဦးမယ်"

"ကောင်းတာပေါ့"

"ဘာ .."

"ဩော် .. အတွဲလိုက်မဟုတ်ပါဘူး၊ မင်းက ခြေကျိုးနေတဲ့သူ ဆို

တော့ လွှတ်ရာလွှတ်ကြောင်းပြောဖို့တွေ အများကြီးပဲ"

ခြေထောက်မျက်နေတာကို ပြောချလိုက်တာ ပက်ပက်စက်စက်။

ခြေကျိုးနေတဲ့သူ ..။ ဒေါသဖြစ်ရခက်၊ မကြားသလို နေလို့လည်းမရ။

ပြီးတော့ ပြောနေရင်း ဆွဲခေါ်သွားသဖြင့် သူ့ကိုကိုင်ထားရင်း ဆိုင်ကယ်

နားကိုရောက်လာခဲ့၏။

ထိုနေ့က သူ ဘယ်လိုလမ်းတွေကနေ ပတ်ကွေ့မောင်းနေမှန်း မသိ

ပေမယ့် အနီ ကတော့ သူ့ခါးကိုဖက်ထားခဲ့ရ၏။ အင်္ကျီခါးစကို ဆုပ်ကိုင်

ထားရုံနှင့်ဖြစ်မလားလို့နေကြည့်တာ မရခဲ့ပေ။ ဆိုင်ကယ်ကမြင့်သည်။

သိမ့်ခနဲထွက်လိုက်တာနှင့် ရင်ထဲမှာ လှပ်ခနဲအေးသွား၏။

တစ်သက်နဲ့တစ်ကိုယ် ဆိုင်ကယ်မစီးဖူးခဲ့သည်ကအမှန်ပင်။ ခုလို

ယောက်ျားတစ်ယောက်၏ခါးကို ဖက်ထားဖို့တော့ အဝေးကြီးပါ။

သူနဲ့ ဒီလိုဆုံဖြစ်တာတွေကို ပြန်တွေးမိကာ ထူးဆန်းနေတာတွေကို

ခံစားမိလာ၏။ မထိမှဲမြင်ပြုံးတာဖြစ်ဖြစ်၊ ကျေနပ်ဝမ်းသာလို့ဖြစ်စေ သူ့

မျက်နှာမှာ အပြုံးတစ်ခုခုကြောင့် အပိုးမကျိုးခြင်းသရုပ်ကို ပေါ်နေစေ

တာမှန်သည်။ သို့သော် ဤသို့မချိုမချဉ်ဖြိုးနေတတ်သည့်အတွက် ကိုယ့်ဘေးမှာ ဒီလူရှိနေခြင်းဟာ ကိုယ့်ကို တမ်းတမ်းစွဲချစ်နေလို့ ကတော့ ဖြစ်နိုင်ခြေသိပ်မရှိဘူးထင်သည်။ ဟိုတစ်နေ့က သူ လိုက်ခြင်းအတွက် အနီ ခုထိရှက်နေတုန်းပင်။

ကိုယ့်ကို တစ်ဖက်သတ်ချစ်ကြိုက်နေသည်ဟုထင်ပြီး စွပ်စွဲ မိကာမှ ဟားတိုက်လှောင်ရယ်ခြင်းခံရတာလောက် ရှက်ဖို့ကော မရှိနိုင်။ ထို့ကြောင့် ဤသို့သော စွပ်စွဲထင်မြင်မိခြင်းမျိုး ဘယ် နောက်ထပ်မလုပ်မိစေရဆိုသော ဆုံးဖြတ်ချက်တွေလည်း ဖြစ်နေ

ထိုမှားယွင်းခြင်းများနှင့်ပတ်သက်၍ 'ငါ့ကိုကြိုက်ပြီးပြောတာ ဟုပင် အတွေးထဲမှာမထည့်မိအောင် သူ့အမူအရာစကားတွေကို ဥ ထားဖို့ ကြိုးစားနေရသည်။ သိပ်တော့ မလွယ်ကူပါ။ ပါးစပ်က တိုက်ရယ်ဖူးပေမယ့် ဒီမျက်လုံးရိုင်းကြီးတွေက ....။

"ဟင် .. ဘယ်လိုဖြစ်လာတာလဲ သမီး၊ မေမေက ပြန်ရိုက် ပြန်မရောက်လို့ ..."

မြရွှေမှာ ဆိုင်ကယ်ရပ်လိုက်တာနှင့် ဒေါ်တမာခက် အပြေး ထွက်လာသည်။

"ဇာလေး .."

လို့ပြောပြီး သူ ကူညီမှာကိုမစောင့်ဘဲ လျှောဆင်းလိုက်မိ ဆိုင်ကယ်ဘေးတွင် ပုံခနဲကျလေသည်။

"ဟာ .. အနီ .."

စည်း၊ ပျာပျာသလဲဖြစ်သွားကာ ရုတ်တရက်ဘာလုပ် သလိုဖြစ်သွားပြီးမှ အနီ့ကိုယ်လေးကို မွေ့ယူလိုက်၏။

"အို .. ဟဲ့ .. ဟဲ့ .."





"စည်း .. ရှင် .. ရှင် .. ဘာလုပ် .."

"မင်းမှ မလျှောက်နိုင်တာ ..."

သားအမိနှစ်ယောက်စလုံး မျက်လုံးတွေပြူးကုန်လျက် စည်း က ဒေါ်တမာခက် ကို ရည်မွန်သည့်အပြုံးတစ်ချက်နှင့် ...

"သူ လုံးဝမလျှောက်နိုင်ဘူး အန်တီ၊ အဲဒါကြောင့် ကျွန်တော် အိမ် ထဲထိ ပို့ပေးပါရစေ"

"အိုကွယ် ..."

ဒေါ်တမာခက် ခေါင်းမညိတ်နိုင်အောင် မျက်စိမျက်နှာပျက်ပျက် နှင့်ပါလာ၏။ ရင်ထဲမှာဖြစ်သွားသည့် ပူပင်သောကသည် ဤသူငယ်၏ လက်ထဲမှာ သမီးရဲ့အလှအပ ဂုဏ်သိက္ခာတွေ ပွန်းပဲ့ပါသွားတော့မလိုလို။

ဆံပင်ရှည်ခပ်တွန့်တွန့်နှင့် မင်းသားရုပ်အောင် ပြေပြစ်ချောမွေ့နေ သည့်လူငယ်ဟာ သမီးနဲ့လည်းသိနေပုံပေါ်တော့ ဘယ်လိုပုံစံနှင့်ဆက်ဆံ ရမှန်းလည်းမသိ။

စည်း ကတော့ ဘာကိုမှဂရုမစိုက်မိဘဲ အနီ့ကို ဆိုဖာပေါ်မှာ ထိုင် ရက်လေးချပေးလိုက်ပြီးမှ ဒီဘက်ပြန်လှည့်ကာ ...

"ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ အန်တီ"

"ဪ .. ထိုင်ပါ၊ ထိုင်ပါ၊ သမီးနဲ့ ..."

"ကျွန်တော်နဲ့ တစ်ရုံးတည်းအလုပ်လုပ်တဲ့ မိတ်ဆွေတွေပါ"

"ဟင် ..."

"ဒီနေ့က နားရက်ဆိုတော့ အပြင်မှာဆုံဖြစ်ကြတာ ..."

"ဘယ်လိုကွယ့် ...၊ သမီးနဲ့မင်းက ..."

"မဟုတ်ပါဘူး မေမေရယ်၊ အနီ့ဘာသာ ရုပ်ပါမားကက်ကနေ ပြန် လာတာ၊ မေမေ့အတွက် လိမ္မော်သီးနဲ့ လိုအပ်တာလေးတွေ ဝယ်ခဲ့တာ

လေ၊ အဲဒါ သူက ကားကိုရှောင်ရင်း အနီ့ကိုတိုက်မိသွားတာ .."

"ဘုရား .. ဘုရား .. ဘယ်နေရာတွေ ဘာဖြစ်ကုန်လဲ၊ သွေးထွ… သံယိုတွေဖြစ်ကြတာလား၊ ပြစမ်း .. အဲ့ .. ပြောစမ်းပါကွယ်.."

ဒေါ်တမာခက် မျက်နှာချင်းဆိုင်နားကနေ အနီ့ဘေးကို ချက်ချ… ရောက်လာ၏။ သူမဘာသာ အနီ့ထဘီအနားစလေးကို ဆွဲပင့်ကြည့… ပေမယ့် ဘာဒဏ်ရာ၊ ပတ်တီးစည်းထားတာ ဘာမှမတွေ့။

အနီ က ဒေါ်တမာခက် လက်ကို ပြန်ဆွဲထားကာ ...

"ဆေးခန်းဝင်ဖို့ သူပြောတယ် မေမေ၊ အနီ က ပေါင်ထိပ်မှာ မျ… နေတာ၊ ပြီးတော့ ကျောကလိုလို ခါးကလိုလိုနဲ့ နာနေတာ၊ အဲဒါ ဘယ်… ပြောပြီး ဆရာဝန်ပြရမှန်းမသိဘူး၊ မေမေ စိတ်ပူနေမှာပဲတွေးမိလို့ မေ… ကိုပဲပြကြည့်မယ်လို့ ပြန်ခဲ့တာ .."

"အန်ကယ်လ်က အထူးကုသမားတော်ကြီးဆိုလို့ပါ၊ ကျွန်တော့… ကြောင့်ဖြစ်ရတဲ့အတွက် အနီ့ဒဏ်ရာပျောက်တဲ့အထိ ကျွန်တော် … ဝင်ထွက်မေးမြန်းခွင့်ပြုပါနော်၊ လိုအပ်ရင် လိုအပ်တဲ့အတိုင်း ကျွန်တော်… တာဝန်ယူပါ့မယ်"

"သမီးနဲ့ တစ်ရုံးတည်းဆိုတော့ ရုံးမတက်နိုင်တဲ့အထိဖြစ်လာ… ငါ့တူ ကြားရမှာပါ၊ ပြီးတော့ သမီးဖေဖေကလဲ သူ့သမီးရဲ့ဒဏ်ရာကို ကြ… နိုင်မယ်ထင်တာ၊ ခုလို ဝတ္တရားရှိတဲ့အတိုင်း စောင့်ရှောက်မယ်ဆိုတာ… ကျေးဇူးတင်ပါတယ်ကွယ်"

သတင်းလာမေးဖို့လည်း မလိုဘူးလို့ ဆိုလိုခြင်းကို သူ နား… သည်။ မာနကတော့ သေးသေးကွေးကွေးမဟုတ်ပေ။ နှုတ်ဆက်ပြီး… ထွက်လာပြီးမှ ခြံကြီးနဲ့တိုက်ကို တစ်ချက်တော့ ပြန်ကြည့်ဖြစ်၏။

တိုက်လေးက တစ်ထပ်တိုက်လုံးလေးဖြစ်ကာ ဖြူခွတ်ခွတ်အ…





…လေးမှိုလှသည်။ ပေါ်တီကိုအောက်က ရွက်စိမ်းပင်တန်းလေးတွေနှင့် ရှေ့… …ကမြက်ခင်းလေးကြောင့် အဖြူရောင်တိုက်လေးက ပို၍ကြွရွနေ၏။

တိုက်ကလေးကလှသလို မာနတွေကလည်း ကြွရွလို့ပါ၊ ဒါပေမယ့် …ဒီတိုက်၊ ဒီခြံက ဒီလူတွေအကြောင်း စည်း တို့က 'ဒီ' သုံးလုံးကျေပြီးသား။

ဆိုင်ကယ်စက်နှိုးရင်း သူ ပြုံးလိုက်မိသည်။ မသိတာမှမဟုတ်ဘဲ။

"ကြည့်မရတဲ့မျက်လုံးနဲ့ဆိုရင်တော့ အနံ့ရော ကွင်းရောကျယ်တဲ့ …လုတန်းစားတွေပဲ၊ တစ်မျိုးလုံး ပညာတတ်တွေချည်းပဲကွ၊ ပညာကို …အရည်ကျိုသောက်ပြီး မာနကိုရွှေချတဲ့လူတွေ၊ သူ့အဖေက အထူးကု …သမားတော်ကြီးကွာ၊ ဘွဲ့တွေတစ်သီကြီးပဲ၊ ငါတော့ ရွတ်မပြတတ်ဘူး၊ …သူ့အမေက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဌာနမှာ ညွှန်မှူး၊ နိုင်ငံခြားပြန် …တွေရော၊ မပြန်တာတွေရော ဘယ်သူကြည့်ကြည့် ပြတိုက်ထဲကလူတွေ …ပဲ၊ အနီကျမှ လူငယ်သဘာဝလေးနဲ့ အလိုက်အထိုက် လွှတ်ပေးထား… …ညီ နဲ့ လုံးဝခြားနားနေတာ မင်းမပြောနဲ့ ဒီလောက်ဆန်ကျင်ဘက်တွေ …ပြိုင်နေတာကိုက အံ့သြစရာဖြစ်နေပြီ၊ မင်း အဲဒီ အနီရောင်နှင်း ဆိုတာ …ကို စိတ်ဝင်စားတာတော့ အန္တရာယ်ကြီးနော်"တဲ့။

သူ ခြေလှမ်းပြင်ကတည်းက ဖိုးကျော် က သိပ်သဘောမကျ။

"မင်းတို့သားအဖက လွတ်လပ်ပွင့်လင်းတယ်၊ ငွေကို ရေလိုသုံးကြ… …လို သုံးလဲသုံးနိုင်တယ်၊ သူတို့မိသားစုက လွတ်လပ်ပွင့်လင်းတာကို …ချတဲ့အမျိုးတွေ၊ ရှိရှိ မရှိရှိ ငွေဆိုတာ စုဆောင်းအပ်ခြင်း ခေါင်းစဉ်နဲ့ …ပြီးသားပြီးသား .."

စုံစမ်းရသမျှ ပြောပြကြတာ တော်တော်လည်းစုံသည်။ သူကတော့ …နီရောင်နှင်း ဘယ်လိုဆိုတာ သေချာသိရလေ စိတ်ဝင်စားလေ ..။

သူမ က အနေတည်သည်။ ကြိုက်လို့လိုက်တဲ့လူတွေကိုလည်း

စိတ်မဝင်စား၊ ဖွဲ့နပဲနဲ့ ဘယ်လိုလိုက်လိုက် တုန့်လှုပ်ခြင်းကင်းကင်းနဲ့
မစိုက်ဖွာနေသည် စသည့် ကျော်ကြားခြင်းများကြောင့် သူမကို ချုံး
ဖို့အတွက် စဉ်းစားရသည်။

အများနည်းတူ တကောက်ကောက်လိုက်စကားပြော၊ သူ
ခြင်းဖြင့် လွယ်ကူနိုင်မှာမဟုတ်တာကို နားလည်နေသဖြင့် အခြေအ
တစ်ရပ်အဖြစ်ရောက်ရှိလာခဲ့သော ညို့ရဲ့မာယာတွေကို မသိနားမ
သူကဲ့သို့ .. ဤကဲ့သို့ ...

"မင်းဟာက မဟုတ်သေးဘူးနော် စည်း၊ သူ့ကိုချစ်နေတာ
ဘေးကမိန်းကလေးနဲ့ သွားကြိုက်တော့ မင်းကို ဟိုက ပြန်ကြိုက်
မလား၊ အလိုလိုကမှ အဲဒီတစ်ယောက်က ရေခဲတုံးဖက်နေတဲ့သူ

ဖက်နေစမ်းပါစေ ..၊ ရေခဲတုံးကို ဖက်ရုံမကလို့ ရေခဲမြစ်ထဲက
လာတဲ့ ဝိညာဉ်တစ်စဖြစ်နေပါစေ၊ အေးစက်နေတဲ့ အဲဒီနှလုံးခုန်သံ
မြန်လာအောင် သူ နှိုးဆွပေးမည်။ သူ့ဘဝအတွက် အလွန်လွယ်ကူ
ပျင်းရိဖွယ် ရည်းစားထားရှိရေးမှာ ဒါဟာ စိတ်ဝင်စားစရာအကောင်း
နှင့် ပထမဆုံးသော ရင်ခုန်သံဖြစ်သည်။ အထက်စည်း ဆိုတဲ့ကောင်
ရှုပ်နေတယ်လို့ နာမည်က တစ်စစီ တစ်ဖွဲ့စီ ကျိုးပဲ့လွင့်ပျံနေချင်နေ

ဘုရားစူးရစေရဲ့ ..။ ရည်းစားနဲ့တူတာဆိုလို့ ဇီးပြားလေးလော
စားဖူးပါ၏။ ထို့ကြောင့် ကျွန်ုပ်၏ ရည်းစားမထားခဲ့ဖူးသော ဤ
မှန်ကန်ပါလျှင် အနီရောင်နှင်း ဆိုသည့် သူမအား မြတ်နိုး နှင
လက်ထပ်ခြင်းဖြင့် ပိုင်ဆိုင်ရပါစေ ...။

❋ ❋ ❋





## အခန်း (၃၀)

"ဟာ .. မဟုတ်တာ ညိုရာ၊ အမေ သဘောတူတာ မတူတာထိ ကိုကို မစဉ်းစားရသေးပါဘူး၊ ဘာဖြစ်ဖြစ် ဒီလိုနည်းနဲ့ ပိုင်ဆိုင်ရမှာမျိုး တော့ မလိုချင်ပါဘူး"

"ဒါဆို ကိုကို ကျန်ခဲ့မှာပဲ၊ တောသားရဲ့တော့ ဆွဲထုတ်ရတယ်ဆိုတဲ့ စကားနဲ့ ဆင်ဆင်တူတာ နှိုင်းပြရရင် သူ မာနကြီးတယ်၊ သိမ်မွေ့တယ် ဆိုတာ မတန်တာကိုမမှန်းတာပဲကောင်းတယ်ဆိုတဲ့ ပြေသိမ့်ခြင်းနဲ့ အေးချမ်း နေတာပါပဲ၊ အခု သူ့ဘေးမှာ ကိုကို့လိုလူရော၊ အထက်စည်း ဆိုတဲ့ တစ် ယောက်ရော ဒူးထောက်ဝန်းရံနေကြပြီ၊ သူ ခေါင်းခေါက်ရွေးတော့မှာ .."

"ညို ..."

ဦးဆောင် က ဘုရားပန်းအိုးတွေ ထိုးစိုက်နေသည့် ညို့မျက်နှာ လေးကို စိုက်ကြည့်ကာ ...

"ညည်းနဲ့အနီတို့ အဆင်မပြေဖြစ်ထားကြတာမို့လား၊ ကိုကို့ကို မှန် မှန်ပြောစမ်း"

"ဒီလိုပဲ ခဏခဏဖြစ်နေကြတာ မဆန်းပါဘူး ပြီးတော့ပြန်ခေါ်ကြတာပဲ"

ညို မှသားသုံးလိုက်သည်။ ဒီတစ်သက်မက နောက်ဘဝဆက်ပြီး မုန်းသွားဖို့အထိဖြစ်ခဲ့တဲ့ နာကြည်းမှုဟာ စည်း ရဲ့ ခါးကိုဖက်ပြီး ပါသွားတဲ့ အနီ ကိုမြင်လိုက်ရချိန်မှာ ...

"ခုချိန်ထိတော့ မခေါ်ဖြစ်ကြဘူးမို့လား ညို၊ ညည်းရဲ့စကားတွေ ထဲမှာ ဒေါသတွေပါနေတယ်"

"ကိုကိုကလဲ၊ သူ့ကို ဒေါသဒီလောက်ဖြစ်နေရင် ကိုယ့်အစ်ကိုနဲ့ နီးစပ်စေချင်တဲ့စိတ်တွေ ဖြစ်နေပါ့မလား၊ မတွေ့ဖြစ်ကြတာက ညို ကသာ အပျင်းထူနေတာ၊ သူက အလုပ်နဲ့အကိုင်နဲ့ အမြဲတွေ့နေတုန်း ကလို ချော့လိုက် ပြန်တည့်လိုက်တော့ မဖြစ်တော့ဘူးပေါ့၊ ညို က ကိုကို ချစ်နေတာသိလို့ ကျန်ရစ်ဖြစ်မှာစိုးတာ၊ ပြီးတော့ အခု သူ့နားမှာရှိနေတဲ့ ကောင်က သူ့ငွေးလို့သာပြောတာ၊ ဘယ်က ဘယ်သူမှန်းမသိ၊ နာမည် ပျက်တွေရှိတယ်လဲကြားတယ်၊ လက်မြန် ခြေမြန်ဆိုလား .."

ပြောနေရင်း မသိမသာခိုးကြည့်တော့ ဦးဆောင် နည်းနည်းတော့ အရှိုက်ထိသွားပုံပေါ်သည်။ မျက်ခုံးတွေတွန့်နေအောင်စဉ်းစားရင်း ငြိမ်သွား၏။

"အဲဒါကြောင့် ကိုကို့ကိုပြောတာ၊ သူတို့လိုလူမျိုးတွေက လုံးဝ နာမည်အဖွန်းအထင်းခံမှာမဟုတ်ဘူး၊ ညို ပြောတဲ့အတိုင်း ကိုကို လုပ်ရင် လက်ထပ်ဖို့ ချက်ချင်းဖြစ်မှာပဲ၊ အဲဒါမှ နှစ်ဖက်မိဘ ဘယ်လိုမှ နေလို့မရ နိုင်တဲ့နည်းလမ်း .."

"တော်ပြီ၊ တော်ပြီ၊ အဲဒီအလုပ် ကိုကို မလုပ်ဘူး"

"ပြီးတာပါပဲ၊ ညို ကတောင် သူငယ်ချင်းရင်း မိတ်ပျက်ခံပြီး ကိုကို့ အတွက် ကူညီရဦးမှာ၊ နေပေါ့"

"သားရေ .. အောက်ထပ်ကို ခဏဆင်းခဲ့ဦး"





"ဗျာ .. ဟုတ်ကဲ့ အမေ .."

ဦးဆောင် ချက်ချင်းထွက်သွားတော့ ဘုရားပန်းအိုးကိုကိုင်ပြီး ထ၊ ရပ်လိုက်ရင်း ညို နှုတ်ခမ်းလေး မဲ့ရွဲ့သွား၏။

"ဟွန်း .. သားရေ ဆိုတာနဲ့ 'ဗျာ .. လာပါပြီခင်ဗျာ' ဆိုတာ အသံက နောက်မှာကျန်ခဲ့တယ်၊ ရွှေချကိုးကွယ်ထားဖို့ကောင်းတဲ့သား"

တစ်ယောက်တည်း အသံထွက်ရေရွတ်နေပြီးမှ အိမ်ဖော်အသစ်ကို မျက်လုံးဝေ့ရှာ၍ ...

"မနီမာ .. မနီမာ ..."

"ရှင် .. လာပြီ"

အသံပေးသံကြားတော့ ညို က ရှေ့ဆက်မသွားဘဲ နေရာမှာပဲ ခြေစုံရပ်လိုက်၏။

"အနီ လို့ ခေါ်လိုက်ရင်ပြီးတာပဲ၊ ဒါမှမဟုတ် မနီ ပေါ့၊ အဲဒါမှ အနီ အိမ်ဖော်လုံးလုံးဖြစ် .."

ကိုယ့်ဘာသာ သဘောတွေကျနေပြန်သည်။ ထိုစဉ် မနီမာ ရောက် လာကာ ...

"ဘာခိုင်းမလို့လဲ .. မညို .."

ညို့မျက်နှာရှုံ့မဲ့ကာ ကျွတ်ခနဲ ဖြစ်သွား၏။ မနီမာက အသက်ပိုကြီး ပါသည်။ ဒါကို လေးစားသမှုနှင့် 'မ' ထည့်ခေါ်ခြင်းဖြစ်သည်၊ ဒါပေမယ့်..

"ညို လို့ပဲခေါ်စမ်းပါ၊ ကြားရတာ အောက်လိုက်တာ၊ ရော့ .. ပန်းအိုးသွားထား၊ ပြီးရင် ဒီမှာ ကျန်တာတွေ ဆက်လုပ်လိုက်တော့"

"ဟုတ်ကဲ့ .. ဟို .. မမကြီးကလဲ အောက်ထပ်မှာ ..."

"အဲဒါထားလိုက်လေ၊ ဒါက ဘုရားပန်းတွေ၊ စင်ပေါ်မရောက်ခင် ညှိုးကုန်မှာပေါ့၊ ဒီမှာသွားစရာရှိလို့ ..."

ညို မျက်စောင်းလေးထိုးလိုက်ပြီး မနီမာ လက်ထဲကို ပန်းအိုးထိုး ထည့်လိုက်စဉ် ...

"သွားစရာရှိနေရင် ပြောရောပေါ့ သမီးရယ်၊ အန်တီသန့်က သမီး ကသိုလ်လိုချင်လို့ ဝိုင်းကူပေးနေတယ်မှတ်လို့၊ လုပ်မယ့်လူတွေရှိပါတယ် ထားခဲ့ သမီး .. ထားခဲ့"

ဒေါ်မေသန့်၏စကားလုံးတွေကိုတော့ ညို လန့်လည်းလန့်သည် မုန်းလည်းမုန်း၏။ လေသံလေးက ပြေပြေပြစ်ပြစ်ရှိသလောက် ပြောသူ က ဓားသွား၊ လှံသွားထက် စူးသည်။

ကြက်တူရွေးစိမ်း ပါတိတ်ဝတ်စုံနှင့် ကျောက်စိမ်းတွေချည်း ဝတ် ဆင်ထားသော ဒေါ်မေသန့်၏ ရှင်းသန့်လှပနေဆဲပုံစံကို မျက်ဝန်းထောင့် က တစ်ချက်ပြန်ကြည့်မိရင်း ဟန်ဆောင်ပြုံးလိုက်ရတာ မပီပြင်ချင်

ခုခေတ် အမေခန်းတွေက ပါဝင်သရုပ်ဆောင်နေကြသည့် မေသန် နုတို့ စိုးမိုးကြည်တို့၏ ကြော့ရှင်းသပ်ရပ်သော ဆင်ယင်ထုံးဖွဲ့မှုတွေအတိုင်း ယဉ်လည်းယဉ်သည်၊ လှလည်းလှပါ၏။

မကျေနပ်စရာဖြစ်ရသည်က အနီမေမေနှင့် ကိုကို့အမေ ဘာဖြစ်လို့ သဏ္ဌာန်တူတွေဖြစ်နေကြတာလဲ။ ညို့ မာမီကတော့ ဆံပင် သိပ်မရှည် တာကို ကောက်ထားသေးသည်။ နှုတ်ခမ်းနီဆိုလျှင် ရဲနေမှ၊ ဘယ်သွား သွား နှုတ်ခမ်းနီဘူးဆောင်ကာ အရောင်ဖျော့တယ်ထင်ရင် ထပ်ဆိုး နှုတ်ခမ်းက အမြဲတမ်းရဲတောက်နေတတ်သူ။

အလှူမင်္ဂလာဆောင်သွားမှသာ လက်ရှည်ရင်စေ့ဆိုတာတွေ ဝတ် တတ်ပြီး အမြဲတမ်းဝတ်တတ်တာက စကတ်ကျပ်ကျပ်နှင့် ရယ်ဒီမိတ် ဒီဇိုင်းမျိုးစုံ ..။ တစ်ခါတလေ စကတ်နဲ့အရောင်တူရှာရင်း ညို့ ဆီက အင်္ကျီ



"ကေသွယ်ကတော့ သမီးနဲ့အမေ ခွဲလို့မရအောင်ကို လန်းတယ် ကွယ်၊ အားကျလိုက်တာ .."

လို့များ ပြောသံထွက်လာလျှင် ပြုံးနေလိုက်တာ မပြီးနိုင်။

ဒါတွေဟာ မာမီလည်း ဒီလိုနေသည်၊ ငါ့ကိုလည်း လွတ်လပ်စွာ နေထိုင်သုံးစွဲခွင့်ပေးထားသည်ဆိုပြီး ဟိုတုန်းက ပျော်စရာတွေ ဖြစ်ခဲ့၏။

ခုကျတော့ လွမ်းစရာတွေပါလား ..။ သူမ ရင်ဘောင်တန်းလိုက်မိ သော မိသားစုတွေထဲမှာ ညို တို့က သင်းကွဲမိသားစုဖြစ်နေသည်။ ဒီလို ဘာကြောင့်ခံစားလာရသလဲဆိုတာ မတွေးချင်ပေမယ့် အိပ်ရာထဲရောက် တဲ့အထိ နှိပ်စက်၏။

"ညို .. သမီး .."

"ရှင် ..."

"မအိပ်သေးရင် ခဏထပါဦး။ မာမို့ညှိသည်တွေရောက်လာလို့ စား စရာတစ်ခုခုလုပ်ပေးစမ်းပါ၊ သမီးကိုလဲ သူတို့ကမေးနေတာ .."

ပြောနေရင်း ဒေါ်ကေသွယ်က တံခါးတွန်းဖွင့်ပြီးဝင်လာ၏။ ညို အိပ်ရာထဲမှာလှဲနေရင်းကနေ မာမို့ကိုကြည့်နေမိ၏။ နက်ပြာရောင် ကျောက် သီးတွေပါသည့် အပျော့သား အတွန့်အရှုံ့တွေနဲ့အင်္ကျီကို ဝင်းနေတဲ့ပခုံး သားတွေပေါ်တဲ့အထိ အကျယ်ဟိုက်ချထားသည်။

ပြီးတော့ ရင်ဘတ်တစ်ပြင်လုံးမှာ ပြောင်သလင်းခါနေကာ အတွင်းခံ အင်္ကျီကြိုးတွေကို တမင်ပေါ်အောင် ချန်ထားသေးသည်။

"ဒါ ကိုရီးယားစတိုင်လေ၊ လည်ဆွဲတွေဝတ်တဲ့ခေတ်က ကုန်ပြီ" ဟုပြော၍ မာမီရယ်တာကို သတိရမိသည်။

"သမီး၊ ထလေကွာ ..."

နာခေါင်းထဲကို စီးကရက်မီးခိုးနံ့ဝေ့သွားမှ ညို ချောင်းဆိုးရင်း ထ၊

ထိုင်လိုက်မိသည်။ ဒေါ်ကေသွယ်က စီးကရက်တိုကို နှမြောသလို တ

ကြည့်၍ စားပွဲစွန်းနဲ့ ဖိချပစ်လိုက်၏။

"ခုမှ ရှစ်နာရီပဲရှိသေးတယ်၊ ဘာဖြစ်လို့ အိပ်ရာထဲဝင်နေတာ

သြော် .. မနက် မေသန့်တို့အလှူကို အစောကြီးထသွားရမှာမို့လို့လ

စီးကရက်နဲ့မာမီ့ကိုပဲ စိတ်ရောက်သွားသဖြင့် ညို ရုတ်တရက်

မိပေ။ ဒေါ်ကေသွယ်က ...

"အဲဒါကြောင့် ဒီည ဟိုမှာပဲအိပ်လိုက်ပါလို့ မာမီ ပြောတာ

ဒီညက သမီးအန်ကယ်လဲ ပြန်မအိပ်ဘူး၊ သမီးလဲ ဟိုမှာအိပ်မှာ

မာမီက ညှော်သည်တွေကို ချိန်းလိုက်တာ ..."

ဘာမှမမေးရဘဲ ဒေါ်ကေသွယ်က ရှင်းပြနေသည်။ ညို က

မပွင့်ဘဲ ဖိသပ်ချရင်း မဲ့ပစ်ကာ ...

"ဒါဆိုလဲ ဘယ်သူမှ အိမ်မှာမရှိတဲ့အမှတ်နဲ့ ကိုယ့်ဘာသာ

ပါလား မာမီရာ၊ ညို အိပ်တော့မလို့ .."

"ဟာ .. ဒီလိုတော့မလုပ်ပါနဲ့ အိမ်ကကောင်မလေးတွေကို

ပေးပြီးမှ ပြန်နိုးပြီးမခိုင်းချင်လို့၊ ပြီးတော့ ကိုယ့်အလုပ်သမား မ

အောင် သိသာသိစေ မမြင်စေချင်ဘူး"

ညို က ဒေါ်ကေသွယ်ပြောလိုက်တာကို ထူးဆန်းသွားသလို

ခဲ့ကြည့်၍ ...

"ဒါတွေကျတော့ မာမီ စိုးရိမ်တတ်ရဲ့ သားနဲ့ ဘာဖြစ်လို့ မ

နိုင်ဖြစ်နေရတာလဲ မာမီရယ်၊ ကိုယ့်အိမ်ဖော်က မလေးစားတာ

ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ဒါကြောင့် ဘယ်လောက် ထိခိုက်နိုင်

ဆိုတာ .."

"အမလေး ..တဝဒီးနှစ်ယောက်တစ်လေသံတည်းထွက်နေကြ



စိတ်မရှည်သံနှင့်ပြောပြီး ဒေါ်ကေသွယ်က ညို့ဘေးမှာ အိခနဲ

ထိုင်ချလိုက်၏။

"ဒါကြောင့် အပေါင်းအသင်းဆံ့တာ၊ ဗဟုသုတတိုးတာတွေလဲရှိတာ

ပဲ၊ ဘယ်နေရာမှာဖြစ်ဖြစ် လူဆိုးမှာလဲ လူဆိုးအတတ်ပညာ၊ လူလိမ္မာက

လူလိမ္မာလို သူ့အတိုင်းအတာနဲ့သူဝင်ဆံ့တယ် သမီး၊ မာမီက တစ်ခါတလေ

စိတ်လွတ်လပ်ခွင့်ပေးတာ၊ စွဲစွဲလမ်းလမ်း လွန်ကျွံအောင်မကစားဘူး"

"ဒါ မကောင်းဘူးဆိုတာ လူတိုင်းသိကြတာပဲ မာမီ၊ လူတိုင်းလဲ

လစ်မစ်နဲ့ကစားဖို့တော့ ဆုံးဖြတ်ကြမှာပဲ၊ ဒါပေမယ့် တိုက်ကြီးပေါ်ကနေ

ဇရပ်ပေါ် ရောက်ကုန်ကြတာ ဒုနဲ့ဒေး .."

"အဲဒီထဲမှာ မာမီ လုံးဝမပါစေရဘူး၊ မာမီပြောတာကို ယုံစမ်းပါ

သမီးရယ်"

"ယုံကြည်ရုံတင်ဘယ်ကမလဲ မာမီ၊ သားသမီးတစ်ယောက်ရဲ့ ဘဝ

တစ်ခုလုံးဟာ မိဘရဲ့လက်ထဲမှာပါ"

"အံမယ် .. ငါ့သမီးက ခံစားချက်တွေနဲ့ပါလား၊ ပြောပါဦး"

ညို စိတ်ပျက်သွားမိသည်။ မာမီ့မျက်ဝန်းထဲက ရယ်မြူးရိပ်တွေ

ကိုမြင်ရသဖြင့် ဘာမှလည်း ဆက်ပြောချင်စိတ်မဖြစ်တော့။

တကယ်တော့ စကားကြွယ်တယ်ဆိုတာ ခံစားချက်ကနေ လွင့်စဉ်

ထွက်လာကြတဲ့ ဝေဒနာရဲ့ပုံဆောင်ခဲတွေပါ။ အန်ကယ်လ် ညည်းညူနေ

တာတွေကို ကွယ်ရာမှာကြားတိုင်း မာမီ့ကို ပြောပြချင်စိတ်တွေ ဖြစ်ခဲ့၏။

ပြောဖို့ကျတော့ ဘယ်ကဘယ်လိုစရမှန်းမသိခဲ့ပေ။ ဒီနေ့မှာ ရှော

ရှောရှူရှူ ပွင့်အံထွက်ကျသွားခဲ့သည့် စကားတွေကတော့ ...

"ရုပ်ရှင်ဇာတ်လမ်းတွေထဲကလို ညို တို့မဖြစ်ချင်ဘူး မာမီ၊ ညို

ဆင်းရဲမှာကိုမကြောက်ပါဘူး၊ ဒါပေမယ့် မျက်နှာငယ်အရှက်ရမှာကို

ကြောက်တယ်၊ စီးပွားရှာရင်း လှုပ်ရင်း မြုပ်ရင်း ဖြစ်သွားကြတာ အရင်
အချင်းနဲ့ပဲဆိုင်တာ၊ ကံကြမ္မာမျက်နှာသာပေးဦးမယ်ဆိုရင် လက်တွဲ
ဖေးကူမယ့် မိတ်ဆွေကောင်းတွေပေါ်လာပြီး ကိုယ့်စီးပွားကို အဝေး
ဆယ်လို့ရသေးတယ်၊ လောင်းကစားကြောင့် ဇရပ်ပေါ် ရောက်သွား
တာကျတော့ အဲဒါ စရိုက်ပျက်တာ၊ လူတကာ မုန်းဖြစ်တင်တာကိုရင်
တစ်သက်လုံး လူဖြစ်ရှုံးသွားကြတာပဲ"

"တော်စမ်း ညို၊ မာမီ အဲဒီလောက်ထိမစဉ်းစားဘဲနေပါ့မလား အ
ညည်းဘာတွေဖြစ်နေလို့လဲ၊ မေသန့်ဆီမှာ တစ်ရက်တစ်ပိုင်းလောက် သွား
နေလိုက်တာနဲ့ ဒီလေသံတွေဖြစ်လာပြီ၊ ငါ ညည်းကို အဲဒီမှာ သွားအကြိုး
ဖြစ်ဖို့ ကြိုးစားနိုင်းတာ သူ့သားကိုရဖို့၊ မအေကို ဆရာလုပ်ဖို့မဟုတ်ဘူ
ဆတ်ခနဲထ,ရပ်ပြီး ဒေါ်ကေသွယ် အော်ကြီးဟစ်ကျယ် ထပြ
တော့သည်။

ထိုအခါ ဒေါ်တမာခက်၏ ဒေါသဖြစ်သည်ထင်ရသော ကိုယ်နှုတ်
အမူအရာတို့ကိုလည်းကောင်း၊ ဒေါ်မေသန့်၏ မာန်မာနတွေပြည့်လျှ
နေပါလျက် နူးညံ့သိမ်မွေ့စွာပြောတတ်သော စကားတွေကိုလည်းကော
ညို့အာရုံမှာ ယှဉ်တွဲပေါ်လာကြ၏။

မိဘတို့၏သားသမီးအပေါ် ဆုံးမကိုင်တွယ်ကြပုံနည်းလမ်းတွေ
ဘယ်လောက်များပြားစွာ ရှိနေပါသနည်း။

"မင်းတို့ကို ဒီလောက်ထိ လုပ်ပေးခဲ့ပြီးပြီ၊ ငါတို့တာဝန်ကျေပြီ
လို့ပြောတတ်တဲ့ မိဘတွေ ..။

"အမလေး .. လင်တွေ၊ မယားတွေ ရကုန်ပေမယ့်လဲ မပြီးနိုင်ပါဘူ
ကွယ်၊ ငါ့သမီး၊ ယောကျ်ားမကြည်လင်ရဲ့လား၊ ယောင်းမနဲ့ သင့်မြတ်
လား၊ နဲ့ လည်ပင်းရှည်နေရသေးတယ်၊ ကိုယ်ဝန်ရှိတော့ ရှိလို့ မွေးမှာမယ်



ဆိုတော့ သမီးလေးဘေးမှာ ပြေးနေပေးချင်ပြန်ရော၊ ဘယ်မှာလဲ၊ ဘယ်
အရွယ်မှာမှ လက်လွှတ်လို့မရပါဘူး" လို့ တချို့မိဘတွေ ပြောကြသည်။
သားရှင်ကျတော့လည်း ...

"ငါ့သားလေး .. မိန်းမရမှ အလုပ်တွေ ဘယ်လောက်ပိနေပြီလဲ၊
မိန်းမလုပ်တဲ့သူက ကိုယ့်ယောကျ်ားကို ညာတာရကောင်းမှန်းသိရဲ့လား၊
ပုလိုက်ရတာတွေလေ၊ သားသမီးဆိုတဲ့မီးက ဟောဒီမျက်စိနှစ်လုံး ထာဝရ
စိတ်ခွင့်ရမှပဲ အေးမှာပါ"

ဆိုတာမျိုးလည်းရှိသည်။ ညို ခိုလှုံခဲ့ရတဲ့ရင်ခွင်ဟာ ဘယ်လိုရင်ခွင်
မျိုးလဲ။ စိတ်တွေ ဟိုပြေးဒီလွှားဖြစ်ကုန်ကာ မာမီ ဒေါသထွက်နေသည့်
စကားသံတွေက နားထဲမှာ ခါးသီးနေသည်။ ဒေါ်ကေသွယ်က မျက်လုံး
အဝိုင်းသားနှင့် စူးစိုက်ငေးနေသည့် ညို့ကို ခါးတစ်ဖက်ထောက်ထားရင်း
ငုံ့မိုးကြည့်၏။

"စိတ်ချ ..၊ ညည်း ငါ့ကြောင့် ဘယ်တော့မှ ဇရပ်ပေါ် မရောက်စေ
ရဘူး၊ ပူမနေနဲ့"

"အန်ကယ့်လ်အားကိုးနဲ့လား မာမီ"

"ဘာလို့အားကိုးရမှာလဲ၊ ညည်းက မအေကို အထင်သေးလှချည်လား"

"မသေးပါဘူး မာမီ၊ ညို မဆင်းရဲအောင် သူဌေးတစ်ယောက်နဲ့
အမြန်လက်ထပ်နိုင်ရေး မာမီမလုပ်ဘူးဆိုရင် ညို ဝမ်းသာပါတယ်"

"ဘာ ..."

ဒေါ်ကေသွယ် 'ဘာ' တစ်လုံးနှင့် တိတ်ကျသွားသည်။
စကားတွေ ဒီလောက်တတ်နေတာ ကိုယ့်သမီးမှဟုတ်ရဲ့လား ..။

❋ ❋ ❋

## အခန်း (၃၁)

"သား .. ဒီကိုလာလေ၊ မိတ်ဟောင်းမိတ်သစ်တွေစုံတုန်း သား မိတ်ဆက်ပေးမလို့ .."

ဒေါ်မေသန့်က ဦးဆောင် ကိုလှမ်းခေါ်ရင်း သူ့လိုပဲ ခြံဆီ ကြည့်၏။

"အရေးကြီးဧည့်သည်မျှော်နေတာလား"

မေးရင်း ပေါ်တီကိုအောက်အထိ ဆင်းလာကာ ...

"ဒါဆို ခဏနေရင် တက်ခဲ့နော်"

"ဟုတ်ကဲ့ ..၊ ခဏပဲ အမေ၊ သူက အရေးကြီးဧည့်သည် မဟုတ်ပါဘူး၊ ဒါပေမယ့် သိပ်မရင်းနှီးသေးတဲ့လူမို့လို့ ဝင်မလာ စိုးလို့ပါ"

ဦးဆောင် ရှင်းပြနေတာကို ခေါင်းညိတ်ရင်း ခြံထဲကိုကျွေ သည့် ဘန်ကားအဖြူလေးဆီ မျက်စိရောက်သွားမိ၏။ ဦးဆော လှည့်ကြည့်ပြီး ...



"လာပြီတင်တယ်"

ဟုပြောကာ နေရာချပေးဖို့အတွက် သူကိုယ်တိုင် ဆင်းလျှောက်သွား သည်။ ကားလေးက ရပ်ထားသည့်ကားတွေရဲ့နောက်မှာ ငြိမ့်ငြိမ့်လေး ထိုးရပ်သွားကာ အမျိုးသမီးနှစ်ယောက်ဆင်းလာ၏။

တစ်ယောက်က ကိုယ့်အရွယ်ပဲမို့ အမေ သို့မဟုတ် အဒေါ်ဖြစ်နိုင်ကာ မိန်းကလေးကိုတော့ ဒေါ်မေသန့် ကောင်းကောင်းမှတ်မိနေ၏။ လူကြီး ဆိုပေမယ့် အားကောင်းနေဆဲမှတ်ဉာဏ်တွေထဲမှာ သား ပြောဖူးသည့် အနီရောင်နှင်း ဆိုသော နာမည်လေးလည်း ရှိနေသေးသည်။

သူမ သည် ပုစွန်ဆီရောင်ဖျော့ဖျော့မှာ အဖြူရိုပ်လေးတွေပါသည့် ပါတိတ်ဝတ်စုံကို ဝတ်ထား၏။ ပါတိတ်ဆိုပေမယ့် ရင်ဘတ်နှင့် လက်ဖျား လေးတွေမှာ အဖြူရောင်အနားရစ်နှင့် ရင်ဖုံးပုံအင်္ကျီဒီဇိုင်းဆန်းလေး ကြောင့် နုနုငယ်ငယ်မျက်နှာလေးက ယဉ်စစလေးနှင့် ပိုလှသည်။

မမှတ်မိနိုင်စရာမရှိတာက သူမ ကျောထက်မှပြို၍ ရင်ဘတ်လေး ပေါ်ထိ နွဲ့ကျနေသော ဆံနွယ်များပင် ..။

"သား .. ဧည့်သည်တွေကိုခေါ်ခဲ့လေ၊ လာပါရှင် ... ကြွပါ"

လူငယ်ချင်းစကားပြောလာတော့ လူကြီးချင်းနှုတ်ဆက်ပြီး ဒေါ်တမာခက်ကို ဒေါ်မေသန့်က ကြိုဆိုသည်။

"အမေ .. သူက ကျွန်တော့်အခင်ဆုံးမိတ်ဆွေပါ၊ အနီရောင်နှင်းတဲ့"

"အေးကွယ်၊ အန်တီက သားရဲ့အမေ ဒေါ်မေသန့်တဲ့၊ ဒီကအစ်မလဲ မှတ်ထားပါနော်၊ နောက်တွေ့ရင် တရင်းတနှီးနှုတ်ဆက်ပါ၊ အိမ်ကိုလဲ အချိန်မရွေး ဝင်ထွက်ပါရှင်"

ဒေါ်မေသန့်၏အပြုံးတွေက ကြည်စင်နေ၏။ ပြီးတော့ အနီ လက် ကလေးတစ်ဖက်ကို ဖွဖွလေးဆုပ်ကိုင်ကာ ...

"သားက ပြောပြထားပြီးသားပါ၊ ခုမှပဲ သေချာမြင်ဖူးတော့တာ
သမီးက ယဥ်စစချစ်စရာလေးပဲ၊ ဒီဇိုင်းနာလုပ်နေတာဆို ..."

"ရှင် .. ဟုတ်ပါတယ် အန်တီ"

အနီ မျက်လုံးတွေ သူ့ဆီရောက်မသွားအောင် မနည်းထိန်းလို
ရသည်။ အနီ အလုပ်လုပ်နေတယ်ဆိုတာ ပြောမိရင်တောင် ဒီဇိုင်းနာ လုပ်
တဲ့အထိတော့ မပြောမိဘူးထင်သည်။

အပေါ်ထပ်မှာ စားပွဲဝိုင်းတွေ အများကြီးရှိကာ ရွှေဝါရေ
ကောဇောကြီးပေါ်မှာ တည်ခင်းထားတာဖြစ်သည်။ ဒ်ပေါက်နှင့်
မုန့်တွေ ကျွေးမွေးဧည့်ခံနေတာလဲ ဘာမှလိုလေသေးမရှိပင်။

အပေါ်တစ်ထပ်လုံးက ဟောလ်ကြီးတစ်ခုလိုကျယ်ကာ ထိ
ဘုရားခန်းကို သီးခြားပြင်ဆင်ထား၏။ ပတ်လည်မှာ နံ့သာရောင်ခံ
ရှည်ကြီးတွေ ပတ်လည်ချလျက် ဘုရားခန်းမှ ဖြာထွက်နေသည့်
မီးများကြောင့် ညဘက်မှာ တခမ်းတနားလုပ်ကြသည့် ဧည့်ခံပွဲ
တူနေ၏။

ထို့ပြင် မွေးပုံ့ သောရန့်တစ်ခုက ပန်းနံ့ကဲ့သို့သင်းကာ လှော
မွှန်းကျပ်နေခြင်းလည်းမဖြစ်။

ဒေါ်တမာခက်က အပေါ်ထပ်ကိုခြေချပြီဆိုကတည်းက
ခန်းဆီ အရင်ဆုံးမျက်လုံးရောက်ကာ ပြီးမှ ဟိုဒီဝေ့သွား၏။
ကျုံ့ကျုံ့ ထိုင်လိုက်တော့ ကြည်လင်သည့်အပြုံးနှင့် ...

"မေမေထင်ထားသလိုပဲ သမီးရဲ့၊ ဦးဆောင် တို့မိသားစုက
တရားကိုင်းရှိုင်းပြီး ရည်ရည်မွန်မွန် ရှိကြတယ်"

မေမေ့မျက်နှာပေါ်ကအပြုံးကိုကြည့်၍ အနီ နားလည်သ
သွားသည်။ ဦးဆောင် ကို အနီ့ရဲ့ မိတ်ဆွေအဆင့်ထိ ရင်းနှီးခွင့်



တာ မမှားဘူးဆိုသည့်ပီတိတွေ ..။

"မတမာခက် .. ကျွန်မတို့ မရင်းနှီးခဲ့ပေမယ့် ဒီနေ့ကစပြီး မိတ်ဆွေ
တွေဖြစ်ပြီနော်၊ ရတယ်မို့လား"

ဒေါ်မေသန့်က အနီ့ကိုပြုံးကြည့်ပြီး ဒေါ်တမာခက်ကိုပြောလိုက်
သဖြင့် ဘာသာမဲ့မျက်နှာပူခြင်းက မျက်နှာထက်မှာ ဖြတ်ပြေးသွား၏။
ပြီးတော့ ဦးဆောင် မျက်နှာကလည်း ပြုံးချိုလျက် ...

"အနီ .. ကိုယ့်အမေက အနီ့ကို အရမ်းချစ်သွားပုံပဲ၊ အမေက
သမီးလိုချင်ခဲ့တဲ့သူလေ .."

လူကြီးတွေ ရှေ့ကိုရောက်သွားသည်နှင့် ဦးဆောင် က ကပ်ပြော
၏။ အနီ က မသိသလိုလေးပြုံးလိုက်ကာ ...

"ဟုတ်လား၊ မေမေကတော့ သမီးမိန်းကလေးမွေးရတာကိုပဲ
ဂုဏ်ယူတဲ့အမေမျိုး။ အနီ့ကိုလဲသိပ်ချစ်တော့ သမီးမဟုတ်ဘဲ သား မွေးမိ
ရင် ဒုက္ခလို့တောင် ပြောဖူးတယ်"

"ဟင် ..."

အနီ ပက်ခနဲ ပြောပစ်လိုက်တော့ သူ့မျက်ခုံးတွေ မြင့်တက်သွား
၏။ ရုတ်တရက် အံ့ဩသလိုဖြစ်သွားပြီးမှ ဟက်ဟက်ပက်ပက် ရယ်လေ
သည်။ သူ့ရယ်သံကျယ်သွားမှန်းသိကာ နှုတ်ခမ်းမှာ လက်ခုံနှင့် ဖွဖွကပ်၍
မျက်နှာငုံ့ပစ်လိုက်ရင်း ...

"ဟုတ်မှာပေါ့ အဲဒါမှန်တယ်လေ၊ သားတွေက မိဘရဲ့ပံ့ပိုးမှုတွေကို
အပြည့်အဝယူပြီး ပညာစုံတော့ ကြင်ရာစုံတယ်၊ အချိန်တန်ရင် သူများ
သားသမီးကို ရှာကျွေးကြတာ၊ မိဘကို သတိမရတော့ဘူး"

အနီ က ရယ်မလို ပြုံးမလိုမျက်နှာလေးနှင့် မော့ကြည့်လိုက်တော့
သူကသာအသွားပြန်၍ သဘောပေါက်သွားကာ နဖူးမှာ လက်မနဲ့ထောက်ခြစ်

၍ ရယ်လိုက်သည်။ ပြီးမှ ...

"သူများညည်းတာတွေ ကြားဖူးတာပါ၊ အမေက ဒီအတိုင်း ပြော

တာပဲ၊ ဒါပေမယ့် တချို့မိဘတွေက အူတိုတယ်၊ တချို့ကတော့ စာနာ

တယ်တဲ့"

"ဘယ်လိုလဲ"

သူ့စကားကို စိတ်ဝင်စားသွားသဖြင့် လေ့ကားတစ်ဝက်လော

မှာ အနီ က ရပ်လိုက်ပြီး မော့ကြည့်သည်။ ဦးဆောင် က အနီ့ကို ကျေ

ဟိုအကျလက်ရမ်းကို လှမ်းကိုင်လိုက်ပြီး ...

"စာနာတဲ့မိခင်တွေကျတော့ ကိုယ်လဲ သူများမွေးမြူခဲ့တဲ့သား

ယူခဲ့တာပဲတဲ့၊ ဒီယောကျ်ားမှာ အရည်အချင်းကောင်းတွေပါမှ ဝ

ကျေပွန်နိုင်မှ အိမ်ထောင်ရေးသာယာမှာတဲ့၊ အဲဒီတော့ ကိုယ့်သား

မိန်းမ ယောက္ခမ အထင်ကြီးလေးစားအောင် ဘဝမှာ ရပ်တည်နိုင်

ပညာတတ်လူတော်လူကောင်းဖြစ်ဖို့တဲ့၊ ဟိုကွာ... မိန်းမယူဖို့ အ

ဘာသာမဟုတ်ပေမယ့် အဲဒီဘဝတစ်ဆစ်ချိုးကို ဖြတ်သန်းတဲ့

မျက်နှာမငယ်ရအောင်ဆိုတာမျိုး ..."

"ဘယ်သူက အဲဒီလောက်မေးနေလို့လဲ"

"ပြောချင်လို့ပါ"

"ရပြီ၊ ပြန်တော့မယ်"

"အနီ ..."

အနီ ရှေ့ဆက်ဆင်းသွားတော့ ဦးဆောင် က အနီ့ နောက်

တစ်ထစ်ချင်း ကပ်လိုက်ကာ ...

"လူကြီးချင်းအဆင်ပြေနေကြတာ ကိုယ်ပျော်သွားတယ် သိ

အဲဒါ ဘယ်လိုဆင်းသက်လာတဲ့ခံစားချက်လဲမသိဘူး၊ ပြီးတော့လေ



အမေက အနေတည်ပေမယ့် စာနာတဲ့စိတ်ရှိတယ်၊ သားရှင်ပေမယ့်လဲ

စာနာတတ်တဲ့အမေမျိုးပါ"

"တော်တော်ရယ်ရတယ်နော်"

"ဘာဖြစ်လို့လဲ"

အနီ က နောက်လှည့်မကြည့်ဘဲ မျက်နှာလေး နည်းနည်းငဲ့လာ

ကာ...

"အနီ့မေမေကလဲ စိတ်ထဲမှာဘယ်လိုရှိရှိ နူးညံ့သိမ်မွေ့ မှုပျက်သွား

လောက်အောင် များသောအားဖြင့် မဆင်မခြင် မပြောခဲ့ဖူးဘူး၊ ပြောချင်

တာက ရှင့်အမေနဲ့ အရမ်းကိုအဆင်ပြေနေပြီလို့မထင်ဖို့၊ ပြီးတော့ မေမေ

က မိဘဘက်ကမျက်လုံးတစ်ဖက်တည်းနဲ့ သားသမီးရဲ့အိမ်ထောင်ရေး

ကိုဆုံးဖြတ်မယ့်အမေမျိုးမဟုတ်ဘူး၊ ရှင့်မျှော်လင့်ချက်တွေ ခရီးလွန်နေပြီ"

"ဩော် .. ကိုယ်ပြောနေတာတွေကို အနီ သဘောပေါက်သားပဲ၊

ကောင်းတာပေ့ါ၊ အဲဒါကို စရခက်နေတာ၊ မစရဘဲ ဆုံးသွားပြီလို့ မှတ်

လိုက်ပါ၊ ဒီက ရိုးပုံရိုးပန်းနေတတ်ပေမယ့် အိမ်ထောင်ရေးကို မိုက်ရူးရဲ

ဆုံးဖြတ်ဖို့လဲ ဝန်လေးမှာမဟုတ်ဘူး"

အနီ က အောက်ထပ်ရောက်မှ ခြေစုံရပ်ပြီး သူ့ကို ပြန်လှည့်ကြည့်

သည်။

"ယောကျ်ားကောင်းတစ်ယောက်ရဲ့ အထက်ပါအောက်ပါ အရည်

အချင်းများနဲ့ပတ်သက်ပြီး စိတ်မဝင်စားတဲ့မိန်းမတစ်ယောက်ကို ဘာတွေ

ညာတွေရွတ်ပြနေမယ့်အစား စိတ်ဝင်စားနိုင်မယ့်သူကို ..."

"နောက်ထပ်မလိုတော့ဘူးကွ၊ တို့ကလဲ ရိုးပုံရိုးပန်းနဲ့ မိန်းမကောင်း

မိန်းမမြတ်ရာထူး တရားဝင်ရထားတဲ့မိန်းမမျိုးကို အထူးသဖြင့် ရှောင်လာ

ခဲ့တာ တစ်ရာ့တစ်ယောက်ရှိသွားပြီ"

## အခန်း (၃၁)

"သား .. ဒီကိုလာလေ၊ မိတ်ဟောင်းမိတ်သစ်တွေစုံတုန်း သားနဲ့ မိတ်ဆက်ပေးမလို့ .."

ဒေါ်မေသန့်က ဦးဆောင် ကိုလှမ်းခေါ်ရင်း သူ့လိုပဲ ခြံဝဆီ လှမ်းကြည့်၏။

"အရေးကြီးဧည့်သည်မျှော်နေတာလား"

မေးရင်း ပေါ်တီကိုအောက်အထိ ဆင်းလာကာ ...

"ဒါဆို ခဏနေရင် တက်ခဲ့နော်"

"ဟုတ်ကဲ့ ..၊ ခဏပဲ အမေ၊ သူက အရေးကြီးဧည့်သည်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သိပ်မရင်းနှီးသေးတဲ့လူမို့လို့ ဝင်မလာရဲမှာ စိုးလို့ပါ"

ဦးဆောင် ရှင်းပြနေတာကို ခေါင်းညိတ်ရင်း ခြံထဲကိုကွေ့ဝင်လာသည့် ဘန်ကားအဖြူလေးဆီ မျက်စိရောက်သွားမိ၏။ ဦးဆောင်က လှည့်ကြည့်ပြီး ...



"လာပြီတင်တယ်"

ဟုပြောကာ နေရာချပေးဖို့အတွက် သူကိုယ်တိုင် ဆင်းလျှောက်သွားသည်။ ကားလေးက ရပ်ထားသည့်ကားတွေရဲ့နောက်မှာ ငြိမ့်ငြိမ့်လေး ထိုးရပ်သွားကာ အမျိုးသမီးနှစ်ယောက်ဆင်းလာ၏။

တစ်ယောက်က ကိုယ်အရွယ်ပဲမို့ အမေ သို့မဟုတ် အဒေါ်ဖြစ်နိုင်ကာ နှမ်းကလေးကိုတော့ ဒေါ်မေသန့် ကောင်းကောင်းမှတ်မိနေ၏။ လူကြီးဆိုပေမယ့် အားကောင်းနေဆဲမှတ်ဉာဏ်တွေထဲမှာ သား ပြောဖူးသည့် အနီရောင်နှင်း ဆိုသော နာမည်လေးလည်း ရှိနေသေးသည်။

သူမ သည် ပုစွန်ဆီရောင်ဖျော့ဖျော့မှာ အဖြူရိုပ်လေးတွေပါသည့် ပါတိတ်ဝတ်စုံကို ဝတ်ထား၏။ ပါတိတ်ဆိုပေမယ့် ရင်ဘတ်နှင့် လက်များ လေးတွေမှာ အဖြူရောင်အနားရစ်နှင့် ရင်ဖုံးပုံအကျီဒီဇိုင်းဆန်းလေး ကြောင့် နုနုငယ်ငယ်မျက်နှာလေးက ယဉ်စစလေးနှင့် ပိုလှသည်။

မမှတ်မိနိုင်စရာမရှိတာက သူမ ကျောထက်မှပြို၍ ရင်ဘတ်လေး ပေါ်ထိ နွဲ့ကျနေသော ဆံနွယ်များပင် ..။

"သား .. ဧည့်သည်တွေကိုခေါ်ခဲ့လေ၊ လာပါရှင် ... ကြွပါ"

လှငယ်ချင်းစကားပြောလာတော့ လူကြီးချင်းနှုတ်ဆက်ပြီး ဒေါ်တမာခက်ကို ဒေါ်မေသန့်က ကြိုဆိုသည်။

"အမေ .. သူက ကျွန်တော့်အခင်ဆုံးမိတ်ဆွေပါ၊ အနီရောင်နှင်းတဲ့"

"အေးကွယ်၊ အန်တီက သားရဲ့အမေ ဒေါ်မေသန့်တဲ့၊ ဒီကအစ်မလဲ မှတ်ထားပါနော်၊ ( နာက်တွေ့ရင် တရင်းတနှီးနှုတ်ဆက်ပါ၊ အိမ်ကိုလဲ အချိန်မရွေး ဝင်ထွက်ပါရှင်"

ဒေါ်မေသန့်၏အပြုံးတွေက ကြည်စင်နေ၏။ ပြီးတော့ အနီ လက် ကလေးတစ်ဖက်ကို ဖွဖွလေးဆုပ်ကိုင်ကာ ...

"သားက ပြောပြတာကြီးသားပါ၊ ဒုမှာ သေရှာဖြစ်မှုမကော... သမီးကာ ယဉ်စေချစ်ရေလေသော့၊ မိန်းရာလုပ်နေတာကို ..."

"ရှင် .. ဟုတ်ပါတယ် အန်တီ"

အနီ မျက်လုံးတွေ ဘူးတီရောက်မသွားအောင် မနည်းထိန်း... ရာသည်။ အနီ အလုပ်လုပ်နေတယ်ဆိုတာ ပြောခဲ့ရင်တော့ မိန်းမ... တဲ့အထိတော့ မပြောမိဘူးထင်သည်။

အပေါ်ထပ်မှာ စားပွဲဝိုင်းတွေ အများကြီးရှိကာ ရွှေဝါ... ကောဇောကြီးပေါ်မှာ တည်ခင်းထားတာဖြစ်သည်။ ဒဲပေါက်နှင့်... မှုန်တွေ ကျွေးမွေးဧည့်ခံနေတာလဲ ဘာမှလိုလေသေးမရှိပင်။

အပေါ်တစ်ထပ်လုံးက ဟောလ်ကြီးတစ်ခုလိုကျယ်ကာ ထိပ်... ဘုရားခန်းကို သီးခြားပြင်ဆင်ထား၏။ ပတ်လည်မှာ နံ့သာရောင် ခန်း... ရှည်ကြီးတွေ ပတ်လည်ချလျက် ဘုရားခန်းမှ ဖြာထွက်နေသည့် ရောင်... မီးများကြောင့် ညဘက်မှာ တခမ်းတနားလုပ်ကြသည့် ဧည့်ခံပွဲကြီး... တူနေ၏။

ထို့ပြင် မွေးပုံ့ သောရနံ့တစ်ခုက ပန်းနံ့ကဲ့သို့သင်းကာ လော်... မွှန်းကျပ်နေခြင်းလည်းမဖြစ်။

ဒေါ်တမာခက်က အပေါ်ထပ်ကိုခြေချပြီဆိုကတည်းက ဘုရား... ခန်းဆီ အရင်ဆုံးမျက်လုံးရောက်ကာ ပြီးမှ ဟိုဒီဝေ့သွား၏။ ... ကျုံ့ကျုံ့ထိုင်လိုက်တော့ ကြည်လင်သည့်အပြုံးနှင့် ...

"မေမေထင်ထားသလိုပဲ သမီးရဲ့၊ ဦးဆောင် တို့မိသားစုက ဘာသာ... တရားကိုင်းရှိုင်းပြီး ရည်ရည်မွန်မွန် ရှိကြတယ်"

မေမေ့မျက်နှာပေါ်ကအပြုံးကိုကြည့်၍ အနီ နားလည်သလိုလို... သွားသည်။ ဦးဆောင် ကို အနီရဲ့ မိတ်ဆွေအဆင့်ထိ ရင်းနှီးခွင့်ပေး...





တာ မျှားတူးမှုသည့်ဝိုင်းတွေ ..။

"မမာခက် .. ကျွန်မတို့ မရင်းနှီးရသေးဘဲ ခေါ်ရတာမို့ ခွင့်လွှတ်... ကျွန်မလည်း ပြောရတယ်ရှင်တော်"

ဒေါ်မေသန်က အနီ့ကိုပြုံးကြည့်ပြီး ဒေါ်တမာခက်ကိုပြောလိုက်... သဖြင့် တာဘောဝ်မျက်နှာပြုံးခြင်းက မျက်နှာထက်မှာ ဖြတ်ပြေးသွား၏။ ပြီးတော့ ဦးဆောင် မျက်နှာကလည်း ပြုံးချိုလျက် ...

"အနီ .. ကိုယ့်အမေက အနီ့ကို အရမ်းချစ်သွားပုံပဲ၊ အမေက သမီးလိုချင်ခဲ့တဲ့သူလေ .."

လူကြီးတွေ ရှေ့ကိုရောက်သွားသည်နှင့် ဦးဆောင် က ကပ်ပြော၏။ အနီ က မသိသလိုလေးပြုံးလိုက်ကာ ...

"ဟုတ်လား၊ မေမေကတော့ သမီးမိန်းကလေးမွေးရတာကိုပဲ ဂုဏ်ယူတဲ့အမေမျိုး။ အနီ့ကိုလဲသိပ်ချစ်တော့ သမီးမဟုတ်ဘဲ သား မွေးမိရင် ခုကွလို့တောင် ပြောဖူးတယ်"

"ဟင် ..."

အနီ ပက်ခနဲ ပြောပစ်လိုက်တော့ သူ့မျက်ခုံးတွေ မြင့်တက်သွား၏။ ရုတ်တရက် အံ့သြသလိုဖြစ်သွားပြီးမှ ဟက်ဟက်ပက်ပက် ရယ်လေသည်။ သူရယ်သံကျယ်သွားမှန်းသိကာ နှုတ်ခမ်းမှာ လက်ခုံနှင့် ဖွဖွကပ်၍ မျက်နှာငုံ့ပစ်လိုက်ရင်း ...

"ဟုတ်မှာပေါ့ အဲဒါမှန်တယ်လေ၊ သားတွေက မိဘရဲ့ပံ့ပိုးမှုတွေကို အပြည့်အဝယူပြီး ပညာစုံတော့ ကြင်ရာစုံတယ်၊ အချိန်တန်ရင် သူများ သားသမီးကို ရှာကျွေးကြတာ၊ မိဘကို သတိမရတော့ဘူး"

အနီ က ရယ်မလို ပြုံးမလိုမျက်နှာလေးနှင့် မော့ကြည့်လိုက်တော့ သူကသာသူပြန်၍ သဘောပေါက်သွားကာ နဖူးမှာ လက်မနဲ့ထောက်ခြစ်

၍ ရယ်လိုက်သည်။ ပြီးမှ ...

"သူများသည်းတာတွေ ကြားဖူးတာပါ၊ အမေက ဒီအတိုင်း ပြော တာပဲ၊ ဒါပေမယ့် တချို့ မိဘတွေက ချတိုတယ်၊ တချို့ကတော့ စာနာကြ တယ်တဲ့"

"ဘယ်လိုလဲ"

သူ့စကားကို စိတ်ဝင်စားသွားသဖြင့် လှေကားတစ်ဝက်လောက် မှာ အနီ က ရပ်လိုက်ပြီး မော့ကြည့်သည်။ ဦးဆောင် က အနီ့ကို ကျော်၍ ဟိုဘက်လက်ရမ်းကို လှမ်းကိုင်လိုက်ပြီး ...

"စာနာတဲ့မိခင်တွေကျတော့ ကိုယ်လဲ သူများမွေးမြူခဲ့တဲ့သားကို ယူခဲ့တာပဲတဲ့၊ ဒီယောကျ်ားမှာ အရည်အချင်းကောင်းတွေပါမှ တွေ့ရ ကျေမွန်နိုင်မှ အိမ်ထောင်ရေးသာယာမှာတဲ့၊ အဲဒီတော့ ကိုယ့်သားကို မိန်းမ ယောက္ခမ အထင်ကြီးလေးစားအောင် ဘဝမှာ ရပ်တည်နိုင်မှ ပညာတတ်လူတော်လူကောင်းဖြစ်ဖို့တဲ့၊ ဟိုကွာ.. မိန်းမယူဖို့ အဓိက ဘာသာမဟုတ်ပေမယ့် အဲဒီဘဝတစ်ဆစ်ချိုးကို ဖြတ်သန်းတဲ့အခါ မျက်နှာမငယ်ရအောင်ဆိုတာမျိုး ..."

"ဘယ်သူက အဲဒီလောက်မေးနေလို့လဲ"

"ပြောချင်လို့ပါ"

"ရပြီ၊ ပြန်တော့မယ်"

"အနီ ..."

အနီ ရှေ့ဆက်ဆင်းသွားတော့ ဦးဆောင် က အနီ့ နောက်ကမှ တစ်ထစ်ချင်း ကပ်လိုက်ကာ ...

"လူကြီးချင်းအဆင်ပြေနေကြတာ ကိုယ်ပျော်သွားတယ် သိလား အဲဒါ ဘယ်လိုဆင်းသက်လာတဲ့ခံစားချက်လဲမသိဘူး၊ ပြီးတော့လေ ကိုယ့်





အမေက အနေတည်ပေမယ့် စာနာတဲ့စိတ်ရှိတယ်၊ သားရှင်ပေမယ့်လဲ စာနာတတ်တဲ့အမေမျိုးပါ"

"တော်တော့်ရယ်ရတယ်နော်"

"ဘာဖြစ်လို့လဲ"

အနီ က နောက်လှည့်မကြည့်ဘဲ မျက်နှာလေး နည်းနည်းငုံလာ ကာ..

"အနီ့မေမေကလဲ စိတ်ထဲမှာဘယ်လိုရှိရှိ နှုတ်ခမ်းသိမ်မွေ့ မှုမျက်သွား လောက်အောင် များသောအားဖြင့် မဆင်မခြင် မပြောခဲ့ဖူးဘူး၊ ပြောချင် တာက ရှင့်အမေနဲ့ အရမ်းကိုအဆင်ပြေနေပြီလို့မထင်ဖို့၊ ပြီးတော့ မေမေ က ဖိဘက်ကမျက်လုံးတစ်ဖက်တည်းနဲ့ သားသမီးရဲ့အိမ်ထောင်ရေး ကို ဆုံးဖြတ်မယ့်အမေမျိုးမဟုတ်ဘူး၊ ရှင့်မျှော်လင့်ချက်တွေ ခရီးလွန်နေပြီ"

"ဪ .. ကိုယ်ပြောနေတာတွေကို အနီ သဘောပေါက်သားပဲ၊ ကောင်းတာပေါ့၊ အဲဒါကို စရခက်နေတာ၊ မစရဘဲ ဆုံးသွားပြီလို့ မှတ် လိုက်ပါ၊ ဒီက ရိုးပုံရိုးပန်းနေတတ်ပေမယ့် အိမ်ထောင်ရေးကို မိုက်ရူးရဲ ဆုံးဖြတ်ဖို့လဲ ဝန်လေးမှာမဟုတ်ဘူး"

အနီ က အောက်ထပ်ရောက်မှ ခြေစုံရပ်ပြီး သူ့ကို ပြန်လှည့်ကြည့် သည်။

"ယောကျ်ားကောင်းတစ်ယောက်ရဲ့ အထက်ပါအောက်ပါ အရည် အချင်းများနဲ့ပတ်သက်ပြီး စိတ်မဝင်စားတဲ့မိန်းမတစ်ယောက်ကို ဘာတွေ ညာတွေရှုတ်ပြနေမယ့်အစား စိတ်ဝင်စားနိုင်မယ့်သူကို ..."

"နောက်ထပ်မလိုတော့ဘူးကွ၊ တို့ကလဲ ရိုးပုံရိုးပန်းနဲ့ မိန်းမကောင်း မိန်းမမြတ်ရာထူး တရားဝင်ရထားတဲ့မိန်းမမျိုးကို အထူးသဖြင့် ရှောင်လာ ခဲ့တာ တစ်ရာတစ်ယောက်ရှိသွားပြီ"

[illegible]

[illegible]

[illegible]

"[illegible]"

[illegible]

အနီ ကလေးလေးနဲ့လေးနီ လှပါပြလိုက်တာကို အသည်းယားသွား သဖြင့် ဦးခေသင် က နှုတ်ခမ်းလေးစွေ့ရှင်းပြီးစေ၏။

ဒီကောင်မလေး ...

* * *



## အခန်း (၃၂)

"မင်း ခုပြန်လာခဲ့ဦး စည်း။ ဒီညနေ ခင်နှာရှိုန်းထားတာရှိတယ်"

"ညနေရောက်ဖို့က အစောကြီးရှိသေးတာလေ"

"လေးနာရီခွဲနေပြီလေကွာ။ မင်း ခုသိမပြန်နိုင်တာ အလုပ်ကြီးစေး ထိုပုတ်တာတော့ သေချာတယ်၊ ဒီမှာ စည်း ..."

"... ... ... ..."

"မင်းနဲ့ဟိုဒီနိုင်းနာမိန်းကလေးအကြောင်း ဖေဖေ အကုန်ကြား တယ်နော်၊ ဘာလဲ .. မင်းပြောတဲ့ ချစ်တဲ့သူဆိုတာ သူလား။ အဲဒါဆိုရင် ဘာမှမပြောနဲ့တော့၊ မင်းနိတားပြီးသား .."

"ဖေဖေက ကောက်ချက်ချတာ မြန်လှချည်လား"

"ဒါဆို မဟုတ်ဘူးလား"

စည်း က ဖုန်းကိုင်ထားရင်း ရယ်သည်။

"တင်းသောင်းဆင်းရဲနဲ့ နေခဲ့ရတယ်"

"ညည်း .. မင်း ဝါးမကောင်းပါဘူး .."

"ကျွန်တော်က မေမေ့ရွာက ဒေသမှာ သောက်ကြည့်ထားလို့ ဆိုပေမဲ့ ရှိတဲ့ မေမေ့ရွာရဲ့ ရိပ်မြုံဖွဲ့ စိတ်မဝင်စားဘူး၊ မေမေ ကျွန်တော့်ကိုမြင်ပြီး သိသလဲနဲ့ မေမေ့ရွာကတွေ တွေ့ပေးနေတဲ့ အဲဒီခင်နှာကို မေမေပဲ သွား လိုက် ..."

"ဘာကွ .."

မေမေ့အသံကြီး ပင်ပန်းထွက်လာတော့ ပန်းနုခ်တက်တွန်းကိုက်ပစ်

"လူငယ်ချင်းတွေ မေ့ကွာလိုက်ကြမှာ ဆိုးဝါး မင်းမပါဘဲနဲ့ .. ငါတယ်။ မင်း နဲ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် တောင်တော်လုပ်ပါလား ညည်း"

"သိသလဲ အဲဒီလိုသွားမှာဆိုလဲ နောက်ရှစ်နှစ်လောက်ကတည်းက မေမေ ကျွန်တော့်ကို ရှင်းရှင်းပြောပြီး ဘွတ်ကင်လုပ်ထားသင့်တာ"

"အဲဒါ .."

"အစကတည်းက မေမေ့ကိစ္စတွေ ကျွန်တော်စိတ်ဝင်စားခဲ့တာ မဟုတ်တော့ မေမေပြောထားတဲ့ ခင်နှာကိုလဲ ကြားပြီးပျောက်သွားတာ ပေါ့"

"အပိုတွေမပြောနဲ့ စည်း၊ မင်းက ဘာလဲ၊ ကောင်မလေးနဲ့တွေ့ ပေးမယ့်ကိစ္စမှန်းသိလို့ မင်း တမင်လုပ်တာမဟုတ်လား"

"မေမေကလဲ .. လုပ်ပြီ"

ရယ်သံနှင့်ပြောရင်း မေမေ့ဘက်မှာ ဖြစ်ပျက်နေသည့် ဖောင်း နှုန်းကိုမှန်း၍ စည်း နှာခေါင်းတွန့်လိုက်၊ ဆံပင်သပ်လိုက်ဖြစ်နေ၏။ မျက်နှာချင်းဆိုင်ပြောကြလျှင် ပါးစပ်က မနိုင်တာနှင့် မေမေ လက်ပြပြီ။ ခုကျတော့ မေမေ လက်ပြင်နေနေ၊ လွှဲမြှောက်နေနေ၊ ပြဿနာ



ဖို့ ပုန်းချိုး ဒီအတက်လှည့်လိုက်လျှင် ...

"ရှေ့ ... ကားသော့ .."

ဖယ်ရီခုနိုင်ဘာ ဦးဝင်းကိုက ကားသော့လှမ်းပေးရင်းပြော၏ ..

"ဘာလဲ သူ့ခွေးနဲ့ ကျိုင်တက်နေပြီလား"

"ရှိတယ် .."

သူ ကားသော့ကိုယူ၍ အပေါ်ပစ်မြှောက်ပြီးမှ ဆတ်ခနဲ ပြန်ဖမ်း လိုက်တာ ...

"နောက်တစ်ခါ မေမေ ဖုန်းဆက်ရင် အပြင်ထွက်သွားတယ်လို့ ပြောပေး .."

"ဟုတ်ပါပြီဗျာ .."

သူ ပေါ့ပါးစွာထွက်ခဲ့ပြီးမှ နားနေခန်းထဲက ထွက်လာသည့် ဦးကျော် နိုင်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွား၏။

"မင်း ခုထိမပြန်သေးဘူးလား"

"ဟုတ်ကဲ့ .."

"ဘာလုပ်နေတာလဲ"

"မပြီးသေးလို့ .."

နောက်ထပ်မမေးအောင် အပြေးတစ်ပိုင်း ထွက်လာခဲ့သည်။ ဖယ်ရီ ပေါ်မှာ လူစုံနေကာမှ မောင်းသူမလာသေးလို့ မျှော်နေကြသည့် ဝန်ထမ်း တွေထဲမှာ ဒီနေ့ကျမှ ဖယ်ရီစီးနေရသည့် အနုလည်း ပါနေ၏။

သူမ လည်း မောင်းသူကိုမျှော်နေသည်ဖြစ်ရာ ကားသော့ကိုင်၍ ထွက်လာသည့် စည်း ကိုမြင်လိုက်ရသဖြင့် စူးစိုက်ကြည့်နေမိသည်။

"အနု .. ဟိုမှာ ကားက အထက်စည်း မောင်းမှာထင်တယ်"

ဘေးက စာရင်းစစ် ရီမာ က တံတောင်နှင့်တို့၍ပြော၏။

"သူက ခင်ဖို့ကောင်းပါတယ်၊ သူ့ဌေးရဲ့ တူဆိုပေမယ့် မာနမကြီးဘူး သိလား၊ ဘယ်အလုပ်ဖြစ်ဖြစ် သူ ဝင်လုပ်ပေးတယ်၊ သူ့ပုံစံက အရမ်း ဖော်ရွေတာမဟုတ်ဘဲ ပြုံးနေပြီးတည်တာ၊ နောက်ပြီး နင့်ကိုလဲ ..."

စကားဦးက ကိုယ့်ဘက်လှည့်လာတော့ အနီ မျက်နှာကို တည် ထားလိုက်၏။

"အလုပ်လုပ်နေကြတာ တစ်စားပွဲတည်းလေ၊ သိပ်ခင်ခင်မင်မင် မရှိပါဘူး"

"အေးပါ၊ လူတွေကသိပါတယ်"

"ဘာသိတာလဲ"

"နင် ခပ်တည်တည်နေတာကို .."

အနီ က ကားထွက်သွားသည့်နောက်မှာ စိတ်အေးလက်အေး ဖြစ် သွားသည်မို့ ကုရှင်မှာ လက်ပိုက်လေးမှီလိုက်သည်။ အလုပ်လုပ်တာ မကြိုက်သည့်မေမေက ဒီအလုပ်နဲ့ပတ်သက်ပြီး အဆင်မပြေဖြစ်လာတိုင်း ဆူလို့မပြီးနိုင်။

ဒီနေ့ ကားပျက်နေပေမယ့် အိမ်ကို နောက်မကျဘဲ ပြန်ရောက်မှ ဖြစ်မှာပါ။

"အနီ ..."

"ဟင် .."

"အထက်စည်း က နင့်ကိုဆက်ဆံတာ သူများနဲ့မတူဘူးလို့ပြောတာ အုန်းကျော်က ပြောနေတယ်"

"အဲဒီလူ တစ်ခန်းဝင်တစ်ခန်းထွက်နဲ့ အလုပ်မလုပ်ဘဲ သူများ အတင်းလျှောက်ပြောနေတာ၊ တစ်ရုံးလုံး သူ့အကြောင်းသိတယ်၊ ငါသာ သူ့ဌေးဆိုရင် ဖြုတ်ပစ်လိုက်တာကြာပြီ"





အနီ ပြောလိုက်တော့ ရီမာ ကပြုံးသွားကာ ...

"အဲဒီလိုအာဏာရအောင်လို့ သူ့ဌေးတူကို ယူလိုက်ပါလား၊ နင် တို့နှစ်ယောက် အတူရှိနေရင် ကြည့်ရတာ စိတ်ချမ်းသာစရာလေး .."

"ဘာ .."

"နှစ်ယောက်စလုံး ချစ်စရာလေးတွေ၊ အထက်စည်း က ချော တယ်၊ ပြောင်စပ်စပ်နေတတ်ပေမယ့် ဂျစ်တီဂျစ်ကန်ပုံလဲပေါက်တယ်၊ နင်က ယဉ်စစ မာနကြီးတဲ့စတိုင်လေး .."

"မာ နော် .. မဟုတ်တာတွေ လျှောက်ပြောမနေနဲ့"

အနီ မျက်စောင်းထိုးတော့ နီမာ ကရယ်သည်။

"အေးပါ၊ မကြိုက်ရင် မပြောတော့ပါဘူး၊ ဒါပေမယ့် တစ်ခုရှိသေး တယ်၊ အတင်းလား သတင်းလားမသိဘူး၊ ပြောပြရမလား"

ပြောပြ လို့မမေးပေမယ့် မပြောနဲ့ လို့မတားဘဲ မျက်တောင်လေး ခတ်ရင်း အနီ လှည့်လာတော့ ရီမာ က ခေါင်းညိတ်ကာ ...

"ပြောတာကပဲ ပြောတာပဲ၊ ရုံးထဲကလက်ဖက်ရည်ဆိုင်မှာ အထက် စည်း က သူ့သူငယ်ချင်းတွေကို ပြောနေတယ်တဲ့၊ နင့်ကို ဘယ်လိုချစ်မိ သွားမှန်းမသိဘူး၊ တစ်သက်မှာ ဒီတစ်ခါပဲ သူ ရူးသွပ်ဖူးတာတဲ့"

"သေလိုက်ပါလား၊ ဟွန်း .. ဝဲပေါက်မယ့်ပါးစပ် .."

"ဘယ်ပါးစပ်လဲ၊ အုန်းမောင်လား .. အထက်စည်း လား .."

"နှစ်ယောက်စလုံး .."

ထိုစဉ် ကားက လမ်းဘေးမှာ ထိုးရပ်သွား၏။

"ဆင်းမယ် .."

"ဆင်းလိုက်တော့မယ်ဟော့၊ ဓာလေး .."

ဆင်းနေကျမှတ်တိုင်မဟုတ်ဘဲ တစ်စုတည်း ခုနှစ်ယောက် ရှိ

ယောက် ဆင်းသွားကြ၏။ ကားက ရပ်နေကျနေရာတွေအတိုင်း ရပ်ပေးသွားပြီး ...

"လှည်းတန်းမီးပွိုင့်ကို မဖြတ်တော့ဘူးနော်၊ ဆီဝင်ထည့်ပြီးမှ ပြန်ပတ်ပေးမယ်၊ ကားမှာ ဆီကုန်နေပြီ"

စပယ်ယာဖြစ်ပြီး ရှေ့မှာအကျအနသွားထိုင်နေသည့်ပုဂ္ဂိုလ်က အသံကျယ်ကျယ်နှင့် နောက်ကိုလှမ်းအော်သည်။

"ဟာ .. ဒါဆို အချိန်မရဘူး၊ ဒီမှာပဲဆင်းတော့မယ်"

"ငါလဲ ဆင်းလိုက်မယ်၊ အနီ .. ငါသွားမယ်"

ရီမာ လည်းလိုက်ဆင်းကာ ကားပေါ်မှာ အနီ တစ်ယောက်ပဲ ကျန်၏။

"တောက် ..."

ဘာကိုဒေါသဖြစ်မှန်းမသိဘဲ အနီ တက်ခေါက်လိုက်မိသည်။ ဒီနေ့ ကျမှ ပိုက်ဆံက အပိုတစ်ပြားမှပါမလာပေ။ ထို့ကြောင့် ရှူးရှူးနိုင်းနိုင်း ဆင်းချသွားပြီး ကားငှားဖို့အစီအစဉ်ကလည်းမဖြစ်။

ဆီဆိုင်မှာ ကားတွေတန်းစီနေတော့ ပိုဆိုးသည်။ ထိုစဉ် စည်း က သူ့မ ဘေးနားမှာ ကျောခိုင်းလျက်လာရပ်သောကြောင့် ...

"အထက်စည်း ..."

"ဟင် .. ဘာလဲ"

စည်း က ဖျတ်ခနဲ လှည့်ကြည့်၏။

"ဒီနေ့ ငါပါလာမှ တမင်လုပ်နေတာတော့ မဟုတ်ပါဘူးနော်"

"ဘာကိုလဲ"

ပြောမိပြန်ပြီ ဒီပါးစပ် ..။ 'လုပ်စရာလား .. ဘာညာသာရကာ' တွေ ထွက်ကျလာမှာကိုသိရက်နဲ့ ..။





အနီ ပါးစပ်ပိတ်ပြီး ဒီဘက်ပြန်လှည့်လိုက်သည်။

"ဖယ်ရီမောင်းမယ့်ပုဂ္ဂိုလ် မမောင်းနိုင်လို့ တို့က စေတနာ့ဝန်ထမ်းလုပ်ပေးတာ၊ ကျေးဇူးကန်းစကားတွေ ပြောနေတာလား"

"ဟွန်း ..."

"ဆီထည့်တာ ဘယ်လောက်ကြာလို့လဲ"

"ဟုတ်တယ်၊ ကြာတယ်၊ မစောင့်နိုင်ဘူး"

ဘယ်ဘဝက ရေစက်မှန်းမသိပါ။ ဒီအသံ၊ ဒီမျက်နှာကိုမြင်တာနှင့် ဒေါသထွက်ပြီးသား ..။ အနီ တကယ်ဆုံးဖြတ်ပြီး ကားပေါ်က ဆင်းလိုက်၏။

"ဟာ .. ဘယ်လိုဖြစ်တာလဲ၊ ဒီကနေ အဝေးကြီးပြန်မ [illegible]ရမှာ၊ ခဏပဲစောင့်ပါဆို .."

"မစောင့်ဘူး"

"အနီ .."

စည်း က အနီ လျှောက်တဲ့အတိုင်း ဘေးကနေ ကပ်လိုက်လာ၏။ လမ်းမပေါ် ရောက်ခါနီးမှ အနီ တုံ့ခနဲ ရပ်ပစ်လိုက်ကာ ...

"ဘာလိုက်လုပ်တာလဲ"

"လိုက်ပို့မယ်လေ"

"ဘာ .."

"လိုင်းကားတိုးစီးဖို့ လွယ်တယ်မှတ်လို့လား"

"ကားငှားပြန်မှာ .."

"ပိုဆိုးတာပေါ့၊ တက္ကစီသမားနဲ့နှစ်ယောက်တည်း .."

"အထက်စည်း .."

"ပြော ..."

“ရှင်စရာတော်တော်ရှိနေ ကိုကိုမှ တကယ်ပဲချစ်ရှိ”

“လုပ်စေဝံ့နိုင်စက်ရှိ ...”

“လေလို့သွားလို့ပြောနေတာ ဟန်နေလား”

“ကောင်းပါသွား အနီးကပ်ပင် က ဒီကားကိုအယ်လိုက်ကတည်းက မိန်းကလေးတွေကို တတ်နိုင်သမျှစောင့်ရှောက် အဆင်ပြေပြေ ဆက်ဆံတဲ့ အဲဒါကြောင့် ...”

အဲဒီလိုတွေးဆိုတာ အနီ သိသည်။ သူ့ရှေ့ဦးကျော်နိုင်က ဝန်ခံပေး စည်းနိုးတဲ့ကိစ္စတွေအပေါ် ဘယ်တုန်းကမှ ဝဲခဲ့တာမဟုတ်၊ ခံရကိုပြုံးနိုင်ပြီး နိုင်အောင်ပြောဖို့လွယ်မှန်းလည်းသိကာ အနီ သူ့ကျောချိုင်လိုက်ပြီး လာနေသည့်တက္ကစီကို တားလိုက်သည်။

သို့သော် တက္ကစီရောက်လာခင် အနက်ရောင်ဆလွန်ကား ရှေ့မှာ ငြိမ့်ခနဲ ထိုးရပ်သွားပြီး ...

“ဘယ်သွားမလို့လဲ ကို ..”

တံခါးတစ်ဖက် လျှောခနဲ ထိုးကျသွားပြီး ညို့ မျက်နှာလေး ပေါ်လာသည်။ ပန်းရောင်နုနုမှုတေ မျက်ရစ်ထဲ့ထားသည့်မျက်ဝန်းလေးတွေ လက်နေသည်။ ရေခမ်းရောင်ပုပ်ပုပ် ဆိုးထားသော နှုတ်ခမ်းသားတို့ ဖြူစင်သောသွားနှင့်ပြုံးလျက် ...

“ညို့ လိုက်ပို့ပေးရမလား”

သူမ မျက်ဝန်းတွေက အနီ့ထံ တစ်ချက်မှမရောက်ဘဲ ရှိနေမှန်းတော့ မသိသည့်ပုံမျိုး။ စည်းနဲ့သူမ ဘယ်တုန်းကမှ ဘာမှမဖြစ်ခဲ့ဖူးသလို ပြုံးနေနိုင်တာလည်း ချီးကျူးလောက်ပါ၏။

စည်း က ဖျတ်ခနဲ မျက်ခုံးနှစ်ဖက် ဆတ်ခနဲတွန့်သွားပြီးမှ ပြောသွားသည်။ ပြီးတော့ ပြုံး၍ ...



“ဒို့က လေရှိပါသူ အနီ့ကို ခေါ်သွားပေးပါလား”

ရပ်ကိုင်ကဲ့ တည့်တည့်ပေးထုတ်သောအကြည့်တစ်ချက် အနီ့ထံ ရောက်သည်။ ပြီးတော့ အေးအေးဆေးဆေးပြုံး၍ ...

“အဲဒီတက္ကစီတော့ လမ်းကြောကြသွားလိုက်တယ် နေ့လယ်က အလုလေလံထားတဲ့ကားတွေ ကြည့်နေတာ ခုထိ ကားမောင်းလို့မရသေးဘူး၊ ကို လိုက်ပို့ဆိုရင် သွားမယ် ... တာတာ ...”

ညို့ ထားလျှောက်သွားတဲ့အထိ အနီ့ကို တစ်ချက်မှ ကြည့်မသွားခဲ့ပေ။ စည်း ဒီသက်ပြည့်လာအောင် အနီ က ရုန်းထိကြည့်နေရင်း စောင့်ကာ...

“အဲဒီလိုပြောသွားတော့ ပျော်သွားလား”

“ဟင် .. ဘာပျော်တာလဲ၊ ညည်းစားက ‘ချစ်ပါတယ်’ လို့ အပြောဆောတုန်းကတောင် ပျော်ဖို့သတိမရဘူး၊ ဘာတွေပျော်ရမလဲသွား လို့လဲ”

စကားပြောလိုက်တိုင်း ဘာဖြစ်ဖြစ် နိုင်အောင်ပြောတတ်သည့် အကျင့်ကိုပဲ မုန်းမိတာလားမသိ။ အနီ မျက်နှာလွှဲကာ တက္ကစီတစ်စီးကို တားလိုက်သည်။

“ဟင် .. ရှင် ဘာလုပ်တာလဲ”

ကားထဲဝင်ထိုင်လိုက်ပြီး ဆွဲပိတ်ခြင်းနှင့် အနီ အလုပ်ရှုပ်သွားစဉ် စည်း က တစ်ဖက်က ဝင်ထိုင်လိုက်သဖြင့် တွန့်ချမိတော့မတတ် အနီ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

“ဒီမှာ .. ကားဆရာ နေဦး”

“မနေနဲ့ ဆရာ၊ ဆက်မောင်း ..”

အနီ သူ့ကို ရန်တွေ့ဖို့ပဲ စိတ်များနေသဖြင့် ကားဆရာကလည်း သူ့စကားကိုပဲအတည်ပြု၍ ဆက်မောင်းလေသည်။ စည်း က ‘ဘာတွေဖြစ်နေတာလဲ’ ဆိုသည့် စိတ်မရှည်သောမျက်ဝန်းများနှင့် ငုံကြည့်ကာ ...

[illegible]

"သမီး – အမေ –"

"ရှင် – မေမေ –"

[illegible]

"ရှင် –"

[illegible]

တယ်လို့ ..."

အနီ ကြားနေရသည့်စကားတွေကြောင့် အာခေါင်များခြောက်ခြမ်း၏ မေမေကတော့ ပုံစံ၏ သူ့ရိုင်းဘယ်နဲ့လိုက်တိမ်လို့ လိုက်လို့ ... တော့ သိပ်ချေကြည့်ပြလိုက်ခဲ့သဲ ...။

"ဟိုနိုင် .. အသနေနဲ့ ပေါ်ပြီးရေ .. သောက်ရေမှန်ပါ့ပါလား"

ပေါ်ပြီး ရေမှလာတဲ့အခါ သမီးလွှက်လာတော့ အယ်လိုကို ရှက်လော့ ပုဆိုးကြည့်ပြီး၏ စည်း ကိုယ်လည်းတော်တော်လည်း၏ ... နှစ်ကလေး အလှနဲ့ရိုးသားမှု အားနာနေသည့်ပုံပါ။

"ကျေးဇူးတင်ပါတယ် အနီတို့ ကျွန်တော့်ကိုခွင့်ပြုပါဦး"

"အို .. လေပြင်နေတုန်းရှိ .."

"ဟုတ်ကဲ့ .. ဖြစ်ပါတယ်၊ ကားသရာကိုလဲ နိုင်ကရှင်း အမြန် ပဲနေလိုက်ပါမယ်"

"ဩော် .. အေး ..."

ဒေါ်တမာခက်၏မျက်ဝန်းတွေ စည်း ၏ကျောပြင်မှာ ရှုံ ... ပါသွားခဲ့၏။

"သမီး ..."

"ရှင် .. လာပြီ မေမေ"

အနီ က အဝါရောင်ရှန်သားလက်ပြတ်ပွပွလေးနှင့် ဆံပင်ကျော ... သားရေကွင်းပျော့လေးနှင့် နောက်မှာဖြစ်သလိုစုစည်းထား၏။ ဒေါ်တ ... ခက်က သမီးဖြစ်သူကိုကြည့်နေရင်း ...

"ကိုယ့်ဧည့်သည်ကို ဘာလို့စကားထွက်မပြောတာလဲ"

"ဧည့်သည်မှမဟုတ်တာ မေမေ၊ ဖယ်ရီပျက်လို့ သူလိုက်ပို ... အနီနဲ့ သိပ်မရင်းနှီးပါဘူး"



"မေမေက သမီးကိုလိုက်ပို့ခိုင်းတာမို့လို့ ထိမ်းခဲ့ပါလားတော .."

"အဲဒါကြောင့်လဲ အနီ မပျော်ခဲ့တာပါ၊ သူ ရောသောက်ချင်လို့ ပြောလာက်တာပါတော .."

မေမေ့မျက်လုံးတွေကိုမရှောင်တဲ့ အသတင်ကြည့်မိပေမယ့် အနီ ဖွင့်လိုက်ရတာကို လေ့ပြီးပြီ၊ မေမေလည်း ဒီမျက်လုံးတွေကို ဖတ်မိမှာပဲ ဖြစ်၏ ဟိုလေယံ တာမှဆက်မမေးတဲ့ နောက်ထပ်အကြောင်းအရာသီ ပြောနေတော ...

"အဲဒါကြောင့် မေမေပြောတာ၊ မိန်းကလေးတစ်ယောက်တည်း နှင့်ခရီးသွားလာနေတယ်ဆိုတာ ဘယ်လောက်အန္တရာယ်များလဲ၊ မှန်း နိုပေမယ့် လမ်းမှာတစ်ခုခုဖြစ်နေပါပြီဆိုပြီး ဖုန်းဆက်တော့ ဖြန့်နိုင်းဆို ဆိမ်မှာ လာလိုက်နိုင်တဲ့သူရှိလား၊ ဖေအေက လူမမာ မေမေက အပြင်ကို သိပ်ထွက်မှုတာမဟုတ်ဘူး"

"တစ်ခါတလေပဲ မေမေရယ်၊ အနီ ဘာမှမဖြစ်ပါဘူး"

"မဖြစ်သေးတော့ ပြောနိုင်သေးတာပေါ့၊ သမီး ဝါသနာပါတယ် ဆိုရင်လဲ အိမ်ထောင်ပြုပြီးမှ ကိုယ့်ခင်ပွန်းက ခွင့်ပြုရင်ဆက်လုပ်၊ သမီး ပေဖေစီစဉ်တဲ့အတိုင်း နာခံဖို့ပဲစဉ်းစားပါ"

"မေမေရယ် .. အဲဒါကြီးက ပါလာပြန်ပြီ"

"ပါမှဖြစ်မှာ သမီး၊ သမီးကို မေမေ တစ်နေ့တခြား စိတ်မချဖြစ်လာ ပြီ ပန်းကောင်းအညွန့်ကျိုးဆိုတာ လူဟိုင်း ဥပမာပေးပြောနေတဲ့စကား ပေမယ့် အဲဒါ အရမ်းကြောက်ဖို့ကောင်းတယ်၊ ပန်းလောက်နွမ်းလွယ် ကြွေလွယ်တာမရှိဘူး၊ လက်ဆိတ်ထိလိုက်ရင် ဒဏ်ရာဖြစ်ပြီး ကျိုးတာပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ အစွမ်းကုန်ဖူးပွင့်လှပနေတဲ့အချိန်မှာ သမီးကို မထိခိုက် မညှိုးနွမ်းစေချင်ဘူး၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်ခြင်းက မိန်းမ

တစ်ယောက်ရဲ့ဂုဏ်သိက္ခာဆိုတာ မှန်တယ်၊ ဒါပေမယ့် ကိုယ်ကထိန်းပါလျက်နဲ့ ဖျက်ဆီးခံကြရတာတွေ သမီး မကြားဖူးဘူးလား"

"ကြားဖူးပါတယ် မေမေ၊ ဒါပေမယ့် ..."

"သမီးကို ဒီလကုန်အထိ စဉ်းစားခွင့်ပေးမယ်၊ လက်ခံတယ်ဆိုရင် သမီးတို့ လူငယ်ချင်းတွေ့ပြီး အကဲစတ်ဆုံးဖြတ်ပါ၊ မေမေက ရာဇသပေးတာမျိုးမလုပ်ချင်ဘူး။ သမီးကိုယ်တိုင် ကြည်ကြည်ဖြူဖြူ နှစ်သက်တာမျိုးဖြစ်လို့ မေမေ ဒီလောက်ချန်ထားပေးထားတာ၊ မိဘအပေါ် မှာ အတိုက်အခံစိတ်ပဲမွေးမြူထားတာမဟုတ်ဘူးဆိုရင် လက်ခံနိုင်လာမှာပဲ စဉ်းစားပါ"

မေမေ က အနီ ပြောတာကို နားမထောင်ဂရုတဲ့ ထွက်ခွာသွား၏၊ မေမေ့သဘောကိုလည်း အနီ နားလည်ရခက်နေပါပြီ၊ ယောကျ်ားလေးတွေနဲ့ ပတ်သက်ရင်းနှီးခြင်းမှာ မေမေ ဘယ်လိုမှခွင့်ပြုမှာမဟုတ်ဟု ထင်ခဲ့မိ၏။ ဒါပေမယ့် ထိုသူတို့ကို နွေးထွေးစွာပဲ ခေါ်ပြောဆက်ဆံခဲ့သည်။ ဦးဆောင်ကိုပါ သူ့အမေနဲ့ရင်းနှီးသွားကာမှ ပို၍ လေးစားသလိုပါ။ ဟိုတက်က ဘာတွေမျှော်လင့်နေကြမှန်းလည်း မေမေ မသိဘဲ နေမှာမဟုတ်။

ဒါဆို မေမေ့စိတ်ထဲမှာ ဘာတွေရှိနေသလဲ ...။

❋ ❋ ❋





## အခန်း (၃၃)

"ဒါ ဘာလဲ .."

ဒက်စတော့ပ်မှာတင်ထားသည့်ဖိုင်က 'မုန်းအောင်ချစ်တဲ့သူ' ဟု တံဆိပ်ကပ်ထား၏။ အနီ ဖိုင်ကိုဖွင့်ကြည့်လိုက်လျှင် ...

မျှော်လင့်မိတဲ့အမှား ..
ထီးဖြူဖိနပ်ပါးတဲ့အထိ
အဆုံးအစမရှိ ဖြစ်ပါစေ ...
မင်းရဲ့နှုတ်ခမ်းတစ်စုံသာ
စဏတစ်ဖြုတ် အပိုင်ရမယ်ဆိုရင်
မကြည်ဖြူတဲ့ရင်ခွင်မှာ ..
ဒလိမ့်ခေါက်ကွေး ပြုတ်ကျလဲပြိုနေရင်တောင်
ကိုယ် ...
ဖုတ်ဖက်ခါထဖို့ စိတ်မကူးဘူး။
တကယ် .. ယုံပါ ..
ချစ်လို့ပါ ...။

မုန်းအောင်ချစ်တဲ့သူ

"ကြည့်စမ်း ..."

တစ်ယောက်တည်းရေရွတ်ရင်း ဘေးဘီကိုဝေ့ကြည့်မိသည်။ အဝင်တံခါးနားက စားပွဲမှာထိုင်တာလည်း အပျိုကြီး သစ်သစ်ဆူး။ သူမက ရောက်တောင်မရောက်သေးပါ။ တစ်ခန်းလုံးမှာ လူသုံးယောက်ပဲရှိသည်။ အပျိုကြီးရယ်၊ အနီ ရယ်၊ ပြီးတော့ ...။

တံခါးတစ်ဖက် ရုပ်ခနဲ ပွင့်ထွက်သွား၏။ စည်း က ဖုန်းကိုင်ရင်း ဝင်လာသည်။

"အထက်စည်း ..."

"ဟင် ..."

အသံမထွက်ဘဲ မျက်ခုံးပင့်ထူးလိုက်ပြီး ဖုန်းကို နှုတ်ခမ်းနားမှာ ကပ်၍ ...

"ခဏလေး .. ငါးမိနစ်လောက်နော်"

ဟုပြောလိုက်ပြီး ဖုန်းကိုင်လျက် အနီ့ဆီကိုလာ၏။

"ဘာလဲ .."

"ဒီကဗျာ ဘယ်သူတင်ထားတာလဲ"

"ကဗျာ ..."

မျက်မှောင်ကုပ်သွားပြီး စည်း က ကဗျာကိုလာဖတ်သည်။ ထိုင်နေသည့် အနီ့ဘေးမှာရပ်ကာ အနီ ထိုင်နေသည့် ကုလားထိုင်ကျောမှီမှာ လက်တစ်ဖက်တင်၍ စားပွဲပေါ်မှာ လက်ထောက်လိုက်တော့ သူ့ မေးဖျားက အနီ့နဖူးလေးထက်မှာ အော်တိုမစ်တစ် နီးကပ်သွား၏။

ပြီးတော့ ရေမွှေးနံ့က နှာခေါင်းထဲကို ထဲထဲဝင်ဝင် နှိပ်စက်သည်၊ စိတ်တိုသွားပေမယ့် ကဗျာကိုဖတ်ပြီး သူ တအံ့တသြဖြစ်သွားတာကို မော့ကြည့်မိရင်း ထိုပြဿနာကိုမေ့သွား၏။



စည်း က ခဲးမတ်မတ်ပြန်ရပ်ပြီး ရယ်ချင်ပက်ကျိမျက်နှာနှင့် ...

"ဩော် .. ဒီလိုပိုတဲ့လူလဲ ရှိသေးတာကိုး၊ နည်းနည်းတောင် အတင်ကြီးသွားတယ်"

"ဘာ ..."

"အဟွန်း .. ကဗျာလေးအပေးခံရတာကို ခေါ်ကြွားတာလား"

"အထက်စည်း ... နင်မွေးကတည်းက မုသာဝါဒတွေကိုက်ပြီး မွေးလာသလား၊ ဘယ်တော့မှ အမှန်အတိုင်း ပြောမထွက်ပါစေနဲ့လို့ သစ္စာဆိုထားတာလား၊ စကားတစ်ခွန်းမေးလိုက်တိုင်း ဘာဖြစ်လို့ လျှောက်ဝေ့နေတာလဲ၊ ဒါ နင်လုပ်တာမဟုတ်ဘူးလား ပြော ..၊ အဲဒီလို ရှုပ်ပွေတဲ့အကျင့် တစ်ရုံးလုံးမှာ နင်ပဲရှိတာ .."

"ကိုယ်က ..."

စည်း သူ့ကိုယ်သူ လက်မနှင့်ပြန်ညွှန်ပြကာ ...

"မင်းကို ..."

အနီ့ကို လက်ညှိုးနဲ့ညွှန်ပြီး ဟားခနဲ ရယ်၏။

"အဲဒါကြောင့် ဒေါသပုန်ထနေတာကိုး၊ တော်တော်ရှင်းရခက်တဲ့ ပြဿနာပဲ၊ ကိုယ့်ဒီဇိုင်းကိုလဲ ပြန်ကြည့်ပါဦး အနီရာ၊ ဆံပင်ဖားလျားနဖူးပြောင်ပြောင်နဲ့၊ အချိန်ပြည့် ပြူးပြဲလက်တောက်နေတဲ့ မျက်လုံးနှစ်လုံးကလဲ ကြောက်စရာ၊ ဒီကဗျာပေးတဲ့ကောင်ကိုတောင် ကိုယ်က သွားပြီး အင်တာဗျူးချင်သေးတယ်၊ ဘယ်လိုခံစားပြီး ဒီလိုကဗျာတစ်ပုဒ်ဖြစ်သွားတာလဲလို့ .."

"နင် .. နင်နော် ..."

အနီ ဒေါသထွက်ပြီဆို ရိုင်းတာထက်ပိုရိုင်းချင်၏။ စည်း က ဂရုမစိုက်သလိုပင်။

"[illegible]
[illegible]
[illegible]"

"ဟောတော် …"

"[illegible] … မင်း [illegible]"

"[illegible] …"

"ဟာ …"

"ထဲ … ထဲဟယ် … ဖယ်နော် … လက်ကိုလွှတ် …"

"မင်း ရှိုက်နေလေ …"

"ရိုက်မယ် ဖါးကိုရိုက်ချင်တာ … လွှတ်စမ်း …"

"အိုး …"

အနီ သူကိုသိပ်ရိုက်လိုက်ရဘဲ ဖါးဆီကိုလည်း မလှမ်းနိုင်ဘဲ သူ့လက်ထဲမှာ ချုပ်မိသွား၏။

"ဝါလက်ကိုလွှတ်လိုက်နော်"

"လွှတ်မယ် တစ်ခုတော့ရှိတယ်နော် လူကို ရိုက်ဖို့နက်ဖို့ ကြိုးစားရင်တော့ မွှာမွှာတာပဲ"

အနီ လက်ကို ရုန်းထစ်လိုက်စဉ် သူ့လက်ထဲကဖုန်းမြည်လာ၏။ သူက သူ့ခုံမှာ အေးဆေးပြန်ထိုင်၍ …

"ပြော …"

"… … …"

"ဟုတ်တယ်လေ၊ မင်းကပြောချင်လို့ဆက်တာဆိုတော့ မင်း ပြော



"… … …"

"ရှိတယ် …"

"… … …"

"ကောကြည့်လေ၊ ပြောချင်စိတ်ရှိရင် ပြောမယ်"

အနီ သူ့စကားပြောနေရာတာကိုပဲ မကြားချင် မမြင်ချင်ဖြစ်လာကာ အပြင်ကိုထွက်လာခဲ့မိ၏။ အပြင်မှာကျတော့လည်း ဘာမှလုပ်စရာ မရှိ။ အလုပ်တွေပုံနေသည့်စားပွဲကိုဝစ်၍ အပြင်ထွက်နေတာလည်း သေနိုး ဆင်းလှဆင်တာ အထဲကိုပဲ ပြန်လာခဲ့ရသည်။

စည်း က ပြောလို့ကောင်းနေတုန်း …။

"ခုန်တာပေါ့ ငါ သူ့ကိုအရမ်းချစ်တာ …"

အနီ ခြေလှမ်းတုံ့သွား၏။ ကြည့်လိုက်တော့ ရွှေကိုယ်တော်ရဲ့ မျက်လုံးအစုံက သူမ ထံမှာ ရွှန်းရွှန်းလဲ့လဲ့ …။

"အချစ်က တောက်တွေ့ တဲ့သဘောရှိတယ်၊ အဲဒါ မာယာနဲ့ မဆိုင်ဘူး၊ ဘယ်သူ့ကိုချစ်မယ်၊ ဘာကြောင့်ချစ်တယ်ဆိုတာကို ခန့်မှန်းရတာ ဘုံပြောတာ …"

"… … …"

"အဲဒါကို အံ့သြနေတာလား။ တကယ်ဆို ဒါ အံ့သြစရာမဟုတ်ဘူး မင်းဝမ်းသာရမှာ …"

အနီ့ရှက်နှာ တင်းနေတာကို ဖုန်းပြောရင်း မျက်လုံးက သူ့အလိုလို ရောက်နေတာလိုလို၊ တစ်ချက်မှမလွှဲဘဲ စိုက်ကြည့်၏။ သိသိကြီးနှင့် မျိုသိပ်ကြိတ်ခံနေရသည့် အနီ့နှုတ်ခမ်းလေးတွေ တင်းကပ်နေပိတ်ရင်း…

"သူ့ကိုချစ်တဲ့စိတ်တွေနဲ့ မင်းနဲ့ပတ်သက်သမျှအားလုံးကို လုံးဝ

စိတ်မဝင်စားတော့ဘူး ဒီလိုမဟုတ်ရင် မင်း မေ့သွားမယ်လေ"

"… … … … …"

"ဟား .. ဟား .. ညို ရာ…၊ မင်း တကယ်ရယ်ရတယ်"

ညို ဆိုတော့ ရုံးမှာလိုင်းရှုလိုက်ပြီးမှ အနီ သတိနဲ့မပေါ်သွား၏။

"သိကၡာသမာဓိနဲ့နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို မဟုတ်မယ် သူ့ နှလုံးရင် သွေးဖြစ်နေမလား ဘုရားမှမဟုတ်တာ …"

"… … … … …"

"ဟုတ်တယ်၊ သိကၡာသမာဓိတွေဘာတွေ တို့မှာ ရှိချင်မှရှိမယ် ဒါပေမယ့် အထက်စည်း ဘယ်လိုကောင်လဲဆိုတာ မင်းရဲ့ကြည်သာ ကောင်းကောင်းသိသွားပါတယ်၊ ဟိုတုန်းက ပြောမပြခဲ့ရင်တောင် [illegible] ပြောပြလိမ့်မယ်၊ မေးကြည့်ပါလား"

"… … … … …"

"အဟွန်း .. မင်းမြင်တာ အဲဒီတစ်ရက်တည်းလား"

ဟုပြောပြီး ကိုယ့်ဘက်ကိုလှည့်ကြည့်လိုက်တာ အနီ့ မျက်ဝန်း ထောင့်မှာမြင်၏။ အလုပ်လုပ်ဖို့ကြိုးစားနေရပေမယ့် လက်တို့က ဒေါသ ကြောင့် ကတုန်ကယင်။

"မင်းနဲ့မတွေ့ခင်ကတည်းက သူ့နောက်ကို တကောက်ကောက် လိုက်နေခဲ့တာ၊ သူ့ရဲ့ အနီးအနားမှာ တို့အမြဲရှိတယ်"

လှည့်မကြည့်မိအောင် စိတ်ကို ဘယ်လိုတင်းထားတင်းထား ကိုယ့် ကိုကြည့်ပြောနေမှန်းသိသောကြောင့် ဒေါသကနေ အော်ဟစ်ငိုပစ်လိုက် ချင်စိတ်တွေ ဖြစ်လာခဲ့သည်။ ပြောပြန်ရင်လည်း ကိုယ်ပဲ အရှုံး။

"ဟုတ်တယ် .. သိပ်ချစ်တာ …"

ဟုပြောပြီး ဖုန်းကိုချလိုက်၏။ ထို့နောက် တစ်ဆက်တည်း ..





"ပြောတာ ကြားတယ်နော်"

"ဘာ …"

"မန်နေဂျာ ခေါ်နေတယ်"

သူမျက်နှာက ခပ်တည်တည် …။ ခုပဲ ညို နဲ့ဖုန်းပြောနေတာ …၊ မန်နေဂျာရဲ့ အခန်းက ဘယ်လိုကြားဖြတ်ဝင်လာတာလဲ။

အနီ သတိနဲ့ မတ်တတ်ရပ်လိုက်၏။

"နေဦးလေ၊ မန်နေဂျာ သူ့အခန်းထဲပြန်ရောက်မှ .."

"ခုပဲသွားမယ်၊ မဟုတ်ရင် နင့်ပါးကို ရှစ်စိတ်လောက်ကွဲအောင် ရိုက်ပစ်ချင်လို့ .."

"ကြောက်စရာပါလား။ ဟုတ်နေရင်ရော .. တို့ကို ဘာပြန်ပေးမလဲ"

"မဟုတ်ရင် ပါးရိုက်မယ်၊ ဟုတ်နေရင်လဲ ပါးကိုပဲရိုက်မယ်"

"ပါးရိုက်ခွင့်ရဖို့ တော်တော်စိတ်ကူးရင့်နေပုံပဲ"

မျက်နှာက မချိုမချဉ် …။ ရွဲ့တော့မလိုလို၊ မဲ့တော့မလိုလို …။ အနီ လှည့်မကြည့်ဘဲ သူ့ရှေ့က ထွက်ခဲ့လိုက်တာ ဆံပင်ရှည်တွေ ဝေ့ခနဲ ဖြာ ထွက်၏။ ခြေလှမ်းတိုင်းမှာ ဆုံးဖြတ်ချက်တွေဖြစ်နေရကာ မန်နေဂျာရုံးခန်း ရှေ့မှာ တုံ့ခနဲရပ်သည်။ ခွင့်တောင်းပြီးမှဝင်ရမှာပေမယ့် အနီ အသက် အောင့်လိုက်ပြီး အလူမီနီယံတံခါးကို တွန်းဖွင့်ပစ်လိုက်၏။

မန်နေဂျာသည် ဖုန်းချမလို့မျက်နှာလွှဲချသည့်အနေအထားမှ ဖျတ် ခနဲပင့်ကြည့်ကာ အနီ့ကိုမြင်တော့ အံ့ဩရိပ်တစ်ချက်ထင်၏။

"သြော် .. လာလေ .. သမီး .."

"ဂျာကြီးခေါ်တယ်ဆိုလို့ပါ"

"အေးကွယ် ..၊ ဟို .. အဲ .. မနေ့က .."

ပြောဖို့ကို ဖျစ်ညှစ်စဉ်းစားနေရသည့်မျက်ခုံးတွေက အဆမတန်

တွန့်ချိုးလျက် ကေားက ရှေ့နောက် ရုတ်တရက် မဆက်မိဘဲ ဖြစ်နေ
သည်။ ပြီးတော့မှ ...

"မနေ့က အီးမေးလ်ရောက်တယ်လေ၊ စက်ဘူကပို့လိုက်တဲ့ မြို့ကြီး
ကက်တလောက်အတွက် ဒီကပညာရှင်ရဲ့အမြင်ကို သိချင်ပါတယ်တဲ့
အဲ.. ဟို .. ပညာချင်းဖလှယ်တဲ့သဘောပေ့ါ"

"ဪ .."

အနီ့မျက်ဝန်းလေးတွေ တဖျပ်ဖျပ်လက်နေတာကို မန်နေဂျာက
ငေးခဲ့ကြည့်ပြီး ဗိုင်တွေဆီမှာ မျက်လွှာပြန်ချကာ ဟိုလှန် ဒီလှန် ..၊

"အဲဒါ .. သမီးကြည့်ပြီးပြီဆိုရင် ..."

"အနီ တစ်ခုလောက်ပြောပါရစေရှင် .."

"ဟင် .. အေး .. ပြောလေ .."

"အဲဒီကက်တလောက်က မမသန္တာတို့လက်ထဲရောက်ရမယ့်ပစ္စည်း
ဆိုတော့ သူတို့က တာဝန်ပြန်ပေးမှ အနီ ကာလာခွဲရမှာပါ"

"အင်း .. ဟုတ်သား .."

"ခုပြောမှာ အဲဒါနဲ့လဲမဆိုင်ပါဘူး၊ အနီ အလုပ်ထွက်တော့မယ့်
အကြောင်း လာပြောတာပါ"

"ဟင် .. ဘယ်လို .."

ပွင့်ဟသွားသည့်နှုတ်ခမ်း၊ မျက်မှန်အောက်မှ ပြူးကျယ်သွားသည့်
မျက်ဝန်းအစုံ ..။ အဟွန်း ...။

အနီ က နာကျင်သည့်မဲ့ပြုံးလေးနှင့်ငေး၍ နေရာမှထရပ်၏။ ဒ
ဆုံးဖြတ်ချက် ...။

❋ ❋ ❋



## အခန်း (၃၄)

"အနီ ..."

အနီ ကြားပေမယ့် လှည့်မကြည့်ပါ။ တစ်ထိုင်တည်းဆုံးဖြတ်၍
အားလုံးကိုနှုတ်ဆက်ခဲ့သည်။ ဒီထဲမှာ အထက်စည်း ဆိုသည့် ယောက်ျား
မပါခဲ့ဘဲ ..။

"အနီ .. ခဏနေပါဦး"

ပြေးလိုက်လာသည့်အသံကြားတော့ အနီ လှေကားကနေ အပြေး
တစ်ပိုင်းဆင်းခဲ့၏။ သို့သော် လှေကားအဆုံး တိုက်လက်ဘက်ကိုသွား
သည့်လမ်းကလေးထိပ်ကြားမှာ အနီ့ရှေ့ကနေ သူ ဝိတ်ရပ်ပြီးသား
ဖြစ်သွား၏။

"အလုပ်ထွက်သွားတာဆို ..."

"ငါ့ရှေ့ကဖယ် ..."

အနီ့မျက်လုံးတွေ မီးဝင်းဝင်းတောက်နေတာကို သူက စူးစိုက်
ကြည့်ပြီး အံကြိတ်၏။

[illegible]

"[illegible] ..."

[illegible] ...

"အလှပ်သွေးတို့နဲ့ဖြစ်ရှက်ကာ အနေ မိန့်တိုင်းလေးအတွက်လေး ဖြစ်သွားတာဆိုတော့ ကိုယ့်ကြောင့်ဆိုတာသိတယ်၊ မင်း ကိုယ့်ကို တစ်စုံတစ်ယောက်ကွဲလိုက်ရင် ကျေနပ်လေသး"

"မကျေနပ်ဘူး ငါ့ရှေ့မှာ တသရေ့ ပြောခင်ပြီးသေဖြစ်ရင်တော့ သနားစိတ်မဖြစ်ဘူး"

ငယ်လေးသို့ပြောလော့ဘဲ အနီ က သူ့ဝန်းတစ်ဖက်ကို တိုးတိုး လျှက်၏။ ညေး က အနီ့လက်ခေါင်းလေးတစ်ဖက်ကို ပြန်ဆုပ် လိုက်သည်။

"အီ ..."

"ဒုန်း ... ချွင် ..."

အနီ့ကိုယ်လေး ယိုင်ခနဲ ပါလာကာ ကိုင်ထားသည့်ဆွဲခြင်း တစ်စုံတစ်ယောက်က ပုတ်ချလိုက်သလို ပစ်လက်စတ်ကျ၏။

"နင် ... အဲဒီလောက် ... ကဲဟာ ..."

ပါးတစ်ဖက်မှာ ဖောင်းခနဲ မီးပွင့်၏။ သူမျက်နှာ နေရာကျော်





[illegible] ...

"[illegible] ..."

[illegible] ... ... ။

✻ ✻ ✻

## အခန်း (၁၅)

မှန်းချက်ထိုက်ပြီး စိတ်ထင်တည့်တော့ ပန်းသီးစိတ်တော့ဆိုင်ကြား သည့် စင်မှန်ဖြစ်သွားကို စိတ်အနေနှင့်အလျက်မပေးလိုသည့်တော့မှာ ဝင်သော၏။ ထို့ကြောင့် အနားမှာဖြစ်ထိုင်လိုက်တဲ့အထိ ပြောဖို့စကား မထွက်နိုင်။

"ဘယ်သူဆီကလဲ .."

ဦးတင်ထွန်းက သိနေပြီးသည့်မျက်ဝန်းများနှင့်ကြည့်၍ မေးသ သည်။

"ပြောပါ၊ မောင်ဦးဆောင်ရဲ့အမေမို့လား"

"ဟုတ်တယ်"

ဒေါ်တာမာစက် ဝန်ခံလိုက်သည်နှင့် ဦးတင်ထွန်းက ပန်းသီးစိတ် တွေ့ရှိသည့်ပန်းကန်ပြားလေးဆီ အကြည့်ပြန်ရောက်သွားလျက် နောက် ထပ်တစ်စိတ်ထပ်ယူရင်း ...



ဖြစ်ခဲ့တာ – ထင်တော်မသင်ဘူး"

"ကျွန်မသဲ ဆောင်ဘူး ပြောဖို့ကောင်းသိတယ်၊ မှန်တောင်

ကြီးခဲ့တော့ –

"မင်း ဘယ်သိုနှုံးဖြတ်ချင်လဲ"

"ကျွန်မတို့နှိုင်းမယ် နှုံးဖြတ်ပိုင်ခွင့်က သမီးဆီမှာပဲ ရှိတယ်လို့ ထင်တယ်"

"အင်း –

"သမီးဆိုတာ ရှောင်းကုန် ဆိုတဲ့စကားရှိတာမှန်တယ်၊ ဒါပေမယ့် ...နိမ်တောင်ရေးမှာတော့ မိဘက စိမ့်ရှင့်တစ်ခုနဲ့ ချုပ်ကိုင်ဖို့ ကောင်း ...လား ပေးလိုက်ရတာဖြစ်ဖြစ် ရှိုက်တာဖြစ်ဖြစ် အဲ့ တောင်းကျိုး ...ကို ကာသက်ရှင်တွေက ခံစားကြရမှာ၊ အထူးသဖြင့် ကျွန်မရဲ့ ...လေးက ထိမှာတယ်၊ ကိုယ်စိမ်သလိုနှာခံမယ့် သမီးမို့လို့ ကိုယ့် ကြောင့် တစ်ဘဝလုံး စိတ်ဆင်းရဲသွားမှာ မလိုချင်ဘူး"

"မင်းပြောချင်တာက ..."

"သမီးကိုပဲ ရွေးချယ်စေချင်တာ ..."

"ဘယ်သူနဲ့ ဘယ်သူကိုလဲ"

"ရှင်ရွေးချယ်ထားတဲ့လူနဲ့ ကျွန်မ ရွေးထားတဲ့လူ .."

"ဒါဆို မင်းက ဦးဆောင် ကို သဘောကျတာပေါ့"

"ရှင့်ဘက်ကလူကို ကျွန်မ မမြင်ဖူးဘူးလေ"

ဦးတင်ထွန်းက ပန်းသီးစိတ်လေးကို တစ်ဝက်သဲကိုက်ပြီး အဓိပ္ပာယ်မဲ့ ကြည့်နေ၏။ ပြီးမှ ပါးစပ်ထဲကို အကုန်ထည့်လိုက်ကာ ...

"ကိုယ်လဲ ဓာတ်ပုံပဲမြင်ဖူးတာပါ၊ ဒါပေမယ် သမီးတို့အရွယ်ပဲရှိလို့ ...တို့ချင်းမြင်ကြရင် အဆင်ပြေနိုင်တယ်လို့ထင်တာ၊ ပညာ အရည်အချင်း

[illegible] ငြိမ်ငြိမ်နေပြီး[illegible] ကျော့ပြီး ပြန်[illegible] [illegible] ပြီးသည်

“ဒူ[illegible] ..

ဒေါ်တမာက [illegible] မေးလိုက်တော့ ဦးတင်ထွန်း [illegible] သွား[illegible] ပြန်ပြောသည် —

“မင်းကို အကြောင်းမျှင်းသောတ်မှတ်ချက်အရ သူမိကလေးရဲ့ [illegible] အကြောင်းကို [illegible] ကျတ်ချက်သားခဲ့တာမှိုသား မင်းက သူ[illegible] ဖြစ်နေတယ်၊ ကိုယ်က မပြင်းနားဘူး ခါဝကျွတာ ..”

သူဟာသူကျဉ်းမြင်ရင်း တစ်စုံတစ်ခုကို သတိရသွားသလို ပြန်ပြော[illegible] ၏ —

“မင်းလူ ကိုယ့်လူဖြစ်နေပြီး ကိုယ့်ကိုတော့ မယုဉ်နဲ့နော် [illegible] စိတ်ချမ်းသာသလိုလုပ်ပါ၊ မိန်းခလေးချင်းက ရင်းနှီးလွယ်တယ်၊ [illegible] နောင်ဆို ပိုမြန်တယ်၊ မင်းဘက်မှာ အားနာစရာဖြစ်နေရင် ခေါ်ပြီး[illegible] လိုက်ပါ၊ ကိုယ့်ဘက်က အရင်စခဲ့တာမှန်ပေမယ့် ရှေ့တိုးဖို့ နောက်ဆုတ်[illegible] ဖို့ ဖြစ်သေးတယ်”

ဒါအမှန်ပဲလို့ ပြောနေသလိုမျိုး ဒေါ်တမာခက်က ပင့်သက်တစ်ချက်[illegible] နှင့် ငြိမ်သက်နေခဲ့၏။

သူမ စိတ်ထဲမှာ သေချာနေခဲ့တာက ဦးတင်ထွန်း ပြောပြသည့် လူငယ်ဟာ ဦးဆောင် လောက်တော့ တယ်လိုနည်းနဲ့မှ ရည်မွန် ယဉ်ကျေး[illegible] မှုမရှိနိုင်ဟု ...။

❋ ✳ ❋





<u>အခန်း (၃၆)</u>

အမြဲတမ်း မတည်မငြိမ်ဘဲမြင်ရတတ်သည့်မျက်နှာက ဝင်လာကတည်းက ပြုံးချိုနေတော့ ပြောဖို့ရှိသားသည့်စကားကို ပြောလိုက်တော့မည်ဟု ဒေါ်ကေသွယ်စိတ်ထဲမှာ သေချာသွား၏။

“ပြောပါဦး၊ စောစောစီးစီး ထူးထူးခြားခြားရောက်လာလို့ ..”

ဒေါ်ကေသွယ် ပျာယာခတ်အောင်ဆီးကြိုရင်း တူညီသောအပြုံးနှင့်...

“တို့လဲ ခုပဲလာတော့မလို့ သိလား၊ စိတ်ချင်းဆက်သွယ်နေသလိုပဲ”

“ဟုတ်လား .. ဒီလိုမှန်းသိရင် စောင့်နေပါတယ်၊ ပြောစရာကိစ္စက အရေးကြီးနေတော့ ဒီနေ့အစောကြီးကို နိုးနေတာ ကေသွယ်ရယ်”

ဒေါ်မေသန့်က ရှားရင့်ရောင်လက်ကိုင်အိတ်ကြီးကို ပေါင်ပေါ်မှာပဲတင်ထားပြီး အိတ်ပေါ်မှာ လက်နှစ်ဖက်ယှက်တင်လိုက်တာ ...

“သမီး ညို ရော ..”

“ရှိပါ့ .. အပျွန်း ..”

“အိပ်ရာက မထသေးတာလား”

"ဒီကြား.. ကို.. ဦးမြင့် လေသာနဲ့ သမီးက ဦးအောင် မှာ လာ အသားယုံရာလာကဲ့သို့ မနေ့ကအောင်မြင်သော ကြည်"

"ဟုတ်သား.."

ဒေါ် လေးမိုးက ဝမ်းသာရှိပြီး ပျော့ပျော့ကလေးပြုံးလိုက်သည်။ ပြောပြီးတော့လည်း သမီးကိုလေးလေး ကော်ပီ ထားသွားရုံ ဝမ်းမလေးဖြစ်လာသည်။

ဒုတိယ ဦးအောင်နဲ့ လောင်းနေရသလောက် တိုင်ပင်ချင်ကြောင်း ပြောချင်သော်လည်း ပြောမထွက်ခဲ့တော့ပေ။

"ကိုကြီး ပေါ့အကြံညာက လေသနဲ့ ဒီကိုက် တည်တည်ပါလာ နေတော်တော် သမီးကိုမြင်လိုက်ရင် သမီး ..သမီးရဲ့ ပါးပါးက ဦးအောင် ကလဲ ညီ့ကိုခ်ဲ့ချစ်ပိုက်တော့ကနဲ့ ဒီလောက် အပ်ပါ လာသနေတာ လေးလေးလိုက်ချင် ဖောဘာမိမြှော်ရှက်သွားသော ပြစ်ကို မသိ ခရှုတ်တာကို မနေနိုင်ဘူး"

"အေးလေ .. မေသန့်ကသါ ဦးအောင် ကို ပဲဒီမှာ အိမ်ထောင်ကျ စေချင်လို့ ဒီမြေမြို့ကိုပိုက်တာပဲ ဦးအောင် မှာလဲ ပြောစရာသေနေ မရှိတော့ ဘူးထင်တယ်၊ ပြောလိုက်တာကောင်းပါတယ်၊ ချော့မြှူးချင်ပဲ ဒီကို သူသဘောမတူရင်တောင် အရှက်တကွဲဖြစ်ရဖို့တော့ မရှိပါဘူး"

ဘာဖြစ်ဖြစ် မောင်မကျာတာအဘီးတော်သည့် အစ်ကိုဖြစ်သူကိုယ်တိုင် မှန်မှန်ပြောလိုက်ဖို့ သဘောတူတာကို ဒီနေ့ပြောတော့မလို့ အင်အားတွေ ပြည့်လာခဲ့မိ၏။ နဲတော့ အဆင်ပြေပြီ အကျိုးအကြောင်းတွေ ဖန်လာသည်။

"ဒေါ်ယုရေ ..."

"လာပြီ မဒေါ၊ လာပြီ .."

ဒေါ်ယု ထွက်လာတော့ ဆံပင်ဖြူချို့ ရောလျက် အသက် ငါးဆယ် ကျော်ခြောက်ဆယ်လောက် မိန်းမကြီးတစ်ယောက် ..။





"လွှဲလည်းကို သင်္ချိုင်းလမ်းလျှောက်ရအောင် ပါးလာလိုက်သွားတယ်လိုက်တဲ"

"ဟုတ်ကဲ့ .."

"အလုပ်တွေကတော်တော် ပြန်လာခဲ့ ဒေါ်ယု ကျွန်မလည်းပါလာရင် တဆိတ်လောက်လေးပါနော် ဦးရေးလေ"

ဟွာ်ခဲ့ ပြောပြီးမှ ဒေါ်မေသန့်ကိုလှည့်ကြည့်ပြီး မှုန်ကာ ..

"အသားအရောင်ဆို သမီးက အိပ်ဖြစ်ရသော အကြမ်းပြင်းနေရတဲ့ အဆင်တော့ ဆိုးစရာကိုမရှာ .. အလှုန်း .."

"မော .. ကလေးအတွက် အိပ်မက်ဆိုတာပိုကြိုပြင်ထား လိုက်ချင် အေးအေးမွှာအိမ့်ဆို .."

"ဟင် ..."

ဒေါ်ကေသွယ်မျက်နှာ ညှိုးခနဲ ဖြစ်သွား၏။ ထို့ကြောင့် မေလ မရုပ်ရတော်တောင်က ...

"သမီး ရေချိုးနေတဲ့မှာလေ ဒါလေးတောင် ရှုပ်မသိဘူးတော့ မိုး ရုပ်မိုးသောလိုမထုပ်ကာ အရှုံးဆုံးပဲ သိပ်ကိုအရေရှည်တယ် .. သွား တော့.. သွား ..."

"ဟုတ် .. ဟုတ်ကဲ့ပါ"

ဒေါ်ယု ဆိုသည့်မိန်းမကြီးထွက်သွားတော့ ဒေါ်မေသန့် မျက်ဝန်း တွေက ဒေါ်ကေသွယ်မျက်နှာထက်မှာ ငေးမောလျက် ..။

"ပြောဖို့စကားတောင် ဘယ်ရောက်သွားမှန်းမသိတော့ဘူး"

ဒီဘက်ကိုလှည့်လာသည့် ဒေါ်ကေသွယ်မျက်နှာမှာ အပြုံးတို့ ဝေဆာလျက် ..

"ကဲ .. ပြောစရာရှိကြတာချင်း တိုက်ဆိုင်စွာ လာတွေ့ကြတာ တို့က အိမ်ရှင်၊ မေသန့်ကိုပဲ ဦးစားပေးရမှာ၊ မေသန့် အရင်ပြောလေ"

"ကောင်းတယ်"

ဒေါ်မေသန့် မျက်နှာမှာ ကြည်လင်မှုတွေ လျှော့ပါးလျက် ..

"ဒီလိုလေ၊ ရန်ကုန်မှာ ဆွေမျိုးတချို့ ရှိပေမယ့် ကေသွယ်နဲ့ပဲ တို့က ရင်းနှီးတာ ..."

"ဟုတ်တာပေါ့ ပြောမနာဆိုမနာ ရင်ဖွင့်လို့ရတယ်၊ ပြော .. ဘာလဲ"

"သားရဲ့ အိမ်ထောင်ရေးမှာ တို့ ဘယ်လောက် အလေးအနက် စဉ်းစားခဲ့တာလဲ .. ကေသွယ် သိပါတယ်"

"သိတယ်လေ၊ သားက အရည်အချင်းကောင်းတွေနဲ့ လူရည်မွန် လေး၊ ဘယ်ကမှန်းမသိ၊ ဘယ်လိုအဆင့်မှန်းမသိတဲ့ မိန်းကလေးမျိုးတွေနဲ့ ငြိသွားမှာ မေသန့် စိုးရိမ်မှာပေါ့၊ တကယ်ဆို အကြောင်းသိ ခတ်သိထဲက ပဲကောင်းတာ မေသန့်ရဲ့၊ ဘာမှထူးခြားပြီး စိတ်မပူရတော့ဘူး"

"ဟုတ်တယ် ကေသွယ်၊ သားက လူပျိုကြီးစာရင်းဝင်နေပြီ ခုထိ ချစ်သူလဲမရှိခဲ့ဖူးဘူး၊ လက်ရဲခေါ်ရဲ အရမ်းပေါ့ထိဖြစ်နေတဲ့ မိန်းမငယ် လေးတွေနဲ့ ငြိမိရင် တို့ ရင်ကျိုးမှာ ..."

"အင်းပေါ့ .."

"အရမ်းရိုးဖြန့်ရင်လဲ သားကိုက လူကြီးပိုင်းရောက်နေပြီဆိုတော့ အိမ်ထောင်ရေးက ပျင်းစရာကြီးဖြစ်နေမှာ .. အဲဒါကြောင့် ..."

"နုနုငယ်ငယ် လှလှပပလေးနဲ့ပဲဖြစ်သင့်တာပေါ့၊ ဟုတ်တယ် .. ဘယ် အချိန်ထကြည့်ကြည့် နုပျိုသွက်လက်နေတာလေး .."

"သွက်တာကိုတော့ကြိုက်တယ် ကေသွယ်ရဲ့၊ ဒါပေမယ့် ရဲလွန်းမှာ ကလက်တယ်"

"မေသန့်ရယ်၊ ကိုယ့်အကြိုက်ရှည်းပဲ မကြည့်နဲ့ဦးလေ၊ သားအတွက် ရင်ခုန်သံလေးဘာလေးဖြစ်အောင် ငဲ့ရဦးမှာပေါ့၊ မဟုတ်ဘူးလား .."



ဒေါ်မေသန့်က သန့်စင်ခဲ့ညားသည့်အပြုံးနှင့် စိုက်ကြည့်ပြီး ခေါင်းညိတ်သည်။

"မှန်တယ်၊ အဲဒါကြောင့် သားကိုယ်တိုင် လက်ညှိုးထိုးတဲ့ မိန်းကလေးကိုပဲ ရွေးလိုက်တာပါ၊ ပြောရမယ်ဆိုရင် သား ရွေးချယ်တာပေမယ့် တို့လဲ အရမ်းသဘောကျခဲ့တာ၊ အဲဒီကိစ္စအတွက် ကွန်တက်လုပ်ပြီး ပြီလေ၊ လူကြီးချင်းတွေ့ပြီး စေ့စပ်ပွဲလုပ်ဖို့အတွက် တို့ဘက်က အင်အားနည်းနေလို့ ကေသွယ့်ကိုလာဖိတ်တာ ..."

ဒေါ်ကေသွယ် 'အင်း .. အဲ' မလိုက်နိုင်အောင် ဆွံ့အသွားခဲ့၏။

"ကေသွယ်တို့နဲ့ ရင်းနှီးပြီးသားပါ၊ သမီးညိုရဲ့သူငယ်ချင်း 'အနီရောင်နှင်း' ဆိုတဲ့မိန်းကလေး .."

"အနီ ..."

"အင်း .. ဟုတ်တယ်၊ အနီ လို့ခေါ်ကြတာ၊ အဲဒီမိန်းကလေးက နာမည်လေးနဲ့လိုက်အောင် ထူးခြားတယ်၊ ယဉ်ယဉ်လေးနေပေမယ့် စိတ်ထက်တာလေးကို တို့တွေ့တယ်၊ သွက်ပုံစံကသွက်ပေမယ့် မကလက်ဘူး၊ မိုက်ရိုင်းတာမျိုးမဟုတ်ဘဲ ပြောရဲဆိုရဲရှိတာမျိုး ..."

"နေပါဦး မေသန့်ရဲ့၊ သူ့အကြောင်းဘယ်လောက်သိလို့ ဒီလောက် ပြောနိုင်နေတာလဲ"

ခဏအတွင်းမှာပြောင်းလဲသွားသည့်မျက်နှာကို နားလည်သည့် မျက်ဝန်းများနှင့်ကြည့်၍ ဒေါ်မေသန့်က ပြုံးသည်။

"သူစိမ်းတွေပဲ ကေသွယ်၊ သူစိမ်းအဆင့်လောက်ပဲ အကဲခတ်လို့ရတာပေါ့၊ ဒါပေမယ့် သူ့အမေနဲ့ တို့ဆုံပြီးပြီ၊ ပညာတတ် လူရည်သန့်တွေပါ၊ ဘာမှပြောစရာမရှိဘူး"

"ရှိတော့ရှိလိမ့်မယ် မေသန့်ရဲ့၊ သူတို့မှာ ပင်စင်လစာလေးနဲ့ ရပ်

တည်းနေကြရတာ တိုက်ခဲ့တာနဲ့ ထုတ်ခံ့တာသဘောကောက်ကိုမြင်ပါ့ ... မယ့် တစ်မျိုးလုံးတစ်ခွေလုံး ချမ်းသာတဲ့မျိုးရိုးမရှိဘူး သားရဲ့အဘိုး ဒီကျွန်းမှာစုဆောင်းဖို့ ဝါသနာကြီးတော့ သူ့သားနဲ့ ဒီလောက်ဆယ် လောက်မိန်းကလေးကို သဘောတူပါ့မလား"

ဒေါ်မေသန့်က ဆုံးအောင်နားထောင်ပြီးမှ အသံမတွဲ့တဖွဲ့ပြော နိုင်ရယ်၏။

"အင်း .. ဒီနေရာမှာတော့ သူလက်ခံမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီသား လိမ္မာသည်ဖြစ်စေ၊ ဒိုက်မဲသည်ဖြစ်စေ သုံးဖြုန်းမကုန်အောင် သူ ရှာနိုင်တယ်တဲ့၊ အဲဒီလို အစုလိုက်အပုံလိုက်ပေးထားချင်လို့ ဒီလိုရှာတာ လို့ပြောဖူးတယ်"

ဒေါ်ကေသွယ် မပြုံးနိုင်တော့ဘဲ နှုတ်ခမ်းတွေ စေ့ပိတ်နေခဲ့၏။

"တကယ်တမ်းကျတော့ ချမ်းသာတဲ့လူတွေလဲ နေ့ချင်းညချင်း မွဲသွားနိုင်တာပဲလေ၊ ဥပမာ .. အသုံးအစွဲကြီးလို့၊ လောင်းကစားဖျက် လို့ .. အမျိုးမျိုးပဲ၊ တို့ကတော့ အလိမ္မာအိမ်ပါလေး လိုချင်တာ၊ စည်းစိမ် ဥစ္စာက အဓိကမကျပါဘူး၊ တည်တံ့ရည်မွန်တဲ့မိဘကနေ ဆင်းသက် လာတဲ့ ယဉ်ကျေးလိမ္မာသူလေးဖြစ်ဖို့က အဓိက၊ ခုနကပြောခဲ့သလိုပေါ့ အရမ်းပေဟဒ်ဖြစ်နေတဲ့ မိန်းမငယ်လေးတွေနဲ့ လုံးဝထိစပ်မခံနိုင်လို့..."

ကိုယ်က စေ့စပ်ချင်တာဖြစ်ပေမယ့် သူများစေ့စပ်မှာကို ကြားနာ ရင်း ဒေါ်ကေသွယ် မသိမသာအံကြိတ်နေခဲ့ရသည်။ ဆုံးရှုံးရရှိ သက်သက် မဟုတ်ဘဲ ထိုးနှက်ခြင်းတွေကို မရှုမလှခံလိုက်ရရင်း ...

❋ ❋ ❋



## အခန်း (၃၇)

"ဘာမှမလုပ်လိုက်နဲ့နော်၊ ပြန်ပေး ..."

"မလုပ်ပါဘူး၊ ရော့ .."

ဖုန်းကိုပြန်ကမ်းပေး၍ ချို က သက်ပြင်းချသည်။

"ငါတော့ နင်ထင်သလိုမထင်ပါဘူး"

"မထင်ရင်မပြောနဲ့တော့၊ အစက သူလုပ်ရပ်တွေကို ငါနာကျင်ခဲ့ ရတာမှန်ပေမယ့် အခု ကြာလာလေပိုသိလေ၊ သူ ငါ့ကို တမင် အသည်း ခွဲတာ ..."

"ညီုရယ်၊ ဟိုကောင်တွေလဲပြောတယ်၊ နင်လဲ အားလုံးမြင်ခဲ့ရတာ .. ဒီလောက်ထိ ..."

"မဟုတ်ဘူး၊ အဲဒါကိုက ဖန်တီးနေတာ၊ သူ ငါ့ကို မျက်နှာချင်း ဆိုင်ပြီး မပြတ်သားရဲဘူး"

"သူကိုယ်တိုင် နင့်ကို ဖုန်းထဲက ..."

"အဲဒါပြောတာ ...၊ သူပျောက်သွားကတည်းက ငါ့ကို တခါမှ လာမတွေ့ဘူး၊ သူ့ရဲ့ အစ်ကညောင်ရှုပ်ချက်က ကဲပဲ"

"ညီ့ရယ် ..."

'နင်ရူးနေပြီ' လို့ပြောနေသည့် ချို့ မျက်လုံးတွေက ညီ့နဲ့ မျက်လုံးချင်းဆုံလိုက်မှ တခြားကိုရွှေ့၏။ ပြီးတော့မှ တောင်းပန်သလို အားနာဟန်နဲ့ ပြန်လှည့်ကြည့်၍ ...

"ငါပြောမယ် ညီ၊ စည်း က ဒီနေ့ထိ သူ့ချစ်သူဆိုတဲ့ မိန်းမတစ်ယောက်ကိုမှ ဆွဲမထုတ်ခဲ့သေးဘူး"

"သူနဲ့ငါ ချစ်သူတွေဖြစ်ခဲ့တာ လူတိုင်းသိတယ်"

"အဲဒါ ငါနဲ့ပတ်သက်ပြီး နင်ကစခဲ့တာမို့လား၊ သူပြန်တွဲတာကလဲ နင်ထင်သလို အချဉ်မဟုတ်ဘူးဆိုတာပြချင်လို့ တမင်လိုက်လျှောက်တာ၊ အခု အနီ့ကို သူချစ်သွားတယ်ဆိုတာက ..."

"ငါ လုံးဝလက်မခံဘူး ချို၊ သူ အနီ့ကို တမ်းတမ်းစွဲတယ်ဆိုတာ ငါ ဘယ်လိုမှလက်မခံနိုင်ဘူး။ အနီ့ဘဝနဲ့ငါ့ဘဝ၊ ငါလိုမိန်းမနဲ့ အနီ့ကို..."

"အနီ က နင့်လောက်မလှတာတော့မဟုတ်ဘူး ညီ၊ မပေါ်လွင်တာ၊ ဘဝအခြေအနေကွာခြားတယ်ဆိုတာလဲ သူ နင့်လိုမဖြင့်ရင်တောင် နေ့မိုးထရံကာနဲ့နေတာမဟုတ်ဘူး၊ သူ့မိဘတွေကလဲ တစ်နေ့ရှာမှတစ်နေ့စားရတဲ့ လူတန်းစားမဟုတ်ဘူး၊ ငါ အနီ့ ဘက်က ပြောတာမဟုတ်ပါဘူး ညီ့ရယ်၊ နင့်အတွေးတွေ အစွန်းရောက်သွားမှာစိုးလို့ပါ"

ချို က ညီ့ တစ်မျိုးမထင်အောင်လည်း ရှင်းပြသည်။ သူ့စိတ်ထဲမှာရှိနေတာကိုလည်း တကယ့်အရှိအတိုင်း မြင်စေချင်သည်မို့ ...

"ကြိုက်မရှက် ငိုက်မရှက် ဆိုသလို ငါ သူ့နောက်ကို တကောက်ကောက်လိုက်မိတဲ့အထိ ရူးသွပ်ခဲ့တာ၊ ကိုယ်ကချစ်ရတဲ့သူဆိုတော့ ငါ့



ဘက်က ဖြားယောင်းလိုက်တော့ရတာတွေ အများကြီးပဲ၊ ဒါတောင်မှ စည်း က 'ဆောရီး' စကားတစ်ခွန်းကို မပြောင်းမလဲ ပြောထွက်တယ်၊ သူက မိကောင်းဖခင်သားသမီး ပီသပါတယ်၊ မိန်းကလေးတစ်ယောက်အပေါ်မှာ ပါးစပ်နဲ့ရော၊ လက်နဲ့ရော ဘာနဲ့မှ သွားစုပ်လေလွင့်မပြောဘူး မစော်ကားဘူး၊ ငါလေ .. ငါ့ဟာငါပဲ အရှက်ထိတယ်၊ သူ အခွင့်အရေးမယူလို့ ငါ့ဘက်က သူ့ကို ကျေးဇူးတင်ရဦးမှာပါ၊ ဒါပေမယ့် အဲဒါကိုပဲ ပြန်တွေးတိုင်း ရှက်မိလို့ ငါ အိပ်ဆေးသောက်တဲ့အထိ လုပ်ခဲ့မိတာ .."

မြစ်ရေပြင်ကြီးကိုငေးနေရင်း ညီ က မျက်နှာတင်းတင်းလေးနှင့် ငြိမ်နေ၏။ နားထောင်နေတာဖြစ်ဖြစ် နားငြီးလို့ပဲ ဒေါသတွေ ကျိတ်ဖြစ်နေနေ ချို ကတော့ အားလုံးကို အရှိအတိုင်း ညီ သိစေချင်သည်။

"သူ့ဘာသာ ဘယ်သူ့ကိုပဲချစ်ချစ် မချစ်ချစ် ကိုယ်နဲ့ ခတ်လမ်းပြီးသွားပြီပဲ ညီ့ရယ်၊ ထားလိုက်ပါတော့ .."

"မထားနိုင်ဘူး၊ လုံးဝကိုမထားနိုင်တာ၊ ဒီယောကျ်ားနှစ်ယောက် သူ့ကိုခစားနေကြတဲ့အဖြစ်ဟာ တစ်ယောက်က မိဘသဘောတူနေလို့၊ ဟိုတစ်ယောက်က ငါ့ကို ထိခိုက်စေချင်တာ၊ အဲဒါကို သူသိသင့်တယ်၊ သိကိုသိရမယ်၊ အနီရောင်နှင်း ဆိုတာ သဇင်ညီ့ကို ဘယ်တော့မှ မကျော်နိုင်ခဲ့ဘူးဆိုတာ ရာဇဝင်ပျက်လို့မဖြစ်ဘူး"

မြစ်ကမ်းနားတစ်လျှောက်မှာ ညီ့ရဲ့မခံချင်ဒေါသတွေကြောင့် တိုးဝှေ့တိုက်ခတ်နေသည့်လေပြည်တောင်မှ ပူနွေးနေသည်လားမသိ။

ရင်ထဲမှာ ဆုံးရှုံးလိုက်ရခြင်းထက် အဆများစွာ ပူလောင်သော ဝေဒနာသည် ဘယ်လိုမှ လက်မခံနိုင်သော သဝန်တိုစိတ်တွေပဲဖြစ်၏။

ကမ်းနားတစ်လျှောက်မှာ ဘယ်ကိုပဲငုံကြည့်ကြည့် ဆိပ်ခံဇောတံတားမဟုတ်ဘဲ ချစ်ကြင်နာနေကြသည့် စုံတွဲတွေချည်းပဲမြင်နေတော့

ငိုခံစားရသည်။

ဒီနေရာမှာ သူနဲ့ တစ်ခါလာထိုင်ဖူးသည်။ မြစ်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် ကြမ်းရှရှလေကြောင့် ညို့ဆံပင်တွေ ပါးရိုးတစ်ဖက်မှာ အုပ်ကွယ်သွားတော့ တယုတယ သိမ်းဖယ်ပေးခဲ့တာ သူပါပဲ။

အဲဒီတုန်းက ညို့ ရင်တွေခုန်ကာ သူ စောင့်ရှောက်ပေးလိုက်တဲ့ ပါးလေးတစ်ဖက်ကို ကြင်နာခွင့်ပေးစေချင်သည်လားဟု တွေးဖြစ်ရင်း မေးဖျားလေးပင့်နေအောင် မော့ပေးထားလိုက်တော့ ညည်းက ရယ်သည်ပြီးတော့ သူ့မျက်နှာငုံ့ကျလာခဲ့ပြီး ...

"မင်းကိုပြောမလို့ နောက်မှာ ခါးပေါ်နေတာ ကိုယ့်လွယ်အိတ်ကို ကွယ်ပေးထားရမလား" တဲ့။

သူ့နှုတ်ခမ်းများက လေငွေ့နွေးကိုရင်ခုန်ရင်း မျက်ဝန်းတွေကို မှေးစင်းထားမိပေမယ့် ပြောလာတာကတခြား ..။ ဒါပေမယ့် ညို့ ကျေနပ်ခဲ့သည်။ ကမ်းနားလမ်းတစ်လျှောက်မှာ ကျန်းမာရေးသွားလာနေကြသည့် မိသားစုတွေလည်း ရှိနေကြသည်မို့ တခြားစုံတွဲတွေ ကြင်နာနေကြတာတောင် အမြင်မတော်။ ညည်း ကတော့ ဒါကို စောင့်ထိန်းတတ်သည်ဟု ...။

တကယ်က သူ မကြင်နာခဲ့တာလား ..။ ဘယ်တုန်းကမှ မကြင်နာခဲ့ဘူးဆိုတာ တကယ်ပဲလား ..။ မဟုတ်ဘူး။ သူ ညို့ အတွက်ဆို ဘာမှ လိုလေသေးမရှိ ဂရုစိုက်ခဲ့တာ ..။

ရင်ထဲမှာ တကယ်တွေ၊ တကယ်မဟုတ်တာတွေနှင့် ရှုပ်ရှက်ခတ် ဖြစ်နေကြ၏။ ခံစားချက်များကြောင့် ညို့ နှုတ်ခမ်းလေးကို နာကျင်နေတဲ့အထိ ဖိကိုက်ထားမိရင်း ...

"နင်တို့က ဒီပြဿနာကို သူ အနီ့ကိုချစ်နေလို့ဖြစ်ခဲ့တာလို့ ထင်



နေကြတာ၊ ငါကလဲ ငါ့ကိုပဲ သူချစ်ခဲ့တာပါလို့ မပြောပါဘူး။ ဒါပေမယ့် ငါ့ကို အထိနာစေချင်တာက အမိက၊ အဲဒါကို နင်လက်ခံစမ်းပါ"

ချို က မျက်လွှာပင့်ကြည့်ပေမယ့် ဘာမှမပြောပါ။

"သူ အနီ့ကိုချစ်ပြလေ ငါခံစားရလေလို့တွက်ပြီး ဒီလိုတွေလုပ်ပြနေတာ၊ ငါကလဲ ဘာတွေကြားကြား ဘာတွေမြင်မြင် သိတယ်၊ နည်းနည်းတော့ခံစားရပေမယ့် သူ ဖြစ်စေချင်သလောက်တော့ ငါ မဖြစ်ဘူး ချို၊ ရင်ထဲမှာ နှိပ်စက်နေတာက သူရှိနေတဲ့သူက အနီ ဖြစ်နေတာကိုပဲ"

ချို သက်ပြင်းလေးချ၍ လက်ကနာရီကိုလည်း ငုံ့ကြည့်နေ၏။

"နင်ပြန်ချင်လို့လား ချို၊ ဒါနဲ့ အိမ်မှာ ဘယ်သူမှမရှိဘူးဆို .."

"အင်း .. ဒက်ဒီအရင်ပြန်ရောက်လာရင် ငါ့ကိုတန်းမေးမှာ၊ ရတော့ရပါတယ်၊ နောက်နေ့ကျရင် ငါက မန္တလေးသွားမှာဆိုတော့ သူငယ်ချင်းတွေကို လိုက်နှုတ်ဆက်နေတာလို့ ပြောမှာပေါ့"

သူမဘာသာပြောပြီး ညို့ကိုစိုက်ကြည့်ကာ ...

"ပြဿနာဘယ်ကစခဲ့ စခဲ့ဟာ ..၊ ကလေးစားတွေ အငြိုးတွေ နင်ထပ်မထားပါနဲ့တော့၊ အခု ငါ့ကြောင့် နင်ဒေါသဖြစ်ရာကစပြီး ရှုပ်ကုန်တယ်၊ အဲဒါ သူဟာသူရှင်းသွားပြီဆိုလဲ ထားလိုက်ပါတော့ .."

"မထားနိုင်ပါဘူး"

"နင် ကိုဦးကို ဆုံးရှုံးမခံနိုင်တာလဲမဟုတ်ဘူး၊ ညည်း ကိုလဲ ပြန်လိုချင်တာမဟုတ်ဘဲနဲ့ .."

"ဒီလိုမိန်းမမျိုး၊ ကိုကိုနဲ့လဲ မဆုံစည်းရဘူး။ ညည်း က ချစ်နေတာဆင်ပြီး ပါဝါတွေကြွနေတာလဲ ငါဖြတ်ပစ်ရမယ်"

"ငါထင်တာတော့ နင့်ရဲ့မသိစိတ်က ညည်း ကို ဆုံးရှုံးမခံနိုင်တာပါ"

"လုံးဝမဟုတ်ဘူး၊"

ညှိုးနေတဲ့မျက်ဝန်းတွေကို ချို ကစိုက်ကြည့်၏။ ကိုယ်တို့ကြားကို တင်ပွန်းတတ်ခဲ့ပေမယ့် ဧည်း ကို ရင်ဆိုင်လိုက်ပြီးတဲ့နောက်မှာ ပြို သချိုးစားချက်တွေဟာ ကိုယ်နဲ့ဆိုင်တော့တာကိုက ဧည်း ကို ညို တစ်ဖက်သတ်ချစ်နေခဲ့ခြင်းပဲဖြစ်သည်။

ထို့ပြင် ဧည်း က မသိချင်ယောင်ဆောင်ပြီး လိုက်လျှောခဲ့သမျှ အ လိုက်သမျှအားလုံးမှာ ပစ်စလက်ခတ်သဘောသာခဲ့၏။ ဟိုက ဟန်ဆောင် ချစ်ပြခဲ့တာပါလို့ အားလုံးဝန်ခံနေတာတောင် ညို လက်မခံနိုင်။

ဒီဖြစ်စဉ်ကို အလျားအနံတိုင်းကြည့်ရာမလိုတဲ့ ချို အားလုံးကို ခန့်မှန်းမိနေသည်။ ညို့ မျက်ဝန်းတွေမှာတော့ အမှောင်ဖုံးနေပြီဖြစ်၏။

ညို ကလည်း ချို့ကိုကြည့်ပြီးတော့ ဘာတွေတွေးနေလဲဆိုတာ သဘောပေါက်သွားကာ ...

"ငါက ရင်ဖွင့်နေပေမယ့် နင်လဲ ငါ့ကို နားမလည်သေးပါဘူး ချို ရယ်၊ ရပါတယ်၊ ငါကလဲ ဖော်လိုလိုက်ရှာနေတာမဟုတ်ပါဘူး၊ ရင်ထဲမှာ ကျပ်နေလို့ ..."

"ညို ..."

"ပြော ..."

"နင် ငါ့ကို စိတ်မဆိုးဘူးဆိုရင် ငါတစ်ခုပြောချင်တယ်"

"ဘာလဲ"

ပြော ဆိုပေမယ့် ချို က မပြောသေးဘဲငြိမ်နေ၏။ ပြီးမှ ...

"အနီးနဲ့ အရမ်းခင်နေကြပြီးမှ မုန်းကြတဲ့အထိဖြစ်သွားတာ ဘာ ဖြစ်လို့လဲ၊ နင်သိလား"

"သူဘက်က မှုမမှန်တာလေ၊ အစက အရမ်းခင်ခဲ့ကြတယ် ဆိုတာ လဲ မဟုတ်ပါဘူး၊ အကြောင်းပေါင်းသင့်ကြတဲ့သဘောပဲ၊ အဟွန်း ... သူဟာ





ဧည်း ကို တစ်ဖက်သတ်ကြိတ်ကြိုက်ပြီး ငါ့ကို မျှော်လင့်ချက်ပေးခဲ့တာ ဟာ အဲဒါကြောင့်လဲ ဧည်း ဆိုတဲ့သတ္တဝါအတွက် ဝေဒနာတွေ ရသွား တာပဲ"

"ငါတော့ နင်ထင်တာတွေထဲမှာ တစ်ခုခုတော့လွဲနေပြီလို့ ထင် နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခု ငါကြည့်ရတဲ့ပုံတွေအရ ..."

"တော်ပြီ .. တော်ပြီ၊ အဲဒါ ဆက်မပြောနဲ့တော့၊ မျက်လုံးထဲမှာ လဲ မြင်မမြင်ချင်ဘူး၊ စိတ်ထဲမှာလဲ သတိမရချင်ဘူး၊ နင်ပြန်တော့မှာ မို့လား၊ လာ .. သွားမယ်"

ချို မျက်နှာလေးမကောင်းဘဲ ခေါင်းညိတ်လိုက်သည်။ သူမ ခံစား မိနေတာက အနီး့မျက်နှာထက်မှာ ညို စွပ်စွဲထားတာတွေ လောက် ညစ်နွမ်းနေတာမရှိ။

ဒါပေမယ့် တစ်ခုခုတော့ ရှိမှာပါ ...။

❋ ❋ ❋

## အခန်း (၃၀)

အနီ ဖုန်းပိတ်လိုက်တာကို ဦးဆောင် က စိုက်ခနဲကြည့်ပြီး မေး
မမေးသင့် တစ်ချက်တော့တုံ့ဆိုင်းသွား၏။ ပြီးတော့မှ ...

“ဖုန်းဝင်လာတာ သုံးခါရှိပြီထင်တယ်၊ ဘာဖြစ်လို့ နားမထော
တာလဲ”

အနီ က မပြောဘဲ မျက်မှောင်ကြုတ်လေးနှင့် ပြန်ကြည့်လျှင်...

“ကိုယ်စပ်စုတာမဟုတ်ပါဘူး။ မင်း ကိုယ့်ကြောင့်များ ...”

“ဒါ အနီ့ချစ်သူဆီကဖုန်းဆိုရင် ရှင်က ရှောင်ပေးမှာလား”

ဦးဆောင် မျက်နှာပျက်သွားပြီးမှ ဝေယွဲ့ယွဲ့ပြုံး၏။

“ရာဇဝင်အကြောင်းကို အတွင်းရေး၊ အပြင်ရေး ကိုယ်အသ
သိပြီးသားပဲ၊ အနီ့ပြောသမျှ မဟုတ်တာတစ်ခုမှမပါဘူးလို့ ကိုယ်
ထင်တယ်”

တော်တော်လည်တဲ့လူ ..။ အနီ့နှုတ်ခမ်းလေး တွန့်သွားတော



ဦးဆောင် ကကြည့်ပြီး ခေါင်းညိတ်နေ၏။ ပြီးတော့ သာကိုးသော
ယယ်လိုသွားရမှန်းမသိတဲ့ ဟွန်းခနဲ ရယ်ကာ ...

“ဒါဆေယ့် ခင်းနေစ်သက်တဲ့ တစ်ဆက်သတ်ချစ်နေတဲ့တစ်ယောက်
က ကြိုးစားနေတာမျိုးတော့ ရှိချင်ရှိနိုင်တာပေါ့လို့တွက်တယ်”

“ရှင်က ခန့်မှန်းတွက်ဆနေရတာတွေ တော်တော်ဝါသနာပါပုံ
ရတယ်”

“မင်းနဲ့တော့ ခုပါ”

အနီ ကြည့်လိုက်တော့ မျက်လုံးချင်းဆုံသွား၏။ သူ့မျက်နှာမှာ
ရယ်မြူးကိုင်တွေနှင့် ကြည့်လင်နေပေမယ့် အနီ က တစ်ချက်မှမပြုံးပေ။
အေး ဘာဖြစ်လို့ သူတို့စုစပ်တာကို ချက်ချင်းလက်ခံလိုက်မှန်း မသိပေ
မယ့် ဒီလိုချက်ချင်းကြီး ကြိုးစားယူလိုက်တဲ့သူ့ကိုတော့ မကျေနပ်ချင်၊
တွေ့ကြတာလည်း ဘာမှမကြာသေး ...၊ သူ ရင်းနှီးဖို့ ကြိုးစားတိုင်းလည်း
ကိုယ်က လက်ခံခဲ့တာမဟုတ်။ တစ်ချက်ကလေးပဲ ကျေးဇူးတင်စရာ
ဖြစ်ခဲ့ပြီး၊ အိမ်ကိုပါလာသည်။

ဒီနေ့ ဒီလိုတွေဖြစ်လာဖို့ ဖန်လာခဲ့၏။ မိုးပြာရောင်ရင့်ရင့်ကို ဝတ်
ထားသည့် အနီ့မျက်နှာဖြူနုနုလေးမှာ ပါးပြင်လေးနစ်ဖက် နီမြန်းနေ
တာကို ဦးဆောင် က နားလည်နေသည်။

မိန်းမလှလေးတွေ ရှက်သွေးဖြန်းတာမျိုးမဖြစ်နိုင်၊ သူ့အပေါ်မှာ
အနီ မကျေနပ်ခြင်းမှလာသော ဒေါသ၏အငွေ့အသက်များသာ ..။

“တစ်ခုခုပြောပါလား အနီ၊ ကိုယ့်အပေါ်မှာ အနီ သဘောမကျ
တာရှိရင် ...”

“ပြောရရင် တစ်ခုခုတော့ကမှာမဟုတ်ဘူး၊”

“အများကြီးကိုရှိနေတာလား ..”

"ဟုတ်တယ်"

"ဟောဗျာ .."

ရယ်ကျဲကျဲနှင့်မျက်နှာကို အနီ က နှုတ်ခမ်းလေးခပ်ရွဲ့ရွဲ့နှင့်

ကာ ...

"ရှင့်ကို အနီ ပြောနေတာတွေ ပန်းနဲ့ပေါက်နေတာမဟုတ်ဘူး

ဘာလဲ .. ရှင့်မျက်နှာမှာ ဘာကြောင့်မှအပြုံးမပျက်တာ လူကို

တာလား .."

"ခက်ပါလား ချာတိတ်ရာ ..."

"မနက်ဖြန်စေ့စပ်မှာက ရှင့်သဘောကြောင့်လို့ ရှင်ကိုယ်တိုင်

တာလေ"

"အဲဒါ ဘာဖြစ်လို့လဲ"

"ရှင့်ကို ဒီက ကြည်ပါတယ်၊ ကြိုက်ပါတယ်လို့ ပြောမိလို့

"ဒီလိုပဲ မိဘပေးစားတာကို ခေါင်းညိတ်ခဲ့ကြတဲ့ သားသမီး

ရှိတယ်ကွာ၊ ခုလဲ ကိုယ်တို့က မိဘပေးစားတာပဲ၊ ဒါပေမယ့် ကို

ချစ်နေတော့ နှစ်ဖက်စလုံး ရင်ခုန်သံမဖြစ်ကြတာနဲ့စာရင် မင်းရဲ့ရင်

ကိုယ်ကနိုးဆွလို့ရတယ်၊ မင်း ကိုယ့်ကိုမချစ်ပေမယ့် ကိုယ်က လက်

တယ်၊ အဲဒါကို ..."

"အဲဒါကိုက ရှင် အနီ့ကို လူရာမသွင်းချင်တာ .."

"ကော်ပြီ၊ ဘယ်လိုရှင်းရမှန်းကိုမသိတော့ဘူး"

သူ တကယ်ခေါင်းကုတ်၏။ ပြီးတော့ ဆံပင်တွေကိုဖြန့်သ

အနီ ထိုင်နေသည့်ခုံ၏တစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်သည်။

အနီ ကမကြိုက်သည့်ပုံလေးနှင့် လက်ပိုက်ပစ်လိုက်ပြီး

လေးလဲ့နေ၏။ စေ့စပ်မှာက မနက်ဖြန်မှ ..၊ ဒါကို ဒီနေ့လာတာ



ရှိနေပြီ။ နှစ်ခေါက်စလုံး ဆင်းမတွေ့ဘဲနေတဲ့ဟာကို ညနေလေး ခြံထဲ ဆင်းလျှောက်ဖို့စိတ်ကူးနဲ့ ထွက်မိကာမှ ဒေါ်မှာ ကားထိုးရပ်သွားတာက ကွက်တိ။

ပြီးတော့ ကားပေါ်ကဆင်းလာပြီး ပြောသေးသည်။

"ဖြန့်လှည့်မပြေးနဲ့နော်" တဲ့။

ရာထူးရာခံနှင့် လူကြီးလူကောင်းပုံ ခံ့ခံ့ကြီးနေပြီး ပါးစပ်ကတော့ တစ်ချစ်တည်းချစ်နေတာ ဘယ်လောက်မုန်းစရာကောင်းသလဲ ..။

"အနီ ..."

ကိုယ့်စိတ်ကူးနဲ့ကိုယ် ဒေါသတွေဝုန်းဒိုင်းကြဲနေတုန်း သူ့ခေါ်သံက နှောင့်ယှက်၏။

"ကိုယ့်ကိုမကျေနပ်တာတွေ၊ တလွဲတချော်ထင်နေတာတွေ အကုန် လုံး ရင်ထဲမှာပဲထားဦးနော်၊ စေ့စပ်လက်ထပ်မပြီးခင်အထိ စကားမှားတာ၊ အချင်းများတာတွေဖြစ်မှာစိုးလို့ပါ၊ အနီ့ကို ကိုယ်ဘယ်လို အကြောင်း ကြောင့်မှ ဆုံးရှုံးမခံနိုင်ဘူး၊ လက်ထပ်ပြီးတဲ့အခါ ကိုယ် ဘယ်လောက် ချစ်တယ်ဆိုတာ မင်းသိလာမှာပါ၊ အဲဒါကြောင့် လက်မထပ်ရသေးခင် ခဏလေး ..."

"အို .. ဖြစ်မလား၊ လက်ထပ်ပြီးမှ မှားပါပြီဆိုရင် မိန်းကလေးဘက် က ..."

ပြောနေရင်း စကားရပ်သွားတော့ ဦးဆောင် က အနားကို နည်း နည်းတိုးလာပြီး ...

"ဘာပြောလိုက်တယ် အနီ၊ ခုကတည်းက ရှင်းချင်တယ်ဆိုတော့ မနက်ဖြန်ပဲစေ့စပ်တော့မှာ၊ စေ့စပ်တာကို အနီ က အကဲခတ်ဖို့ လက်ခံ လိုက်တာလား၊ လက်ထပ်မယ့်သူအဖြစ် သတ်မှတ်လိုက်တာလား"

အနီ က မျက်နှာလေးမော့ကာ ...

"ပဝါတစ်ကမ်း လက်တစ်လှမ်းဆိုတာ ရှင် မကြားဖူးဘူးလား"

သူ့ဘက်က ငြိမ်ကျသွားပေမယ့် အိမ်ဘက်ကနေ ခင်ပြုံး၊ အသံ လေးထွက်လာ၏။

"မမလေး .. ဖုန်းလာနေတယ်"

အနီ က လည်ပင်းလေးလိမ်ကြည့်ပြီး ချက်ချင်းထရပ်လိုက်ရင်း ဦးဆောင် ကလည်း ဘေးမှာပါလာကာ ...

"အနီ ..."

"... ... ..."

"မနက်ဖြန် အလှဆုံးပြင်ထားနော်"

ပြောနေတဲ့ကြားက ကြည့်ပါလား ..၊ မှန်းနေတာလည်းမဟုတ်ဘဲ အဲဒီလူကို ကြည့်လို့မရ အဲဒါတွေ ...။

❋ ✳ ❋



## အခန်း (၃၉)

"မမလေး .. မနက်ဖြန် မမလေး ဝတ်မယ့် ရွှေအိုရောင်လေးနဲ့ ဆံထိုးလေးလှတယ်၊ ဒီမှာကြည့်ပါဦး မမလေးရဲ့"

ခင်ပြုံး က အိမ်ရှေ့မှာပြေးလှပ်လိုက်၊ အနီ့အခန်းထဲ ဝင်လာလိုက်နှင့် မမောမပန်းနိုင်ဖြစ်နေ၏။ သစ်ခွပန်းတွေ လာပြလိုက်၊ ကပ်ပန်းတွေ ယူလာလိုက်။ ဘာမှမပြောချင်လို့နေတာလည်း မရတော့ဘဲ ..

"ဇေစပ်မှာလေးကို ဆံထုံးကြီးနဲ့ ပဝါကြီးခြုံပြီးထွက်ပါ့မလား ခင်ပြုံးရယ်၊ နင်ဟာ မပြောဘဲသိတာကိုမရှိဘူး"

"မမလေးကလဲ၊ ဇေစပ်မှာလေးပေမယ့် ဧည့်သည်တွေဖိတ်ထားတာအများကြီး၊ ဟိုဘက်ကပါလာမယ့် လူကြီးတွေကလဲ ကိုကြီးဦးဆောင်ဘက်က အရာရှိ အရာခံတွေချည်းပဲ"

အနီ တစ်ချက်တော့တွေသွား၏။ ထိုစဉ် ဒေါ်တမာခက် ဝင်လာကာ ...

"ဟုတ်သားပဲ သမီး၊ ဆံထုံးနဲ့ ထိုင်မသိမ်းနဲ့ ထွက်ဖို့မလိုပေမယ့် ဟလေးတစားဧည့်ခံရမယ့်လူတွေချည်းပဲ"

မေမေ ဝင်လာတော့ အနီ့မျက်နှာ ချက်ချင်းပြောင်းသွား၏။

"ခင်ဗျား ... အပြင်မှာ အလုပ်နဲ့အိုးတွေကတင်လို့ ခုံတွေရောက်လာပြီ အားလုံး ခုနစ်လုံးရှိတယ်၊ နေရာသွားချပြီး လိုတာတွေကို စလိုက်ပါ။ ကြည့်ထားလိုက် ..."

"ဟုတ်ကဲ့ .."

ခင်ဗျား ထွက်သွားတော့ ဒေါ်တမာခက်က အနီ့ ဘေးမှာ ဝင်ထိုင် လိုက်၏။ ပြီးတော့ ခေါင်းအုံးဘေးမှာ အပုံလိုက်ရှိနေသည့် ဝတ္ထုစာအုပ် တွေ၊ မဂ္ဂဇင်းတွေကိုကြည့်ကာ ...

"သမီး .. စိတ်ဆင်းရဲနေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး မေမေ၊ ဘာဖြစ်လို့လဲဟင် .."

"ခေါ်စပ်ပွဲအတွက် သမီးဘက်မှာ ဘာလှုပ်ရှားမှုမှ မဖြစ်ဘူးလား လို့ ..."

အနီ က ဘာမှမဖြစ်သည့်မျက်နှာလေးနှင့် ခေါင်းခါလိုက်ပြီး ...

"မေမေက ဘာကိုပြောတာလဲတော့မသိဘူး၊ အနီ့ရင်ထဲမှာ ရှက် သလိုလို၊ သူ့ကိုမကျေနပ်သလိုလိုကြီး ခံစားနေရတယ်၊ အဲဒါ စိတ်ဆင်းရဲ တာနဲ့တော့ မဆိုင်ပါဘူး မေမေ၊ မိတ်ဆွေဖြစ်ချင်တာလိုလို၊ ရိုးရိုးသား သားပုံဖမ်းပြီး ခေါ်စပ်ဖို့ ချက်ချင်းကြီးဖြစ်သွားတော့ ..."

"မေမေ နားလည်ပြီ .."

ခုမှ ဘဝင်ကျသွားရသည့်အပြုံးနှင့် ဒေါ်တမာခက်က သွားတွေ ပေါ်အောင်ရယ်လိုက်၏။

"သမီး ရှက်နေတာပါ၊ ခုလို ပွင့်ပွင့်လင်းလင်းပြောပြတာ မေမေ ဝမ်းသာတယ်၊ သူ့ဘက်က ကြိုးစားရုံနဲ့တော့ ခေါ်စပ်ဖို့ ဘယ်ဖြစ်လာပါ့ မလဲ သမီးရယ်၊ သမီးရဲ့မေမေကိုယ်တိုင်က သူတို့ကမ်းလှမ်းတာကို



လက်ခံလိုက်လို့ပါ၊ တချို့ဆိုရင် မမြင်ဖူးကြဘဲနဲ့တောင် ခေါ်စပ်ရ လက်ထပ်ကြဖြစ်ကြတာ .."

သူ့စကားတွေ မေမေ့ဆီရောက်နေပါလား ..။ အနီ ဘာမှမပြော ဘဲ နားထောင်နေလိုက်၏။

"သမီးနဲ့မောင်ဦးဆောင်က ခေါ်ပြောနေကြပြီ ပြီးတော့ သူ့မျက်လုံး တွေကိုကြည့်တာနဲ့ သမီးကို ဘယ်လောက်ထိ မြတ်နိုးနေမှန်း သိသာ နေတယ်လေ၊ နောက်တစ်ချက်က ဒီကောင်လေးရဲ့ စိတ်ဓာတ်ဗီဇ တစ်စိတ်တစ်ဒေသကို သူ့အမေပေါ်မှာယုံကြည်ပြီး ပုံအပ်လိုက်တာပဲ မေမေတို့ မမှားနိုင်ပါဘူး"

"မေမေကြီး .. ဖုန်းလာနေတယ်တဲ့"

"ဪ .. အေး ..."

ဒေါ်တမာခက်က ခင်ပြုံးကို ခေါင်းညိတ်ပြလိုက်ပြီး အနီ့စားပွဲ ပေါ်မှာရှိသည့်ဖုန်းကို လှမ်းကိုင်လိုက်သည်။

"သမီး .. အသံဖျောက်ထားတာလား"

"ဟုတ်ကဲ့ .. ရေချိုးခန်းထဲဝင်နေတုန်း မြည်လာရင် စိတ်ညစ်လို့"

အပေါ်ထပ်နဲ့အောက်ထပ်မှာ ဖုန်းတူထားတာက သမီးဖြစ်သူကို မယုံကြည်တာမဟုတ်ပါ။ မိဘမသိဘဲ ဘာမှမလုပ်ရ ဟူသော စည်းကမ်း အတိုင်း ဟိုရင်ကတည်းက ဒီတိုင်းပဲရှိခဲ့တာဖြစ်၏။ ဟန်းဖုန်းကိုင်ခွင့်ပေး ခဲ့တာတောင် ညဘက်ပြန်သိမ်းပြီဆို စစ်တာဆေးတာကတော့ လုပ်ကို လုပ်ခဲ့သည်သာ ..။

ဒေါ်တမာခက်က ဖုန်းကိုင်ရင်း စားပွဲကခုံမှာ ပြောင်းထိုင်လိုက် ကာ ...

"ဟာလို ..."

"မောရယ် .. ကျွန်မပါ"

"ဟင် .. မမေလား။ ဘာအကြောင်းထူးရှိလို့လဲဟင်၊ ညဉ့်နက် နေရော .."

"အင်း .. ရှိတယ် မမာ၊ သိပ်ကိုထူးတဲ့အကြောင်းပါ"

ဒေါ်မေသန့် အသံကိုနားထောင်ရင်း ဒေါ်တမာခက် စိတ်ထဲမှာ တစ်မျိုးကြီးခံစားလာရသလိုပင်။ တစ်ဖက်ကအသံက တော်တော်နဲ့ ထွက်မလာလေ အားမလိုအားမရဖြစ်ရလေနှင့် ...။

"မမေ ပြောပါ၊ ပြောရခက်လောက်အောင်ဖြစ်တဲ့အကြောင်းဆို ရင်လဲ အားမနာပါနဲ့ ပွင့်ပွင့်လင်းလင်း ပြောပါရှင်"

"ကျွန်မကို နားလည်ပါ မမာ"

"ရှင် ..."

ဒေါ်တမာခက် မျက်ခုံးတွေ တွန့်ကွေးသွားလျက် ..

"ဘာအကြောင်းနဲ့လဲ .."

"မနက်ဖြန်ခေစပ်ဖို့ကို နောက်ထပ်တစ်ပတ်လောက်ထိ ရွှေ့ဆိုင်းဖို့"

"ဘယ်လို .. မမေ .. မမေပြောလိုက်တာ ..."

"ဟုတ်ပါတယ်၊ ကျွန်မ တစ်ခုအကြံပြုချင်တာက သမီးလေးကို သေချာပြန်မေးပါဦး။ သမီးက တကယ်ခေါင်းညိတ်မှ တကယ်စိစဉ်ကြ တာကောင်းပါတယ်"

ဒေါ်တမာခက် သမီးဖြစ်သူထံ ဖုတ်ခနဲလှမ်းကြည့်ကာ ဖုန်းကို ညာဘက်ကနေ ဘယ်ဘက်သို့ပြောင်းကိုင်၍ ...

"ကျွန်မ ဒီ့ထက်ရှင်းရှင်းသိချင်တယ် မမေ၊ ဒီကိစ္စ ဒီ့ထက်နိုင်လုံ့ ဖြစ်မယ်"

"ကျွန်မဘက်က ခိုင်လုံနေပါတယ်၊ ဒါပေမယ့် မနက်ကျမှ ကျွန်မ





တို့ရှင်းတွေ့လိုက်တာ ပိုကောင်းမယ်ထင်တယ်၊ မမာကိုယ်တိုင် လက်တွေ့မြင်ရမှာပါ၊ ကျွန်မတို့တွေဟာ သားသမီးစိတ်ချမ်းသာဖို့ အဓိက ထားခဲ့ကြတာ အတူတူပါပဲ၊ အဲဒါကြောင့် အားလုံးစီစဉ်ပြီးမှ စိတ် ဆင်းရဲကြရရင် ဘယ်လိုမှ ဖြေသာကြမှာမဟုတ်ဘူး"

"မဟုတ်သေးဘူး မမေ၊ မနက်ဖြန်ခေစပ်ဖို့က လူသိရှင်ကြား ကြေညာပြီးပြီ၊ ကျွန်မတို့စားသောက်နေကြတာ စိန်ရွှေရတနာ မဟုတ်ဘူး၊ ဂုဏ်သိက္ခာကို နှိမ်ခဲ့နေတာ၊ ဘယ်လိုအကြောင်းကိစ္စဆိုတာ သိရမှ .."

"သမီးကိုမေးကြည့်ပါဦး။ အထက်စည်း ဆိုတဲ့နာမည်ကို သမီး ရင်းနှီးမှာပါ"

"အထက်စည်း ..."

နာမည်တစ်ခုကိုရေရွတ်ပြီး လှည့်ကြည့်လာသည့်မေမေ့မျက်ဝန်း တွေကြောင့် အနီ့ရင်ထဲမှာ ဒိန်းခနဲ ဆောင့်တက်သွား၏။

အနီ ပထမဆုံး ပြောင်းဆန်အောင်ရင်ခုန်ခြင်းဟာ မေမေဆူမှာ စိုးရွံ့ဖြစ်လေသည်။

❋ ❋ ❋

## အခန်း (၄၀)

မနက်ဖြန်အတွက် ရင်ခုန်သံတွေက တက်တက်ကြွကြွလှုံ့ဆော်နေသဖြင့် အိပ်ရာစောစောဝင်ခဲ့ပေမယ့် အိပ်လို့မပျော်။ ကြီးမှဝက်သက်ပေါက်တယ်ဆိုပြီး သူများတွေကြားရင် ရယ်ကြဦးမည်။

တကယ်တော့ သူ ခုမှချစ်တတ်လို့ပါ။ အနီ့မျက်နှာလေးကိုပဲ မြင်ယောင်ကာ ရှေ့ဆက်ကြဖို့သူ့ဘက်ကပဲ နားလည်လိုက်လျော့သွားဖို့ ဘယ်သောအခါ ဘယ်အကြောင်းနဲ့မှ သူမလေးအပေါ်မှာ အပြစ်မမြင်မငြိုငြူမိဖို့ ..။

ရင်ထဲမှာ ရည်ရွယ်ချက်တွေ၊ ဆုံးဖြတ်ချက်တွေစုဆောင်းရင်း အိပ်ရာထက်မှာ မနေနိုင်သည့်အဆုံး အပြင်ကိုထွက်လာခဲ့မိ၏။

ထိုအချိန်မှာ စကားသံသဲ့သဲ့ကိုကြားလိုက်ရသည်။ ဝရန်တာမှာ လေညင်းခံရင်း အနာဂတ်မှာ စိတ်ကူးနဲ့တစ်ပတ်လျှောက်ဖို့ရည်ရွယ်ချက်က အောက်ထပ်ကိုဆင်းဖို့ ဖြစ်သွားခဲ့၏။

သို့သော် အမေ့စကားတွေကို ပီပြင်စွာ ကြားလိုက်ရသည့်နောက် ခြေလှမ်းတွေက လှေကားတစ်ဝက်သာသာမှာ တုံ့ရပ်သွားခဲ့၏။



"မမာ အရမ်းခံစားသွားရမှာပဲဆိုတာ ကျွန်မ နားလည်ပါတယ်၊ ကိုယ့်ဘက်ကပြင်ဆင်ရခြင်းအတွက် အနူးအညွတ်တောင်းပန်ရင်း စေ့စပ်ပွဲ ခေတ္တဆိုင်းငံ့ရခြင်းအတွက် အားလုံးအဆင်ပြေပြေဖြစ်သွားအောင် ကျွန်မတို့ဘက်ကပဲ တာဝန်ယူပါ့မယ်"

"အမေ ..."

သူ အမေ့နားကို ဘယ်လိုရောက်သွားခဲ့မှန်းမသိပါ။ ဖုန်းကို ဆွဲယူလိုက်ဖို့အထိ ဆက်မပြောဖြစ်အောင် တားဆီးလိုပေမယ့် လက်ကမရောက်။ ထိုစဉ် အမေက တစ်ဖက်မှာ စကားပြောမပျက်ဘဲ သူ့ လက်ထဲကို အရာဝတ္ထုတစ်ခုထည့်ပေးလိုက်သဖြင့် ငုံ့ကြည့်မိသည်။ အနက်ရောင်ဟန်းဖုန်းတစ်လုံး ..။

လှုပ်ခါနေသည့် ဦးထုပ်ပုံသော့ချိတ်လေးကိုမြင်လိုက်သဖြင့် ဒါ ညို့ဖုန်းမှန်း သိလိုက်သည်။ ဒေါ်မေသန့်က ဖုန်းချလိုက်ပြီး ဒီဘက်ကို တည့်တည့်လှည့်လာကာ ...

"ဗီဒီယိုဖွင့်ကြည့်လိုက် သား .."

ဘာမှန်းမသိသေးဘဲ သူ့လက်တွေ ကတုန်ကယင်ဖြစ်လာ၏။ ပေါ်လာသည့်ပုံတွေကြောင့် ...

"ဟင် ..."

"အဲဒါပဲ၊ အမေ ဘယ်လိုမှကိုမယုံနိုင်ဘူး၊ မြင်နေရက်နဲ့ကို မယုံတာ၊ အနီ့ပုံစံလေးကိုကြည့်ပြီး ဒီလိုဖြစ်ခဲ့မယ်မထင်တာရော၊ ဖြစ်ခဲ့ရင်တောင်မှ ဒါကိုမျိုသိပ်ပြီး လက်ခံတဲ့အထိ ..."

"ဒါ .. ဒါ တစ်ခုခုတော့မှားနေပြီ အမေ၊ အနီ အဲဒီလိုမဟုတ်ဘူး"

ဒေါ်မေသန့်က စိတ်မသက်မသာဖြစ်သွားသည့်ပုံနှင့် ခေါင်းတခါခါလှုပ်နေရင်း ...

"ကြည့်ရဲရင် သေချာကြည့်လိုက်ပါ၊ သူကိုယ်တိုင် ကြည့်ဖူးခဲ့တာ.."

မကြည့်ရဲပေမယ့် နောက်ထပ်ပြန်ကြည့်မိသည်။ အနီးမျက်နှာ မှော်မှောလေးကို ထွေးပိုက်နမ်းရှိုက်နေသူက မေ့မေ့မူးမူး ..။ နှုတ်ခမ်းအစုံမှာ ကြာရှည်စွာ ယစ်မူးနေတာကို မကြည့်ချင်တော့ဘဲ ပိတ်ပစ်လိုက်မိကာ..

"တောက် ..."

"ဘာကိုတက်ခေါက်တာလဲ သား၊ မယုံသေးတာလား၊ အနီ့ ကိုလား .."

သူ မဖြေနိုင်ပါ။ ဘာဖြစ်လို့မှန်း ကိုယ်တိုင်နားမလည်နိုင်ပေမယ့် ဖုန်းကိုင်ထားသည့်လက်က ဆတ်ဆတ်တုန်နေ၏။

"ဒါကို ညဦးကမှ ညို လာပေးသွားတာ၊ မင်္ဂလာကိစ္စနဲ့ ပတ်သက်ပြီ ညိုရော၊ သူ့အမေရော၊ ဘာဝင်ပြောပြော ဘာတွေပဲ အကြံပေးပေး အမေက ဒီဘက်နားကဝင်တဲ့စကားကို ပဲဘက်နားကထုတ်ပစ်ခဲ့တာ ဒီဖုန်း လာပေးသွားတဲ့အထိပဲ .."

ဒေါ်မေသန့်က တစ်လှမ်းချင်းသွားနေရင်း ဆက်တိတွေနားကျ ရပ်တန့်ကာ ...

"ဒီပုံကိုလဲ ဘယ်လိုအကြောင်းနဲ့ သူယူလာတာဖြစ်ဖြစ် ဒီထဲက မိန်းကလေးက အနီ ဖြစ်နေတဲ့အတွက် ဒါက ဖယ်ထားလိုက်လို့မရ တော့တဲ့ပြဿနာ ..."

"အမေ .. ဒီကိစ္စကို ကျွန်တော် အနီနဲ့တွေ့ပြီး သေချာသိချင်တယ် သူမိဘကလဲ ရိုးသားဖြောင့်မတ်ကြတဲ့လူတွေပါ၊ ဒါဟာ မသေချာ တစ်ခုဆိုရင် သူတို့ဘက်မှာ အများကြီးနစ်နာပါတယ်"

ဒေါ်မေသန့် မျက်ဝန်းတွေမှာ အုံ့ညြသည့်အရိပ်အရွေ့များ တစ်လက်လက်ဖြစ်သွား၏။



"ဘယ်လိုပြောလိုက်တာလဲ သား၊ အမေက သူတို့ကို စွပ်စွဲစော်ကားလိုက်တာမဟုတ်ဘူး၊ တစ်ဖက်ကခြေထောက်မှာနာနေရင် တစ်ဖက် ခြေထောက်မှာ အားစိုက်ဖိရတာပဲ၊ ဒါကို တစ်ဖက်တည်းဖိရက်လေခြင်းလို့ သားပြောမှာလား"

"အမေ ..."

"ဒါက အမေ့သားအတွက် အကောင်းဆုံးပဲဖြစ်စေချင်တဲ့စေတနာ၊ မှန်တစ်ချပ်တည်းနဲ့ ကျောရော ရင်ရော ကြည့်ချင်လို့မရဘူးလေ၊ အမေက အမေမွေးလာတဲ့သားအတွက်ပဲ ဦးစားပေးဆုံးဖြတ်လိုက်တာ မှားသွားလား .."

ဦးဆောင် ခေါင်းငုံ့သွား၏။

"သားမှတ်မိသေးလား၊ ဘယ်ကရောက်လာမှန်းမသိဘဲ ကြက်တူရွေးလေးတစ်ကောင်ကို သားက လိုချင်တယ်ဆိုလို့ သားအဖေနဲ့ အမေ စောင်နဲ့လိုက်အုပ်ဖမ်းကြတာ၊ ကြက်တူရွေးလေးက လူယဉ်ပေမယ့် သစ်ပင်ရဲ့အောက်ကိုင်းဖျားအထိ တက်ပြေးသေးတယ်၊ အဲဒါကို သား အမေ အပင်ပေါ်တက်ဖမ်းရင်း ပြုတ်ကျလို့ ခြေထောက် ဒဏ်ရာဖြစ်ပြီး သုံးလလောက် အနားယူလိုက်ရတယ်"

ဦးဆောင် မှတ်မိပါသည်။ အမေ ဘာပြောချင်တာကို သိနေပြီမို့လည်း တစ်ခွန်းတစ်ပါဒမှ မပြောနိုင်တော့ဘဲ ခေါင်းငုံ့လျက်သားရှိနေခဲ့၏။

"အောက်ကနေ လက်နက်တစ်ခုခုနဲ့ ပြုတ်ကျလာရုံလေးဖြစ်ဖြစ် လှမ်းပစ်လို့ရပေမယ့် သားလက်ထဲကို အကောင်းတိုင်းလေးထည့်ပေးချင်တဲ့စေတနာနဲ့ ကိုယ့်ဘေးကို မေ့လျော့ခဲ့တာ၊ အဲဒါ သားအတွက် ကစားရောပေးချင်တဲ့စေတနာပဲရှိသေးတယ်၊ အခုပေးဖို့က ဘဝအတွက်

ကြင်ဖော်၊ ပြီးတော့ ငါ့သားဘဝကို ငါ့လက်ထဲမှာပဲ ထူထောင်နိုင်တယ် ဆိုတဲ့ မာနနဲ့ သားအဖေနဲ့လဲ ခွဲထွက်ခဲ့တယ်၊ အမေ့လက်ပေါ်မှာ မင်း မနစ်မွန်းရဘူး သား၊ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် မသာယာတဲ့ အိမ်ထောင်တစ်ခုမှာ နွံနစ်ပြီဆိုရင် ရုန်းရခက်တယ် …"

"မှန်ပါတယ် အမေရယ်၊ ဒါပေမယ့် ခု စေ့စပ်ထားရုံပဲရှိ …"

"စေ့စပ်လိုက်တယ်ဆိုတာ လက်ထပ်ဖို့သေချာတာပဲ သားရဲ့၊ ပြီး တော့ အမေတို့မှာ စဉ်းစားဖို့အချိန်မရှိတော့ဘူး"

"ကျွန်တော်တို့ဘက်က မထိခိုက်အောင်ကာကွယ်ခြင်းဟာ ဟို ဘက်မှာ တနင့်တပိုးကြီး နစ်နာဖို့တွေ ဖြစ်သွားတယ်ဆိုရင် …"

"သား ဒီလိုတွေးနေပုံထောက်ရင် အခု လက်တွေ့မြင်နေရတဲ့အထိ ဒါ တစ်စုံတစ်ယောက်ရဲ့ နှောင့်ယှက်မှုလို့ထင်နေတုန်းဖြစ်မယ်၊ ဟုတ် လား .. သား …"

"မထင်တတ်ပါဘူး အမေ၊ ကျွန်တော် သေချာသိချင်တာပါ"

"ဒီထဲကမိန်းကလေးက အနီ မဖြစ်နိုင်သေးလို့လား"

ဦးဆောင် ပါးစပ်ပိတ်သွားခဲ့သည်။ ဘယ်လိုမှလက်မခံနိုင်သေးတာ ဘယ်အရပ်က ခံဆောင်နေတဲ့ယုံကြည်ချက်တွေလဲ ..။

ဒါပေမယ့် .. သူ့ဘက်မှာ …

❋ ❋ ❋





## အခန်း (၄၁)

ခြံထဲကနေ ကွေ့ထွက်လိုက်သည်နှင့် ဦးဆောင် ၏ကားနှင့် ထိပ် တိုက်ဆုံ၏။ အနီ နောက်ကို နည်းနည်းပြန်ဆုတ်လိုက်တော့ ရှောင် တိမ်းထွက်တော့မည်မှန်းသိကာ ဦးဆောင် က သူ့ကားကို ခေါင်းတိမ်း၍ ကန့်လန့်ဖြတ်သလို ပိတ်ပစ်လိုက်၏။

"အနီ .. အနီ ကိုယ် မင်းနဲ့ ပြောစရာရှိတယ်"

"ကျွန်မမှာမရှိဘူး။ ရှင့်ကားကိုဖယ်ပေး .."

"ဘာလို့မရှိရမှာလဲ၊ မင်းနဲ့ကိုယ့်ထက်ပိုပြီး ရင်းနှီးပတ်သက်တဲ့ ဘယ်သူမှမရှိဘူး၊ ခဏဆင်းပါကွာ၊ ကိုယ်ဝင်ခဲ့ရမလား .."

တံခါးဖွင့်လိုက်တော့မှ အနီ တက်ခေါက်မိသည်။ ဒီနေရာကျမှ အခေါက်ခေါက်အခါခါပြင်နေရင်း ဘယ်တော့မှလည်း ကြာရှည် အောင် ကောင်းနေတတ်သည်မရှိသည့် တံခါးလော့ခ်တွေကို ဒေါသ ဖြစ်ရမှန်း သိလာသည်။

မြေပြင်မှာ ခြေစုံရပ်မိတော့ အနီ့မျက်ဝန်းတွေမှာ မျက်ရည်ကြေ ပြည့်သိပ်လျက် …

"အနီရယ်၊ ဒီလိုဖြစ်ရတာ ကိုယ်တောင်းပန်ပါတယ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် တောင်းပန်တယ်ကွာ၊ ကိုယ် တစ်ညလုံး အိပ်လို့မရဘူး ဖုန်းဆက်တာလဲမကိုင်တော့ တစ်ညလုံး ဒီတိုင်းလူးလှိမ့်ရင်း မိုးလင်းသွားတယ်"

မေးရိုးကားကားနှင့် ယောကျ်ားပီသသည့် သူ့မျက်နှာက အိပ်ရေးပျက်ထားမှန်းသိသာအောင် မျက်ကွင်းတွေညိုလို့ပါ။ ဒါပေမယ့် သူ့များအတွက် အနီ က စာနာပေးရဦးမှာလား ..။

"ရှင့်ကို ကျွန်မက ပြန်တောင်းပန်စေချင်တာလား ဦးဆောင်"

ခပ်ရိုင်းရိုင်းပဲ ခေါ်ပစ်လိုက်မိ၏။ မျက်တောင်ခတ်လိုက်စဉ်မှာ မျက်ရည်ပူတွေ တလိမ့်လိမ့်ပြို့ဆင်းသွားခဲ့ရင်း ...

"ရှင့်အမေ မှန်ပါတယ်၊ ရှင် ဒီတိုင်းနေလိုက်လဲ ရှင်က ရှင့်အမေအတွက် သားလိမ္မာမို့ ချီးကျူးထိုက်သေးတယ်၊ ကျွန်မကတော့ မိဘကိုအရှက်ရကြေကွဲစေတဲ့ သမီးမိုက်ပါ"

"ကိုယ်ပြောဦးမယ် အနီ"

"ဒါပေမယ့် ကျွန်မ မမှားခဲ့တဲ့အတွက် ဒီပွဲဖြစ်လာဖို့ သေချာခဲ့တာအခုပျက်သွားတာ အားလုံး ရှင့်ကြောင့်၊ ရှင့်ကို ကျွန်မ ပါးရိုက်ချင်တယ်"

"ကိုယ့်ကို .. ဟုတ်လား၊ ရိုက်လေ .. ရိုက်လိုက်ပါ"

သူက တကယ် ရှေ့ကိုငုံ့ပေးသည်။ ပြီးတော့ အနီ့လက်ကောက်ဝတ်လေးကို ဖျတ်ခနဲ ဆုပ်ကိုင်ပြီး သူ့ပါးကို ရိုက်ခိုင်းနေ၏။

"မင်းရိုက်ပါ၊ ဒီဖြစ်ရပ်ကြီးအတွက် ကိုယ့်ဘက်မှာ အပြစ်ရှိပါတယ်ပြီးရင်တော့ ကိုယ့်ကို တစ်ခုလိုက်လျောပါ၊ အဲဒါက အမှန်တရားကိုရှာတွေ့ခဲ့ရင် ကိုယ့်ကို လက်ထပ်ခွင့် ..."

"အမှန်တရား .. ဘာအမှန်တရားလဲ၊ ဖယ် ..သွား ..."

အနီ ရှိုက်ကြီးတငင်ငိုရင်း သူ့လက်ကိုခါထုတ်ပစ်လိုက်၏။ ကာ





မှာကျောလေးကပ်၍ ပတ်ဝန်းကျင်ကိုလည်း ဝေ့ကြည့်မိ၏။ ပြီးတော နှုတ်ခမ်းမှာ လက်ခုံလေးကပ်ထားကာ ရှိုက်နေတာမပြီးနိုင်။

တစ်သက်လုံးက နီးဖျားနဲ့တောင် မရှယ်ခဲ့ဖူးသည့် မေမေ့လက်ဝါတစ်ဖက် ပါးနှစ်ဖက်ပေါ်မှာ ဘယ်ပြန်ညာပြန် ကူးလူးခဲ့သည်။

"မိန်းမတန်ဖိုးပျက်မယ်၊ အရေပြားပေါ်မှာ ဆူးခြစ်ရာတောင်မထင်စေနဲ့" ဆိုသည့် ဆုံးမစကားတွေပျောက်ကွယ်လျက် အနီ့နှုတ်ခမ်းထောင့်မှသွေးတွေ စီးကျလာခဲ့သည်။

"မရှင်းနဲ့တော့၊ အားလုံးပြီးသွားပြီ၊ အဲဒါ နောက်ထပ် အနေအထိုင်တတ်အောင် ဆုံးမတာ၊ မမှတ်မိသေးရင် နောက်ထပ်ရှိသေးတယ်"

ဟုပြောပြီး တားဆီးဖို့ပြင်ဆင်လာသည့် ဖေဖေ့လက်ကိုပါ ဆွဲခေါ်သွားခဲ့သည်။

"ထားလိုက်တော့၊ ဆုံးမဖို့မတန်တဲ့သမီး နေပစေ၊ ကျွန်မလက်ကိုနာနိုင်နဲ့ သွားဆေးပစ်မယ်" တဲ့။

အနီ့ရင်ထဲမှာ ဘယ်ဆီကိုမှ ပြေးတိုင်ရင်ဖွင့်မရနိုင်သည့် ဝေဒနာကတစ်ဖက်၊ အသားနာတာကတစ်မျိုး၊ တစ်ညလုံး ရောင်ကိုင်းနေသည့် ပါးပြင်ဟာ ဒီနေ့လယ်အထိ နာကျင်တာမပျောက်။

ဖုန်းကင်မရာထဲက စည်းနဲ့သူမ ဘယ်လိုပုံတွေဖြစ်ပျက်နေတဲ့အကြောင်း အသေအချာကြီးရှိနေပါသည်ဟု ဒေါ်မေသန့် ပြောတော့ အနီ့ကို မေမေကပြန်မေး၏။

အနီ မျက်လုံးတွေပြူးကျယ်ကာ ရဝ်တရက်ခေါင်းမခါနိုင်ခဲ့သောကျွန်မတွေကို မေမေ နားလည်သွားခဲ့သည်။ မေးခွန်းအစား ရိုက်ချက်တွေကျရောက်လာခဲ့ပြီး ငိုရှိုက်သံများနှင့် မေမေပြောခဲ့သည်။

"မနက်မိုးမလင်းခင် ငါသေပါရစေ" တဲ့။

"မိုးလင်းကတည်းက ကိုယ်လာချင်ခဲ့တာ .."

ဦးဆောင် က အနိုကို အကြာကြီးကြည့်နေပြီးမှ စကားစသည်၊

"ဒါပေမယ့် သတင်းပေးတာက ညို ဖြစ်နေတော့ သူနဲ့အရင် တွေ့ပဲလိုတယ်လို့ ဆုံးဖြတ်ပြီး သူ့နောက်ကိုလိုက်နေရင်း အချိန်ကုန်သွားတယ်"

အနိုကိုလည်း ညို ကပဲ စိန်ခေါ်ခဲ့တာဖြစ်သည်။

"နင်တို့ကြင်နာနေကြတာ .. သဘောလွယ်တာတော့ကောင်းပါတယ်၊ ဒါပေမယ့် မလုံသေးဘူးဟ၊ လိုက်လျောချင်တယ်ဆိုရင်ပဲ မိန်းကလေးဖြစ်တဲ့သူက နေရာရွေးရမှာပေ့ါ၊ ဒါ နင့်အပြစ်နဲ့နင်ပဲလေ"

"ဆံပင်ရှည်ရှည်၊ ယဉ်ယဉ်ကျေးကျေးမှ မိန်းမကောင်း မိန်းမမြတ်လို့သတ်မှတ်ကြတော့ အဆင်းနဲ့အချင်း ကွဲပြားဖို့လိုတယ်မို့လား။ အဲ့ကြောင့် ရာသီဥတု ကိုယ့်ဘက်ပါနေတုန်း ရအောင်ယူထားလိုက်တာ မကျေနပ်ရင် ရှင်းလို့ရတယ်နော်၊ ဒါပေမယ့် ဗီဒီယိုခွေတွေတော့ အများကြီးပွားထားပြီးပြီ၊ လိုအပ်ရင်သုံးဖို့ .." တဲ့။

ကျရှုံးရတဲ့သရုပ်မပေါ် ချင်လို့ မျက်ရည်မကျအောင်ထိန်းပေမယ့် ဘယ်လိုမှမရ။ ဒါတွေကိုပဲ အထပ်ထပ်တွေးမိပြီး ငိုချင်နေသည်။

"အနို ..."

မျက်ရည်ကျနေသည့် ချစ်သူမျက်နှာလေးကို မကြည့်ရက်နိုင်သည့် ခံစားနေရရင်း တချို့တလေကျန်ရစ်သည့် လက်ချောင်းရာတွေကို ဦးဆောင် သတိထားမိသွား၏။

ရင်ထဲမှာ ဟာခနဲဖြစ်လျက် နင့်သီးသည့်ဝေဒနာက ဘာမှလည်း ဆက်ပြောလို့မရ။

"ဦးဆောင် .. ရှင်သွားပါတော့၊ မနေ့တစ်နေ့ကအတိတ်တွေ



ကျွန်မ မေ့ထားချင်တယ်၊ မေ့လို့မရဘဲ ဒီ့ထက်ကြေကွဲလာရင် ဂ ခေါင်းကို တိုင်နဲ့ဖြစ်ဖြစ် ပြေးတိုက်ပစ်လိုက်မယ်၊ ကျွန်မဟာ မိဘကို .."

"တော်ပါတော့ အနိုရာ၊ ဘယ်သူနားလည်လည် မလည် မင်းကို ကိုယ်နားလည်တယ်၊ ယုံတယ်၊ အဲဒါကြောင့် ကိုယ်တစ်ခု ပါရစေ၊ ညို့ဆီကို မင်းနဲ့ကိုယ်သွားပြီး အဲဒီပြဿနာကို အမှန်အ ဖြစ်စေမယ်၊ မင်း အခု ကိုယ့်ကို တစ်ခုပဲပြောပြပါ၊ အကောက်ဉာဏ်နဲ့ မ ဘာမှမဟုတ်ဘူးဆိုတဲ့အကြောင်း၊ ဒီကိစ္စနဲ့မင်း ဘာမှ ဆိုင်တဲ့ အဲကြ ပြီးတော့ ..."

"ဦးဆောင် ..."

အနို့မျက်နှာလေးက နာကြည်းမှုကြောင့် မျက်ရည်တွေကြား က အေးစက်နေခဲ့၏။

"ရှင်ဘာသိချင်တာလဲ၊ ကျွန်မဘက်က ဘာမှရှင်းပြလို့မရနိုင်တဲ့ အခြေအနေကိုလာဖိပြီး နှုတ်ဆက်လို့ကောင်းအောင်လား"

"ဘယ်တော့မှ နှုတ်မဆက်ဘူး အနို၊ မင်းကိုမစွန့်လွှတ်နိုင်လို့ ကိုယ် ကြိုးစားနေတာ၊ မင်းဘက်က မှန်ကန်မှုကို ..."

"ကျွန်မဘက်က ဘာမှပြောစရာမရှိဘူး"

"မဟုတ်သေးဘူးလေ၊ ဒါမျိုးက ယောကျ်ားလေးဘက်က အတင်း ဇွတ်တရွတ်ပြုရင် ဖြစ်သွားတတ်တယ်၊ အဲဒါကို တစ်ဖက်က အသုံးချ လိုက်လို့ရတယ်၊ အဲဒီအဖြစ်မျိုး မင်းကြုံခဲ့ရတယ်လို့ပဲ ကိုယ်ထင်ထား တာ၊ နောက်ဆုံး အဲဒီကောင်ဆီက အမှန်တရားထွက်လာအောင် ကိုယ် ကြိုးစားမယ်"

"အဲဒီလို ရှင်ထင်တာတွေ ရှင့်အမေကိုပြောခဲ့သလား"

ဦးဆောင် မဖြေနိုင်။

"ပြောပြခဲ့တယ်ဆိုရင် သူက ဘာပြောသလဲ"

ဦးဆောင် မျက်နှာကြီး နီရဲလာ၏။ အနီ မျက်ရည်စက်တွေ စီးကျ ပြန်၏။

"အဲဒါရှင်းဖို့မလွယ်တဲ့အကြောင်းပဲ ဦးဆောင်၊ ရှင်းဖို့ကြိုးစားလေ ရှုန်မသိကျွာ မြေကြီးထဲရောက်လေပဲ၊ ဒါကို ကျွန်မ ဘယ်တော့မှ မရှင်းဘူး။ မေမေတို့အတွက် နင့်အောင်ခံစားရပေမယ့် ရှင့်ကို စွန့်လွှတ်လိုက်ရလို့ ဝမ်းနည်းမှာမဟုတ်ဘူးဆိုတာ ပြချင်တယ်၊ ရှင် ကျွန်မကို တကယ်မေတ္တာရှိနေတာဆိုရင်လဲ ဒီအမုန်တရားပေါ်လာတဲ့တစ်နေ့မှာ ရှင် ဘယ်လိုခံစားရမယ်ဆိုတာ ရှင့်အမေမြင်ရဦးမှာ .."

"ဒီလိုရှိတယ် အနီ၊ ကိုယ်တို့ ..."

"အဟွန်း .. မိဘမေတ္တာပါပဲဆိုပြီး ရှင် ရင်ကွဲနာကျခံလိုက်ရင်လဲ သဘာဝကျပါတယ်၊ ဒါက ရှင့်အမေကိုး၊ ကျွန်မကတော့ ကျွန်မ အမေ မဟုတ်တဲ့အတွက် မိဘမေတ္တာလို့ မြင်မပေးနိုင်ဘူး၊ ဝမ်းနည်းပါတယ်"

"အနီ .. နေဦး .."

"ရှင် မကိုင်နဲ့နော် .."

အနီ ကားထဲကို ခွေ့ခနဲ ဝင်ထိုင်ကာ တံခါးကိုဆောင့်ပိတ်လိုက်ရင်း ပြန်ဆွဲထား၍ ...

"ရှင်ထပ်နှောင့်ယှက်ရင် တယ်သူသေသေကြေကြေ ကျွန်မ ပစ်ဆောင့်ပစ်လိုက်မှာ၊ ကားရွှေ့ပေးမှာလား၊ မပေးဘူးလား ..."

အခြေအနေသည် ဤသို့ရှိခဲ့ရင်း ... ...

❋ ❋ ❋



## အခန်း (၄၂)

"အင်း .. ရှာမရ၊ ဖမ်းမရနဲ့ လိုက်နေရတဲ့လူတွေ ..၊ ခုကျတော့လဲ ရောက်လာလိုက်ကြတာ ရှေ့ဆင့်နောက်ဆင့် သိပ်မကွာပါလား"

အိမ်ရှေ့မှာကားရပ်သည်နှင့် တံခါးဝမှာလက်ပိုက်ရပ်ရင်း ညို က အသင့်စောင့်နေ၏။ မပြုံးချင်ဘဲပြုံးထားရသည့်မျက်နှာက မဲ့လျက်နှင့်..

"ဟိုတစ်ယောက်လာသွားတာ တစ်နာရီတောင် မကြာသေးဘူး ထင်တယ်၊ ပြောသွားတုန်းက နင့်ကိုခေါ်လာမလိုလိုနဲ့ .."

"စကားများမနေနဲ့ ညို .."

ကားပေါ်ကဆင်း၍ တံခါးကို ဖြစ်သလိုဆောင့်ပိတ်ရင်း အနီ ညို့ ရှေ့ကိုရောက်လာသည့်ခြေလှမ်းက ပြေးလာတာထက်မြန်၏။

"အထက်စည်း နဲ့ ပူးပေါင်းကြံကြတာလား၊ နင့်ရင်ထဲမှာ အဲဒီလို ယုတ်မာနည်းမျိုးစုံရှိနေတာလား၊ ဘယ်မှာလဲ .. အဲဒီအခွေ .."

"ဘယ်ခွေလဲ၊ ခွေတွေက အများကြီးပဲ၊ ဖုန်းထဲကနေ ကွန်ပျူတာထဲထည့်လိုက်ကတည်းက အခွေပေါင်းများစွာဖြစ်သွားတာပဲ၊ လိုချင်ရင်တော့ တစ်ခွေပေးလိုက်မယ်"

"တောက် ... ဒီလောက်တောင်ယုတ်မာတာ ..."

အနီ့လက်တစ်ဖက် မြောက်တက်သွားသည်။ ညို မျက်နှာပျက်သွားကာ ထိုလက်ကို သူမလက်နဲ့ကာရင်း ခေါင်းငုံ့ရှောင်လိုက်သည်။ ဒါပေမယ့် ဘယ်ရော ညာရော ဆက်တိုက်ပစ်ဝင်လာသဖြင့် နောက်ထပ်တစ်ချက်မှာ မျက်လုံးထဲမှာ မီးပွင့်သွား၏။

ညို ဘယ်လိုမှမကာကွယ်နိုင်ဘဲ တံခါးစောင်းမှာ အင့်ခနဲ ပစ်ကျသွား၏။ ဒီနေ့ အိမ်မှာ ညို တစ်ယောက်တည်းပဲရှိနေသည့်အဖြစ်ကို အနီ မသိပေ။ မသိပေမယ့် ဘာကိုမှဂရုမစိုက်မိတော့အောင် ရှက်သည့်စိတ်က တစ်ကိုယ်လုံးကသွေးတို့ကို ပွက်ပွက်ဆူစေ၏။ အကယ်၍ လူကြီးတွေသာရှိနေမည်ဆိုလျှင် မလွယ် ..။

"နင် .. နင့်အဆင့်က ဒါလား အနီ၊ လူတွေချီးမွမ်းနေကြတဲ့ နင့်အမေဒေါ်တမာခက် ဆုံးမထားတဲ့သမီးက ဒီလိုမိန်းမစားလား"

"ဟုတ်တယ်၊ သစ်ပင်တွေ ဥတုကိုမှီသလို လူတွေက ကာလ ဒေသကိုမှီတယ်၊ နင့်လိုမိန်းမမျိုးနဲ့ ပေါင်းမိတော့ ငါ ဒီလိုမိန်းမစားဖြစ်လာတာပေါ့၊ ငါ နင့်ကိုသိပ်ရွံတယ်၊ မစင်ပုံတစ်ပုံထက်ကို ရွံတာ၊ ပြောစမ်းပါ ညို၊ နင် အဲဒီလိုလုပ်ရတဲ့ရည်ရွယ်ချက်က ..."

"နင့်ကိုမုန်းလို့ပေါ့"

ညို က ကိုယ်ကိုမတ်မတ်ပြန်ရပ်ပြီး သူမ နားမှပြုတ်ကျသွားသည့် နားဆွဲဝိုင်းလေးကို မျက်လုံးဒေါ့ကြည့်သည်။ ပြီးတော့ တက်ခေါက်၍ ...

"နင့်အမေကိုလဲမုန်းတယ်၊ ဆံပင်ရှည်တာ၊ မြန်မာဆန်တာတွေပဲကြိုက်ပါတယ်ဆိုတဲ့ လူတွေအားလုံးကိုမုန်းတယ်၊ အဲဒါကြောင့် ဒီလိုမိန်းမမျိုးရဲ့ အနေအထိုင်ကျစ်လျစ်မှုကို မြင်တတ်အောင် သင်ပြပေးလိုက်တာပဲ"



"အဲဒီလိုပြလိုက်တဲ့အတွက် နင်ကျိတ်ကြိုက်နေတဲ့ ယောကျ်ားနှစ်ယောက်နဲ့ငါ ပိုပြီးနီးစပ်သွားနိုင်တယ်လို့ရော မထင်ဘူးလား"

"ဘာ .. ဟား ဟား ..."

ညို က မရယ်ချင်ဘဲရယ်သည့်အသံနှင့် ခါးဘေးမှာစည်းထားသည့် အကျီခါးကြိုးလှလှလေးကို ဒီတိုင်းကိုင်နေရာကနေ ဆောင့်ဆွဲဖြုတ်ပစ်၏။

ထိုအခါ တင်ချိတ်ရုံလေးဝတ်ထားသည့် ဂျင်းဘောင်းဘီထက်မှာ နဂိုက ရှုံ့တွတွလေးကပ်နေခဲ့သောအကျီက ကြီးပေပြီး ပွပွကားကားကြီးဖြစ်သွား၏။

အကျီနဲ့ဘောင်းဘီခါးစပ်၏အထက်ကြားနယ်မှာ ဖြူဝင်းသောဗိုက်သားနှင့် တင်သားဆိုင်တို့က ဒီအတိုင်း ..။ အနီ က စိုက်ခနဲ ငုံ့ကြည့်ပြီးမှဲ့သည်။ ညို က ဘာကိုမှသတိမရသလိုမျိုး ..။

"ကိုကို ပျာယာခတ်နေတာကို မျှော်လင့်နေသေးတာလား အနီ၊ ဒီမှာ .. အဲဒီနေရာမှာ သူ နင့်ကိုကြိုက်လွန်းလို့ ဘိုင်းခနဲ လဲကျသေသွားရင်တောင် သူ့အမေက 'ဟင်းနော် .. သား' လို့ တားလိုက်တာနဲ့ အသက်ထွက်ခံသွားမယ့်လူမျိုး၊ စေ့စပ်ပွဲရက်ရွှေ့တယ်ဆိုတာ ပါစင်နယ်သက်သက်ပါ၊ နင်နဲ့သူ ဘယ်တော့မှ လက်မထပ်ဖြစ်တော့ဘူး"

"ဒါဆို စည်းနဲ့ပုံကြီးဖြပြီး နင် ငါ့ကို နာမည်ဖျက်နေတာကျတော့ရော .."

"နင်နာမည်ပျက်အောင်လို့ပါဆို ..."

"စည်း က ငါ့ကို ..."

"လဲသေလိုက်စမ်း အနီ၊ စည်း လိုလူက နင့်လို အနုတ်စုတ်ဝှတ်ဝှတ်ကို ဘယ်တော့မှ မကြိုက်ဘူး"

"နင်က မကြိုက်စေချင်တာမို့လား၊ ငါသိတယ်၊ ဦးဆောင် ကိုကျတော့ နင် ဥစ္စာရှုးရှုးပြီး မပေးချင်တာ၊ စည်း ကိုကျတော့ ကြိုက်လို့"

"ငါကြိုက်နေတယ်ဆိုလဲ သဘာဝကျတယ်၊ မည်း နဲ့ငါက ချစ်သူတွေ၊ ခုထိ လမ်းခွဲတဲ့စကား မပြောနိုင်ကြသေးဘူး၊ အဲဒါကို ကွယ်ရာကနေ တစ်ပိုင်းသေအောင် ကျိတ်ချစ်နေတာက နင် .."

အနီ က ညို့ကိုစိုက်ကြည့်ပြီး အံကြိတ်၏။ ပြောစရာစကား မရှိလို့ မဟုတ်။ မပြောရဲလို့လည်းမဟုတ်ပေ။ ဒါပေမယ့် သတ္တဝါနဲ့ လက်နက်မျှတဖို့လိုသည်။ ဒါ ချစ်တင်းနှောရင်း ပန်းနဲ့ပေါက်နေကြတဲ့ပွဲမဟုတ်၊ သူ့ဘက်က နစ်နာမှုတွေအတွက် ဒီလိုရအောင်ယူလိုက်နိုင်သည်ဆိုလျှင် ကိုယ့်ဘက်ကနစ်နာမှုတွေကို ဘယ်လိုပြန်ယူမလဲ။

ညို့ ဆိုသည့်မိန်းမဟာ အမြဲတမ်း လွတ်လပ်ခဲ့သူ၊ မုန်းနေလျှင် မုန်းခွင့်၊ ချစ်တယ်ဆိုရင် ချစ်တဲ့စကား၊ သူမ ဘက်မှာ ကြောက်ရွံ့ရိုသေစွာ ထိန်းချုပ်ဆင်ခြင်နေခဲ့ရတာမရှိ။ ကိုယ့်မှာက တင်းကျပ်သည့် ထိန်းကွပ်မှုရှိနေသည်။ ဒါဟာ အချုပ်အနှောင်မဟုတ်ဘဲ ကိုယ်တိုင် ရိုသေထိုက်သည်ဟု သိရှိနားလည်ပြီး နာခံခဲ့တာဖြစ်၏။ ခု နင်ဘယ်လိုလုပ်မလဲ အနီ၊

ပြိုင်ကြတာမဟုတ်ဘဲ ညို့နဲ့သူမ မျဉ်းပြိုင်နှစ်ကြောင်း၏ အစနှစ်ဖက်ထိပ်မှာ ယှဉ်တွဲရပ်မိခဲ့ကြသည်။ အတူတူပြေးမိကြရင်း မကျွန်ခဲ့ချင်သည့်မာနတွေ အသီးသီးဖြစ်ခဲ့ကြသည်။

ခုကျတော့ အသက်လုပွဲဖြစ်ခဲ့ပြီလား ..။ ဒါမှမဟုတ် ...

"နင့်ကိုငါ အံ့ဩလွန်းလို့ အနီ၊ ငါ့ကိုကျတော့ ဒီကောင့်ကိုမယုံနဲ့ နင့်ကိုအချိုသပ်နေတာ၊ ဟန်ဆောင်နေတာနဲ့ မတားပေမယ့် စိတ်မချမ်းသာစရာတွေချည်းပဲ ပြောခဲ့တယ်၊ နင့်ကျတော့ မီးရာကားနဲ့လိုက်မှာပဲဆိုတာမျိုးလား၊ ကိုယ့်ကို ကျောရရုံကြံမှန်းမသိ၊ လူလည်ကျမှန်းမသိနဲ့





သူပြသမျှ နနေရဲတယ်"

"ညို့ .. နင် တော်နော် .."

"ငါကတော်လဲ နင့်ခွေတွေက လူတွေရှေ့ ရောက်ချင်ရောက်ဦးမှာပါ၊ ခုထိ ငါ ဒီအတိုင်းထားသေးတာက စည်း ကိုငဲ့နေလို့၊ ဒါတွေကို လူသိရှင်ကြားဖြစ်သွားလဲ နင့်ကိုပဲ ကဲ့ရဲ့ကြမှာ၊ စည်း လိုကောင်က ဘယ်မိန်းကလေးကိုမှ အလေးအနက်မထားခဲ့တာ လူတိုင်းအသိ၊ ယောကျ်ားတွေမှာ နှာခေါင်းမပါရင် မစင်တောင်ရှောင်မှာမဟုတ်ဘူးဆိုတာ နင့်လိုမိန်းမမျိုးတွေကြောင့်ပဲ ဒီစကားဖြစ်ခဲ့တာ ..."

"စကားတတ်လှချည်လား ညို့၊ နင်က ငါ့ကိုအရှက်ခွဲချင်ပေမယ့် စည်းနဲ့ငါ တကယ်ညားသွားတယ်ဆိုရင် ..."

"ရူးမနေနဲ့၊ မတန်မရာကိုမှန်းပြီး သွက်သွက်ခါရူးသွားရင် ထဘီတောင်မမြဲဘဲဖြစ်သွားလိမ့်မယ်၊ စည်း နဲ့အထင်လွဲပြီး အနီတီသန့်က နင့်ကို ပယ်စာရင်းထဲထည့်ပစ်လိုက်တဲ့ဥစ္စာ၊ နင် သူ့ကိုပြန်ပတ်သက်ရင် ဘယ်လိုမိန်းမမျိုးဖြစ်သွားမလဲ၊ ငါ့ကိုမခံချင်ပြီး မရရအောင်ယူပြမယ်ဆိုတဲ့မာနတွေနဲ့ ထကြွမနေစမ်းပါနဲ့ဟာ၊ နင့်ဘက်က ဒီလို တကယ်မဖြစ်ခဲ့ပါဘူးဆိုတာကို သက်သေပြနိုင်ဖို့ပဲ အသေအလဲ ကြိုးစားရမှာ၊ အဲဒါ နင့်အမေရဲ့သိက္ခာ သမာဓိတွေကို အဖတ်ဆယ်ဖို့လေ၊ စည်း နဲ့ နင်နီးနီးနေရဲတဲ့သတ္တိတွေတောင် ရှိမှာမဟုတ်ဘူး။ ဒါလဲ သေချာပြီးသား"

"ငါ့ဘက်က သေချာတာကိုလဲ ပြောပြချင်တယ် ညို့၊ ခဏလေးနားထောင် ..."

ညို့ က စူးစိုက်ကြည့်ရင်း ငြိမ်သက်သွားခဲ့၏။ သူမ ပါးပြင်ထက်မှာ အနီ့လက်ဝါးရာကြီးက နီရဲညိုပုပ်လျက်ရှိနေဆဲဖြစ်ကာ တရှိန်းရှိန်းနာကျင်နေသည့်ဝေဒနာကလည်း နှိပ်စက်နေ၏။

အနီ့ကို စားတော့ဝါးတော့မတတ်ကြည့်ကာ ...

"ပြော .. ပြီးရင်ပြန်တော့၊ ဒါမှမဟုတ် စည်း ရောက်လာမှာကို စောင့်ရဲရင် စောင့်လို့ရတယ်"

"ဘာ .."

အနီ တုန်လှုပ်သွားတာကိုမြင်တော့ ညို က အားရပါးရ ပြုံးလိုက်ပြီး..

"ဟုတ်တယ်၊ သူရောက်လာမှာပဲ၊ နင်နဲ့ မြင်မကောင်းအောင် ဖြစ်နေတဲ့ပုံကို သူလိုလူက လူသိဘယ်ခံချင်မလဲ၊ အဲဒါကြောင့် သူ ရောက်လာမှာ၊ ဘယ်သူ့ကိုမှမပေးခဲ့ပေမယ့် သူတောင်းရင်တော့ ဒီခွေတွေကို ငါ သူ့လက်ထဲထည့်ပေးမှာပါ၊ ဒါပေမယ့် သူနဲ့ငါ နားလည်မှုတွေနဲ့ ချည်နှောင်ရမယ်"

"ဒီလိုလား၊ အဲဒါကို နင်က ယုံကြည်တယ်ဆိုရင် ငါ့ရဲ့ သေချာမှုကို ငါကလဲ ယုံကြည်ပြီးသား၊ တစ်ခုတော့ရှိတယ်"

"ပြော ..."

"ငါ သူနဲ့ ပြောစရာရှိတယ်၊ အဲဒီတော့ မနက်ဖြန်မွန်းတည့် နင်နဲ့ငါ 'လပြည့်ဝန်း' အပေါ် ထပ်မှာဆုံမယ်"

"ဘာလုပ်ဖို့လဲ"

"သူရောက်လာပြီး နင့်ရဲ့ ရှေ့မှာပဲ သူ ငါ့ကို ဒူးထောက်ပြီး လက်ထပ်ခွင့်တောင်းစေရမယ်"

"ဘာ .. ဘာပြောတယ် .. ဟားဟားဟား ..."

ညို့ရယ်သံက ခေါင်းမော့ရယ်နေရင်း ခြောက်ကပ်ကပ်ကြီးဖြစ်လာ၏။ နှုတ်ခမ်းတွေကိုပြုံးထားပြီး မျက်ဝန်းတွေထဲမှာ ယုံလည်း မယုံတကယ်များဖြစ်နိုင်မလားဆိုသည့် ချောက်ချားမှုတွေ ယှက်ဖြာနေခဲ့၏။

အနီ နှုတ်မဆက်ဘဲ ချာခနဲ လှည့်ထွက်သွားလျှင် ..

"နေဦး .."





အနီ ကားပေါ်တက်သွားမှ လှေကားတစ်ထစ်ကို ခြေချလိုက်ပြီး လှမ်းတား၏။

"မဖြစ်နိုင်တာတွေနဲ့ စိန်ခေါ်သွားပေမယ့် ထားလိုက်ပါ၊ အလောင်းအစားဖြစ်သွားပြီဆိုရင် အလျော်အစားပါရတယ်၊ စည်း က နင့်ကို 'ဆောရီး' ဆိုရင် ဘယ်လိုလဲ"

မျက်ခုံးတစ်ဖက် ဆတ်ခနဲပင့်ပြီး မေးဖျားနှင့်ဆတ်မေး၏။ အနီ က စက်နှိုးလိုက်ရင်း ...

"အဆုံးအဖြတ်ပေးမယ့်လူတွေ အနားမှာ အများကြီးရှိကြမှာပါ၊ ငါ ရှုံးသွားပြီဆိုရင် နင်ဖြစ်စေချင်တာအားလုံး ငါဖြစ်သွားပြီ ဘာလိုချင်သေးလဲ"

"အိုခေ .. ဟား ဟားဟား ..."

ကားကို ကြမ်းတမ်းစွာ မောင်းထွက်လာခဲ့ရင်း မျက်ဝန်းမှာ မျက်ရည်တွေ ပြေးလွှားနေရာယူလာကြ၏။ စည်း ကို ညို ခေါ်ထားပြီးပြီလား။ ဒီသတင်းကို သူ ဘာသာ ကြားသွားမှာလား ..။

လူယုတ်မာ .. သင်းကြောင့် ...။

အနိုင်မခံ အရှုံးမပေးစိတ်တွေနှင့်ပြောခဲ့ပေမယ့် စည်း ကို မုန်းသည့်စိတ်တွေပဲဖြစ်နေသည့် ရင်ထဲမှာ သူ့ကြောင့် အရှက်ရ၊ သိက္ခာကျ ဖြစ်ခဲ့တော့ ပိုဆိုးသည်။

သူ့ကြောင့်ပဲ အမရှိက်ခဲ့တာ ခုထိ ဒဏ်ရာရှိနေတုန်း ..။ ဒါပေမယ့် သူ့ကို အနီ စ,ခေါ်ရတော့မည်။ မေမေသိရင် ဘာပြောမလဲ..။ ဒီပွဲမှာ စည်း က 'ဆောရီး' ပါဆိုရင် သူမ ဘာလုပ်မလဲ ..။

ကားမောင်းနေရင်း တုန်ယင်လာခဲ့၏။

"ရှင်းရတော်တော်ခက်တဲ့ ပြဿနာပဲ"

မင်းကိုယ်မင်းလဲ ပြန်ကြည့်ပါဦး အနီရယ်၊ ဟိုမရောက် ဒီမရောက်

ပုံနဲ့ ..."

"မင်းကို လုပ်ဖော်ကိုင်ဖက်ချင်းမို့ ခင်ခင်မင်မင်ရှိချင်တာ .."

"ကဗျာလေးအပို့ခံရတာကို ခေါ်ကြွားတာလား .."

"ဒီလိုပို့မယ့်လူလဲ ရှိသေးတာကိုး၊ နည်းနည်းတောင် အထင်ကြီးသွားတယ်"

စည်း ပြောသမျှစကားတွေကို သတိတရတွေးမိလာ၏။

"ဆံပင်ဖိုးရိုးဖားရား၊ နဖူးက ပြောင်ပြောင်နဲ့၊ ပြုံးတူးပြုံတဲကြည့်တာလဲရှိသေး .."

ကိုယ့်ကို ဘယ်တုန်းကမှ မရိုးမသားမကြည့်ခဲ့ဖူးသည့်ယောကျ်ား သူသူငယ်ချင်းတွေ ဟိုပြောဒီပြော ပြောကြတာတွေကို ဟုတ်သလားလို့ မေးတုန်းကလည်း ကိုယ်ပဲ လှောင်ရယ်ခံရသည်။

"ငါကကြိုက်တယ်ဆိုလဲ သဘာဝကျပါတယ်၊ သူနဲ့ငါက ချစ်သူတွေ.." တဲ့။

ညို က ပိုင်နိုင်စွာ ပြောနိုင်တဲ့သူ ..။

"စည်း လိုလူက ဘယ်မိန်းကလေးကိုမှ အလေးအနက်ထားခဲ့တာမရှိဘူး"

"မတန်မရာကို စိတ်မကူးစမ်းပါနဲ့ .."

အနီ ဘယ်လိုမှ ကားဆက်မမောင်းနိုင်တော့ဘဲ လမ်းဘေးကို ထိုးရပ်လိုက်ရသည်။ ပြီးတော့ စတီယာရင်ပေါ်မှာ လက်နှစ်ဖက်တင်၍ မျက်နှာမှောက်ချပြီး ငိုပစ်လိုက်သည်။

ပြောခဲ့သမျှ သူတို့စကားတွေကို ဘာတစ်ခုမှ သတိမရတော့ဘဲနေပါလား ..။ ခုတော့ အားလုံးကို မှတ်မိနေရုံအပြင် နှိမ်ချသွားတဲ့ စကားတွေအထင်မြင်သေးစွာ စော်ကားသွားခဲ့သည့် စည်း ရဲ့ လူမဆန်သောပုံရိပ်တွေ



အားလုံးက ရုပ်ရှင်ပြကွက်တွေလိုပင် ..။ ပြီးတော့ ဖေဖေနဲ့ မေမေ ..။

ဖေဖေဆို အစကတည်းက သိပ်မကျေနပ်မာခဲ့တာ ..။ ခုတော့ အိပ်ခန်းထဲကတောင် မထွက်တော့ပေ။ မေမေကလည်း နောက်ထပ် တစ်ခွန်းမှ မဆူပူတော့ပေမယ့် ဘာစကားမှလည်းထပ်မပြော။ ဒါဟာ ရှက်တတ်ရင်လဲသေဖို့ကောင်းတဲ့ဖြစ်ရပ်ပါ။ ခုထပ်ပြီး သူမ မိုက်ရူးရဲစကားတွေနဲ့ စိန်ခေါ်ခဲ့မိပြန်ပြီ။

မကောင်းကြံစည်မည့်သူမှာ မကောင်းတဲ့စိတ်ကူးတွေ အမြဲတမ်းရှိနေမှဖြစ်ပေမယ့် တစ်ကြိမ်တစ်ခါ စိတ်ကူးမိတဲ့သူမှာ ဘယ်လိုအကြံတွေရှိနေမှာလဲ ..။

ထို့ပြင် 'လူလိမ္မာဟာ လူမိုက်ကို ဘယ်တော့မှမနိုင်'၊ 'လူဆိုးသည် လူကောင်းထက်သာ၏' စသည့် ပညာရှိစကားတွေကို သူမ ကြားဖူးခဲ့၏။

လက်ရှိအခြေအနေမှာ ညို့ကို သူမ နိုင်ဖို့မလွယ်သည့်အကြောင်းတွေလည်း ရှိနေလျက်နှင့် စိန်ခေါ်ခဲ့မိသည်။ ဘယ်တုန်းကမှ မသင့်မြတ်ခဲ့သော၊ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်တတ်သည့် စည်း ကို ကိုယ့်ကို ..းထောက်ပါ၊ ချစ်ခွင့်ပန်ပါ ဟုပြောဖို့ရာ ...။

အနီ ခေါင်းငိုက်စိုက်နှင့် မျက်ရည်ကျနေရင်း တဖြည်းဖြည်း မော့လာခဲ့၏။ ပြဿနာက ငိုင်နေရုံနဲ့ ပြီးသွားမှာမဟုတ်ပေ။ ပြောမည့်စကားကို ပြောရမှာပဲဖြစ်၏။

ဒီလိုဖြစ်ရမယ်လို့ စိန်ခေါ်ခဲ့ပြီးမှတော့ ဖြစ်အောင်လုပ်ပြနိုင်ရမည်။ အနီ တစ်ဖက်လက်နှင့် မျက်ရည်သုတ်ကာ တစ်ထိုင်တည်းဆုံးဖြတ်၍ ..နှုန်းကိုင်သည်။

"ဟလို ..."

"အထက်စည်း ..."

"သိတယ်၊ မင်းဖုန်းကို ထိုင်စောင့်နေတာ .."

"ဘာကိုသိတာလဲ"

"အခု မင်းဘာပြောမလဲဆိုတာကလွဲရင် ..."

"သိထားပြီးပြီဆိုရင် ကျွန်မ ဘာပြောမလဲ ရှင်ခန့်မှန်းပြီးဖြစ်မှာပေါ့"

"ခန့်မှန်းတာကို ဝါသနာကိုမပါတာ၊ ဒါပေမယ့် ဒီတစ်နေ့လုံး ကိုယ်စိတ်မကောင်းဖြစ်နေတာတော့ အမှန်ပဲ"

အနီ ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"ကိုယ့်ကြောင့် အခုလိုဖြစ်ကုန်တာဆိုတော့ ..."

"ရှင် တစ်ခုကူညီလိုက်ရင် အားလုံးအတွက် ကျွန်မ ကျေနပ်လိုက်နိုင်တယ်"

"ဘာလဲ .. ဦးဆောင် ဆိုတဲ့သတ္တဝါကို ရှင်းပြပေးဖို့လား"

"ကျွန်မအတွက် ယောကျ်ားတစ်ယောက်ရဲ့ လိုလားမှုက ဘယ်တုန်းကမှ အရေးမပါခဲ့ဘူး"

"ကြိုက်တယ် .."

"အထက်စည်း .. ရှင့်ကို ကျွန်မ ပြောစရာရှိတယ်"

"ပြောလေ .. မင်းကိုပဲ သတိရနေတာပါဆို ..၊ ဒီမှာ နားထောင်နေတယ် ပြော ..."

"ကျွန်မ ..."

ဘယ်လိုပြောရမလဲ ..။ ဘာမှမပြောရသေးဘဲ လက်ဖျားတွေ အေး လာ၏။ ပင့်သက်ရှိုက်ပြီး အရှိန်ယူနေပေမယ့် စကားလုံးတွေထွက်မလာတဲ့ လေငွေ့နွေးတွေပဲ နှာခေါင်းဖျားကနေ တိုးတိုးတိတ်တိတ် လက်တို့ထွက်ကုန်ကြ၏။

"အနီ ..."



"အင်း .. ပြောမလို့ ..."

"ဘာလဲ .. Charging သွင်းဖို့ လိုနေလို့လား၊ ပြောရခက်တဲ့ စကားမျိုးဆိုရင် ကိုယ် အရင်ပြောမယ်"

"... ... ..."

"ပြောမယ်နော်၊ မင်း အဲဒီမှာခေါင်းစားနေရင် ကိုယ့်ဆီလာခဲ့၊ ဘယ်သူမပြု မိမိမှုဆိုတော့ ကိုယ်ကပဲ ..."

"တောက် .. ရှင့်ပါးစပ်ကိုပိတ်လိုက် .."

ရယ်သံသဲ့သဲ့နှင့် သူ့စကားရပ်သွားပြီးမှ ...

"ပြောပြတာ ..၊ မင်းဖြစ်တာ ကိုယ့်ကြောင့်လေ၊ ကိုယ်က ..."

"ရှင်မပြောနဲ့၊ ကျွန်မ ပြောတာကိုပဲနားထောင် .."

"ထောင်တယ်လေ၊ မင်းမှမပြောဘဲ .."

ပြောရခက်နေပေမယ့် သူ့ စကားစလာတာကိုပဲ အားယူကြည့်လိုက်ရသည်။ သူ့ဘာသာ စီးပိုးသည်ဖြစ်စေ၊ ပေါ့ပြက်သည်ဖြစ်စေ ကိုယ်ကရွေးလက်တွဲမျှင်လွန်းလို့ ခွင့်ပန်ရမှာမဟုတ်။ တစ်ပွဲတစ်လမ်း အတွက် သူ့အကူအညီယူရမှာမို့ လူသတ်ချင်စိတ်ပေါက်လောက်အောင် ကြားနေရသည့် ရယ်သံကို ဥပေက္ခာပြုထားလိုက်သည်။

"ရှင့်ကိုတွေ့ပြီးပြောဖို့ပေမယ့် ရှင့်မျက်နှာကြီးကို တစ်စက်ကလေးမှ မမြင်ချင်လို့ .."

"ချစ်တာတွေ ရွတ်ပြမနေပါနဲ့၊ ယုံပါတယ်၊ ဆက်ပြော ..."

"ညီနဲ့ကျွန်မ .. ကျွန်မတို့ ချိန်းထားတယ်"

"အင်း ..."

"အဲဒါ .. ရှင်လာပေးပါ"

"ဘယ်ကိုလဲ"

"လပြည့်ဝန်းပလာဇာ .."

"ဘာလုပ်ဖို့လဲ၊ ဓာ့စပ်ပွဲပျက်သွားတာ ကိုယ့်ကြောင့်ဆိုပြီး စား သောက်ပွဲနဲ့ ဂုဏ်ပြုမှာတော့မဟုတ်ဘူးထင်တယ်"

"ဒီမှာ .."

"ကိုယ် အဲဒါကိုပြောစရာရှိတယ်၊ မင်းက ရုတ်တရက်ကြီး အလုပ် ထွက်ပစ်လိုက်တာ .."

"ကျွန်မ ပြောတာကိုပဲနားထောင်ပါလို့ ပြောထားတယ်လေ"

"ဒါပေမယ့် ကိုယ့်မှာလဲ ပြောစရာရှိတယ်လေ၊ ဦးဆောင် နဲ့ဖြစ်ခဲ ပျက်သွားတဲ့ဓာ့စပ်ပွဲနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာအဖြေရှာဖို့ဆိုရင် လုံး၀ မကူညီဘူး"

"ဒါကိုပဲ ရှင်ဘာဖြစ်လို့ပြောနေတာလဲ၊ ရှင်းရလင်းရဖို့ဖြစ်လာရင်လဲ ရှင့်မှာတာဝန်ရှိတာပဲ၊ ဒီကိစ္စ ရှင်ကျူးလွန်ခဲ့လို့ ..."

"မှန်တယ်၊ ဒါပေမယ့် ကိုယ်ကျူးလွန်တာ အပြစ်မဟုတ်ဘူး"

"ဘာပြောတယ် .."

"ကိုယ်လုပ်တာမမှားဘူးလို့ ခံယူထားတဲ့အတွက် ဘယ်သူ့ကိုမှ မရှင်းနိုင်ဘူး၊ အဲဒီထဲမှာ မင်းတော့မပါဘူးနော်၊ ကိုယ် မင်းကိုတွေ့ချင် တာကတော့ တောင်းပန်ဖို့ပါ၊ ရှင်းပြဖို့လဲ အသင့်ပဲ"

"မလိုဘူး၊ ကျွန်မ ဘာမှမကြားချင်တော့ဘူး၊ အခု ရှင် အဲဒီကို လာခဲ့ ရမှာက ညို့ရှေ့မှာ ကျွန်မကိုဒူးထောက်ပြီး လက်ထပ်ခွင့်တောင်းဖို့ .."

"ဟင် .. ဘာ ..."

ဒေါသ တောင်းခနဲ ထွက်သွားပြီး ပါးစပ်က ဘယ်လိုပြောထွက်သွား မှန်းမသိလိုက်ပေ။ သူ့အသံ ထစုန်လိုက်သလို တအံ့တဩထွက်လာ မျက်နှာတစ်ပြင်လုံး ပွထူသွားသည်။





သူ ဟားတိုက်ရယ်တော့မည်လား၊ နောက်ထပ် စီးနင့်စောကြော သည့်စကားတွေ ထွက်လာမှာလား ..။

တဒိန်းဒိန်းရင်ခုန်သံက တစ်ချက်ခုန်လိုက်တိုင်း နားထင်နှစ်ဖက်မှာ တင်းခနဲ ကားခနဲဖြစ်လျက် နှလုံးတစ်ခုလုံး ရင်ဘတ်ကို ဖောက်ထွက် ပြုတ်ကျလာတော့မည့်အတိုင်း ..။

တစ်ဖက်က စည်း အသံ စက္ကန့်များစွာ တိတ်ကျသွားခဲ့ပြီး ...

"ညို့ရှေ့မှာ ဒူးထောက်ဖို့လိုတာလား၊ ကိုယ်က ဟန်ဆောင် လက် ထပ်ခွင့်တောင်းရမယ်ပေ့ါ၊ ဟား ... ကျွတ် ..."

သူ့ရဲ့ ဟားခနဲ ကျွတ်ခနဲ စုတ်သပ်စိတ်ပျက်သံတွေက ဖုန်းထဲကနေ သံပူရည်တွေ ဝင်ထွက်လာသည်နှင့်တူ၏။ ပြောလည်းပြောပြီးပြီဖြစ်သည့် စကားအတွက် အနီ ဘယ်လိုအဆုံးသတ်ရမှန်းမသိသလို ရှေ့ဆက်ဖို့ လည်း ဆွံ့အသွားခဲ့သည်။

"ဟော့ .. ပြောလေ၊ မင်းပဲစပြီး ဘာဖြစ်လို့တိတ်နေတာလဲ"

အနီ ကိုယ့်မျက်နှာကို သူ မမြင်မှန်းသိပေမယ့် တစ်ယောက်တည်း ဖုန်းကိုင်ထားရင်း မျက်နှာလေးမော့ အံကြိတ်ဖြစ်နေခဲ့လျက် ..

"ရှင့်ကိုပြောပြီးပြီ၊ ရှင်ဖြေပေ့ါ၊ ရက်စ်အော်နိုး တစ်ခုခု .."

"ဟာ .. အဲဒီလောက် ဘယ်လွယ်မလဲ၊ ဒူးထောက်ဖို့ကလဲ မလွယ် ဘူး၊ လက်ထပ်ခွင့်တောင်းဖို့က အဆိုးဆုံးပဲ၊ ကိုယ့်ကောင်မလေးကို ပရိုပို့စ်လုပ်မလို့ လက်ထပ်ခွင့်ရဖို့ ကိုယ့်မှာလဲ ရည်ရွယ်ချက်တွေ ရှိတယ်"

အနီ အံကြိတ်ထားပေမယ့် ရက်တတ်သည့်မျက်ဝန်းထဲမှာ သူ ရှိုက်မဲ့နေသည့်ပုံရိပ်က ထင်လျက် မျက်ရည်တွေ ဝေခနဲ ပြေးတက်သည်။

"နောက်ပြီး မင်းက ကိုယ့်ကို ပစ်စလက်ခတ်မုန်းခဲ့တော့ ဒူးထောက် လက်ထပ်ခွင့်တောင်းနိုင်းပြီး ပိုးစိုးပက်စက်အရှက်ခွဲဖို့ နည်းလမ်းတွေ

စိစဉ်ထားရင် ဒီကောင်မျောပြီ"

"ရှင့်ကြောင့် ကျွန်မ ဝုပ်ပွပြီး ပေါလောပေါ်နေပြီလေ၊ ရှင် ကိုယ့်လက်ပူမှ ပူမှန်းသိသလား"

"ဒါက .."

"အဲဒီပြဿနာနဲ့ပတ်သက်ပြီး အခု ကျွန်မ ဘာမှအစမဖော်တာ ရှင့်ကို ကျေနပ်ထားလိုက်တယ်မထင်နဲ့"

"မထင်ဘူးလေ၊ အဲဒါကြောင့်ပြောတာ .."

"မပြောနဲ့၊ ရှင့်လို လူလိမ်လူညစ်ကို တစ်ပြန်တစ်လှန်ချေပရင်း နောက်ထပ်ပတ်သက်နေရမှာကိုပဲ ရွံလွန်းလို့ .. ဟွန်း .."

"ခုရော ..."

"ဒါ ကျွန်မကိစ္စပါ၊ ရှင်နဲ့သက်ဆိုင်နေပေမယ့် အခု ရှင့်အကူအညီ လိုနေတဲ့အချိန်မို့လို့ မနေ့တစ်နေ့ကအဖြစ်တွေနဲ့ မပတ်သက်ဘဲ သပ်သပ် မေးနေတာ .."

"အင်း .. ဒါဆို မဆိုးပါဘူး၊ တစ်ခုရှိသေးတယ်၊ ကိုယ့်ကိုအရှက်ခွဲဖို့ စီစဉ်တာမဟုတ်ဘူးဆိုတော့ ကိုယ်လက်ထပ်ခွင့်တောင်းရင် မင်းက ခေါင်းညိတ်မယ်ပေါ့"

"အထက်စည်း .. ရှင် စပ်စပ်စုစုတွေ ဘာလို့မေးနေတာလဲ"

"ဒါ စပ်စုတဲ့ဘောင်ထဲမဝင်သေးဘူးလေ၊ ကိုယ်က အရှက်ခွဲခံရပေမယ့် မင်းခေါင်းညိတ်လိုက်တယ်ဆိုရင်လဲ မင်းနဲ့ကိုယ် လက်ထပ်ပြီး သေချာသွားပြီဆိုတာ ကြေညာစရာမလိုဘဲ ပျံ့နှံ့သွားမှာ၊ နှစ်ဦးလုံး သိပ်ဝေဘာဆင်မပြောဘူး"

"ရှင် အက်တင်ခံနေတာလား စည်း၊ တစ်ခုပဲဖြေ .. ကျွန်မ မလိုဘူး"





သူ့ဘက်က သက်ပြင်းချသံကို အကျယ်ကြီးကြားလိုက်ရ၏။ အနီ တစ်ကိုယ်လုံးလည်း မာနကြောင့် ဖျင်းခနဲဖြစ်သွားသည်။

"မင်း ကိုယ့်ကို ဒီ့ထက်ပြေပြေလည်လည်ပြောသင့်တယ်လို့ မထင်ဘူးလား"

"တောက် ..."

"ထားလိုက်ပါ၊ မင်းကို ကိုယ်ကဆိုးခဲ့ဖူးတာ၊ ဒီအဖြစ်အတွက် ကိုယ့်ဘက်က ပြန်လျှော့ရမှာပေါ့၊ ဒါပေမယ့်နော် .. ကိုယ့်ဘက်က လိုအပ်လာတဲ့အခါ မင်းမဆိုင်သလိုနေလို့မရဘူး၊ မျှမျှတတပေါ့"

"ရပြီ၊ မလိုတော့ဘူး"

အနီ ဖုန်းကို ဆိုဖာပေါ်ပစ်ချကာ ကူရှင်မှာ တောင့်တောင့်လေး မှီနေလိုက်မိ၏။

မျက်ရည်မကျအောင် ထိန်းချုပ်ရင်း မော့ပစ်လိုက်မိ သည့်မျက်နှာ တစ်ခုလုံးက မေးဖျားနဲ့ လည်တိုင် မျဉ်းဖြောင့်တစ်ကြောင်းလိုဖြစ်သွားခဲ့၏။

ဒါပေမယ့် ... မျက်ရည်တမံက ဘာနဲ့မှ တားဆီးတုပ်နှောင်လို့မရဘဲ မျက်ဝန်းထောင့်ကနေ နားသယ်စပ်ဆံစတို့ကို ဖြတ်သန်း၍ လည်တိုင်ထိ တလိမ့်လိမ့်စီးဆင်းသွားကြသည်။

ယောကျ်ားတစ်ယောက်၏လှောင်ရယ်ခြင်း ..။ စိန်ခေါ်ခံပြီးမှ ဘာမှ ဖြစ်မြောက်အောင် လုပ်မပြနိုင်ခဲ့သည့်အရှုံး ..။

မျက်ရည်ကိုခါးသီးလိုက်၊ မျက်ဝန်းတွေကို ဖိပိတ်ထားလိုက်မိ၏။ ထိုစဉ် ဘေးမှာ ဖြတ်သန်းသွားသောကားတစ်စီး၏ စက်သံကို ကြားလိုက်ရပြီး ထိုအသံသည် ရှေ့ကိုအနည်းငယ်လွန်သွားပြီးမှ ခပ်ဖြည်းဖြည်း ပြန်ဆုတ်လာသည်ဟု သိလိုက်သဖြင့် အနီ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"စည်း ..."

ကွယ်ရာမှာတစ်ယောက်တည်း ဆိုသည့်အသိနှင့် လွတ်လွတ်လပ်လပ်ကြီးငိုနေမိတုန်း ရှေ့မှာ ဘွားခနဲရောက်လာသဖြင့် မျက်ရည်လည်း သုတ်ချိန်မရ၊ မျက်တောင်ခတ်ဖို့တောင် မေ့သွားခဲ့၏။

ခုပဲ ဖုန်းချလိုက်တာ တစ်မိနစ်တောင်ပြည့်ဦးမည်မထင်။ သူ ဘယ်လိုရောက်လာတာလဲ ...။

စည်းက ကျေ့ကောက်သောဆံပင်ရှည်တွေကို နောက်လှန်ဖြီးထားသည့်မျက်နှာဖြူနုနုမှာ အပြာရောင်ရင့်ရင့် မျက်မှန်နက်ကို တပ်ထား၏။ ကားကို ဘေးချင်းယှဉ်မိအောင် ပြန်ဆုတ်လာပြီးမှ ကပ်လျက်ရပ်တာ ...

"မာနကလဲ ကောင်းကင်မှာလွင့်နေတာပဲနော်"

မျက်မှန်ချွတ်လိုက်တော့ မတည်မပြုံးရှိနေသည့်မျက်နှာကြီးကိုကပဲ ဟားတိုက်ရယ်နေတာနှင့်တူ၏။

"မင်းမငြင်းဘူးဆိုတဲ့ကတိကို တည်မယ်ဆိုရင် အိုခေပြီ ဘယ်အချိန်လဲပြော .."

'မလိုတော့ဘူး' လို့ ပြောပစ်ချင်ပေမယ့် တကယ်တမ်းပြောမိတာက တခြား ..။

"ရှင် အစကတည်းက ဒီမှာရှိနေတာလား"

"ခုပဲရောက်လာလို့ မင်းနဲ့ ခုမှတွေ့တာပေါ့၊ တိုက်တိုက်ဆိုင်ဆိုင်နော် ..."

မဖြစ်နိုင်တာ ...။

❋ ✳ ❋



## အခန်း (၄၃)

"ဖြစ်နိုင်လို့စိစဉ်တာပဲ သမီး ဖြစ်အောင်စီစဉ်မှာ၊ အဲဒါ သမီး ကလန်ကဆန်မလုပ်ပါနဲ့လို့ ဖေဖေ တောင်းဆိုချင်တယ် .."

"အနီ ..."

"သမီးရဲ့မေမေက ခုချိန်ထိ စကားတစ်ခွန်းမှမပြောဘူး၊ သူ စီစဉ်တာမှားယွင်းသွားတယ်ဆိုတဲ့ ကြေကွဲစိတ်နဲ့ သမီးကိုရော၊ ဟိုဘက်မိသားစုကိုရော ဘယ်သူ့ကိုမှ အပြစ်မတင်တော့ဘဲ သူ့ အပြစ်လို့ ပုံချနေတာ၊ အဲဒါကြောင့် ပိုခံစားရတာပဲ၊ ပျက်သွားတဲ့ကိစ္စရော၊ ခုစီစဉ်မယ့်ကိစ္စကိုရော သမီးမေမေကို သမီး ဘာမှသွားမပြောနဲ့တော့ .."

အနီ့ရှေ့မှာ ရှိုရှိုလေးဝင်ထိုင်သည်။ ညနေငါးနာရီမှာ ချိန်းထားသည့်တွေ့ဆုံပွဲအတွက် စိတ်လှုပ်ရှားကာ ထိုင်နေလို့လည်း ကြာကြာမခြေားလို့လည်း အရသာမတွေ့နှင့် တစ်မနက်လုံး ဒုက္ခရောက်နေသမျှ..။

"သမီးကို ဖေဖေ့မိတ်ဆွေရဲ့သားနဲ့လက်ထပ်ထားချင်တယ်" လို့ ပြောလာသဖြင့် ရှိထားသမျှကိစ္စတွေအားလုံးကို မေ့သွား၏။ ဒါပေမယ့် အနီ ဘာမှမပြောရသေးဘဲ ပါးစပ်ပြင်လိုက်ရင်း ဖေဖေက ပိတ်ပြောလိုက်ရင်းနှင့်...

"ဖေဖေ စီစဉ်တဲ့ကိစ္စမှာ သမီးလဲ ဘာမှသိက္ခာကျရဖို့မရှိဘူး၊ တကယ်ဆို ဒါကိုရည်ရွယ်ပြီးပြောခဲ့ကြတာမဟုတ်ပါဘူး၊ သူ ကမ်းလှမ်းတာကိုငြင်းလိုက်ပြီးကတည်းက ဖေဖေတို့ချင်း မဆုံဖြစ်ကြတာလဲ ကြာပြီ အဲဒါ အမှတ်မထင် နှစ်ယောက်တည်းဆုံမိကြတော့ သူက စေ့စပ်ပွဲ ပျက်တဲ့ကိစ္စကို စကားစတာ ..."

အမေးရှိတော့လည်း အဖြေရှိရသည်။ ပခုံးဖက်ကြီးပြင်းလာကြ တဲ့ သူငယ်ချင်းမိတ်ဆွေတွေမဟုတ်သည့်တိုင် တစ်ယောက်နဲ့တစ်ယောက် ယုံကြည်လေးစားကြသူတွေမို့ မေးတဲ့သူက မေးရဲသလို ဖြေတဲ့သူက လည်း စပ်စုလိုက်တာလို့ မြင်လို့မရ။ ပြောပြလိုက်တော့ တအံ့တဩ ဖြစ်သွားပြီး ပျာပျာသလဲတောင်းပန်သည်။

"လူငယ်တွေမှာ ဘယ်လိုပြဿနာရှိကြတယ်ဆိုတာ ဂဃနဏ မသိပေမယ့် ကျွန်တော့်သမီးကို ကျွန်တော်ယုံကြည်တယ်ဗျာ၊ သမီးမှာ ချစ်သူ မရှိဘူး၊ သူ့ကိုချစ်တဲ့သူ ရှိချင်ရှိမယ်၊ သူက မေတ္တာရှိနေတဲ့သူ မရှိဘူး အဲဒါကိုယုံတာ၊ တစ်ခါတလေ အမုန်တရားပျောက်ကွယ်နေတဲ့အခါ မှားယွင်းမှုတွေ တာရှည်တတ်ပါတယ်၊ ကျွန်တော့်သမီးက 'အဲဒါ သမီး ချစ်သူမဟုတ်ဘူး' လို့ ခေါင်းတစ်ချက်ခါလိုက်တာနဲ့ အဖြေအနေကို ကျွန်တော်နားလည်ပေးလိုက်နိုင်တယ်၊ သူ့အမေကတော့ အစကတည်း က အရမ်းကို သိုသိပ်ကျစ်လျစ်စွာနေတတ်ခဲ့တဲ့မိန်းမ၊ အမုန်တရား ဘယ်လိုရှိရှိ မှားယွင်းမှုကို ယောကျ်ားလေးရှင်ဘက်က ထောက်ပြသွား တာခံရတဲ့အတွက် ဒီနေ့အထိ သူမဖြေနိုင်ဘူး"

"သူမဖြေနိုင်ရင် ဒေါက်တာက ဖြေလိုက်ပါဗျာ၊ ကျွန်တော်ကတော့ ပွဲလန့်တုန်း ဖျာခင်းတဲ့လူဖြစ်ပါစေတော့၊ သမီးကို ဦးဆုံး ကမ်းလှမ်းခဲ့တဲ့ သားရှင်အဖြစ် အခုပြန်ပြီး ယုံကြည်လေးစားစွာ ကမ်းလှမ်းပါတယ် သမီး



ကို သားနဲ့ လက်ထပ်ပေးဖို့ သဘောတူပါ"

ပြောလာတော့ ဦးတင်ထွန်း မယုံနိုင်။ စေ့စပ်ပွဲပျက်ရတဲ့အကြောင်း က မလိုတဲ့သူ ဖန်တီးလိုက်တာမှန်းသိနေသဖြင့် ဒီကိစ္စဟာ ထိုသူ လက် ချက်ကြောင့် ဘယ်လိုမှ ဖုံးဖိဖို့မလွယ်ကူမှန်းကို သိသည်။

သိလို့လည်း ဒါကိုမေးလာသည့်အတွက် ဝေ့လည်ကြောင်ပတ် ဖြေဖို့လည်း လိပ်ပြာမသန့်သည်မို့ ဖအေတစ်ယောက်ဖြစ်ပေမယ့် ရှင်းရှင်း ပဲဝန်ခံလိုက်ခြင်းဖြစ်သည်။

ထိုအဖြစ်ကို ဘာဖြစ်လို့ တစ်ထိုင်တည်းယုံကြည်သွားတာလဲ ..။

"ကျွန်တော့်သားက ဘွဲ့တွေတစ်သီကြီးနဲ့ နိုင်ငံခြားပြန်တစ်ယောက် ကို ဂုဏ်ထူးတွေနဲ့ မယှဉ်နိုင်ရင်တောင် အသိုင်းအဝိုင်း ဂုဏ်ခြင်း ဘာမှ မနိမ့်ပါဘူး ဒေါက်တာ၊ ကျွန်တော်ကတော့ ဒေါက်တာရဲ့ မိသားစုကို အမြဲ ကမ်း အထင်ကြီးလေးစားခဲ့တဲ့အပြင် နှောက်လဲ ဘယ်တော့မှ လေးစား မပျက်ဘူးဆိုတာ ကတိပေးရဲတယ်၊ ဒီကိစ္စက မငြိမ်မသက်ကာလမှာပဲ အတည်ပြန်ဖြစ်သင့်တယ်လို့ ကျွန်တော်ထင်တယ်၊ မိန်းကလေးငွေလို ရိုတိုတိရွှဲစောင်းပြောရမယ်ဆိုရင် နှင်းမခေါ်ပေမယ့် ဘုရင်ကတော်တော့ ဖြစ်သေးတယ် ဆိုတာမျိုး။ သမီးလေးရဲ့ ဂုဏ်ကျက်သရေအမှန်ကို ဖော် ထုတ်ရာလဲရောက်တယ်မို့လား၊ သမီးရဲ့အမေကိုပြောပြပေးပါ ဒေါက်တာ၊ ကျွန်တော် လိုလိုချင်ချင်ကိုကမ်းလှမ်းတာပါ၊ အဆင်ပြေမယ်ဆိုရင် ဖုန်း တစ်ချက်ပဲဆက်လိုက်၊ လူကြီးစုံရာနဲ့ တစ်ခါတည်းလာတောင်းပြီး လက်ထပ်ပေးမယ်၊ ပြီးရင် မင်္ဂလာပွဲကြီး တခမ်းတနားလုပ်မယ်"

"အဲဒီလောက်ထိ မြန်မြန်မဖြစ်နိုင်ဘူးထင်တယ်၊ သူ့အမေက ..."

"ဒေါက်တာ ပြောကြည့်ပေးပါ၊ ကျွန်တော် မျှော်လင့်ပါတယ်ဗျာ"

ဦးတင်ထွန်း က အနီ နားလည်အောင် ဟိုကပြောသမျှကို အားလုံး

မကျွန်ပြောပြသည်။

"အနီမှာ အပြစ်ရှိပါတယ် ဖေဖေ၊ အနီကြောင့် ဖေဖေတို့ အရှက်ရခဲ့တာပါ။ အဲဒီအပြစ်ကြောင့် ဖေဖေနဲ့မေမေ့ကို နောက်ထပ်စိတ်ဆင်းရဲအောင် မလုပ်မိဖို့လဲ အများကြီးဆုံးဖြတ်ထားခဲ့ပါတယ်၊ ဒါပေမယ့် ဒီလို အလားတူအပြစ်မျိုး နောက်ထပ်မလုပ်ပါနဲ့တော့ ဖေဖေ၊ အနီ ကြောက်နေပြီ၊ ဒီလိုပဲ ထပ်ဖြစ်လာဦးမယ်ဆိုရင် ..."

"တစ်လောကလုံးမှာ လူယုတ်မာတွေချည်း ပုံ့နှံ့နေရင် ကမ္ဘာကြီး အညီုရောင်ဖြစ်နေပြီပေါ့ သမီးရယ်"

"မဟုတ်ဘူး ဖေဖေ၊ ဒီလိုဖြစ်လာမယ်ဆိုရင်တောင် တကယ့် အမှန်တရားပေါ် လာပြီဆိုမှ ..."

"အမှန်တရားနောက်လိုက်ရင်း အမေ့ဖောက်၊ ခလုတ်တိုက်ပြီး သူများခြေရင်းမှာပတ်ထိုးလဲရတာတွေရှိတယ် သမီးရဲ့၊ အခါလွန်နေမြင့်မှ အောင်လက်မှတ်ကြီးရတော့လဲ ဘယ်ဂိတ်မှာ သွားတန်းစီရမှန်းမသိဘဲ သူများနောက်မှာ ငုတ်တုတ်မေ့ရတာမျိုးတွေရှိတယ်၊ အခြေအနေနဲ့ အချိန်အခါဆိုတာ ကိုယ့်စိတ်ကြိုက် တစ်ထပ်တည်းကျတယ်ဆိုတာမရှိဘူး။ အခြေအနေပေါ် မှာကြည့်ပြီး ဆုံးဖြတ်နိုင်ရမယ်၊ အချိန်အခါကိုမစောင့်[illegible]"

"အနီက မေမေ့ကို ..."

"သမီးပဲဆုံးဖြတ်ပါ"

အနီ ဖေဖေ့ကိုငေးရင်း မျက်လုံးထဲမှာ တကယ်မြင်နေတာက ညီုနဲ့ချိန်းထားသည့်နေရာ ..။ ဒါ အခြေအနေလား၊ အချိန်အခါလား ... သူမ ယောက်ျားသုံးယောက်ကြားမှာ ကကြိုးရှုပ်တဲ့မိန်းမ ဖြစ်[illegible] ဖို့တော့ သေချာနေပါပြီ။

❋ ❊ ❋





အခန်း (၄၄)

တတိယအကြိမ် နာရီကိုငုံ့ကြည့်ပြီးပြန်အမော့မှာ ချို ဝင်လာတာကိုမြင်လိုက်ရ၏။

"မလာသေးဘူးလား"

ညီု က ခေါင်းခါသည်။ အနီရောင်ရဲတောက်နေသည့် အပြောင်သားဝတ်စုံနှင့် အနီရောင်နားကပ်ကို ပန်ထားသည့် ညီုကို ချို ကလည်း သတိထားမိပြီး အနားမှာထိုင်လိုက်ရင်းစိုက်ကြည့်သည်။

"သူတို့ ဘယ်သူအရင်လာမယ်လို့ နင်ထင်လဲ"

"မသိဘူး .."

ညီုမျက်နှာလေးက တည်နေသည်။ ရဲတောက်နေသော နှုတ်ခမ်းအလှက ခါတိုင်းထက်ပို၍ တင်းတင်းစေ့နေသလို ထင်ရ၏။ သူမရှေ့မှာ ကူလ်ဖီးတစ်ပွဲရှိကာ စားထားတာ အစအနလေးလောက်ပဲကျန်သည်။ ပြီးတော့ ဒီဘက်မှာ ရေခဲမုန့်တစ်ပွဲက စားလက်စ ..။

ဒီလိုအဆီအဆိမ့်တွေကို အထူးသဖြင့်ရှောင်တတ်သည့် သူမက ထူးဆန်းစွာ စားသောက်ထားသဖြင့် ချို အံ့လည်းအံ့သြမိသည်။ တစ်ဆိုင်လုံးမှာ စားပွဲတိုင်းလူရှိနေကာ စုံတွဲတွေချည်းပင်။

"ဒီကြားထဲမှာ အနီ့ဆီက ဖုန်းဆက်သေးလား"

"ဘာလုပ်မလို့လဲ ချို၊ ငါ အခု ဒေါသထွက်နေတာ နည်းနည်းပါးပါး မရိပ်မိဘူးလား၊ လျှောက်မေးမနေနဲ့"

ညို ဘယ်လောက်စိတ်လှုပ်ရှားနေတယ်ဆိုတာကို ချို ရိပ်မိသွား၏။ ဒါပေမယ့် ကိုယ်ကလည်း စေတနာနဲ့မေးတာပါ။ ဒါကို ကလေး တစ်ယောက်ကိုဆူသလို အပြောခံလိုက်ရတော့ ရင်ထဲမှာ အောင့်သက်သက်ဖြစ်မိသည်။

"မဟုတ်ပါဘူး၊ ငါက သတင်းတစ်ခုပြောစရာရှိလို့မေးတာ .."

"အဲဒီသတင်းက ဘာလဲ၊ စည်းနဲ့အနီ တကယ်ငြိနေနိုင်တဲ့ ခန့်မှန်းခြေတစ်ခုခုလား၊ နင့်စိတ်ထဲမှာ ငါကလွဲရင် စည်း နဲ့ ဘယ်သူမဆို ချစ်သွားနိုင်တယ်ဆိုတာမျိုး ..."

"ဟယ် .. နင် တမင်များ မတည့်အောင်ပြောလိုက်တာလား ညိုရယ်၊ ငါပြောသမျှ နင့်ကို စေတနာထားခဲ့တာတွေချည်းပဲ"

ညို က နာကြည်းချက်တွေရှိနေသည့် နှုတ်ခမ်းလှလှလေးကို တွန့်ခဲ့ပစ်လိုက်ပြီး ခေါင်းညိတ်သည်။

"ဘာဖြစ်ဖြစ် ငါက ထားလိုက်နိုင်တယ်၊ ခုလဲ ငါ့ယုံကြည်ချက်နဲ့ ငါ စည်း ကို ဒီအကြောင်း ဘာမှမပြောဘဲနေခဲ့တာ .."

"ဟုတ်တယ်၊ အနီနဲ့စည်း ဘယ်လိုစည်းလုံးမလဲဆိုတာ နင် စောင့်ကြည့်လို့ပြောခဲ့တာ ငါမှတ်မိတယ်၊ အနီ့ဘက်က အခြေအနေ မဟန်ရင် နင့်ဆီကို ဖုန်းဆက်မှာပဲလေ၊ ငါ အဲဒါကိုမေးတာ ..."





ညို က ချို့ကိုမချေငံသည့်မျက်ဝန်းလေးတွေနှင့် ဖျတ်ခနဲ ပင့်ကြည့်၏။

"ခု အဲလိုထင်သွားပြန်ပြီလား၊ ငါကတော့ နင် အနီ့ကို ကျိတ် အထင်ကြီးနေတယ်လို့ပဲမှတ်တာ ..."

ချို က မချိပြုံးလေးနှင့်ငေးကြည့်သည်။ ညို့ရင်ထဲမှာ စည်း နဲ့ ပတ်သက်ပြီး ကိုယ်က သဝန်တိုစိတ်ဖြစ်နေလို့ ကြံဖန်ပြီး ဝေဖန် ကဲ့ရဲ့နေသည်ဟုတွက်ထားမှန်း မရိပ်မိဘဲနေမလား ..။ မဟုတ်ဘူး လို့တော့ မဖြေရှင်းလိုပါ။ သဝန်တိုစိတ်ဆိုတာ ဟုတ်မဟုတ် မသေချာသော်လည်း မိန်းကလေးလှတာမြင်တိုင်း မပွေ၊ ဖြားယောင်းကြည့်ဖူးပေမယ့် မကြွေခဲ့သော ဤယောကျ်ား၏ ချစ်တတ်တဲ့စိတ် ဘယ်မှာအမြစ်တွယ်သွားလဲဆိုတာကိုတော့ သိချင်မိ၏။

ထို့ကြောင့် စပ်စုမေးမြန်းခြင်းတွေ ကိုယ့်ဘက်က ဟန့်မထောင်နိုင်အောင် များပြားသွားခဲ့တာလည်းမှန်၏။ ရှိပါစေတော့ ..။ဒီပွဲပြီးဆုံးတဲ့အထိ ဤသူတို့၏ဘေးမှာရှိနေချင်တာမို့ ချို သည်းခံလိုက်သည်။

"ငါ နင့်ကို ပြောစရာရှိတယ် သိလား"

သူမ က ထပ်မမေးပေမယ့် ချို ကပဲ ပြန်စရသည်။

"နင်တို့ရဲ့ကြိုးဝိုင်းနဲ့များ သက်ဆိုင်နေမလားလို့ပါ"

ညို့မျက်ဝန်းတွေ စိတ်ဝင်စားခြင်းများနှင့် ရူးရောက်လာ၏။ ချို က ဆိုင်အဝင်တံခါးကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"အနီ ကားအက်ဆီးဒင့်ဖြစ်တယ်လို့ကြားတယ်"

"ဘာ ..."

ညို ဆတ်ခနဲဖြစ်သွားသည်။ ပြိုင်ဘက်တွေဖြစ်ခဲ့ပေမယ့် သူငယ် ချင်းဆိုတဲ့အသိနဲ့ စိတ်ပူသွားတာလားဟုတွေးမိပြီး ချို က အံ့သြဟန်လေးကြည့်သည်။

"တောက် .. အဲဒါနဲ့ အကြောင်းပြကောင်းပြီး ရှောင်ထွက်ဦးမယ့် ဘာတွေဖြစ်သွားသတဲ့လဲ၊ ဒဏ်ရာကြီးတယ်ဆိုလဲ သေသင့်တယ်"

"သေချာမသိဘူး၊ ဒါပေမယ့် ..."

ချို့စကား ဒီမှာတင်ရပ်သွား၏။ ညို ကလည်း သတိထားမိကာ တံခါးဆီကိုလှမ်းကြည့်သည်။

အနီ က မိန်းကလေးအဖော်တစ်ယောက်ကို ပူးကပ်ဖက်ထားလျက် ဖေးမတွဲထားရမှန်းမသိသာအောင်ထိန်း၍ ခပ်ဖြည်းဖြည်းဝင်လာနေ၏။

သူမ သည် နုလွင်သော ပန်းနုရောင်စပို့ရှပ်ပွပွလေးနှင့် ဆံပင်တွေ ကို မြင်နေကျအတိုင်း ဖြန့်ချထားသည်။ ထူးခြားတာက ဘောင်းဘီရှည်ပွ လေး ဝတ်လာခြင်းပဲဖြစ်၏။ သူမ ပုံစံက အိမ်နေရင်းဝတ်စုံလေးနဲ့ပဲ ထ လာသလိုလိုရှိကာ မျက်နှာအပြောင်သားနှင့် နှုတ်ခမ်းနီတစ်ခုပဲ ပန်းရင့် ရောင်ထင်နေသည်။

တစ်ကိုယ်လုံး ရဲတောက်နေအောင် ဝတ်စားပြင်ဆင်ကာ အများထဲ မှာထင်းနေအောင်လှသည့် ညို နှင့်တော့ တောက်ပပုံခြင်းက ဘာမှမဆိုင်

ညို က အေးစက်စက်မျက်ဝန်းများနှင့် စိုက်ကြည့်နေရင်း၊ သူမ ရှေ့ကို အနီ ရောက်လာမှ ...

"ဗိုင်တယ်ဆိုရင်လဲ အတူတူလာသင့်တာပေါ့ အနီ၊ နောက်တစ် ယောက်ကို ငါက ဘယ်အချိန်အထိ ထပ်စောင့်ရဦးမှာလဲ"

"သူလာမှာပါ၊ ငါထွက်လာတော့ ဖုန်းဆက်ထားတယ်"

ညို က မဲ့သည်။ အနီ့ကို အထင်မကြီးနိုင်သည့်စိတ်က ကိုကိုတို့ သားအမိ အမြတ်တနိုး၊ တန်ဖိုးထားခဲ့ကြတာကိုတွေးမိရင်း၊ စိုးရိမ်စိတ် အနည်းငယ်ကိုဖြစ်စေခဲ့သည်။

ပြီးတော့ မခံမရပ်နိုင်ဖြစ်ခဲ့သော်လည်း ချို တဖွဖွ သတိပေးခဲ့တာ





တွေကို နားထဲမှာကြားနေ၏။ ဒဏ်ရာနဲ့တောင် ဒီထိရောက်လာတယ် ဆိုတော့ အနီ တကယ် သေချာနေခဲ့တာလား ...။

ညို့မျက်ဝန်းတွေ ယောက်ယက်ခတ်လာ၏။ ချို က အ[illegible]လုံးကို ဝေ့ကြည့်အကဲခတ်ရင်း ...

"အနီ တို့ထိုင်ကြလေ၊ ကားအက်ဆီးဒင့်ဖြစ်လို့ဆို၊ ဒဏ်[illegible] ခြေထောက်မှာလား"

အနီ က ခေါင်းညိတ်ပြီး ခုံကို စားပွဲနှင့်လှမ်းသွားအောင် ဆွဲ၍ ထိုင်လိုက်ကာ ...

"နည်းနည်းပါးပါးပါ၊ ဒီမှာ အပေါ်ထပ်တက်ရမှာမို့လို့ အဖော်ခေါ် ခဲ့ရတာ၊ ကြည် .. ထိုင်လေ .."

အနီ ပြောတော့မှ ကြည် ဆိုသည့်အမျိုးသမီး ထိုင်သည်။ မျက်ဝန်းတွေ ကစားပေမယ့် တင်းတင်းစေ့ထားသည့်နှုတ်ခမ်းတို့က တစ်ချက်မှ မလှုပ် ရှားဘဲ ဖော်ရွေခြင်းကင်း၏။

ညို က အနီနဲ့ကြည့်ကို အထင်မြင်သေးသလို စောင်းငဲ့ကြည့်၍..

"ဘယ်လိုလဲ အနီ၊ ဒီပွဲလေးတက်ပေးပါလို့ တော်တော်မှ စည်းရုံး ခဲ့ရလား"

အနီ က ဖြန့်ငဲ့ကြည့်ပြီး ပြုံးလိုက်ပေမယ့် မဖြေ ..။

"ငါ တစ်ခုလိုသွားတာ၊ တစ်ပွဲတိုးယှဉ်ပြိုင်မှုနဲ့ ဒီပွဲကိုမဆုံးဖြတ်ဖို့"

"အဟွန်း ..၊ ဘာလုပ်မှာလဲ ညို့ရယ်၊ စည်း လို မာနကြီးတဲ့လူ တစ်ယောက်ကို အမိန့်ပေးပြီး ဒူးထောက်ခိုင်းဖို့မဖြစ်နိုင်ဘူးလို့ နင်ပဲ ပြောခဲ့တာမို့လား၊ နင်က မဖြစ်နိုင်ဘူးလို့ ယုံကြည်နေတဲ့သူ၊ ငါက ဖြစ်အောင်လုပ်ပြဖို့ စိန်ခေါ်ခဲ့တယ်၊ အဓိကက သူ နင့်ရှေ့မှာ ငါ့ကို ဒူး ထောက်ဖို့ပဲမို့လား၊ ငါ ဘယ်လိုပဲစည်းရုံးလာလာ စိတ်မဝင်စားပါနဲ့၊

ငါကလဲ ဒီညကစပြီး နောက်မနက်ဖြန့်ကိုတောင် စိတ်မဝင်စားဘူး"

ညို့မျက်နှာ နာမည်နဲ့လိုက်အောင် အညိုရောင်သမ်းသွားသည်။ ထိုစဉ် အားလုံးနှင့်အလှမ်းမကွာသော အဝင်ဝံခါးဆီမှ အရိပ်တစ်ရိပ် ကြောင့် မျက်လုံးတွေ ထိုဆီရောက်ကုန်ကြသည်။

"စည်း ..."

တုန်လှုပ်သွားသည့် ညို့အသံက အားလုံးထဲမှာ ဟန်မဆောင်နိုင်စွာ ထွက်သည်။ ထို့ပြင် စည်း နောက်မှ တစ်ယောက်စီ တန်းစီပါလာသည့်လူရိပ်တွေ ..။

ကာရံညီ၊ ပြီးတော့ ဖိုးကျော်၊ နောက်ပြီးတော့ သိပ်မရင်းနှီး သည့် မင်းကို ဆိုသောလူ ..။ လေးယောက် အတန်းလိုက်ဝင်လာကြတာမို့ အခြားစားပွဲက လူတချို့လည်း လှမ်းကြည့်ကြ၏။

စည်း သည် ပန်းနုရောင်စပို့ရှပ်လည်ကပ်လက်ရှည်မှာ ချိန်းကွင်းတွေပါသည့် ချိုင်းပြတ်ခါးတို အပေါ်ထပ်အင်္ကျီကိုဝတ်ထား၏။ ကော်ပီရောင်ဘောင်းဘီရှည်နှင့် ဝတ်ထားသမျှ အားလုံးလိုက်ဖက်ကာ မျက်နှာမှာထင်းနေသည်။

ရုပ်ရှင်မင်းသားရုံးအောင် ပြင်ထားသည်ဟုမြင်ကာ တစ်ရေးကိုစိုက်ကြည့်ပြီး အနီ မျက်နှာလွှဲပစ်ပေမယ့် ညို က ငေးစိုက်နေလျက်က နေမျက်တောင်တစ်ချက်မှမခတ်။

"အနီ ..."

အားလုံးက လှမ်းငေးနေကြပေမယ့် စည်း က မျက်နှာလွှဲနေသည့် အနီ့ကိုပဲ စူးစိုက်ကြည့်၍ ရှေ့မှာရပ်လိုက်သည်။

"ကိုယ်နောက်မကျဘူး သိလား၊ မင်းကိုစောင့်နေတာ၊ မင်း ဝင်သွားတာမြင်မှ လိုက်ခဲ့တာ .."





ပြောလိုက်ပြီး ကိုင်လာသည့်ပန်းစည်းကို အနီ့မျက်နှာရှေ့မှာ ကမ်းပေးသည်။ အနီ က ပန်းစည်းကို ငုံ့ကြည့်ပြီးမှ သူ့မျက်နှာဆီ မော့လာသည်။ ညို အံ့ကလေးကြိတ်လျက် တိတ်ကျသွားသည့်ပတ်ဝန်းကျင်ကို 'ဘာလို့တိတ်ကုန်ကြတာလဲ' လို့ ခုန်ပေါက်အော်ပစ်လိုက်ချင်၏။

အနီ သည် သူမ မျှော်လင့်ခဲ့သည့်အခြေအနေဖြစ်ခဲ့ပေမယ့် ဝမ်းမသာနိုင်ဘဲ တကယ်ဖြစ်လာတာကို ရှက်နေမိ၏။ စိန်ခေါ်ခဲ့တာက ညို့ကိုပြချင်တာပါ။ ခုတော့ တစ်ဆိုင်လုံးမှာရှိသမျှလူတွေ ကြည့်ကုန်ကြပြီ။

စည်း ကတော့ ပတ်ဝန်းကျင်ဘာမှမရှိတော့ဘဲ သူနဲ့အနီ တစ်ယောက်တည်းရှိနေသကဲ့သို့ အနီ့ကိုပဲ ငုံ့မိုးငေးမောလျက် ...

"ဒီထဲမှာရှိသမျှလူတွေက သက်သေနော်၊ ကိုယ့်ဘက်ကလဲ သက်သေတွေပါတယ်၊ ဒီနေ့ ဒီနေရာမှာ မင်းကို ကိုယ်ဘာပြောမယ်ဆိုတာ ..လိုက်ရှင် ...။ အနီ ထိတ်လန့်စိတ်တွေဖြစ်သွားကာ တစ်ခုခုပြောပါတော့ ဟု မတတ်သတ်ခဲ့ တုန့်သွားမိစဉ် စည်း က သူမနားမှာ ဒူးထောက်ထိုင်လိုက်ပြီး ပန်းစည်းကို ပေါင်ပေါ်မှာ တင်ပေးလိုက်သည်။

"မင်းကို ကိုယ်သိပ်ချစ်တယ် အနီ၊ ကိုယ့်ကို လက်ထပ်ခွင့်ပြုပါ"

"အို ..."

အနီ့လက်ကလေးတစ်ဖက်ကို သူ ဆွဲကိုင်လိုက်၏။ လူတွေအားလုံးက သူ့ကို အရူးထတယ်လို့ထင်မှာ ..။ ဒီမိန်းကလေးကို တော်တော်ချစ်နေရှာတာဟု သတ်မှတ်သွားကြမှာ ..။ ဘယ်သူ ဘာထင်ထင် သူ့မျက်နှာမှာ တစ်စုံတစ်ရာသော ဂရုစိုက်ခြင်းမျှမရှိ။

အနီ ရှက်သည့်စိတ်နှင့် စိန်ခေါ်ခဲ့တာတွေ၊ အလောင်းအစားတွေကို မေ့သွားခဲ့၏။ လက်ကို အလန့်တကြားပြန်ရုန်းတော့ စည်း က ဖိဆုပ်ထားလိုက်ပြီး သူ့လက်ထဲမှာ အဆင်သင့်ပါလာသည့် လက်စွပ်လေး

တစ်ကွင်းကို သူမ၏လက်သူကြွယ်မှာ စွပ်ချပေးလိုက်သည်။

"ကိုယ်မျှိုသိပ်ခဲ့ရသမျှ ဒီနေ့ ဖွင့်ချတောင်းခံတာပါ။ ဘယ်သူ့ တိုက်တွန်းချက်မှမပါဘဲ နောက်ထပ် ဘယ်သူဖျက်လို့လဲ ပျက်မှာမဟုတ်တဲ့ အချစ်တွေနဲ့ မင်းကို ဂရုစိုက်ကြင်နာမယ်၊ ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ"

"ရှင် .. ရှင် ..."

ဒါ တကယ်မှမဟုတ်တာ လို့ မပြောနိုင်။ ပြောဖို့ အတင်းအားယူရင်း လက်ကိုပဲ ပြန်ရုန်းနေမိ၏။ ထိုစဉ် ညို ဆတ်ခနဲ ထရပ်လိုက်သဖြင့် ချို လည်းလိုက်ရပ်သည်။

"ဟွန်း .. အရှက်မရှိတဲ့အလုပ်တွေ .."

ဟု မဲ့ရွဲ့ပြောပြီး လူအများရှေ့ကနေ အကျည်းတန်စွာ ထွက်ခွာမင်း[illegible]းလေသည်။ အနီ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်လာကာ စားပွဲကို ဝိုင်းပတ်ရပ်နေသည့် ညီ တို့ကိုရော၊ ဒူးထောက်နေဆဲ ရှိသည့် သူ့ကိုပါ တစ်ယောက်စီလိုက်ကြည့်လျက် ...

"အထက်စည်း .. ရှင် .. ရှင် ဘာလုပ်တာလဲ၊ လွှတ် .. လက်ကို"

အနီ လက်ကိုရုန်း၍ သတိလက်လွတ် ထရပ်လိုက်မိသည်။

"အနီ မထနဲ့လေ .."

ကြည် က တားဆီးပေမယ့် မဆွဲသာလိုက်ဘဲရှိကာ ခြေထောက်မှာ ဒဏ်ရာရှိထားသည့် အနီ့ကိုယ်လေး ယိုင်ခနဲ ပြိုကျသွား၏။ ထိုအခါ လက်စွပ်ရှိထားသည့်လက်ကို ဆုပ်ကိုင်ထားဆဲဖြစ်သည့် စည်း ရင်ခွင်ထဲသို့ ...။

"ကောင်းတယ်"

"ရာသက်ပန်ပေါင်းရပါစေဗျာ ..."

"ဖြောင်း .. ဖြောင်း .. ဖြောင်း ..."





ညီ တို့ တညီတညွတ်တည်း ထပြောလိုက်သည့်စကားအဆုံးမှာ ထွက်လာသောလက်ခုပ်သံတို့က လက်ခြောက်ဖက်မကဘူးဆိုတာ သိလိုက်၏။ တစ်ဆိုင်လုံး ရယ်သံတွေ ဆူညံသွား၏။ ရှက်သည့်စိတ်ကြောင့်လုသည် သတိလစ်မတတ်ဖြစ်သွားကာ အနီ သူ့ရင်ခွင်ထဲမှာ မျက်လုံးအဝိုင်းသားနှင့် ...။

"သိပ်ချစ်စရာကောင်းတာပဲ အနီ၊ မင်းကို ကိုယ်သိပ်ချစ်တယ်"တဲ့။

ခုနက သူ ဘာအရူးထနေတာလဲလို့တွေးပြီး ရှက်ခဲ့သောစိတ်သည် ညို မရှိတော့ဘဲ ထပ်ပြောလာကာမှ သရုပ်ဆောင်နေတာ မဟုတ်မှန်း နားလည်ခဲ့၏။

အဲဒီလို လည်လည်ဝယ်ဝယ်ရှိတာပဲ၊ သေပျော်ပြီလို့သာ မှတ်လိုက်လိုက်တော့ ...။

ဘဲ့ နောက်

ာ်သပ်တုန်း။

ာက်တာ

ခစ်သူ

❋ ❋ ❋

## အခန်း (၄၅)

မင်း‌ ... ဘာမှ ရှင်းခွင့်မရ၊ ဘာမှလည်း မသိလိုက်ဘဲ အားပေးကြသည့် စားပွဲ ... းလုံးကို စေ့စပ်ပွဲတက်ရောက်သူများအဖြစ် ကျွေးမွေးဧည့်ခံဖို့ သူ့ သူ့ကို ... င်လုပ်ထားခဲ့သည်။

အနီ ခေါင်းတခါခါနှင့် မျက်ရည်ကျတဲ့အထိဖြစ်တော့ သူက ပြောင်ပြောင်ပဲချော့သည်။ အားလုံးရှေ့မှာပဲ ဝန်ခံ၏။

"စိတ်အနှောင့်အယှက်မဖြစ်ကြပါနဲ့၊ ကျွန်တော်က သူ့အချစ်ကိုရဖို့ အသေအလဲ ကြိုးစားခဲ့ရတာ၊ အဲဒါကြောင့် ရနိုင်တဲ့နည်းကိုပဲ သုံးလိုက်ရ တာကြောင့်ပါ၊ အားလုံး အေးဆေး .. ဘာမှမဖြစ်ဘူး၊ သုံးဆောင်ကြပါ ကြိုက်သလောက် ထပ်မှာပါ"

အနီ့ လက်ဖဝါးလေးကို မလွှတ်တမ်းဆုပ်ဆွဲထားသဖြင့် ဘယ်လို ရုန်းလို့မှမရ၊ ပြီးတော့ ရှင်းလေရှုပ်လေ ဖြစ်ကုန်မှာစိုး အနီ ဘာမှမပြော နိုင်ပေမယ့် သူ့ကိုတော့ အံကြိတ်ကြိမ်းဝါးနေမိဆဲ ..။

"ရှင့်မှာ ယုတ်မာဖို့နည်းတွေ ရှိသေးလားဟင်၊ အဲဒါတွေ ရှင် မကြံခဲ့ စားရတော့မှာ သိရဲ့လား၊ ကျွန်မမှာ လက်ထပ်ဖို့ သေချာပြီးသားရှိတယ်"



"ဟိုပွဲပျက်သွားတာမကြာသေးဘဲ နောက်ထပ် သေချာပြီးသား ဆို တာ မဖြစ်နိုင်တာကွာ၊ ဘာလဲ .. ကိုယ်ချစ်တာကို မယုံလို့လား"

"ရှင် ရူးနေပြီလား စည်း .. ဟင် ..၊ ပြောတော့တစ်မျိုး၊ လုပ်တော့ တစ်မျိုး၊ ကျွန်မကို ရှက်လို့သေအောင် တွန်းပို့နေတာလား၊ ဒီနေ့ ဒီလို ဖြစ်ကုန်တာ ညီ့ကြောင့်ပါလို့ ကျွန်မ ပြောပြီးသား၊ ရှင် ပြောခဲ့တာလဲ မဖြစ်သာလို့ ကူညီရမှာလိုလို ..၊ အခု ဘယ်မှာလဲ၊ ရှင် ပရိုပို့စ်လုပ်မယ် ဆိုတဲ့တစ်ယောက် .."

"မင်းလေ .."

"ရှင် .. ရှင်နော် ..."

အနီ ဘယ်လိုနားနဲ့မှ မယုံနိုင်။ အတည်အတံ့ကြီးလုပ်ပစ်လိုက် တာကို မြင်နေပေမယ့် မယုံ။ ဖုန်းဆက်အကူအညီတောင်းခဲ့တဲ့ နောက် ဆုံးအချိန်အထိ သူ့ဘက်က စိတ်ပျက်လက်ပျက် ညည်းညူစုတ်သပ်တုန်း။

ကူညီတာကို လူသိရှင်ကြားဖြစ်ပြီး အတည်ဖြစ်သွားမှာ ကြောက်တာ လည်း သူပဲပြောခဲ့တာ။ တစ်လျှောက်လုံးမှာ သူ ရပ်တည်လာခဲ့တာ ညီ့ချစ်သူ ပဲ။ ကိုယ့်ကိုတော့ ညီ့သူငယ်ချင်းအနေနဲ့ စ, နောက်ရင်း ဘုဘောက်ကျခဲ့ ပြီး တစ်ချိန်လုံး သင့်မြတ်ခဲ့တာမရှိပေ။ ခုတော့မှ သိပ်ချစ်ပါသည်တဲ့။

ပြီးခဲ့သမျှအားလုံးကို မှသားတွေပါလို့ သူပြောနေလေ ဒေါသဖြစ် လေ ..။ လူတစ်ယောက်ဟာ အားလုံးအမြင်တွေမှားကုန်အောင် ဒီ လောက်တောက်လျှောက်ကြီး လိမ်ညာထားနိုင်မလား ..။ လုံးဝယုတ္တိမရှိ၊ ပြီးတော့ ပြောသေးသည်။ 'မင်းမယုံလဲ ကိုယ်ကချစ်တယ်' ..

❋ ❋ ❋

## အခန်း (၄၆)

"အဲဒီလက်စွပ်ကို မင်း အစုန္တတ်ပစ်လိုက်လဲ မထူးပါဘူး၊ ပရိသတ် သုံးဆယ်ကျော်ရဲ့ရှေ့မှာ မင်းကို ကိုယ်က လက်ထပ်ခွင့်တောင်းပြီးပြီ အောင်မြင်ခဲ့ပြီးပြီ"

ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်တွေထည့်ထားပြီး ခပ်ခွဲ့ခွဲ့ရပ်နေပုံက ကားနဲ့တိုက်သတ်ပစ်ဖို့ပဲကောင်း၏။ အနီ ကားရှေ့မှာ လေးပေ့လောက် ပုံပန်းမကျ ဗိုက်ရပ်နေကြလျက် ပြောချင်တာပြောခွင့်ရနေဖို့ ညီညွတ်နေကြသည်။

ပါကင်မှာဆို ပြန်ဆုတ်ပြီး ရှောင်ထွက်ဖို့လည်းမဖြစ်၊ ရှေ့လည်း တိုးလို့မရဘဲ စတီယာရင်ကို ဖိဆုပ်ထားလျက် အနီ တက်ခေါက်မိသည်။ တစ်ချိန်လုံး တိတ်ဆိတ်စွာနေပေးခဲ့သည့် ကြည် က စည်းနဲ့ အနီ့ကို တစ်လှည့်စီကြည့်ကာ ...

"ကိုယ်က ပတ်သက်ခဲ့တာပဲဟာ၊ နင့်ဒေါသတွေ ခဏထားပြီး ဆွေးနွေးကြည့်လိုက်ပါ"



"ဘာ ... ငါက ဆွေးနွေးရမယ် .. ဟုတ်လား၊ ဟိုမှာ လူကို သူ လက်ထပ်ထားတဲ့မိန်းမလိုပြောနေတာ နင်မကြားဘူးလား"

"အဲဒါ နင်က ပြေးဖို့ကြိုးစားလေ၊ သူ ဇွတ်လုပ်ချင်လေ ဖြစ်မှာပဲ၊ မြဲမြဲမြံမြံ ပြောဆိုကြည့်ပြီး မဖြစ်နိုင်တာကို သူယုံအောင်ပြောပြပေါ့"

"ကြည့်ရယ် .. နင်ကလဲ ကျားကိုကျောသပ်ပြီး ကန့်စွန်းရွက်ကျွေး နိုင်းနေပြန်ပြီ၊ အဲဒီသတ္တဝါပြောနေတာတွေကို တကယ်များမှတ်နေ သလား။ အလကား လူရှုပ်လူပွေ၊ သူ ဒီလိုပဲ ..."

"အနီရောင်နှင်း .."

စည်း က ကားရှေ့နားကနေ အနီ့ဘေးကို တစ်လှမ်းချင်းလျှောက် လာရင်း ...

"ကိုယ် မင်းအတွက်ကလွဲပြီး ဘယ်တုန်းက၊ ဘယ်သူ့အတွက်မှ မုသားမသုံးခဲ့ဖူးဘူး၊ အဲဒါ မင်းကို ဘယ်သူနဲ့မှမတူအောင် တန်ဖိုးထား ခဲ့တာကို ပြောချင်တာ .."

"ဩော် .. မုသားပြောရဲတဲ့ မဟာသူရဲကောင်းကြီးပဲ"

စည်း က ဟားခနဲရယ်သည်။

"ဟုတ်တယ်၊ မင်းအတွက် ကိုယ်က သူရဲကောင်းလုပ်ခဲ့တာ၊ လူပုံ အလယ်မှာ ဒူးထောက်တောင်းခံမှ လက်ထပ်ခွင့်ရမယ့်မိန်းမမျိုးကို ချစ်ခဲ့ မိလို့လေ၊ ပြီးခဲ့တဲ့ ရာဇဝင်စာမျက်နှာတွေကို မင်းခြေရင်းမှာ ပြာချပေးခဲ့ တယ်၊ အဲဒါကို မင်း အကြိမ်ကြိမ်အခါခါစော်ကားနေတာ."

"ရှင် လူကို ခြိမ်းခြောက်နေရအောင် ..."

"ဘာလို့ခြိမ်းခြောက်ရမှာလဲ၊ သိအောင်ပြောပြတာ၊ ပြီးတော့ ဒီနေ့ ကိုယ့်ရာဇဝင်စာမျက်နှာသစ်အတွက် ကိုယ်မှတ်တမ်းတင်ထားလိုက်တယ်"

"ဘာ ..."

အနီ မျက်လုံးပြူးရပြန်ပြီ။ ထိုစဉ် ဖိုးကျော်က ထူးခြားမှုတစ်ခုနှင့် လှုပ်ရှားလိုက်သဖြင့် လှမ်းကြည့်လိုက်မိတော့ သူ့လက်ထဲမှာ အသေးစား ကင်မရာလေးတစ်လုံးကို ဟိုဖွင့်ဒီနှိုက်လုပ်ပြီး ဟန်ရေးပြနေသည်။

"အထက်စည်း .. နင် ..."

အနီ မျက်ဝန်းတွေ ကျွတ်ထွက်ကျတော့မတတ် ဝိုင်းစက်နေရဲ့ နေတာ ...

"နင် .. နင် ညို့ကိုပဲ ရအောင်ယူ၊ နင်နဲ့ညိုကမှ ယုတ်မာ ကောက် ကျစ်ပြီး ညဏ်နီညဏ်နက်များတာတွေ ထပ်တူညီတာ၊ ငါ နင့်ကိုရွံတယ် သိလား .. ဖယ် .. ဖယ်ပေးကြ .. သွား ..."

အနီ စက်နှိုးပစ်လိုက်ပေမယ့် ဖိုးကျော်တို့က နည်းနည်းမှ ဖယ် မသွားကြပေ။ စည်း က အနီ့ဘေးမှာငုံ့ကြည့်ပြီး လက်တစ်ဖက်ထောက် ကာ ...

"လျှပ်စစ်တောင် အဖိုချင်း၊ အမချင်း ထိကပ်ထားလို့ မီးလင်း လာတာမှမဟုတ်တာ၊ မတူညီတဲ့ဓာတ်သဘာဝတွေ ငြိမှ မီးပွင့်တာ ကိုယ်က ထပ်တူညီတာကို မလိုချင်တဲ့ကောင် .. ဒီမှာ အနီ .."

သူ့မျက်နှာက အနီ့မျက်နှာနားအထိ ငုံ့ဝင်လာတော့မတတ် နိမ့် ကျလာပြီး ...

"မင်းကို ကိုယ်သိပ်ချစ်တယ်"

"မပြောနဲ့ .. သွား ..."

အနီ ခေါင်းခါပစ်လိုက်ပြီး အော်သည်။ ဘယ်သူကြားကြား ရှက် ရမှန်းလည်းမသိတော့ပေ။

"ညို ဆိုတဲ့နာမည် ကိုယ့်စာမျက်နှာ ဘယ်နေရာမှာမှ မထင်ခဲ့ဘူး နော်၊ အဲဒါ မင်းသိလား။ သူ ဘာတွေယုတ်မာတယ်၊ ကြင်နာတယ် ကိုယ်





မသိဘူး။ သူနဲ့ကိုယ့်ကို ဘာတူတယ်၊ ညာတူတယ်နဲ့ ပူးတွဲကြည့်နေရင် မင်းစိတ်ချမ်းသာမှာမဟုတ်ဘူး။ အဲဒီတော့ မနေ့ကကိစ္စတွေကို ထားခဲ့ လိုက်ပါလား"

အနီ့မျက်နှာလေးထက်က အလှအပကောက်ကြောင်းလေးတွေကို အနီးကပ်စိုက်ကြည့်ပြီး စည်း က ပြုံးသည်။

"အရမ်းချစ်ဖို့ကောင်းတယ်၊ မင်းကို ကိုယ် ဆုံးရှုံးခံမှာမဟုတ်ဘူး ဆိုတာ နည်းနည်းခေါင်းထဲထည့်ပေးထား။ ပြီးတော့ မင်းတကယ် လက်ထပ်ဖို့သေချာထားတဲ့သူရှိနေရင်လဲ နောက်ထပ်တစ်လတိတိ အချိန်ထိ မင်းရဲ့မင်္ဂလာသတင်းကို ကိုယ် မကြားချင်ဘူး"

"အံမာ ..."

"တကယ်အတည်နော်၊ ခြိမ်းခြောက်တာမဟုတ်ဘူး။ လက်စွပ်ကို ချွတ်ပစ်လိုက်လို့ရပေမယ့် တစ်ယောက်ယောက်နဲ့ ချက်ချင်း လက်ထပ် ပစ်လိုက်မယ့်အစီအစဉ်ရှိရင်တော့ လက်လျှော့လိုက်၊ မင်းရဲ့ပွဲကို နောက် ထပ်အရှက်တကွဲ ပျက်ပြားမသွားရအောင်ပြောထားတာ .."

သူက နှုတ်ခမ်းစေ့ပြုံးရင်း လက်ကိုပြန်ရုတ်ပြီး နောက်ဆုတ်လိုက် ၏။ ပြီးတော့ ညီ တို့ကိုလှည့်ကြည့်ပြီး ဖယ်ပေးလိုက်ဖို့ မေးဆတ်ပြသည်။

ထိုစဉ် ဖုန်းမြည်သံထွက်လာပြီး သူ ထုတ်ကိုင်လိုက်တာနှင့် ...

"ဒီမှာ ..."

ဖုန်းပြောပြော ဘာပြောပြော အနီ ရိုင်းစိုင်းစွာခေါ် ပစ်လိုက်သည်။

"ဟလို .. ခဏ ဖေဖေ ..."

သူက ဖုန်းပြောရင်း အနီ့ကို 'ဘာလဲ' ဆိုသည့်သဘောနှင့် မေး ဆတ်၍ ...

"လာခဲ့မယ် ဖေဖေ၊ ကျွန်တော် ..."

"... ... ... ..."

"ခုပဲ လာခဲ့မယ်၊ ခဏလေး ဖေဖေ၊ ဒါပဲနော် .. ဆယ်မိနစ်လောက်ပဲ"

ဖုန်းပြောခြင်းကို ကမန်းကတန်းလက်စသတ်၍ အနီ့ဘေးမှာ ပြန်ငုံ့လာပြီး ...

"ပြော ..."

"အဲဒီတစ်လအထိ ကျွန်မ လက်မထပ်ဖြစ်အောင် ထိန်းထားခဲ့ရင် ရှင် ဘယ်တော့မှ ထပ်မနှောင့်ယှက်ဘူးလို့ ကတိပေးမလား"

သူက အနီ့ကို သနားစရာသတ္တဝါလေးလိုစိုက်ကြည့်ပြီး သွားတွေပေါ်အောင်ရယ်သည်။

"မင်းကိုလွှတ်ပေးချင်မှဖြင့် တစ်လလုံးလုံးစောင့်ပြီး အပို အလုပ်ရှုပ်ခံပါ့မလား၊ မှတ်သွား .. တစ်လမပြည့်ခင် မင်းကို ရအောင်ယူမှာ"

အနီ့မျက်နှာ တင်းသွားသည်။ သူ ကလိမ်ကျစ်ဉာဏ်ဆင်ခွင့်ရအောင် ကိုယ်ကပဲ တစ်လထပ်ပြီး ချန့်စ်ပေးရဦးမည်တဲ့။ ဟွန်း ..။

"တစ်ခါပဲရမယ် စည်း၊ အခု ငါ့ဒုက္ခနဲ့ငါ လည်စင်းပေးလိုက်သလိုဖြစ်သွားခဲ့လို့ နင် အသာလေးအနိုင်ရသွားတာ၊ နောက်တစ်ခါ ဘယ်တော့မှ မရစေရဘူး"

အနီ့ကားရွေ့သွားမှ သူက အသံထွက်အောင်ရယ်လိုက်ပြီး ...

"အနီ ရာ ..၊ မင်း ကိုယ်မသိလိုက်ဘဲ စေ့စပ်ဖို့ဖြစ်ခဲ့တာတောင် ကိုယ်နဲ့ပတ်သက်ပြီး အဲဒီပွဲပျက်သွားတယ်မို့လား၊ အခုက ကိုယ်ကိုယ်တိုင် နှောင့်ယှက်မှာ .."

အနီ ကားကို ဘီးလိမ့်ရုံလေးထွက်ခဲ့တာမို့ သူပြောသမျှကို ကြားနေရသည်။ စည်း ကလည်း ကားနောက်ကနေ တစ်လှမ်းချင်းပါလာ





နေလျက် ...

"မင်းပြောသလိုပေါ့၊ ခုကစပြီး မင်း နောက်ထပ် အဲဒီလိုလုပ်လို့မရတော့ဘူး .. သိလား၊ တစ်ခါပဲရမယ်"

"ကြိမ်းဝါးနေတာ ကြာပါတယ်ကွာ၊ တစ်ခါတည်း ကားတင်ပြေးလိုက် .."

ဖိုးကျော် အသံကြောင့် အနီ ကားကို တုံ့ခနဲရပ်ပစ်လိုက်သည်။ ပြီးတော့ အကြမ်းပတမ်းပြန်ဆုတ်၏။

"ဟ .. ဟ ..."

ဖိုးကျော်တို့ ရုတ်တရက်လန့်ဖျပ်ပြီး ခုန်ရှောင်ကြ၏။ အနီ က အားလုံးကို မဟာရန်သူတော်ကြီးတွေလို ပေစောင်းစောင်းကြည့်လိုက်ပြီး ...

"လောလောဆယ် ငါက ကားပေါ်မှာနော်၊ သတ္တိရှိရင် ခုနကလို ရှေ့မှာလာရပ်နေလိုက် .."

"ဘာလို့နေရမှာလဲ၊ စည်း မင်္ဂလာဆောင်မှာ အပီကဲရဦးမှာ .."

အနီ ဂီယာပြန်ချိန်းပြီး နှုတ်ခမ်းသားလေးတွေပြုတ်လုမတတ် ဖိဖိတ်အံကြိတ်၏။ တက်ခေါက်ရလွန်းလို့ လျှာမှာ အနာတရဖြစ်မှာတောင် စိုးရိမ်နေပြီ။

ဒီသတ္တဝါတွေကြားထဲမှာ ဘယ်လိုမှဖြေလို့မှမပြေသည့်ဒေါသကကြာရင် တကယ်လူသတ်မိနိုင်၏။ နောက်ထပ်မပြောဆိုမိအောင် စိတ်ကိုပြန်ထိန်း၍ ဒီနားကနေ အမြန်ဆုံးထွက်ဖို့အမိကနှင့် မောင်းထွက်ခဲ့မိသည်။

ဖေဖေစီစဉ်ထားတာကို ဘယ်လိုသတ္တိတွေနဲ့ ငြင်းဆန်ရမလဲ ဒါမှမဟုတ် ငြိ အကြောင်းပြချက်နဲ့ အချိန်ဆွဲမလဲ။ စေ့စပ်ပွဲပျက်သွားသည့်

လိုက်တော့လို့ ခွင့်လွှတ်ခဲ့သည်။ နောက်ထပ်လက်ထပ်ပေးဖို့ စီစဉ်လိုက်တာလည်း ဖေဖေ့ရင်ထဲမှာ ခံစားချက်တွေရှိနေမှာပါ။

ဒါကြောင့် သူမ ခေါင်းညိတ်ခဲ့တာဖြစ်သည်။ ဒီကစ်ခါသာ အကြောင်းတစ်ခုခုနဲ့ လက်ထပ်ဖို့ပျက်ပြားခဲ့ရလျှင် ..၊ ထိုအကြောင်းဟာ အဲ့ကြောင့်ပဲ ထပ်ဖြစ်ခဲ့လျှင် ...။

အတွေးလွန်သွားသဖြင့် ဖုန်းမြည်လာတာကို အနီ ဆတ်ခနဲလန့်သွား၏။

"မောင်း .. မောင်း .. ငါ ကိုင်လိုက်မယ်"

ကြည် က အနီ့အိတ်ကိုဖွင့်၍ ဖုန်းထုတ်ယူလိုက်၏။

"ဟလို ..."

"... ... ...."

"ဟယ် .. အနီ .. နင့်အဖေ .."

"ဟင် ..."

အနီ ကားကိုဘေးကပ်၍ အရှိန်လျှော့လိုက်ပြီး ဖုန်းကိုယူသည်၊

"ဖေဖေ ..."

"... ... ..."

"ရှင် .. ဟုတ်ကဲ့ .. နီးပါတယ် ဖေဖေ၊ ဟုတ်ကဲ့ .."

ဖုန်းချလိုက်ပြီး အနီ က ကားကို လမ်းကြောင်းပြောင်းလိုက်သည်၊

"နင့်အဖေနဲ့ သွားတွေ့မှာလား၊ ဘယ်မှာစောင့်မှာတဲ့လဲ"

"နင်ဆင်းနေခဲ့မလို့မို့လား၊ မဆင်းပါနဲ့၊ နင့်ကို အရင်ဝင်ပို့ခဲ့မယ်"

တဲ့ "မပို့ပါနဲ့ဟာ၊ နင့်အဖေ အရေးကြီးကိစ္စရှိလို့ဆိုရင် စက်ဦးမယ်၊ ငါ

အဲ့ထိပ်က စာအုပ်ဆိုင်မှာဆင်းတော့မယ်၊ စာအုပ်လဲ ဝယ်ချင်လို့"

နေရသည်။ ၊က ကြည် ပြောတဲ့အတိုင်း ရပ်ပေးလိုက်ကာ ...



"ဒီနေ့ပြဿနာကို နင် ဘယ်သူ့ကိုမှ သွားမပြောပြနဲ့နော်၊ အဲ့ဒီကောင်တွေ ဗရုတ်သုတ်ခတွေ လျှောက်လုပ်နေတာ .."

ကားရပ်ထားပြီးမှ ကြည် က မဆင်းသေးဘဲ အနီ့မျက်နှာရှေ့မှာ လက်ဖဝါးလေးဖြန့်ပြ၏။

"ဒီမှာ ..."

"ဟင် .. ဒီလက်စွပ်ကို ..."

ကြည် က အနီ ပုတ်ချလိုက်မှာစိုးသလိုမျိုး လက်စွပ်ကို ပြန်ဆုပ်ထားလိုက်သည်။ ပြီးမှ ...

"ငါ အကဲခတ်ရသလောက်တော့ စည်း စကားပြောတာ အချိုးမပြေပေမယ့် စီစဉ်လုပ်ကိုင်သွားပုံတွေက နင်ပြောသလောက်တော့ ဗရုတ်သုတ်ခမဟုတ်ဘူးထင်တယ်"

"နေပါဦး၊ အဲဒီလက်စွပ်ကို ပလာဇာက ဆင်းလာကတည်းက ငါလွှင့်ပစ်ခဲ့တာ၊ နင်ဘယ်လိုပြန်ကောက်လာတာလဲ"

"ငါကကောက်ပါ့မလား အနီရယ်၊ ပြီးတော့ လက်စွပ်က အဖိုးတန်တဲ့ဥစ္စာ၊ နင့်ကို ကားတင်ပြေးဖို့အကြံပြုတဲ့တစ်ယောက်က ပြန်ကောက်ပြီး ကားထဲပစ်ထည့်လိုက်တာ .."

"အဲဒါ နင်ပြန်ပစ်လိုက်ပါလား၊ ပြဿနာပဲ၊ ဘယ်လိုအကုသိုလ်တွေ အလုံးလိုက်ဝင်နေသလဲမသိဘူး။ ငါတော့ ရူးတော့မယ်ထင်တယ်"

"အနီရယ် ..၊ နင်က စိတ်ပျက်စရာချည်းပဲတွေးနေလို့ပါ၊ စည်း လိုလူက ကိုယ့်ကိုချစ်လို့ ဒေသလုမြှောပါးဖြစ်ပြနေတာကို သူ တကယ်မဟုတ်ရင်တောင် ဒူးထောက်ခဲ့တာ သူပဲ၊ ကိုယ်မကြိုက်တာ အသိသာကြီးပါဟာ၊ နောက်ဆုံး သူ တကယ်ဖွတ်ဖြစ်လာရင် ကိုယ့်အဖေကို ပြောပြပြီး ဟိုဘက်ကလက်ထပ်မယ့်လူကို ဖျက်လိုက်ပေါ့"

"ဘယ်လို .. ဘာ ..."

ကြည် က လက်စွပ်ကို ဒက်ရှ်ဘုတ်ပေါ် လှမ်းတင်လိုက်ပြီး တံခါး လှည့်ဖွင့်ရင်း ...

"ဟုတ်တယ်လေ၊ ဟိုပွဲကိုလုပ်ရင် သူက ဖျက်ဦးမှာပဲဆိုတာ၊ သူ့နဲ့ပဲလက်ထပ်လိုက်ရင်ပြီးတာပဲ၊ ကိုယ်မချစ်ဘဲလက်ထပ်ရမှာချင်း အတူတူကို .."

"နင် မတည့်အောင် လျှောက်ပြောမနေနဲ့ ကြည်၊ ဒီလိုအရိုးမပြေတဲ့ပုံမျိုးကိုယူပြီး တစ်နေ့ အခါရှစ်ဆယ်လောက် .."

"ချစ်တယ် ချစ်တယ်လို့ပြောဖြစ်နေမှာ .. ငါသိတယ်"

"ဟယ် .. ကြည့်စမ်း .."

အနီ ကြည့်ကို ဒေါသဖြစ်ရအခက်၊ မဖြစ်ရခက်နှင့် ကျုန်ရစ်ခဲ့၏။ ကြည် က နှုတ်ခမ်းမှာ လက်ကလေးကပ်ပြီးရယ်လျက် အပြင်ရောက်မှ ပြန်ငုံ့ကြည့်သည်။

"အနီ .. နင် လမ်းသိပ်မလျှောက်နိုင်ဘဲနဲ့ ဖြစ်ပါ့မလား"

"မဖြစ်လဲ ဖြစ်လိုက်တော့မယ်၊ ရှင်ပဲမြန်မြန်ကြွ .."

"ကြွပြီ .."

ကြည် က ရယ်သံလေးထားရစ်ခဲ့ပြီး ထွက်သွား၏။

ဒီမှာ သောကမီးတွေဝိုင်းနေတာကို မစာနာတာလား၊ ခင်လို့ သက်သက်နှောက်တာလား ..။

ကားကို စိတ်မပါစွာ ခရီးဆက်ခဲ့ရင်း ...

* * *



## အခန်း (၄၇)

ဆိုဒ်ိုးနားဝင်းထဲကို ကားဝင်လိုက်ကတည်းက စည်း ရဲ့ကားမည်းကြီးကို အနီ ချက်ချင်းသတိထားမိလိုက်၏။ မျက်လုံးကလည်း ဖိုဒီ လိုက်ကြည့်မိပြီးဖြစ်သွားသည်။ ဒီနေ့ကျမှ ဒီလောက်တိုက်ဆိုင်မှုတွေဖြစ်နေတာ၊ ဘယ်သူ့ ကံကောင်းပြီး ဘယ်သူ့ ကံဆိုးချင်လို့လဲ ..။

"အ .."

အနီ ကားအောက်ကိုဆင်းလိုက်သည်နှင့် ဒုက္ခက ဆီးကြိုနေ၏။ လမ်းလျှောက်ဖို့အတွက် ကိုယ့်ဘာသာသက်သာအောင် ထောက်ကျိုးလုပ်လျှောက်လို့ရသည်။ ဒါပေမယ့် ဒီလိုနေရာကြီးမှာ ဘယ်လိုလုပ်မလဲ။

ကြည့် ကိုခေါ် လာခဲ့ရကောင်းသားဟုတွေးမိရင်း ဘေးဘီကို မျက်လုံးဝေ့ကြည့်မိ၏။

"အစ်မ ... ဘာများလိုအပ်ပါသလဲခင်ဗျ"

ပါကင်နေရာချထားသည့်ဝန်ထမ်းက တာဝန်ကျေတာပေမယ့် အနီ မှုန်ကုပ်ကုပ်လေးကြည့်ကာ ...

"ရတယ် .."

ခပ်ပြတ်ပြတ်ပြောပြီး ကိုယ့်ဘာသာ အံကြိတ်လျှောက်၏။ လှေကားထစ်တွေနားနီးတော့ မိုးကျရွှေကိုယ်သည် အနီ့ဘေးကို ဘွားခနဲ ရောက်လာပြီး ...

"ဒီကိုလာတာလား .."

သူကလည်း အံ့ဩတကြီး ဖြစ်လာသည့်ပုံနှင့် ...

"အံ့ဩစရာပဲ၊ ခုနကပဲ စေ့စပ်ပြီးခဲ့တာ၊ ဒါဆို မထူးပါဘူး၊ တစ်ခါတည်း ဒီမှာ ဒိတ်လုပ်ခဲ့ရအောင် .."

"ရှင် ဘာတွေလာပြောနေတာလဲ"

ခြေထောက်က နာနေရသည့်အထဲ သူက တစ်မျိုး၊ ပြီးတော့ ခုန က သူကြောင့်ပိုကြီးသွားပြီဆိုတာ သေချာသည်။ ဒီလှေကားထစ်တွေကို ဟန်ကျပန်ကျတက်ဖို့ မလွယ်သည်မို့ သူ့ရှေ့မှာ ပုံဆိုးပန်းဆိုးကြီးမဖြစ်ချင် ..။

"ကိုယ်က အရင်ရောက်တာပါ၊ မင်းနောက်ကို လိုက်လာတာ မဟုတ်ဘူး၊ အဲဒါကြောင့် မင်းနဲ့ကိုယ် ဆုံစည်းပုံတွေကို အံ့ဩတာပေါ့၊ ဒီလောက်ဆို မင်း လက်ခံသင့်ပြီထင်တယ်"

"ဘာ ..."

"ဟုတ်တယ်၊ မင်း ကိုယ့်ကိုပဲ လက်ထပ်ရမယ်ဆိုတာ ..."

"တောက် ..."

အနီ စိတ်တိုတိုနှင့် လှေကားတစ်ထစ်ကို ကျိတ်မှိတ်တက်ပစ်လိုက်၏။ ညာဘက်ခြေထောက်မှာ မရိုမရွနာကျင်သွားပေမယ့် စည်း က မကျန်ခဲ့တဲ့ အတူတူလိုက်ပါလာကာ ...

"မင်း အက်ဆီးဒင့်ဖြစ်ပြီး ခြေထောက်မှာ ထိထားတာမို့လား။ ခု နာနေလား"

"မနာဘူး၊ ရှင်သွားစရာရှိတာ သွားစမ်းပါ၊ တော်တော်စကားများတဲ့လူ"



အနီ စိတ်မရှည်ဖြစ်နေတာကို စည်း က ဂရုမစိုက်ဟန်မှ မျက်နှာပိုးမသေ။ တံခါးရှေ့မှာရပ်နေကြသည့် ညီကြို့ဝန်ထမ်းတွေ၏ မျက်နှာကလည်း ပျူငှာတာထက် ပိုနေကြ၏။

ထိုစဉ် တံခါးတစ်ဖက်ပွင့်သွားပြီး ...

"ဟင် .. အနီ .."

"ဦးဆောင် .."

အထဲကထွက်လာသူနှစ်ဦးကိုမြင်ကာ အနီ မျက်နှာတစ်ခုကို ဘယ်မှာပြေးကွယ်ပစ်ရမှန်းမသိဖြစ်သွား၏။ 'သမီး' လို့ခေါ်လိုက်တာကို အနီ သိသည်။ ဒါပေမယ့် ဒေါ်မေသန့်မျက်လုံးတွေ စည်း ထံ ဝေ့ဝဲသွားပြီး နှုတ်များမှာပဲ အသံကပျောက်ရှသွား၏။ ဤသူနဲ့ကြောင့် နာမည်ပျက် အရှက်ရခဲ့သည်။ ခုလည်း ဒီလူနဲ့ပဲ ကိုယ်က သူတို့ရှေ့မှာ ..။

"ကိုယ်တို့လေ .. ဧည့်သည်တွေ့စရာရှိတာနဲ့ ဒီမှာ ဒင်နာလာစားတာ၊ ချာတိတ်ရော ..."

ပျက်ယွင်းသွားသည့်မျက်နှာကို မချိမဆန့်ပြင်ဆင်ဟန်ဆောင် ယိုက်ရင်း ဦးဆောင် က စကားပြန်စသည်။

"ဟို .. အနီ က ဖေဖေ လှမ်းခေါ်လို့လာတာ .."

"ဟင် .. အန်ကယ်လ် ဒီမှာလား"

စကားပြောရင်း စည်း ကိုမျက်လုံးရောက်ချင်ကာ ဟိုဝေ့ဒီဝေ့။ စည်း က ဦးဆောင် ကို မျက်ခုံးတွန့်တွန့်နဲ့ စိုက်ကြည့်နေလျက် ...

"ဟုတ်တယ်၊ သူ့အဖေရော၊ ကျွန်တော့်အဖေရော ဒီမှာလေ၊ သူနဲ့ ကျွန်တော်ရဲ့ မင်္ဂလာပွဲအတွက် .."

"စည်း ..."

အနီ က ဖျတ်ခနဲ လှည့်ကြည့်သည်။ စည်း က အနီ့လက်ကောက်

ဝတ်လေးကို ဂရုမစိုက်စွာ ဆုပ်ကိုင်ပစ်လိုက်၏။

"ကျွန်တော် သူ့ကို လက်ထပ်ခွင့်ရဖို့ ကြိုးစားနေတာကြာပြီ ခုမှ ပဲ အဆင်ပြေတာ .."

"ကိုယ်သိပါတယ်"

ဦးဆောင် က မချိပြုံးနှင့် ခေါင်းဆတ်ညိတ်၏။ အနီနဲ့စည်းကို တစ်လှည့်စီကြည့်၍ ...

"ကြည်သာချို ဖုန်းဆက်တယ်၊ အားလုံးပြောပြသွားတဲ့ထဲမှာ ညို နဲ့ပတ်သက်တာ အများဆုံးပဲ"

စည်း မျက်ခုံးနှစ်ဖက် ကုပ်ကျသွားသည်။

"ဘယ်တုန်းက ဆက်လိုက်တာလဲ"

"ခုနကပဲ .."

ဦးဆောင် ပြောချင်သည့်ဆိုလိုရင်းကို နားလည်သွားသဖြင့် စည်း က ဂရုမစိုက်သောအပြုံးနှင့် ...

"သူများပြောမှသိရတော့ စိတ်မကောင်းစရာပဲ၊ ကျွန်တော်ကတော့ ကိုယ်လိုချင်တာကိုရထားပြီးမှ စွန့်လွှတ်ရဖို့ဖြစ်လာရင် အဲဒီ အကြောင်းကို ကိုယ်တိုင်သေချာမသိဘဲ လည်ပင်းပေါ် ဓားတင်ထားရင်တောင် ခေါင်း မညိတ်ဘူး"

ဦးဆောင် မျက်နှာ ညို့ ခနဲမှောင်သွား၏။ နားထဲမှာ ကြည်သာချိုဟု သူ့ကိုယ်သူမိတ်ဆက်ပြီး ပြောပြခဲ့သည့်စကားတချို့က ပြန်ပေါ် လာသည်။

"ချို့တို့လဲ ခုမှသိရတာပါ၊ အထက်စည်း က တစ်လျှောက်လုံး အနီ ကို တမ်းတမ်းစွဲလိုက်နေခဲ့တာ၊ ညို က သူ့ပြဿနာနဲ့သူ စည်း ကို ပတ်သက်ခဲ့ပြီး အနီ့ကိုလဲ အထင်လွဲသွားတယ်၊ ကိုကြီးဦးဆောင်က အနီ့ကို ချစ်တယ်၊ စည်း ကလဲ ချစ်နေတဲ့သူ၊ ကိုကြီးက ကိုယ့်ကာရိုက်တာနဲ့ကိုယ်



နဲ့ညာညာနေခဲ့ပေမယ့် စည်း က အစကတည်းက ဇွတ်တရွတ်ဆန်တဲ့ သူ၊ အနီ့ကို သူ ဇွတ်တရွတ်အနိုင်ယူခဲ့တာတွေပါ၊ အဲဒါကို ညို က မြင်ပြီး အသုံးချသွားတာ၊ တစ်ခါတလေ တကယ့်တိုက်ဆိုင်မှုက ဖန်တီးထားတာ တွေထက် ပိုပြီးဆန်းကြယ်တယ် ကိုကြီးရဲ့၊ ချို့ က ကိုကြီးခံစားနေရတာ တွေကို စာနာလို့ပြောပြတာပါ၊ ပြီးတော့ အနီ့ခများလဲ ဘာမှမဟုတ်ဘဲ အထင်လွဲခံနေရတာ၊ ခု ကိုကြီး အချိန်မီသေးတယ်၊ အနီ့တို့ကိုပြောပြပြီး မင်္ဂလာကိစ္စ ပြန် ဆွေးနွေးကြည့်ပါလား" တဲ့။

သူမှာ ဝမ်းသာအားရဖြစ်ခဲ့ရတာ ဘယ်လိုဆုလာဘ်မျိုးနဲ့မှမလဲနိုင်၊ အမှန်ကိုပြောပြလိုက်ရင် မင်္ဂလာကိစ္စ ပြန်ပြေလည်လာဖွယ်လည်းရှိသည်။ ဒါပေမယ့် ခုတော့ ...

"သမီးတို့လဲသွားစရာရှိမှာပေါ့၊သွားပါစေကွယ်၊အမေတို့ပြန်ရအောင် .."

သူ အတွေးမဆုံးသေးခင် အမေက လက်မောင်းကိုကိုင်၍ ပြန်ဖို့ နှိုးဆော်၏။ ဦးဆောင် အနီ့ မျက်ဝန်းလေးတွေကိုကြည့်လိုက်မိလျှင် အနီ က ဖျတ်ခနဲလွှဲပစ်၏။ မိတ်ဆွေတွေလိုမဟုတ်ဘဲ ဒီကိစ္စနဲ့ပတ်သက်တာ ဆိုရင်တော့ ခွင့်မလွှတ်နိုင်ဘူးလို့ ပြောလိုက်သလိုမျိုး ..။

"ချာတိတ် .. ကိုယ်တို့ကို ခွင့်ပြုဦးနော်"

အနီ က ခေါင်းညိတ်ခြင်းကို မျက်နှာလွှဲမပျက်ဘဲပြုသည်။ ဦးဆောင် က စည်း ကို ကြည်လင်စွာပြုံး၍ ...

"မင်းကို ချီးကျူးပါတယ်၊ ကိုယ်ကတော့ နောက်ထပ်ဒီလိုအမှားမျိုး ထပ်မဖြစ်ရအောင် ကြိုးစားရဦးမှာပါ၊ သွားမယ်"

"အိုခေ .."

ဦးဆောင် ကိုယ့်ကိုကြည့်နေတာသိပေမယ့် အနီ တစ်ချက်မှ ပြန် မကြည့်ဘဲနေလိုက်သည်။ ရုတ်တရက်မို့ သူတို့ရှေ့မှာ စည်း နဲ့ တွဲလျက်

ကြီးဖြစ်နေတာကို ရှက်သွားခဲ့ပေမယ့် ဒေါ်ဇေသန္တာ၏မျက်လုံးတွေကို မြင်တော့ အထင်လွဲခံခဲ့ရခြင်းအတွက် နားလည်သွားမိ၏။ ပြီးတော့ မေမေ့ကို စေ့စပ်ဖို့ဖျက်တဲ့အကြောင်း ဖုန်းဆက်ခဲ့သည့်အဖြစ်ကို မမေ့နိုင်ဘဲ ဒီမျက်နှာကို ဘယ်လိုမှ ပြေပြစ်လို့မရတော့ခြင်းပင်။ ထို့ကြောင့် ...

"သမီး .. အန်တီတို့သွားမယ်နော်' လို့ ထပ်မံနှုတ်ဆက်တာကို ခေါင်းညိတ်ခေါင်းခါလုပ်ဖို့တောင် စိတ်ကမပါတော့။

"သွားမယ်လေ .."

"ဘာ သွားမယ်လဲ"

သူ့အသံကြားတော့ ဒေါ်သက သူ့ဆီလှည့်သွား၏။ ဆုပ်ကိုင်ထားဆဲလက်ကို ဆောင့်ခါရုန်းပစ်လိုက်ပြီး ...

"ရှင့်ကို ဘယ်သူကရိုက်စစ်နေလို့ စွန့်လွှတ်တာတွေ၊ လိုချင်တာတွေ ထည့်ပြောရတာလဲ၊ အဲဒါ ယောကျ်ားကောင်းတွေရဲ့အလုပ် မဟုတ်ဘူး"

"ဘာလဲ .. ယောကျ်ားကောင်းတွေရဲ့ အလုပ်က ဘဝတစ်ခုလုံးကို အမေ့လက်ထဲအပ်ပြီး ကိုင်လိုက်ဆိုရင်ကိုင်၊ ချထားလိုက်တော့ဆိုရင် ချ စက်ရုပ်ကြီးလို ခေါင်းညိတ် ခေါင်းခါလုပ်နေရုံလား"

"အဲဒါလဲ သူများကိစ္စ၊ သူများအခွင့်အရေးပဲ၊ ရှင်နဲ့မှမဆိုင်တာ"

"ဆိုင်တာပေါ့ကွ၊ မင်းကိုမြင်လိုက်တာနဲ့ ကျကျန်ခဲ့တဲ့ပစ္စည်းတွေလို့ ချက်ချင်းပြေးကောက်တော့မလိုမျက်နှာကြီးဖြစ်သွားတာ မင်း မတွေ့ဘူးလား၊ အထင်လွဲခဲ့တဲ့ကိစ္စ အမှန်အတိုင်းပေါ်သွားတာနဲ့ မင်းကို သုဖြန်ကြိုးစားမှာ .."

"အဲဒါကြောင့် ရှင်က နောက်တစ်ကြိမ်နှောင့်ယှက်မလို့ အပိုင်လုပ်ရှားလိုက်တာမဟုတ်လား"

"နှောင့်ယှက်ရုံလောက်နဲ့ မဖြစ်နိုင်မှန်းသိလို့ တစ်ခါတည်း လက်



ထပ်ခွင့်တောင်းလိုက်တာ ..."

"ဘယ်တော့မှမရဘူး"

အနီ မျက်စောင်းထိုးပြီး လှေကားပေါ် ဆက်တက်လိုက်သည်။ ခြေထောက်မျက်သွားသဖြင့် သူ့ဘက်ကို နည်းနည်းလေးယိုင်သွားစဉ် စည်း က လက်မောင်းလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပြီး ...

"အဲဒါကြောင့်ပြောတာ၊ ဒေါ်သတွေ ဒီနားမှာထားခဲ့လိုက်၊ ကိုယ့်ကိုတွဲ ..."

"မတွဲဘူး .. လွှတ် ..."

အနီ ဘာပြောပြော စည်း က ဘေးကနေ ပခုံးချင်းမထိတထိနှင့် ကပ်လျှောက်လိုက်၏။

"ရှင့်အဖေက တကယ် ဒီမှာလား"

"ဟုတ်တယ်၊ ညာပြောတယ်ထင်လို့လား"

"ကျွန်မဖေဖေလဲ ဒီကိုလာခဲ့ဖို့ခေါ်တာ ..."

"ဘယ်ကိုဝင်ခဲ့ဖို့မှာလဲ"

တူရိယာခန်းမထဲကိုလို့ မပြောတော့ဘဲ အနီ မျက်နှာကို တင်းပစ်လိုက်သည်။ ဒါပေမယ့် သူကလည်း ကိုယ့်ဘေးမှာ ဒီတိုင်းပါလာနေရာ..

"ရှင်က ဘယ်ကိုလဲ"

"တူရိယာခန်းမ .."

"ဟင် ..."

အနီ ခြေလှမ်းရပ်သွားတဲ့အထိ တအံ့တသြဖြစ်သွားခဲ့သည်။ ခန်းဆီးပဝါပါးလေး လူးလွန့်လျက်ရှိသော တူရိယာခန်းမကြီးကလည်း ရှေ့မှာ ဆီးကြို့နေပြီဖြစ်လျက် ...

"မင်းလဲ အဲဒီထဲသွားမှာလား"

အနီ့ကို စည်း က အံ့သြဟန်နှင့်မေးလိုက်ပြီး မေးနေရင်း အလေ အရှာအံ့သြရင်းဖြစ်လျက် ...

"ဒါဆို မင်းအဖေနဲ့ကိုယ့်အဖေ ..."

"ရောထွေးမနေပါနဲ့ ခန်းမတစ်ခုလုံးမှာ လူတစ်ရာလောက် ထိုင်လို့ရတယ်"

စည်း က ပွန်းခနဲရယ်ပြီး ပခုံးတွန့်သည်။ ပြီးတော့ လူမိုက်လေးတစ်ယောက်လို ပါးကွက် နားကွက်ဖြစ်သွားလျက် ...

"ဦးဆောင် ကို ကိုယ်က တမင်ပြောပေးလိုက်တာ၊ အခု ..."

"ရှင့်ပါးစပ်ကို ခဏဖြစ်ဖြစ် ပိတ်ထားစမ်းပါ"

အနီ ခြေထောက်နာတာကိုမေ့သွား၏။ တူရိယာခန်းဆီကို သွားချင်တာနှင့် ရင်တွေခုန်နေတာလည်း ဆိုးဝါးလွန်း၏။ တံခါးရှေ့ရောက်မှ ...

"ရှင် အရင်ဝင် .."

"အတူဝင်တော့ ဘာဖြစ်လဲ"

"ရှင်မကပ်နဲ့နော်၊ ရှင်နဲ့ကျွန်မကို ဖေဖေမြင်သွားလို့မဖြစ်ဘူး"

"ဘာလဲကွာ၊ ကိုယ်လဲ ကိုယ့်အဖေဆီလာတာပဲဟာ .."

"အဲဒါကြောင့် ဝင်သွားပါဆိုမှ .."

"ဒါဆို မင်းအရင်သွား .."

"ရှင် ချက်ချင်းကပ်မလိုက်နဲ့နော်"

"မလိုက်ဘူး"

အနီ သူ့ကိုမယုံကြည်ပါ။ ဒါပေမယ့် ဒီ့ထက်ပိုပြောလည်း သူ နားခံမှာ မဟုတ်ဘူးဆိုတာကိုသိနေသဖြင့် ဆက်မပြောတော့ဘဲ အထဲကိုဝင်လိုက်သည်။

"ဟော .. သမီး .."



"ဟင် ..."

တစ်ယောက်တည်းနှင့် နှစ်သံထွက်သွားတော့ ဖေဖေ့မျက်နှာ မျက်ပွင့်မှုကြောင့် နောက်မှာ စည်း ပါလာပြီမှန်း အနီ သိလိုက်၏။

"သား ဝင်ခဲ့လေ .."

"ဟင် .. သူက .."

ဦးတင်ထွန်း၏အံ့သြခြင်းက အတူတစ်ဝိုင်းတည်းရှိနေသည့် ဦးစစ်နိုင်ထံ ချက်ချင်းရောက်သွား၏။ ဦးစစ်နိုင်တစ်ယောက်မှလွဲလျှင် အားလုံး သူကြည့်ကိုယ်ကြည့်နှင့် ကြောင်တောင်တောင်တွေ ဖြစ်နေခဲ့၏။ ဒီထဲမှာ အနီနှင့်ဦးတင်ထွန်းက ပိုဆိုး၏။

"ကိုစစ်နိုင် .. သူက ခင်ဗျားသား ဟုတ်လား .."

"ဟုတ်ပါတယ် ဒေါက်တာ၊ သားမှာ အပြစ်ရှိခဲ့တာကိုလဲ တောင်းပန်ရင်း ကျွန်တော် ရှင်းပြပါ့မယ်၊ လာ ... သားတို့ထိုင်ကြ .."

စည်း က ဝမ်းမြောက်ကျေနပ်သွားသည့်မျက်နှာနှင့် ဦးစစ်နိုင် ဘေးမှာသွားထိုင်ကာ အနီ့အတွက် ခုံကိုပါ ဆွဲပေးလိုက်သေးသည်။ ဦးတင်ထွန်း မျက်လုံးတွေက စည်း မျက်နှာထက်မှာ စူးစိုက်လျက်။ ဒေါ်မေသန့် ပို့ပေးလိုက်သည့် ဗီစီဒီခွေထဲက လူငယ်မှန်း ကြည့်လေ ပိုသေချာလေ..။

ဖအေဖြစ်ပေမယ့် ပြတော့လည်း ကြည့်ခဲ့ရသည်။ ကိုယ့်သမီး ဘယ်လိုအပြစ်တွေများ ကျူးလွန်လို့ ပွဲဖျက်ရသလဲဆိုတာ သိချင်၍ဖြစ်သည်။ ပြီးတော့ ဒေါ်မေသန့်က အားနာစကားဆိုသေးသည်။

"ကျွန်မကို အထင်လွဲမှာစိုးလို့ပါ၊ တော်ရုံဖျောက်ဖျက်ထားလို့ရတဲ့ ပြဿနာလောက်နဲ့ ကျွန်မဘက်ကစပြီး မမာတို့နဲ့ မျက်နှာပျက်ရအောင် မလုပ်ပါဘူးရှင်၊ ခုလဲ သမီးလေးကို ကျွန်မ အထင်မသေးပါဘူး၊ သူ့မှာ ချစ်သူရှိလျက်နဲ့ မိဘစကားကို နားထောင်ဖို့ဆုံးဖြတ်နိုင်တာ သမီး

အလိမ္မာလေးပါ"

ဘယ်လိုပဲကြားကောင်းအောင်ပြောပြော စေ့စပ်ဖို့ကို ဖျက်သိမ်းလိုက်တဲ့အထိ ဖြစ်ခဲ့ကြတာပဲမို့လား ..။ သမီးနဲ့ မဖွယ်ရာတဲ့မြင်ကွင်းထဲမှာ ဒီဆံပင်ပုံ၊ ဒီမျက်နှာဖွေးဖွေးနှင့်လူငယ်ဟာ စွဲအောင်ကြည့်ထားတာမဟုတ်ဘဲ စိတ်အာရုံထဲမှာ စွဲနေသည်။

အခု ဦးစစ်နိုင်၏သားဖြစ်နေပြန်ရော ...

"ဆောရီးပါ ဒေါက်တာ၊ ကျွန်တော်လဲ တစ်ချိန်လုံး မသိခဲ့တာ အမှန်ပါ၊ သမီးလေးကို ကုမ္ပဏီမှာ ခဏတစ်ဖြုတ်မြင်လိုက်ရတုန်းကလဲ တစ်ယောက်ယောက်နဲ့တူသလိုပဲလို့ ထင်လိုက်ပြီး မမှတ်မိခဲ့ဘူး။ အပြင်မှာလဲ မျက်နှာချင်းဆိုင် တစ်ခါမှ မပြောဆိုဖူးဘူးလေ၊ သားရဲ့ ဒိုင်ယာရီထဲက ဒီဓာတ်ပုံကိုမြင်မှ ..."

"ဟာ .. အဲဒါ ကျွန်တော့်ဒိုင်ယာရီ ..."

"ဟုတ်တယ် သား၊ မင်းရင်ထဲကို ဖေဖေ ဘာမှမသိရတော့ သိရမယ့်နေရာမှာ ရှာကြည့်ရတာပေါ့"

ဦးစစ်နိုင် ချပြလိုက်တာက နီညိုရောင် ဒိုင်ယာရီစာအုပ်ထူထူလေးတစ်အုပ်နှင့် ဓာတ်ပုံတစ်ပုံ။ ဓာတ်ပုံထဲမှာ အနီ က စကားဝါရောင် ရှပ်အင်္ကျီလက်တိုလေးနှင့်ဖြစ်ကာ လက်စကို ပခုံးအထိ ရောက်အောင်ထပ်၍လိပ်တင်ထားသည်။

လမ်းလျှောက်နေသည့် ကိုယ်တစ်ပိုင်းပုံဖြစ်ပြီး နောက်မှာ တက္ကသိုလ်ဝင်းကြီး၏ တစ်စွန်းတစ်စပုံရိပ်တွေလည်းပါသည်။ အနီ ပိုက်ထားသည့်စာအုပ်နှစ်အုပ်၏အပေါ် စွန်းတွေအပြင် ကော့နက်နေသည့် မျက်တောင်ဖျားတွေကို ရှင်းလင်းစွာ မြင်နေရသည်။

ပုံကိုကြည့်လိုက်တာနှင့် သွားလာနေတုန်း အမှတ်တမဲ့ရိုက်ယူ



ထားတာမှန်း သိသာပါသည်။ အနီနဲ့စည်း မျက်လုံးချင်းဆုံသွား၏။ စည်း မျက်နှာစပ်ဖြဖြ မချိုမချဉ်က ဦးတင်ထွန်း ကိုသတိရလိုက်မှ ခပ်ငွေ့ငွေ့ ဖြစ်သွားခဲ့သည်။

"ဒါဆို .. ဒါဆိုရင် သူတို့ချင်း .. အဲ .. သူက သမီးကို သိနေခဲ့တာပေါ့"

"ဟင့် .. ကျွန်တော်လား ..."

"နေဦး သား ..၊ ဖေဖေပဲ ပြောပြလိုက်မယ်"

ဦးစစ်နိုင်က ဦးတင်ထွန်းကို သူ့ပဲ့ရှင်းပြမှာမို့ စည်း ကို လက်ကာပြလိုက်ပြီး ..

"သမီးကို သားက မေတ္တာရှိနေတာကြာပါပြီ၊ အဲ .. သူ့ဒိုင်ယာရီမှာရေးထားတဲ့အတိုင်းပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော် စေ့စပ်ပေးဖို့ပြောနေတာ ဒီမိန်းကလေးမှန်းတော့ ခုနကအချိန်အထိ လုံးဝမသိခဲ့ဘူး၊ အဲဒါကိုယုံပါ"

သူကိုယ်တိုင်လည်း ကိုယ့်သားကြိုက်နေတဲ့မိန်းကလေးနဲ့မှ စေ့စပ်ပေးဖို့ ကြိုးစားနေရသည့်အဖြစ်ကို မသိခဲ့တာအမှန်ပင်။ သူ ဦးနှောက်ခြောက်အောင် တိုက်တွန်းနေရသမျှ သားဖြစ်သူက သူချစ်တာကိုပဲ လက်ထပ်ချင်တဲ့အကြောင်းပြချက်နှင့် အချိန်တွေဆွဲနေခဲ့၏။

သားအဖနှစ်ယောက်တည်း ညီအစ်ကိုလို၊ သားအဖလို၊ ချစ်ခင်ရင်းနှီးစွာ နေလာခဲ့ကြတာမို့ သား စိတ်ဆင်းရဲအောင်လည်း မပြုရက်တော့ သူမှာ ဇွတ်မစီစဉ်ဖြစ်ဘဲ ဒီတိုင်းကြည့်နေခဲ့ရ၏။ ဒီကြားထဲမှာ ဦးတင်ထွန်းဘက်က သူကမ်းလှမ်းထားတာကို အားနာစွာ ငြင်းဆိုကြောင်း အကြောင်းပြန်ခဲ့သဖြင့် ဟိုလည်းမနိုင်၊ ဒီလည်းမမိဖြစ်ခဲ့ရသည်။

ထိုစဉ်ကသာ သားဖြစ်တဲ့သူ အသေအလဲ ပိုးပန်းနေရသည့် မိန်း

ကလေးဟာ သူမပဲဆိုတာ သိလိုက်ရလျှင် ခုလိုရှုပ်ကုန်ဖို့မရှိပေ။ နောက်ဆုံး စည်း မရေမရာဖြေဖြေနေတာကို မချင့်မရဲဖြစ်လာခဲ့၏။ ပေးစားတာကိုလည်း မလိုချင်၊ မင်းချစ်သူရှိရင် ခေါ်လာခဲ့ဆိုတော့လည်း မခေါ်နိုင်။

ဒီလိုနဲ့သာ နောက်တစ်ယောက်နဲ့စေ့စပ်ဖို့တွေ့လာလျှင် ဒီတိုင်းပဲ လွှဲဦးမှာကိုတွေးမိပြီး ဖြစ်ချင်ရာဖြစ်သဘောထားကာ သားအခန်းထဲ ဝင်ခဲ့တဲ့အထိ ကျူးလွန်ခဲ့မိ၏။

သူ့ဆန္ဒက သားအဖနှစ်ယောက်တည်း နေလာခဲ့ရသမျှ အရွယ်ရောက်နေပြီဖြစ်သည့်သားကို မိသားစုလေးတစ်စုနှင့် သာယာစိုပြည်စေချင်သည်။ သားမယား မြေးမြစ်နှင့် သိုက်သိုက်ဝန်းဝန်းရှိစေချင်၏။

ထို့ကြောင့် စီးပွားရေးတွေလုပ်နေရတာက သပ်သပ်၊ သားရဲ့အိမ်ထောင်ရေးအတွက်လည်း ခေါင်းထဲမှာ ထည့်ထားရသည်။ ကိုယ့် ဆုံးဖြတ်ချက်နဲ့ကိုယ် မှန်နေခဲ့ပြီး သားရဲ့ဒိုင်ယာရီကိုဖတ်ဖို့ အားမွေးရသည်။

အနီရောင်နှင်း ဆိုသည့်နာမည်လေးကို ပြည့်ပြည့်စုံစုံဖတ်လိုက်ရတော့ အံ့ဩသွား၏။ အနီရောင်နှင်း ဆိုတာ နာမည်တူဘယ်နှစ်ယောက်ရှိနိုင်လို့လဲ... ပြီးတော့ ဓာတ်ပုံကိုကြည့်လေ စိတ်ထဲမှာ နီးလိုးခုလုဖြစ်လေနှင့် ဦးကျော်ခိုင်ဆီ ဖုန်းဆက်မေးတော့ ကုမ္ပဏီမှာ ဒီဇိုင်းနာလုပ်နေသည့် မိန်းကလေးဟာ အနီရောင်နှင်း ဆိုတာ သိလိုက်ရ၏။

နောက်ထပ်၍ ဦးတင်ထွန်းအိမ်ကို အကြောင်းရှာသွားပြီး မိန်းကလေးကိုတွေ့ဖို့ကြိုးစားတော့ လူကိုမတွေ့ရပေမယ့် ဓာတ်ပုံကိုတော့ မြင်ခဲ့၏။ အဲဒီမှာ သေချာသွားတာဖြစ်သည်။

သူသိထားသည့် ချွေးမလောင်း အနီရောင်နှင်းရယ်၊ သားချစ်ရတဲ့ အနီရောင်နှင်းရယ်၊ ပြီးတော့ ဒီဇိုင်းနာ အနီရောင်နှင်း ..။

နာမည်တူတွေ အများကြီးရှိနေတာမဟုတ်ဘဲ သုံးနေရာမှ သုံး





ယောက်စလုံးက တစ်ယောက်တည်းပဲဖြစ်နေခဲ့တော့ 'သေလိုက်စမ်းကွာ' ဟုရေရွတ်ရင်း ကိုယ့်နဖူးကိုယ် ထုမိခဲ့သည်။

အားလုံးဟာ ကိုယ့်လောဘနဲ့ကိုယ် သပ်သပ်စီလှုပ်ရှားရင်း မောနေကြသည့်အဖြစ်က နောက်ကျမှသာသိခဲ့ရသည်။

ရှင်းပြနေရင်း ဦးစစ်နိုင်က အထပ်ထပ်တောင်းပန်သည့် လေးစားခြင်းများနှင့် ...

"ကျွန်တော့်သားကြောင့် စေ့စပ်ပွဲပျက်သွားခဲ့တာကိုလဲ စိတ်မကောင်းပါဘူး ဒေါက်တာ၊ ဒါပေမယ့် သားက ဒီလိုဖြစ်အောင် တမင်ရည်ရွယ်ပြီး ဖျက်ဆီးခဲ့တာမဟုတ်ဘူးဆိုတာတော့ ယုံကြည်ပေးပါ"

ဦးတင်ထွန်း ခေါင်းမညိတ်ဘဲ ရှက်နေသည်လား၊ မျက်နှာပူလို့လားမသိ၊ ဘယ်သူ့ကိုမှမကြည့်ဘဲ မျက်နှာခပ်လွှဲလွှဲနှင့် ငြိမ်သက်နေခဲ့၏။

"သူနဲ့လက်ထပ်ပေးမယ့် မိန်းကလေးမှန်းမသိဘဲ သားက သူ့ဟာ သာကြိုးစားနေတာပါ၊ အဲဒါကြောင့် သူကလဲ လက်မခံလို့၊ ဒီကိစ္စ အတွက် ဒက်ထိကွက်ကျ ကြိုးစားခွင့်မသာဘဲ တခြားတစ်ယောက်နဲ့ သမီးကို စေ့စပ်တဲ့အထိလွဲကုန်တာ .."

ဦးတင်ထွန်းမျက်နှာ မပြုံးမရယ်နိုင် အီလည်လည်ကြီးနှင့် ပြန်လှည့်လာကာ ...

"အခု ဒီမှာတွေ့ဖို့ ချိန်းတဲ့အချိန်မှာတော့ သိနေပြီပေါ့"

"ကျွန်တော်တစ်ယောက်ပဲသိတာပါ၊ ဒီညနေ သမီးကို သားက လက်ထပ်ခွင့်တောင်းမယ်ဆိုတဲ့အစီအစဉ်ကို ဒိုင်ယာရီထဲမှာ ဖတ်ရတော့..."

ပြောနေတုန်း ဦးစစ်နိုင်က စည်း ကိုကြည့်လိုက်၏။ 'ဒါ တကယ်အောင်မြင်ခဲ့ပြီလား' ဆိုသည့် မေးခွန်းပါသောမျက်ဝန်းများနှင့် ..။ စည်း

က မျက်နှာပူသည့်ပုံနှင့် ဆံပင်သပ်ရင်း မျက်လွှာချပစ်လိုက်၍ ...

"ဟုတ်တယ်၊ ကျွန်တော်တို့ .."

"အို .. အဲဒါက ဟုတ်ပေမယ့် မဟုတ်ဘူး"

အနီ ထိတ်လန့်သွားသည့်ပုံလေးနှင့် ကမန်းကတန်းဝင်ပြောသည်။ ဒါပေမယ့် ဦးတင်ထွန်းကို လှည့်ကြည့်ပြီး ဘာမှလည်း ရှောရှောရှူရှူ မထွက်။

"ခဏလေး သမီး .. ခဏလေးနော် .."

ဦးစစ်နိုင်က အနီတို့သားအဖ ချိတ်ဆက်တွေလွဲပြီး အဆင်မပြေ ဖြစ်ကုန်မှာကိုမြင်ယောင်ကာ အချိန်မီတားဆီးလိုက်၏။ ပြီးမှ ...

"စေ့စပ်ပွဲပျက်လောက်အောင် သားက နှောင့်ယှက်သလိုဖြစ်ခဲ့ပေမယ့် ဒီကလေးကို ကျွန်တော့်သားမှန်းလဲမသိခဲ့ဘဲ ဒေါက်တာ ကျွန်တော် ကမ်းလှမ်းတာကို လက်ခံခဲ့တာပါ"

ဦးတင်ထွန်း နားထောင်နေရပေမယ့် မျက်နှာကြီးညို့နေဆဲပါ။

"ကျွန်တော်ကလဲ သမီးကို သားချစ်တဲ့မိန်းကလေးမှန်း သိလိုက်ရလို့ ဒုတိယအကြိမ် မရမက ပြန်ပြီးကမ်းလှမ်းခဲ့တယ်၊ ဒီထဲမှာ ကျွန်တော် အရမ်းကိုလေးစားခဲ့တာ ဒေါက်တာ့ဘက်က ရိုးသားမှုပါ"

ဘာလဲ ဆိုသည့် နားမလည်ခြင်းနှင့် ဦးတင်ထွန်းက ငေးကြည့်နေသည်။

"စေ့စပ်ပွဲ ဘာကြောင့်ပျက်သွားတဲ့အကြောင်း ဒေါက်တာက အမှန်အတိုင်း မကွယ်မဝှက် ရှင်းပြခဲ့လို့ပါ၊ ဒီနေရာမှာ ကျွန်တော့်သား မဟုတ်ဘူးဆိုရင် မိန်းကလေးသဘောမပါဘဲ ဒီပုံစံဖြစ်လာခဲ့တာပါလို့ ဘယ်လိုပြောပြော ယုံဖို့မလွယ်တဲ့ကိစ္စလေ၊ ဆောရီးပါ ဒေါက်တာ၊ ဒါ ထည့်ပြောမှ ဖြစ်မှာမို့လို့ပါ"





ဦးတင်ထွန်း အနေခက်သွားပုံကိုရိပ်မိပြီး ဦးစစ်နိုင်က တောင်းပန်သည်။

"သားကလဲ သူမေတ္တာရှိတဲ့မိန်းကလေးမဟုတ်ရင် ခေါင်းညိတ်မှာ မဟုတ်တော့ ကျွန်တော် အရမ်းကိုဝမ်းသာသွားခဲ့တာ၊ အဲဒါကြောင့် ဘယ်သူ့ကိုမှမပြောဘဲ မျိုသိပ်ခဲ့တာပါ၊ လူငယ်တွေဖြစ်ကြတဲ့ ရှုပ်ထွေးမှုတွေကို နားလည်ပေးလိုက်ဖို့ ကျွန်တော်ကပဲ မေတ္တာရပ်ခံပါတယ်၊ ကျွန်တော့် သားနဲ့စေ့စပ်ဖို့ အစက လက်ခံထားတဲ့အတိုင်းပဲ ဆက်လက်ပြီးကျေနပ် လက်ခံပေးဖို့ ကမ်းလှမ်းပါတယ်"

ဦးတင်ထွန်း ပင့်သက်ရှိုက်လိုက်ရင်း ခေါင်းတရမ်းရမ်းဖြစ်သွား၏။ ဦးစစ်နိုင် မျက်နှာပျက်သွားကာ စည်း က အနီ့ကိုလှည့်ကြည့်သည်။

"မှန်ပါတယ်၊ ကျွန်တော် လက်ခံခဲ့တယ်၊ မိဘသဘောကျ သမီး လက်ခံရမယ်ဆိုတဲ့ဆုံးဖြတ်ချက်မို့ နာခံရမယ်လို့လဲ အမိန့်ပေးခဲ့တယ်၊ ဒါပေမယ့် သမီးက မုန်းတီးနေတဲ့သူကို ပေါင်းသင်းရမယ်ဆိုတဲ့ အမိန့်မျိုးတော့ ကျွန်တော်မပေးချင်ဘူး၊ အဖြစ်တွေကိုပြန်ကြည့် မယ်ဆိုရင်ပြီးခဲ့တဲ့ အဖြစ်တွေကြောင့် သမီးရင်ထဲမှာ မုန်းတီးနာကျင်မှုတစ်ခုခုတော့ ရှိနေခဲ့မှာပဲ၊ သူအရှက်ရခဲ့ပြီး မိဘရဲ့ငြိုငြင်မှုကို ခံခဲ့ရတယ်၊ အဲဒါကြောင့် ..."

"ကျွန်တော် တစ်ခုလောက်ပြောပါရစေ အန်ကယ် .."

စည်း က ဦးတင်ထွန်း စကားကုန်ပြောပြီးတဲ့အထိ နားထောင်နိုင်စွမ်းမရှိတော့ဘဲ ဖြတ်ပြောပစ်လိုက်၏။

"ဒီညနေ လပြည့်ဝန်းပလာဇာအပေါ် ထပ်မှာ သူငယ်ချင်းတွေကို ဖိတ်ပြီး ကျွန်တော်တို့နှစ်ယောက်လက်ထပ်ဖို့အတွက် တရားဝင် စေ့စပ်ခဲ့ ပြီးပြီ"

"ဟင် ..."

ဖေဖေက ဦးစစ်နိုင် ပြောသွားတာကို လိပ်ပတ်မလည်ခဲ့ဘဲ ဦးတင်ထွန်း သမီးဖြစ်သူကို ဖျတ်ခနဲလှည့်ကြည့်သည်။ ဒီလူနဲ့ပဲ အပြောအဆိုတွေခံခဲ့ရသည်။ အခု ဒီလူနဲ့ ပြေလည်သွားခဲ့ပြီဆိုတာ ...။

"ဟုတ်လား သမီး၊ သမီးတို့ချင်း ပြေလည်ခဲ့ကြသလား"

"ဖေဖေ .. ဟို အနီ .."

ရင်ထဲမှာ မဟုတ်ဘူးလို့ ပြောရဲနေပြီး ပါးစပ်ကမထွက်နိုင်။ ဟိုလူနဲ့ စေ့စပ်လိုက်၊ ဒီလူနဲ့စေ့စပ်လိုက်၊ ပြီးတော့ ဘယ်သူနဲ့မှမဟုတ်ဘဲ ယောကျ်ားနှစ်ယောက်နှင့်ပြတ်စဲခြင်းရာဇဝင် တွင်ကျန်ရစ်တော့မည်။ ထို့ပြင် ပလာဇာမှာ စည်း ကိုယ်တိုင် လက်စွပ်ဝတ်ပေးထားတဲ့ ပုံရိပ်တွေက မှတ်တမ်းအဖြစ် ရှိနေပြီဖြစ်ရာ ...

"အနီ .. အနီ လက်ခံခဲ့တယ် ဖေဖေ"

အနီ မျက်နှာကို ဇက်ကျိုးမတတ်ငုံ့ပစ်လိုက်ပြီးမှ ဝန်ခံ၏။ ဦးတင်ထွန်း အကြာကြီးငေးနေပြီး ပင့်သက်ရှိုက်ပြန်သည်။ ပြီးမှ ခေါင်းတညိတ်ညိတ်ဖြစ်သွားကာ ...

"အေးလေ ..၊ သမီးက ကြည်ဖြူတယ်ဆိုရင် ဖေဖေက ကျေနပ်ပါတယ်၊ ဒါပေမယ့် ဒေါ်မေသန့်တို့ယူဆသလို သမီးမှာ ချစ်သူရှိနေတာကိုမသိဘဲ သူ့သားနဲ့စေ့စပ်တာကို လက်ခံခဲ့တယ်ဆိုတဲ့အဖြစ်မျိုးတော့ ရောက်သွားမှာပါ"

"အဲဒါ ..."

ညီ လှုပ်ရှားခဲ့တဲ့မကောင်းမှုတွေကို ရှင်းပြချင်ပေမယ့် ဝိုရှပ်ကုန်မှာမို့ အနီ ပြန်ထိန်းလိုက်၏။ စည်း ကတော့ မျိုသိပ်မနေတတ်တဲ့သူ။

"အဲဒီအတွက်မပူပါနဲ့ အန်ကယ်၊ အနီ ဘယ်လိုမိန်းကလေးလဲဆိုတာ ကျွန်တော့်ရဲ့သိက္ခာနဲ့လဲ သက်ဆိုင်ပါတယ်၊ သူတို့ မကြာခင် အမှန်





အတိုင်းသိသွားမယ်ဆိုတာ ကျွန်တော် အာမခံတယ်"

ဦးစစ်နိုင် ခုမှပဲ သက်ပြင်းချနိုင်တော့သည်။ စေ့စပ်ဖို့ကနေ လက်ထပ်ပွဲစီစဉ်ဖို့အထိ သေချာသွားခဲ့ကြပြီး မကြာခင်မှာ ပြုံးပြုံးရယ်ရယ်ပြန့်ဖြစ်လာခဲ့သည်။

စည်း မျက်နှာ ပြုံးအီနေသလောက် အနီ က နှုတ်ခမ်းလေးစူကာ မျက်နှာလေး မသိမသာလွှဲနေ၏။

"ဖေဖေက စီးပွားရေးသမားဖြစ်ပြီး အန်ကယ်လ်နဲ့ ဘယ်လိုလုပ် မိတ်ဆွေတွေဖြစ်ကုန်တာလဲ"

မေးခွန်းတွေမေးရင်း ယောက္ခမလောင်းနှင့် ရင်းနှီးမှုရအောင် ရောဖောလုပ်နေသည့် စည်း ကတော့ အဆင်တွေပြေလို့ပါ။

"စီးပွားရေးသမားက အဖျားအနာမရှိရတော့ဘူးလား သားရဲ့၊ မင်း ကျောင်းပြီးတဲ့နှစ်မှာ ဖေဖေ ကားအက်ဆီးဒင့်ဖြစ်တုန်းက ဆေးရုံပေါ်မှာ ဘယ်လောက်ကြာသွားလဲ မမှတ်မိဘူးလား"

"အင်း .. ဟုတ်တယ်၊ ကျွန်တော်သိတယ်"

"အဲဒီက စတာပေါ့၊ ဒေါက်တာလို့ခေါ်ခဲ့တာကို ခုထိ ပြင်လို့ကို မရ တာ၊ ကိုယ်လေးစားခဲ့တဲ့သူလဲဖြစ်တော့ မိတ်ဆွေထက်တောင် ပိုသေးတယ်"

ဦးစစ်နိုင် ရှင်းပြနေတာကိုကြားပြီး ဦးတင်ထွန်း က ပြုံးပြုံးကြီး ကျေနပ်နေ၏။

ဒီမှာ ဒီလိုပြေလည်သွားတဲ့အကြောင်း သမီးရဲ့မေမေကို သေချာ ရှင်းပြရဦးမည်။

❋ ✲ ❋

## အခန်း (၄၈)

"တစ်ခါတည်း အပြီးလုပ်ပေးလိုက်မယ်လေ၊ အထဲဝင်ပြီး ညီမလေး ဝတ်ကြည့်လိုက်ပါလား"

"ဟုတ်ကဲ့ .."

"ဟာ .. မဝတ်ရဘူး"

ပေးတဲ့လူက ပေးသည်၊ အနီ ကယူလိုက်တော့ စည်း က ပြန်ဆွဲချ၏။

"မင်္ဂလာဝတ်စုံအပ်ထားတာ ဒီတစ်နေရာတည်းမဟုတ်ဘူး။ တစ်ခုနဲ့အဆင်မပြေရင် တစ်စုံနဲ့ပြေမှာပဲ၊ ထားလိုက် .."

အပ်ချုပ်ဆိုင်က အမျိုးသမီးက မျက်မှောင်ကြုတ်သွားလျက်..

"ဘယ်မှာပဲအပ်ထားထား အပြင်မှာ ချုပ်ဝတ်တယ်ဆိုတာ ကျဉ်းတယ်ကျယ်တယ်လောက်တော့ ရှိမှာပဲ၊ အံဝင်ခွင်ကျဖြစ်ဖို့က ဝတ်ကြည့်ပြီးမှ နောက်တစ်ဆင့်လုပ်ရတာ .."

"ဟာဗျာ ..၊ ရယ်ဒီမိတ်ဝတ်တာမှမဟုတ်တာ၊ သူ့ကိုယ်နဲ့တိုင်းအပ်ထားတာ၊ ချုပ်သားဘယ်လောက်ဝင်မယ်၊ ဘယ်လောက်တင်မယ် ဆိုတာ





ကော်သမားက သိရမှာပေါ့၊ နေပါစေ ..၊ မတော်ရင် ဖယ်ထားလို့ရတယ်၊ ဒီတိုင်းပဲပေးလိုက် ..."

ပေးပေး မပေးပေး ဝတ်စုံကို အိတ်နဲ့ဒီတိုင်း သူ့ဘာသာဆွဲယူပြီး ဆိုင်ထဲကလှည့်ထွက်ရင်း ဖြစ်သလို ထိုးသိပ်ထည့်၏။

"အို .. ကြေမွကုန်တော့မှာပဲ၊ ရှင် ဘယ်လိုလုပ်နေတာလဲ"

"မီးပူတင်လိုက်ရင် ကြိုက်သလိုဖြန့်ခိုင်းလို့ရတယ်ကွာ"

အပ်ချုပ်ဆိုင်ငါးဆိုင်မှာ ဝတ်ကြည့်ပါဦးလို့မပြောတာ နှစ်ဆိုင်ပဲ ရှိ၏။ ကျန်တဲ့သုံးဆိုင်စလုံး စည်း ဒေါကန်တာကို တအံ့တဩနှင့် ကျန်ရစ်ခဲ့ကြ၏။

"သိတယ် .. အဲဒါမျိုးတွေ၊ ကြိုသိနေလို့ တစ်ခါတည်း ငါးစုံအပ်ပစ်လိုက်တာ .."

ဟုပြော၍ တက်ခေါက်နေသေးသည်။ ခေါင်းကပ်တဲ့ပန်းတွေ ဝင်ရွေးတာတောင် ဒီတိုင်းလေး အခွေလိုက်တင်သည့်သရဖူလေးကို ဆိုင်ရှင်က အနီ့ခေါင်းမှာ တင်ကြည့်ဖို့လုပ်တော့ ခါးခါးသီးသီးထဖြစ်တာ သူပဲ။

"မလုပ်နဲ့လေ၊ ဒါ အတိုင်းနဲ့ဝတ်ရတဲ့ပစ္စည်းမှမဟုတ်တာ၊ ကြိုက်ရင်ဝယ်လိုက်ပေါ့" တဲ့။

လက်ထပ်ဖို့ အမြန်ဆုံးစီစဉ်သည်ဟု သတ်မှတ်ပြီးကတည်းက အနီ့အတွက် ဝတ်စုံပြဿနာစခဲ့တာဖြစ်သည်။

"ရယ်ဒီမိတ်တွေ ဝယ်မဝတ်နဲ့နော်၊ ယဉ်ယဉ်ကျေးကျေး တစ်ခုမှမရှိဘူး" ဟု အစချီလျက် အနီ့ကို အရောင်တွေရွေးခိုင်းပြီး တစ်နေ့တည်းနှင့် ဝတ်စုံငါးစုံစာ ဆိုင်ငါးဆိုင်မှာ လျှောက်အပ်ပစ်လိုက်၏။

အနီ့ရှေ့မှာပဲ ဖုန်းတွေဆက်၊ ဆိုင်လိပ်စာကျွေမေး၊ သူပဲ အပင်ပန်းခံလွန်းသည်။ ထိုနေ့က ညနေစောင်းလောက်မှာ

သောက်ဆိုင်မှာဆုံပြီး ညီ က ...

"ဟင် .. ဘာ .. မနက်ကတည်းက အပ်နေတဲ့ဝတ်စုံက ခုထိ စိတ်ကြိုက်ဆိုင်မတွေ့ဘူးလား"

"လေးဆိုင်အပ်ပြီးပြီ၊ တစ်စုံစာပဲကျန်တော့တာ ..."

"ဘာ .. ငါးစုံတောင် ..."

"ဟုတ်တယ် .."

"ဟ .. ဘာလဲ၊ မင်းက ငါးယောက်ပြိုင်တူယူမှာမို့လို့လား"

"ဖောက်မလာနဲ့ ခွေးကောင်၊ တစ်စုံတည်းဆိုတော့ ပွဲချိန်နီးမှ ဂါသီကအောင့်ဖြစ်ရင် ဘာနဲ့အစားထိုးမလဲ"

"ဒါဆိုလဲ ရယ်ဒီမိတ်တွေရှိတာပဲ၊ ရုံထားပေါ့ကွ"

"ရယ်ဒီမိတ်တွေက နိုင်ငံခြားဒီဇိုင်းတွေများတာ၊ အရမ်းရိုင်းတယ်"

ဖိုးကျော်နဲ့ညီ သူ့ကို မျက်လုံးပြူးကြည့်ကာ အနီကိုလည်း ငုံကြည့်ပြီး တအံ့တသြ ..။

"မင်းတော်တော်ဟုတ်တဲ့ကောင်နော်၊ အင်္ကျီစကတ် အပိုက်တွေ အကွဲတွေနဲ့ ကပ်ကပ်ကျပ်ကျပ်လေးတွေဝတ်ထားတာမြင်ရင် 'လန်းတယ်ကွ၊ ကြွတယ်ကွ' နဲ့ မျက်စိကို အစာကျွေးတာ ဘယ်သူလဲ"

"အေးလေ၊ ကိုယ့်ပစ္စည်းကိုယ်ကျတော့ သတို့သမီးဝတ်စုံတောင်မှ ရိုင်းလို့တဲ့"

ယောကျ်ားလေးတွေ ပေါက်ကရဆက်ပြောမှာစိုးကာ အနီ ထပြေးချင်စိတ်တွေပင်ဖြစ်ခဲ့မိ၏။ တော်ပြီ နေပါစေဆိုလည်းမရ၊ လူကြားထဲမှာ လက်ကိုမလွှတ်တမ်းဆွဲထားခဲ့သည်။

"မင်းစိတ်ကြိုက်ဖြစ်ဖို့လိုတာ .."

လို့ပြောပြီး၊ အားလုံး၊ သူ့စိတ်ကြိုက်ချည်းပဲ ရွေးနေတာမပြီးနိုင်။





ဒီနေ့ ဖြစ်ချေးတော့လည်း စိတ်တိုင်းကျဖို့မကျဖို့က သူ့အလုပ်ဖြစ်နေလျက်

"စိတ်ညစ်နေတာလား .."

"စိတ်ညစ်နေတာလား .."

"ဟုတ်တယ်၊ အရမ်းရှက်ဖို့ကောင်းတာပဲ"

အနီ ဆံပင်တွေဝေ့တက်သွားအောင် လှည့်ထွက်သွားသဖြင့် စည်းက ပြေးလိုက်သည်။ ပြီးတော့ ရှေ့မှာမထိုင်ဘဲ နောက်မှာဝင်ကိုင်ပစ်လိုက်သည် အနီ့ဘေးကိုလိုက်ထိုင်ပြီး ...

"အနီကလဲကွာ၊ ကိုယ်က မင်းနဲ့လက်ထပ်မယ့်ပွဲကို ဘာအကြောင်းနဲ့မှ အပျက်မခံနိုင်လို့ အားလုံးထောင့်စေ့အောင် စီစဉ်ထားတာ၊ အဲဒါ မင်းကိုချစ်လို့လေ .. မသိဘူးလား"

"မဆိုင်တာတွေပြောမနေနဲ့ ဖိတ်စာတွေဝေပြီးပြီ အားလုံး သဘောတူကြည်ဖြူလို့ သန်ဘက်ခါမင်္ဂလာဆောင်မှာ၊ ဘာဖြစ်ဖို့ရှိသလဲ၊ မင်္ဂလာဝတ်စုံဝတ်ကြည့်တာ ဘာဖြစ်သွားနိုင်လဲ၊ ဒီက ဝတ်ချင်လွန်းလို့ ပြောနေတာမဟုတ်ဘူး၊ ရှင့်ကြောင့် လူတွေက ..."

"ဘယ်လိုထင်ထင်ကွာ၊ မင်္ဂလာဝတ်စုံဆိုတာ အချိန်မဟုတ်သေးဘဲ ဝတ်ကြည့်လိုက်ရင် ယတြာကျေသွားပြီး အဲဒီစုံတွဲ ကွဲကြတာပဲ"

"ဘာ ..."

အနီ ဘယ်လိုမှမထင်ခဲ့ပါ။ ဂျစ်ကန်ကန် ရဲရဲရင့်ရင့်နှင့် ဤယောကျ်ားဟာ သည်သို့သောအယူသည်းသော အစွဲအလမ်းတွေကို ဆုပ်ကိုင်ထားသည်တဲ့။

"အနီ ..."

စည်း က အနီ့ပခုံးလေးကိုဖက်လိုက်၏။ ကားထဲမှာပေမယ့် လူတွေမြင်နိုင်တာမို့ အနီ က လက်ကိုဖယ်ချသည်။ စည်း က ထိုလက်လေးကိုပါ

ဆွဲချုပ်ထားလိုက်ပြီး ...

"ပညာတတ်လူငယ်တစ်ယောက်ဖြစ်ပြီး ဒီလောက်အယူသည်းရလားလို့ ကိုယ့်ကိုထင်သွားလား"

"... ... ..."

"မတတ်နိုင်ဘူးကွာ၊ ရှိခဲ့ဖူးတဲ့ ရင်ကွဲဇာတ်လမ်းတွေကို မင်းနဲ့ ကိုယ့်အလှည့် အဖြစ်မခံနိုင်ဘူး၊ မင်းကို ကိုယ်သိပ်ချစ်တယ်"

သူ အနီပါးလေးကို နမ်းမလို့ငုံ့လိုက်တော့ အနီ ခေါင်းငဲ့ရှောင်လိုက်ကာ ...

"ရှင့်ကို အဖြစ်သည်းလိုက်တာလို့ ပြောကျန်ခဲ့ကြတာ ရှင် မရှက်ဘူးလား"

"မရှက်ပါဘူး၊ အကြောင်းတစ်ခုခုကြောင့် မင်းကို ကိုယ် ဆုံးရှုံးလိုက်ရရင် သူတို့က ဘာလုပ်ပေးနိုင်မှာလဲ"

"ရှင် အဲဒီလိုတွေးကြောက်နေရတာ သိရဲ့လား၊ အဲဒါ သူများအပေါ်မှာ အနိုင်ယူဗိုလ်ကျခဲ့တာတွေများလို့ ကိုယ့်အလှည့်ကျမှ သွေးလန့်နေတာ .."

"လုံးဝမဆိုင်ဘူး၊ သူများအပေါ် ဒီအဖြစ်မျိုးနဲ့ တစ်ခါမှ ဗိုလ်မကျခဲ့ဘူး၊ ဘယ်သူတွေကွဲတာ ညားတာလဲ စိတ်မဝင်စားဘူး၊ မင်းကို ချစ်မိကာမှ မသိအောင် တကောက်ကောက်လိုက်၊ မကြိုက်တာတွေပြော၊ ဘာတွေလုပ်မိမှန်းကိုမသိဘူး"

"ပုံချမပစ်ပါနဲ့၊ ရည်းစားများရင် များတယ်ပေါ့"

"အဲဒါမဟုတ်ဘူးနော်၊ ဘကယ်ပြောတာ၊ ချို နဲ့က ဘာမှမဟုတ်ဘဲ ဟုတ်သလိုနေပြီး ညို နဲ့တွဲဖြစ်ခဲ့တာ မင်းကြောင့် .."

သူ ရှင်းပြပြီးသားပါ။ မယုံကြည်တာမဟုတ်ဘဲ ယုံပါပြီလို့လည်း



အနီ မပြောခဲ့မိပေ။ ထို့ကြောင့် သူထပ်ပြောလာတာကို မယုံသလို မျက်နှာလေးနှင့် တစ်ဖက်လှည့်နေလိုက်၏။

"အနီ ကလဲကွာ၊ ဒီဘက်လှည့် .."

"အို .. ဘာမှန်းလဲမသိဘူး"

စည်း က အတင်းတိုးကပ်လာပြီး ဆွဲဖက်ပစ်လိုက်သဖြင့် အနီ သူ့မျက်နှာနှင့် မျက်နှာချင်းတိုက်မိတော့သည်။ စည်း က အနီ့ဆံပင်ရှည်တွေကို ရှေ့မှာ တယုတယဆွဲယူလိုက်ပြီးမှ ...

"မင်းရှိတဲ့နေရာတွေကို ကိုယ်ရောက်ရောက်လာတာ တစ်ခုမှ တိုက်ဆိုင်တာမဟုတ်ဘူး၊ အဲဒါ ကိုယ် တကောက်ကောက်လိုက်နေတာ၊ ရန်ဖြစ်နေရတာ စိတ်ပျက်လာတော့ မင်းနဲ့ ကြည်ကြည်သာသာ ပြောဆိုခွင့်ရအောင် ဆိုင်ကယ်နဲ့တိုက်ပစ်လိုက်တာလဲ အဲဒါ တမင်ကကာ .."

"မဆိုင်ဘဲနဲ့ .."

"ညို နဲ့တွေ့နေတိုင်း ညို့ဘေးမှာ မင်းရှိနေလို့ ကိုယ် ကျေကျေနပ်နပ်လာတွေ့နေတာ၊ မင်းနဲ့ခွဲထွက်သွားတာနဲ့ အကြောင်းတစ်မျိုးမျိုးပြပြီး ကိုယ် ပြန်လစ်တာပဲ၊ အဲဒါတွေ မင်းမသိလို့ ကိုယ့်ကိုအပြစ်တင်တာပါ"

သိတာပေါ့။ သူ အနီ့ရှေ့မှာပဲ အဲဒီလို လစ်ထွက်သွားဖူးသည်။ ကွယ်ရာရောက်မှ ထွက်သွားတာတွေလည်း ညို ပြောပြပြီး ညည်းညူနေတာပဲ ..။ ဒါပေမယ့် ကိုယ့်ကြောင့်လို့ ထင်ပါ့မလား ..။

"ရှင် အနီ့ကိုကြိုက်လို့ ညို့ကိုရည်းစားထားလိုက်တယ်ဆိုတာ ဘယ်သူကယုံမှာလဲ၊ ကျွန်မ မယုံတာ အပြစ်လား"

"အပြစ်မဟုတ်ပေမယ့် လက်ခံပေးကွာ၊ မင်း အရမ်းတင်းနေတာကို ကိုယ် ဘယ်လိုရောမလဲ၊ ပြီးတော့ မာနတွေကြီးနေတာ၊ ဘယ်ကောင်

လိုက်တာမှ မအောင်မြင်ဘူး။ အဲဒါတွေသိရက်နဲ့ သူများနည်းတူ ကိုယ်က ချဉ်းကပ်ရင် သူတို့လိုပဲ ဆွေးသွားမှာပေါ့၊ ဒါတွေကြောင့် ပထမဆုံး မင်း အနားမှာနေခွင့်ရအောင် ကြိုးစားရတယ်၊ ပြီးတော့မှ ပစ်ဆင့်ချင်းလေ၊ ဒါတောင် ခဏလေးသတိလစ်သွားတာနဲ့ ဟိုတစ်ယောက်နဲ့ပါတော့မလို့ တဲတဲလေး .."

သူ့ရင်ခွင်ထဲမှာ မွှန်းကျပ်နေရင်း ရင်ဘတ်ပေါ်မှာ မှေးတင်နေသည့် ဆံပင်တွေကို ငုံနမ်းလိုက်တော့ အနီ လှပ်ခနဲ အေးစိမ့်သွား၏။

"ဟင့်အင်း .. ဖယ်ပေး .."

ပါးမို့လေးတွေ ရဲတွတ်သွားကာ အနီ အကင်းရှန်းတော့ စည်း က နှစ်သက်မြတ်နိုးသည့်မျက်ဝန်းများဖြင့် စိုက်ကြည့်၍ရယ်သည်။

"မင်းကို လှေလှော်ပွဲမှာ ကိုယ် စ,တွေ့ဖူးတာ .."

"ကျွန်မတို့ ပြန်ရအောင် .."

"နောက်တစ်ခါ ဒဂုံစင်တာမှာ စက်လှေကားအဆင်းမှာ မတော်တဆပုံစံနဲ့ မင်းကို နောက်ကနေ တိုးတိုက်ပစ်လိုက်တာကိုလေ၊ မှတ်မိလား .."

အနီ ငေးခနဲ ဖြစ်သွားပြီးမှ ခေါင်းခါ၏။

"မမှတ်မိဘူး၊ နေပါဦး .. ရှင်လုပ်ပုံတွေက လူကို ဆိုင်ကယ်နဲ့ လိုက်တိုက်၊ လှေကားပေါ်ကတိုက်ချနဲ့ သေကြောင်းကြံတာလား၊ ချစ်တာလား"

"ပစ်စလက်ခတ် ပိုးစိုးပက်စက်ချစ်တာ၊ စတွေ့ဖူးပြီး သုံးကြိမ်မြောက်မှာ တမ်းတမ်းစွဲတဲ့အထိ ရောဂါရင့်ပြီး မနေနိုင်မထိုင်နိုင် လိုက်ရှာရတဲ့အချစ်တော်သမား .."

"သေပါလား .."



"ဟား ဟား ..."

"အို .. လူကို အဝတ်ထုပ်ကြီးမှတ်နေသလား၊ ဒီမှာ မွှန်းလို့ သေတော့မယ် .. လွှတ် .."

"မသေပါဘူးကွာ၊ ဒီလောက်မရမကကြိုးစားယူထားရတာ၊ သေအောင်လုပ်ပါ့မလား၊ ငြိမ်ငြိမ်လေးနေ .."

"ရှင်နော် .. လမ်းမှာလူတွေနဲ့ .."

"ဘယ်မှာလဲ၊ လမ်းက ဟိုဘက်မှာ၊ ဒီမှာတစ်ယောက်မှမရှိဘူး"

"ရှင် ဘယ်လိုဖြစ် .. အို ..."

"မင်းကရော ဘာဖြစ်နေတာလဲ၊ ဒီဘက်လှည့် .."

"မလှည့်ဘူး သွား .."

"တကယ်လား .."

"အထက်စည်း .. ရှင်နော် .."

"ဟား ဟား ဟား ..."

မျက်နှာလေးကို ပါးနှစ်ဖက်ကကိုင်ပြီး အတင်းဆွဲလှည့်၍ နှုတ်ခမ်းလေးကိုစိုက်ကြည့်တော့ အနီ ခေါင်းတခါခါနှင့် ငိုမဲ့မဲ့လေးဖြစ်သွား၏။

"ကိုယ့်ကိုချစ်လား .."

"မုန်းတယ် .."

"နောက်ထပ်မေးမယ်၊ ဒီတိုင်းထပ်ဖြေရင် မင်း၊ နောင်တရသွားမှာနော်၊ ကိုယ့်ကိုချစ်လား"

အနီ က ဘယ်တော့မှမဖြေဘူးဆိုသည့် ဂျစ်ကန်ကန်အကြည့်နှင့် စိုက်ကြည့်ပြီး နှုတ်ခမ်းတွေကို တမင်တကာ ဗိုဗိတ်ပစ်လိုက်၏။

စည်း က နှုတ်ခမ်းထောင့်စွန်းတစ်ဖက် လှန်ခနဲမဲ့သွားအောင် ပြုံးလိုက်ပြီး ...

ရွှေသမင်စာပေ

"အိုခေ ..."

"ဟင် .. ဘာလုပ်တာလဲ၊ ရှင် .. ရှင်နော် .."

ရင်ခုန်တာတွေ ဘယ်လိုခြေလှမ်းမှားကုန်သည်မသိဘဲ သူ့ကို မြင်သည့်ဒါသတွေလည်း ဓောက်ထိုးမိုးမျှော် အလဲလဲအပြိုပြိုတွေ ဖြစ်လျက် ... ။ လက်သီးဆုပ်နှင့်ထုပစ်နေပေမယ့် အင်အားမဲ့နေသည်။ ဝမ်းနည်း လို့မဟုတ်ဘဲလည်း ငိုချင်သွားလေသည်။

"အရမ်းမုန်းတယ် .. ဟွန်း .. လူညစ် .."

"အရမ်းဖြူတဲ့ကောင်ပါ၊ မင်းချစ်ကြည့်ရင်သိမယ်"

မချစ်ဘူးလို့ မပြောရဲတော့ဘဲ အနီရောင်ရင့်သွားသည့်နှုတ်ခမ်းလေးကို ရှက်ရွံ့စွာဖိကွယ်၍ အနီ့မျက်နှာလေး ငုံ့သွားသည်။

ထိုအခါ ကိုယ့်ရင်ခုန်သံတွေကို ပြန်ကြားလိုက်ရပြီး ဝေ့တက်လာသည့်မျက်ရည်တို့က မျက်ဝန်းအိမ်ထဲမှာပဲ လွင့်ပါးခြင်းသို့ရောက်၏။

သူ့ကိုချစ်တယ်လို့ ပြောနေကြသည်လား၊ မမုန်းနဲ့တော့လို့ အမိန့်ပေးနေတဲ့ ရင်ခုန်သံတွေလား ...

သေချာခဲ့သည်က နောင် ဘယ်တော့မှမမုန်း ... ... ... ...။

ပရိသတ်အတွက်

ထာဝရ